
www.burmeseclassic.com

# လရောင်ကျွေးရှင်

## ပန်းမသိသော လေညှင်းမာယာ



Modern Digital Art: Wai Yan

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ရွှေသမင်
စာပေမှ စီစဉ်တင်ဆက်သည်။

# လရောင်ကျူးရင့်

## ပန်းမသိသော လေညှင်းမာယာ

ရွှေသမင်စာပေ
အမှတ် (၃၇/၃၉)၊ ၄၄- လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၆၁၁၀

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် – ၅၀၁၄၁၁၁၀၇

မျက်နှာဖုံးခွင့်ပြုချက်– ၅၀၁၄၄၈၁၂၀၇

အကြိမ် – ပထမအကြိမ်

၂၀၀၈–ခုနှစ်၊ ဇန်နဝါရီလ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀၀/–

ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြ–၀၃၇၆၉)

ရွှေသမင်စာပေ

၃၇/၄၄လမ်း၊

ဗိုလ်တထောင်မြို့နယ်၊

ရန်ကုန်တိုင်း။

အတွင်း/အဖုံးပုံနှိပ်သူ– ဦးဝင်းဖေ (မြ–၀၇၆၅၀)

စိုးထက်ကျော်ပုံနှိပ်တိုက်

တိုက် (၂၀၆)၊ အခန်း (အေ)

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။




ကိုယ် ပီကေကြိုက်တယ် ....။
ဝါးပြီး ထွေးထုတ်ပစ်လိုက်ရုံပဲလေ ...။
ပြဿနာမရှိဘူး ...။

မင်းရက်စက်

သူက ပြောတယ် ...။
ကျွန်မကို သူသိပ်ချစ်တာပဲ တဲ့ ...။
ကျွန်မ ယုံတယ် ...။
ဘာဖြစ်လို့လဲဆိုတော့ ...
သူက ယုံရမယ်တဲ့လေ ....။

ရွှေလည်ဆွဲ



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁)

သူငယ်ချင်းအားလုံး၏မျက်နှာမှာ သူ့ကို အထင်ကြီးအားကျနေခြင်းရှိနေတာ မဟုတ်မှန်း ဝေခနဲ အကြည့်မှာ သူ သိလိုက်သည်။

ဟိုတုန်းကဆို "မင်းက ထင်သားပဲကွာ၊ ငါတို့ထက် အများကြီးသာတာပေါ့" ဆိုတာမျိုး၊ "ဟား ပိုင်လှချေလား ဘယ်နှစ်ယောက်မြောက်လဲ၊ ပြောစမ်းပါဦး" စသဖြင့် တကယ်အားကျလို့ ပြောတာလည်း ရှိသည်။

ရွယ်တူချင်းမို့ မနာလိုတာတော့မဟုတ်ဘဲ မခံချင်စိတ်လေး နိုးလို့နုလှဖြစ်၍ ခပ်ငေါ့ငေါ့မေးတာမျိုးလည်း ဖြစ်၏။ ဒါပေမယ့် အားလုံးပြုံး၍ပဲ ဖြစ်သည်။ ခုချိန်မှာ မျက်မှောင်ကုတ်တဲ့သူက ကုတ်၊ ခေါင်းကုတ်ပြီး ဟို ကြည့်ဒီကြည့် ဂနာမငြိမ်တဲ့သူက ကျွတ်ခနဲ ဖြစ်လိုဖြစ်။

ပိုင်စေက ပီကေဝါးမပျက်ဘဲ စက်ဘီးကယ်ရီယာမှာ နောက်ပြန်ထိုင်နေသည့် သူ့ကို နှာခေါင်းတစ်ချက်တွန့်၍ ကြည့်၏။

"စက်၊ မင်းကတော့ အေးအေးဆေးဆေးပဲနော်၊ ပျိုးပန်း လာရင် ဘာပြောမလဲ၊ ဘာလုပ်မလဲ၊ မင်းရင်ဘတ်ထဲမှာ ရှိလား"

လူတစ်ယောက်ကို တည့်တည့်ကြည့်သည်ဟူ၍ သိပ်မရှိတတ်သော မျက်ဝန်းတို့က ပိုင်စေ့ဘက်ကို ခဏလေးပဲ ဝေ့သွားသည်။ ကန်ရေပြင်ဘက်ကို ပြန်လှည့်ပြီးမှ စက်က ပြုံး၏။





"ပျိုးပန်းဆိုမှပဲ အပင်ပေါက်အောင် ကန်ရေပြင်ထဲ ပစ်ထည့်ပေးလိုက်ရုံပေါ့"

"ကျွတ် ..."

"ဟင်း ခက်တယ်"

နှစ်ယောက်၏အသံ ပြိုင်တူထွက်လာသည်။ ညီသုက စက်၏ရှေ့ကို တည့်တည့်လာရပ်၏။

"ငါတို့သတင်းကြားထားတာ မမှားနိုင်ဘူး စက်၊ မင်းတော့ နားပူမှာပဲ၊ ဒီလောက်ထိ လူသိရှင်ကြားတွဲခဲ့ပြီးမှ ..."

ညီသုက တစ်စုံတစ်ခုအတွက် စကားဆက်ရခက်နေသည်။ စက်က အံကြိတ်လိုက်သလိုလို၊ ပီကေဝါးသလိုလိုနှင့် နှုတ်ခမ်းနှစ်လွှာကို ခပ်ဖိဖိ စေ့လိုက်၏။

"ဆက်ပြော"

"အဲဒါ မင်းတို့ အသိဆုံးပဲကွာ"

"ဘာကိုသိရမှာလဲ"

"စက်"

ညီသုက စိတ်မရှည်တော့သလို ရှုံ့မဲ့သွား၏။

"စက်၊ ဟုတ်သားပဲ မင်းကလဲ၊ ငါတို့က မင်းတစ်ယောက်တည်း ဖြေရှင်းရခက်မှာစိုးလို့ ပိုင်းစဉ်းစားပေးကြမလို့"

စက်က ခပ်ဟဟရယ်၍ သူတို့ကို ဝေခနဲ ကြည့်၏။

"လုပ်မနေစမ်းပါနဲ့ကွာ၊ ပျိုးပန်းက မင်းတို့နဲ့ ပေါင်းစည်းပြီး လေးယောက်ဖြေတာကို နားထောင်ဖို့ လာမှာမဟုတ်ဘူး"

"ဒါကတော့ ..."

"ငါ ဖြေရမှာ၊ ငါ ရှင်းနိုင်တယ်"

"ပြီးရော ..."



www.burmeseclassic.com

www.burmeseclassic.com



ညီသုက မျက်စောင်းမထိုးတတ်ဘဲ စွေစောင်းကြည့်၏။ ဝိုင်းမိုးကလည်း အမြင်ကတ်ကတ်နှင့် မဲ၍ တစ်ဖက်လှည့်လိုက်လျှင်…

"ဟိုမှာ လာနေပြီ"

အားလုံးပဲ လှည့်ကြည့်မိကြသည်။ လက်တောက်နေသည့် အဖြူရောင်ကားလေးက ကန်တော်ကြီးထဲသို့ ညင်သာစွာမဟုတ်ဘဲ ခုန်ဆောင့်ပြေးဝင်လာ၏။ ထို့နောက် သူတို့နှင့် အတော်ကြီးကွာဝေးသည့် နေရာမှာ ထိုးရပ်သွားသည်။

"သွားတော့၊ သွားတော့"

"စကား မင်း ဒီမှာပြောသလို ခပ်ရင့်ရင့်မပြောနဲ့၊ ပျိုးပန်းက ပြဿနာရှာလိမ့်မယ်"

သူငယ်ချင်းတွေ၏ သံယောဇဉ်က မသေးလှပါ။ စိတ်မရှည်ကြ မဲ့ကြ၊ ရွဲ့ကြနှင့် တတာယ်ရင်ဆိုင်ဖို့ဖြစ်လာတော့ စိတ်မချနိုင်ကြပေ။

ပျိုးပန်းတို့က ချမ်းသာသည်။ မွေးချင်းမောင်နှမတွေများ သလောက် အားလုံး ရာထူးရာခံတွေနှင့် သန့်သန့်ခန့်ခန့် နေကြသူတွေ ဖြစ်၏။ ရည်းစားများခဲ့မှန်းသိလျက်နှင့် စက်ကို ဒူမ ခွင့်လွှတ်ခဲ့သည်။ တွဲကြသည်။ လက်ထပ်ကြရအောင်ဆိုတော့ စက်က ခေါင်းခါ၏။ စက် ခေါင်းခါပုံက "နေပါဦး၊ ကိုယ်တို့ စုဆောင်းကြရအောင်"၊ "မိဘတွေကို ပြောရခက်နေလို့"၊ "အိမ်ထောင်သည်ဖြစ်ပြီးရင် ခုလို မလွတ်လပ်တော့ဘူး" စသဖြင့် ယောကျ်ားတန်မဲ့ ရှောင်ဖယ်စကား ပြောတာမျိုး ဖြစ်ပါစေ၊ ပျိုးပန်းက လက်ခံနားလည်ပေးဖို့တွေ ရှိသေးသည်။

ခုတော့ "လက်မထပ်နိုင်ဘူး" ဟု အပြတ်ငြင်းပယ်လိုက်တာ ဖြစ်၏။ ပျိုးပန်း စိတ်ဆိုးသွားတာ သဘာဝကျသည်။ ထို့ကြောင့် စက်ကို သူတို့ဖျောင်းဖျနေကြတာ မအောင်မြင်ပါ။

စကားတစ်ခွန်းပြောလျှင် သက်ရောက်ပုံခြင်းတူတာတောင်မှ သူ





များ နားဝင်သာအောင် ပြောတတ်ဆိုတတ်ဖို့ ကောင်းသည်။ စက်က ဘာကိုမှ ဂရုမစိုက်။ "ဝက်ဝုတ္တိတွေ ဝါသနာမပါဘူး" တဲ့။

ရည်းစားစကားပြောပြီဆို "ရှုပ်ပါ မလိုဘူး၊ မျက်လုံးက ဆုံးဖြတ်တာ" ဆိုသော စက်၏ဒဿနက "ကိုယ့်ကို ချစ်လား" ဟု မေးတတ်ရုံနှင့် အဆင်ပြေနေသည်မို့ ဘယ်သူမှလည်း ဆရာလုပ်လို့ မရ။

သူဟာ မင်းရက်စက်ပဲ ဖြစ်လေသည်။ ချောလွန်းသလောက် ပြောရဲလွန်းသည်။ ပြောရဲသလို ဖြတ်သားတတ်၏။ ဘာ့ကြောင့်နဲ့ပဲ ဖြစ်ဖြစ် ရင်ဆိုင်ဖို့ကြုံလာတိုင်း ဗီကေဝါးမပျက်။ သူတို့မှာသာ …

စက်က နောက်က သုံးယောက်ကို ကျောခိုင်းခဲ့ပြီး ကားအဖြူလေးဆီ တစ်လှမ်းချင်း လျှောက်သွားသည်။ အိမ်မှာ ကားတွေ အများကြီးရှိသည်။ ဒါပေမယ့် အပြင်ထွက်လျှင် စက်ဘီးနဲ့ဖြစ်ဖြစ် ကားနဲ့ဖြစ်ဖြစ် သူ ကြုံသလိုထွက်၏။ ခုလည်း သူတို့အုပ်စုမှာ စက်ဘီးတွေနဲ့။

ပျိုးပန်းက ကားနဲ့လာသည်။ ဒါဟာ ဆန့်ကျင်ဖြတ်တောက်မှု တစ်ခုမှန်း သူ သိလိုက်၏။ ဘယ်တော့မဆို စက်ဘီးနဲ့လာကြမယ်ဆိုလည်း တူတူ၊ ကားနဲ့ဆိုလည်း တူတူ၊ ချိန်းလိုက်ကတည်းက 'ကိုယ် စက်ဘီးနဲ့လာမှာ၊ ခုပဲ ထွက်လာပြီ'၊ ကိုယ် ကားနဲ့၊ အခု လမ်းပေါ် ရောက်နေပြီ'၊ စီးနင်းသည့်ပစ္စည်း ဘာဆိုတာ သူက အသိပေးလိုက်တာနဲ့ ပျိုးပန်းက ထိုအတိုင်းထွက်လာမြဲ။

ခုလည်း သူ စက်ဘီးနဲ့ထွက်လာတာကို ပြောလိုက်သည်။ ဒါပေမယ့် ပျိုးပန်းက ကားနဲ့ရောက်လာ၏။ သူ့နှုတ်ခမ်းမှာ ပြုံးရိပ်ထင်လျက် ကား၏ ထိပ်ဦးရှေ့မှာ ရပ်လိုက်သည်။ ထိုအခါကျမှ ကားထဲမှ ပျိုးပန်း ထွက်လာ၏။

ကျောလယ်လောက်ထိ ဆံပင်တွေကို ဘေးနှစ်ဖက်မှာ တိုထွာတွေ ဖြတ်ချထားကာ ခုခေတ်စတိုင် ရွှေညိုရောင်ပျော့ပျော့နှင့် အရောင်



www.burmeseclassic.com

www.burmeseclassic.com



ဆင်တူသော မျက်မှန်ကို တပ်ထားသဖြင့် ပျိုးပန်းက လှချင်တိုင်း လှနေသည်။ ကျပ်ကပ်နေသည့် နီရဲရဲဝတ်စုံက ရင်သားထက်မှာ ပန်း ချိတ်ကြိုးကလေးတစ်ချောင်းတည်း ရှိသည်။ ဝင်းမွတ်ပြည့်တင်းသော ရင်ဘတ်နှင့် ရွှေလည်တိုင်အထိ ရှင်းလင်းစွာ မြင်ရသည်။ သူမက ဒီတိုင်းပဲ ဝတ်နေကျ။ အမြဲတမ်းပဲ လှနေပါသည်။

ဒါပေမယ့် သူ ရက်စက်မှာပဲဆိုတာ ပြုံးစစနှုတ်ခမ်းများက ဦးဆုံး အသိပေးနေသလိုပင်။ ပျိုးပန်းက စက်၏ နူးညံ့ပျော်ဝင်ခြင်းမရှိသော မျက်ဝန်းတို့ကိုကြည့်ကာ တူညီသောမဲ့ပြုံးနှင့် စတင်နှုတ်ဆက်လေသည်။

"စက် ..."

သူမခေါ်တော့ စက်က နှုတ်ခမ်းမဖွင့်ဘဲ မျက်ခုံးပင့်ထူး၏။

"ပျိုး ဘာပြောမှာလဲဆိုတာ စက် သိတယ်မို့လား"

"ဘယ်သိမလဲ၊ ပြောမှသိမှာပေါ့"

"ဆန်းဒေးမှာ စက်နဲ့ပျိုးတွေ့တုန်းက ပြောတဲ့ စကားပဲ"

စက်က ပီကေဝါးရင်း မျက်ခုံးကို လက်မနှင့်ခြစ်သည်။ ပြီးတော့ လက်ကို ဘောင်းဘီအိတ်ထဲ ပြန်ထည့်၍ ကမ်းစပ်ဘက်ကို လှည့် ထွက်သွားသည်။ ပျိုးပန်း ခဏရပ်ကျန်ခဲ့ပြီးမှ မကျေမနပ်လေး လျှောက်လိုက်သွားမိသည်။

"စက် ..."

"ဟင် ..."

"ပျိုးနဲ့စက် လက်ထပ်မှဖြစ်မယ်"

"ဘာဖြစ်လို့လဲ"

"စက်၊ စက်မေးပုံက ရိနေသလိုပဲနော်၊ ပျိုး မခံနိုင်ဘူး"

စက်က မျက်ခုံးနှစ်ဖက်တွန့်၍ စိုက်ကြည့်ရင်း ...

"လက်ထပ်မှဖြစ်မယ်ဆိုတာက မင်း ကိုယ့်ကို ပြောတာမှ မဟုတ်





ဘဲ၊ ဒါ ဆွေးနွေးတာနဲ့ မတူဘူး။ မဖြစ်မနေ ကိုယ်လုပ်ရမှာလို့ မင်းချမှတ် နေတာ"

"ဟုတ်တယ်လေ၊ စက်ကမှ ဂရုမစိုက်ဘဲ၊ လက်မထပ်နိုင်ဘူး ဆိုတဲ့စကား ပျိုးဆီရောက်လာတယ်၊ အဲဒီစကား စက်ပြောလိုက်တာ ဟုတ်မဟုတ် ပျိုးမသိချင်တော့ဘူး၊ ပျိုးပြောချင်တာက ပျိုးနဲ့စက် လက်ထပ်ကြဖို့ပဲ"

စက်က ပီကေကို တစ်ဖက်ကနေ့ လျှာပေါ်တင်၍ ထွေးထုတ် တော့မလိုလုပ်ပြီးမှ တစ်ဖက်ပါးစောင်ထဲသို့ ထည့်၏။ ထို့နောက် မေးကြောတွေ တင်းခနဲ ဖြစ်သွားအောင် ခပ်ကြိတ်ကြိတ်ဖိကိုက်ထား၍

"မင်းက မသိချင်ပေမယ့် ကိုယ်ကတော့ ပြောရမှာပဲ ပျိုး၊ မင်းနဲ့ ကိုယ် မဖြစ်နိုင်ဘူး"

"ဘာ..."

စက်က ဘယ်တုန်းကတည်းက စုဆောင်းထားမှန်းမသိသည့် ပီကေအိတ်ခွံတွေကို ဘောင်းဘီအိတ်ထဲက နှိုက်ယူ၍ ဖိကြိတ်လုံး ချေပစ်လိုက်သည်။ ထို့နောက် စက္ကူလုံးကလေးကို ခြေဦးထိပ်နားသို့ ပစ်ချ၏။ မြက်ခင်းပေါ်သို့ မကျမီ ခြေဖြင့်လွှဲကန်ပစ်လိုက်တော့ စက္ကူ လုံးကလေးက ကန်ရေပြင်ထဲသို့ မြောက်တက်ပြီး ပြုတ်ကျသွားလေသည်၊

ရေပြင်သည် အနည်းငယ်ဂယက်ထသွားကာ ပြန်လည်ငြိမ် သက်သွားခဲ့၏။ ပျိုးသည် စက္ကူလုံးကလေး လူးလူးလှုပ်လှုပ် ဖြစ်နေ သည်ကို ငူးစိုက်ငေးကြည့်ရင်း နှုတ်ခမ်းလေးကိုက်သည်။

"ရှင် ပျိုးကို ဘယ်လိုမိန်းကလေးမျိုး မှတ်နေသလဲဟင်၊ ရှင် ပြောစမ်းပါ"

သူနှင့် မျက်နှာချင်းဆိုင်ကို ဆတ်ခနဲ လာရပ်၍ ပျိုး လက်သီး နှစ်ဖက်ဆုပ်နှင့် မေးမိ၏။ စက်က ပန်းသွေးပြေပြေလေး ဆွဲထား



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် နီရဲနေသည့် မျက်နှာလေးမှ ဒေါသတို့ကို အေးစက်စက် ကြည့်၍ ...

"မင်းရက်စက်ကိုလဲ မင်းသိဖို့ကောင်းတယ်"

ဟုပြော၍ အနားမှာရှိသည့် သစ်မြစ်ဆုံကြီးနားသွားပြီး ထိုင်ချလိုက်သည်။

ပျိုးက တစ်စုံတစ်ခုကို ဆုံးဖြတ်ချက်ချလိုက်သည့် အကြည့်များနှင့် ကြာရှည်စွာ ရပ်ကြည့်နေပြီးမှ ကန်စပ်သို့ တရွေ့ရွေ့ သွားသည်။ ပြီးတော့ ဆတ်ခနဲ လှည့်ကြည့်၏။

စက်က သူမ လှုပ်ရှားသွားသည့်အတိုင်း စူးစိုက်လိုက်ကြည့်နေတာမြင်တော့ ခပ်မဲ့ မဲ့ပြုံး၍...

"စက်၊ ရှင် ပျိုးကို ချစ်ခဲ့တယ်မို့လား၊ ချစ်တယ်လို့လဲ ပြောခဲ့တာပဲ၊ အခု ရှင် ပျိုးကိုချစ်သလား၊ မချစ်ဘူးလား၊ အဲဒါပဲဖြေ"

"မချစ်ဘူး"

ပျိုးပန်း မျက်နှာမှောင်ကျသွားသည်။ တက်ခေါက်သံသည် မကျယ်ပေမယ့် နာကြည်းအေးစက်ခြင်းများနှင့်...

"သိတယ်၊ ရှင်က မင်းရက်စက်ပဲ၊ ဒါပေမယ့် သူများတွေ တားဆီးတဲ့ကြားက၊ ကဲ့ရဲ့အဝေဖန်ခံပြီး ပျိုးက ရှင့်စကားကိုပဲ ယုံခဲ့တာ၊ ချစ်ခဲ့တာ၊ ဒီတိုင်းတော့ မကျန်ခဲ့နိုင်ဘူး စက်"

ပြောပြီး ပျိုးပန်းက ရေပြင်ဆီပြန်လှည့်၍ ရေစပ်နှင့် နီးသထက်နီးအောင် တိုးသွားသည်။ သူ့ကို ကျောခိုင်းလျက်နှင့် ဆက်ပြော၏။

"အသက်နဲ့အရှက်ပဲ ရွေးဖို့ရှိတော့တယ်၊ ပျိုးသေသွားလဲ ရှင် ငုတ်တုတ်ကြီး ပျိုးရဲ့ကားဘေးမှာ ကျန်ခဲ့မှာ၊ ကားထဲမှာ သေတမ်းစာလဲ ရှိတယ်၊ ရှင် ထောင်ကျမှာပဲ၊ ဒီတော့ ပျိုးကလဲ ဆုံးဖြတ်ပြီးပြီ ရှင့်လိုလူဆီက အချစ်ကို မလိုချင်တော့ဘူး၊ ဒါပေမယ့် ပျိုး မကျန်ခဲ့





နိုင်တဲ့အတွက် ရှင် ပျိုးကို လက်ထပ်ရမယ်၊ လက်ထပ်ကြပြီးမှ ရှင့်ကို မေးစရာရှိတာတွေ လှလှပပကြီး ဆက်မေးမယ်"

ထိုစကားအရောက်မှာ စက် ပခုံးတွန့်၍ မျက်ခုံးတွေပင့်လိုက်တာကို ပျိုးပန်း မမြင်ပါ။

"ရှင် ဖြေပါ"

"နေဦး၊ မင်းဖြေနိုင်းတာတွေ ဘယ်နှစ်ခုလာဦးမှာလဲ၊ ကိုယ် ဒီလို စစ်ဆေးခံဖို့ လာတာမဟုတ်ဘူးနော်၊ သိစေချင်လို့ပါ"

"ဒါ ရှင်နဲ့ပျိုးရဲ့ နောက်ဆုံး ဆုံးဖြတ်ချက်ပဲ ဖြစ်မှာပါ၊ ရှင် ပြောလိုက်၊ ပျိုးကို လက်ထပ်မှာလား၊ မထပ်ဘူးလား၊ နို့ဆိုရင်တော့ ပျိုး ရေထဲကို ခုန်ချလိုက်မယ်"

"ခုန်ချလိုက်တော့"

ပျိုးပန်းကိုယ်လေး တောင့်ခနဲ ဖြစ်သွားသည်။ ထို့နောက် ကန်ရေထဲသို့ ပြေးဆင်းသွားသည်။ ဒီနားမှာ ရေက ကမ်းပါးစောက်လို့ ဖြစ်နေသလားမသိ။ ပျိုးပန်းကိုယ်လေး ဗွပ်ခနဲ မြုပ်ဆင်းသွား၏။ ရေထဲမှာ တစ်ယောက်တည်း ရုန်းရင်းဆန်ခတ်တွေ ဖြစ်နေ၏။

ရေပြင်မှ ဝုန်းဝုန်းဒိုင်းဒိုင်းအသံများက လူသူကင်းရှင်းသော်လည်း အဝေးက စုံတွဲအချို့ကို လှမ်းခေါ်နေသကဲ့သို့ ရှိလေသည်။

စက်က သစ်ပင်မှီချလိုက်ပြီး ရေပြင်ကို စိမ်ပြေနပြေ ကြည့်နေ၏။ ထိုစဉ် အရိပ်သုံးခု ဦးဆုံးပြေးချလာသည်။ နောက်မှာ နောက်ထပ်လူတွေ ပါလာ၏။ ရှေ့ဆုံးမှ ရောက်လာသည့် ညီသုက ...

"စက်၊ မင်း အမှုပတ်မယ်၊ ဟန်ဆောင်ပန်ဆောင် ခုန်ချဦး"

ခပ်ကြိတ်ကြိတ်လှည့်ပြောပြီး ရေထဲ ဗွပ်ခနဲ ခုန်ချသွား၏။

"စက်၊ လာကွ"

ဝိုင်းမိုးက ဒေါသဖြစ်သလို ထပ်အော်ကာ နောက်က လိုက်ဆင်း



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြီးတော့ ပိုင်စေ ...။ ထို့နောက်တွင် ကမ်းပေါ်မှာ လူအချို့ စုရုံးလာကြသည်။ ရေထဲ ဆင်းဖို့ ပုဆိုးမကြ၊ ဘောင်းဘီနှစ်ဖက်စ မ၍ ဟန်ပြင်ကြနှင့် ဝိုင်းမိုး လက်ထဲမှာ ပျိုးပန်းပါလာတော့ 'ပြန်ရလာလို့ကွ နော်' ဆိုတာမျိုး လက်သီးလက်မောင်းတန်းလျက် အခုံးသတ်ကြသည်။

"မင်းက ဘာလဲကွ၊ မင်းချစ်သူမို့လား"

ပိုင်စေက ပျိုးပန်းကို ထမ်းပြေးပြီး ပြန်ချသည်။ သတိရအောင် ပြုစုနေ၏။ စက် ရှေ့ကိုမလာဘဲ လူစိမ်းအချို့က မကျေနပ်သံနှင့် မေးသည်။

"မင်းနဲ့စကားပြောနေရာကနေ ဘယ်လိုဖြစ်သွားတာလဲ"

"ဟုတ်တယ်၊ ငါတို့မြင်တာပဲ"

"ရေထဲဆင်းသွားတာကို သူ ကြည့်နေတာ"

စက်က ပီကေဝါးရင်း နှစ်ယောက်တည်းဒိုင်ခံပြော၍ ဖွပ်စွဲဖို့ ကြိုးစားနေကြသော စုံတွဲနှစ်ယောက်ကို ချဉ်တူးတူးကြည့်၏။

"သေချင်လို့ဆင်းပါရစေဆိုတာ တားလို့ရမလား"

အေးစက်စက် သူမေးတော့ နှစ်ယောက်စလုံး ရှေ့ကိုထပ်တိုး လာကာ...

"အဲဒါကိုက မင်းတစ်ခုခုပြောလို့ပေါ့၊ သူသေရင် မင်းမှာ တာဝန် ရှိတယ်"

"အခု မင်းဘေးက မင်းရဲ့ချစ်သူကို ရေထဲဆင်းသေဖို့ နိုင်းကြည့် ပါလား၊ ဟုတ်ကဲ့ဆိုပြီး နာခံသွားမတဲ့လား"

လူရှုယ်က ကြောင်တောင်တောင်ဖြစ်သွားကာ ....

"ဒါ ... ဒါမဆိုင်ဘူး၊ သေခိုင်းလို့ မရပေမယ့် မင်းနဲ့ သူ..."

"ကိုယ်က သေခိုင်းစရာအကြောင်းမရှိပါဘူး၊ သူ့ကို မေးကြည့်လိုက်"

ပျိုးပန်း သတိရလာသည်။ ရေတွေဝင်နေဆဲ မျက်ဝန်းမှာ မျက်





ရည်တို့ကြောင့် နီရဲညိုတက်လာ၏။ ထို့နောက် လူပုံအလယ်မှာ ဟီးခနဲ ငိုချလိုက်ကာ လူးလဲထရပ်သည်။

"ပျိုးပန်း"

ဝိုင်းမိုးက ပျိုးပန်းလဲကျသွားမှာကို စိုးရိမ်ကာ လက်ဖျား ကလေး ကို လှမ်းကိုင်၏။ ပျိုးပန်းက ဝိုင်းမိုးလက်ကို ပုတ်ထုတ်ခါချ၍ ကား ထဲပြေးဝင်၏။ တအင့်အင့်ငိုရှိုက်လျက်နှင့် ကားကို ဘက်စ်ဆုတ်သည်။ ကားလေးက ဝင်လာတုန်းကအတိုင်း လူးလူးလိမ့်လိမ့်နှင့် ထွက်ခွာ သွားလေသည်။

စက်က ပီကေဝါးရင်း ထရပ်လိုက်သည်။ ရေတွေ စိုရွှဲနေကြ သော သုံးယောက်သားမှာ ပုံပျက်ပန်းပျက်။ အရပ်ရှည်၍ပိန်သော၊ ဘောင်းဘီရှည်လည်း သိပ်မဝတ်တတ်သည့် ညီသုခမျာ ဘောင်းဘီ တိုကလေးနှင့် စိုရွှဲကပ်နေတော့ သူများထက်အဖြစ်ဆိုး၏။ ထိုထဲမှာ ကျော့ကျော့မော့မော့ပဲ ရှိနေသည့်စက်က ရယ်ကျဲကျဲနှင့် ...

"ကျေးဇူးတော့မတင်ဘူး၊ ဒါပေမယ့် သနားလို့ မုန့်ကျွေးမယ်၊ လိုက်ခဲ့"

"ခွေးစုတ်၊ ခွေးဝဲစား"

နှုတ်ခမ်းတွေ လှုပ်သွားကြတာ ဆဲပြီမှန်း သိလိုက်သည်။ အသံ ထွက်ရယ်ရင်း စက်ဘီးဆီ သူ ပြန်လျှောက်လာခဲ့သည်။ နလောက်ဆို တစ်နေရာရာမှာ ကားထိုးရပ်ပြီး ပျိုးပန်း ငိုနေလောက်ပြီ။ အချစ်ဆို တာ မိစ္ဆာဖြူဆွဲသလို၊ ချုံ့လို့ ချဲ့လို့မရဘူး။

မင်းက လောဘကြီးတာကိုး ပျိုးရယ် ...။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂)

“ဘာ၊ ခွန်းဆက်ချို၊ ဟုတ်လား”

“ဟင်၊ မလွန်ဘူးလား”

“ဟိုက ဆရာဝန်”

သုံးယောက်လုံး အရင်လိုပြုံးဖြဲဖြဲနဲ့ စနောက်လာကြတာ မဟုတ်ဘဲ အပြစ်တင်သံကြီးတွေ ဆက်တိုက်ထွက်လာသည်။

“သူ့အမေက ရွှေဆိုင်ကြီးနှစ်ဆိုင်နဲ့ မာနလဲ ကြီးတယ်၊ မုဆိုးမ ပေမယ့် မင်းလျှော့မတွက်နဲ့၊ သူ့သမီးကိုထိရင် ခံမှာမဟုတ်ဘူး”

“သူနဲ့ငါနဲ့မှ မဆိုင်တာ၊ သူ့သမီးနဲ့ အဆင်ပြေနေပြီဥစ္စာ”

“ဟင် ဘာရယ်၊ ခွန်းဆက်ချိုနဲ့ မင်းက ”

စက်က ပီကေကို ဂူးခနဲ မှုတ်ထုတ်ပစ်လိုက်ပြီး စီးကရက်ထုတ်၍ မီးညှိသည်။ တစ်ရှိုက် ရှိုက်ပြီးမှ မီးခိုးငွေ့တွေကို ခပ်ဖြည်းဖြည်း မှုတ်ထုတ်ကာ ...

“သူ့ကို ငါ ဆေးခန်းအပြန်လိုက်ပို့တာ သုံးရက်ရှိပြီ”

“ကြည့်လုပ်ပါကွာ၊ သူ့အမေသိသွားမှ”

“သူ့အမေက ကျေးဇူးတင်ပါတယ်တဲ့၊ နောက်လဲ အိမ်ကို ဝင်ပါ၊ ထွက်ပါ တဲ့”





“ဘယ်လို...”

“ဟင် ကြွားနေတာလား”

စက်က ပြုံးနေလျက် ဘာမှဖြေခြင်းမရှိပေ။ တကယ်တော့ သား အမိနှစ်ယောက် ကားပျက်နေကြသည်။ လူရှုပ်နှစ်ယောက်က ကားပြင် ဆေးမလိုလိုနှင့် ဒေါ်သန္တာ့လက်ကိုင်အိတ်ကို လုပြေးသည်။ ထိုအချိန်မှာ စက်က ကွက်တိရောက်သွားခဲ့သည်။

ကံကြမ္မာဟာ စက်၏နှလုံးသားလမ်းကြောင်းမှာ ကျွန်းခံခွင့် ပေးခဲ့ဘူးထင်၏။ အမြဲတမ်းသူ့ဘက်မှာပဲ ရှိနေသည်။ အိတ်ကို ပြန် လုပေးခဲ့သည်။ ကားလည်း ပြင်ပေးလိုက်၏။

ဆုံစည်းကြပုံက ရုပ်ရှင်လိုလို ဘာလိုလိုဆန်ပေမယ့် ဒါဟာ ဖန်တီးမှုမပါတာ သေချာပါသည်။

ဟိုနေ့တွေကတည်းက ခွန်းဆက်ချိုအလှကြောင့် ဆေးခန်းရှေ့မှာ ရစ်သီရစ်သီ မကြာခဏ လုပ်ခဲ့သည့် စက်ကို ခွန်းဆက်ချိုက မရိုး သားမှန်း သိပြီးသား။ ဒါပေမယ့် သူမအမေကို ဘာမှပြောမထားဘဲ ဗွမခင်ရသလို ဖော်ရွေသည်။ ထို့ကြောင့် အဆင်ပြေ၏။ နောက် ပို၍ အဆင်ပြေလာတာက ဆေးခန်းအပြန် သူပဲ သွားကြိုပြီး ပြန်ပို့ပေး၏။ ခော်ဒယ်အမြင့်ဆုံးကားကြီးနှင့် ချောမွေ့သန့်စင်နေသည့် စက်ကို ဘယ် သိုလူက အထင်သေးမလဲ။

ကားငှားပြီး မိန်းမလာပိုးသလား၊ သူဌေးဟန်ဆောင်သလား၊ ဘာညာဘယ်လိုမှ ထင်လို့မဖြစ်နိုင်အောင် စက်က ခန့်သည်။

“အေးပေါ့လေ၊ မင်းရဲ့ဟိတ်ကလဲ နည်းတာမှမဟုတ်တာ”

ချောတာတစ်ခုတည်းမဟုတ်သည့် စက်ကို မချင့်မရဲကြည့်၍ နိုင်းမိုးက အဆုံးသတ်ပြော၏။ လက်မခံချင်၍မရ၊ စက်ဟာ သူ အဆင် ပြေလာလျှင် ပြောသည်။ ဘာ့ကြောင့်ဆိုတာ ဘယ်တော့မှ မပြော။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ဘယ်တုန်းကမှလည်း ကြွားပြောတာမရှိခဲ့ဖူးသဖြင့် မယုံလို့ မရပေ။

"စက် ..."

"ဘာလဲ"

"မင်းဖားသားကြီးက 'ငွေနှင်းစက်' နဲ့ မင်းကို ခေါ်စပ်မလို့ဆို"

"မဟုတ်ဘူး။ ငါက ပူဆာထားတာ"

"ဘာ ..."

"မင်းက လက်ထပ်ချင်တာ"

"ဟင် ..."

ဖြစ်ကုန်ကြပြန်ပြီ။ တအံ့တသြ။ ငွေနှင်းစက့်ကို အားလုံးပဲ သေချာတော့ မသိပါ။ ဒါပေမယ့် ခေတ်ရှေ့ပြေးသည်။ မိဘတွေကိုယ်တိုင်က ဆိုရှယ်ကျသည်ဆိုတာလောက်တော့ သိထားကြ၏။

တစ်ကြိမ်တစ်ခါ မြင်ဖူးကြသည့်ပုံစံက ဆံပင်ပခုံး မထောက်တထောက်ကို ဖြောင့်ထားကာ မျက်လုံးကတော့ အတော်လှ၏။ ဝတ်တာစားတာ ရိုင်းတစ်လှည့် ယဉ်တစ်လှည့်နှင့် ချစ်စရာလေးပါပဲ။ ဒါပေမယ့်

"ငါတို့တော့ ထူးခြားလှပတာ မရှိဘူးလို့ ထင်တာပဲ၊ ပျိုးပန်းနဲ့ သိပ်မကွာပါဘူး၊ မင်းလက်ထပ်ချင်တာ ဘာ့ကြောင့်လဲ"

"လိုချင်လို့"

"အဲဒီလိုချင်တာကို ပြောတာကွာ"

စက်တို့တိုက်ကြီးထဲမှာ အချိန်ပြည့်လိုလို စက်တစ်ယောက်တည်းမို့ သူတို့လေးယောက် ဆုံမိကြတိုင်း လွတ်လွတ်လပ်လပ်ပဲ ဖြစ်၏။

စက်၏ ဒယ်ဒီ ဦးဆက်နေက အလုပ် မနားမနေလုပ်နေသူ ဖြစ်ကာ အောင်လည်းအောင်မြင်သည်။ တိကျပြတ်သားသလောက် မာ





လည်း ကြီး၏။ ထို့ကြောင့် သားအဖတစ်တွေ ရင်ဆိုင်မိလျှင်လည်း စကားပြောအဆင်ပြေတာ သိပ်မရှိပေ။ စက်က စကားပြောနည်းပြီး ပြောချင်တာကို မပြောရဲတာမရှိ။ ပြောရဲတာကို ကြိုက်ပေမယ့် မနာခံတာကို ဦးဆက်နေက မကြိုက်။

"ငါတို့ကတော့ ဒီတစ်ခါ မင်းက နာခံလိုက်တယ်ပဲမှတ်တာ"

ပန်းကန်ထဲမှာရှိနေသည့် မုန့်တွေထဲက တစ်ခုကို ယူစားရင်း ညီသုက သံဝေဂရနေသေးသည်။

"စက်၊ ပြောကွာ၊ ဘာဖြစ်လို့ လိုချင်သွားတာလဲ"

"လိုချင်လို့ပါဆို"

"အဲဒါကိုက ထူးဆန်းနေတာ၊ အန်ကယ်နဲ့ သိပ်ရင်းနှီးပုံမရှိပါဘူး၊ အထူးသဖြင့် အန်ကယ့်စီးပွားရေးနဲ့ သူ့ဖားသားကြီး ရွှေရောင်းတာ အဆက်အစပ်မှ မရှိတာ၊ မင်း ပူဆာလို့ဆိုတာ လုံးဝကို ယုံကြည် ထိုက်တယ်၊ ပြောရင်း စိတ်ဝင်စားလာပြီ၊ ပြောစမ်းပါ၊ ဘာဖြစ်လို့ လိုချင်တာလဲ၊ သူက မင်းကို မကြည်ဘူးလား"

"ဟုတ်တယ်"

ပိုင်စေက မှဲ့၍ 'ထင်သားပဲ' ဟု သူ့စကားသူ ပြန်ထောက်ခံသည်။ ဒိုင်းမိုးက အထင်ကြီးသွားသည့် မျက်နှာနှင့် လှည့်ကြည့်၍ ...

"ဘာထင်တာလဲ"

ဟု မေးလိုက်သည်။

"ဒီလိုကောင်မျိုးက မရတာကိုမှ မက်တာကွ၊ သူ စိတ်ဝင်စားတယ်ဆိုကတည်းက ကြိုးစားတာမရလို့ မခံချင်ဖြစ်ပြီး လိုချင်တာ"

"မခံချင်တာမဟုတ်ဘူး၊ လိုကိုလိုချင်တာ"

စက်က ထပ်ပြောပြီး ပြုံးနေ၏။

"ဒါလည်း ယုံကြည်ထိုက်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ပိုင်စေကပဲ ထပ်၍ ထောက်ခံသည်။

"ဟုတ်တယ်၊ မိဘအားကိုးနဲ့တောင်းယူတာ တစ်နည်းအားဖြင့် အစွမ်းအစမရှိရာကျနေတာကို ဂရုမစိုက်ဘဲ စေ့စပ်နိုင်းတယ်ဆိုတော့ လိုက်ကိုလိုချင်တာ သေချာတာပေါ့"

ဝိုင်းမိုးက ထောက်ခံတော့ ပိုင်စေက လူကြီးဂိုက်ဖမ်း၍ တဟင်းဟင်းရယ်သည်။ ညီသုက ဘာမှမဝေဖန်ဘဲ ဟိုလှည့်ခေါင်းညိတ်၊ ဒီလှည့်ခေါင်းညိတ်။

"သူက မာနကြီးလို့လား"

ဟု စက်ကိုယ်ကို လက်တို့မေးလိုက်သေးသည်။

"ဟုတ်တယ်၊ မာနကြီးတာတစ်မျိုးတည်း မဟုတ်ဘူး၊ အရမ်းခေတ်မီတယ်၊ ငါ့လိုပဲ မပြောရဲတာ မရှိဘူး။ မာကျောကျော ဂျစ်ကန်ကန်နဲ့ စကားပြောနေရတာ စိတ်ဝင်စားဖို့ကောင်းတယ်ကွ၊ အပျင်းပြေတယ်"

"မင်းဟာ မဟုတ်သေးပါဘူး၊ အပျင်းပြေချင်လို့ မိန်းမယူရတယ်လို့"

ပိုင်စေ ရှုံ့မဲ့မဲ့ရယ်၏။

"သေချာလဲ စဉ်းစားပါဦးကွာ၊ တကယ်လက်ထပ်ပြီးမှ မချစ်မှန်းသိရင် ဟိုကစွာစွာနဲ့ မင်း လည်လွန်းတဲ့ဘီး ချေးသင့်သလို ဖြစ်ဦးမယ်"

စက်က ဆိုဖာပေါ်မှာ မဆန့်မပြဲလှဲချလိုက်ပြီး နောက်မှီနဲ့ လက်တင်ပေါ်မှာ ခြေထောက်တွေကို ကိုရိုကားရား ပစ်တင်ထားလိုက်၏။ ပြီးတော့ ပြုံးနေသည့် နှုတ်ခမ်းများဖြင့် ...

"စေ့စပ်တာပဲ၊ လက်ထပ်တာမှ မဟုတ်တာ"

"တွေလား၊ လုပ်ပြီ ..."

"အေးလေ၊ အန်ကယ်နဲ့ မင်းတွေ့တော့မယ်"

"ပျိုးပန်းကိစ္စလဲ သိသွားလို့ ပြဿနာတက်သေးတယ်ဆို"





စက်က လှဲနေရာမှ မျက်နှာကျက်ကိုပဲ ငေးနေကာ...

"ဟုတ်တယ်၊ ပျိုးနဲ့ငါ့ကို ဒယ်ဒီက မှားခဲ့ကြသလားလို့ မေးတယ်"

"ဟုတ်တယ်လေ၊ လူတိုင်း ဒီလိုပဲထင်ကြတာပဲ၊ ပျိုက ရေထဲ ခုန်ချတာကိုး"

"ဆင်းသွားတာပါ"

စက်က ကပ်သပ်ပြော၏။

"အလွယ်တကူ ပြောတာကွာ၊ ခုန်ချတယ်၊ ဘာဖြစ်လဲ"

စက်က ရယ်၍ ဘာမှမပြောတော့ဘဲ နေလိုက်၏။

"မင်း အန်ကယ်မေးတာကို ဘယ်လိုဖြေလိုက်လဲ"

ဝိုင်းမိုးက မသိမသာ အစ်သည်။ စက်က စိတ်မရှည်သောပုံနှင့် မျက်နှာစောင်းကြည့်သည်။ ဝိုင်းမိုးက ဘာအဓိပ္ပာယ်မှန်းသိသောကြောင့်...

"မင်းကလဲ၊ မေးတိုင်း ဝေ့လည်ကြောင်ပတ် ဖြေနေပြီးတော့"

"လျှောက်မမေးနဲ့၊ အဲဒါ သူနဲ့ငါ သိတယ်"

ဝိုင်းမိုးက ပိုင်စေ့ကို မျက်စပစ်ကြည့်၏။ ဘယ်လိုထင်လဲလို့ မေးသည့်သဘော။ ပိုင်စေက ခေါင်းခါပြကာ..

"ခွန်းဆက်ချိုကို စိတ်ဝင်စားတာပဲလား၊ အတည်လား"

"အဲဒါ ငါ့ကိစ္စပါ"

ပိုင်စေ မျက်နှာရှုံ့တွသွား၏။ ထိုစဉ် ကားဝင်လာသံကြားလိုက်ပြီး မကြာမီ...

"စက်ရေ..."

"ဗျာ... ဒယ်ဒီ"

ဦးဆက်နေက ဧည့်ခန်းရှေ့မှာ ခဏရပ်၍ ....

"စေ့စပ်ဖို့ကို ဒယ်ဒီ ဖုန်းနဲ့တော့ ဆွေးနွေးပြီးပြီ၊ ကိုမိုးကျော်က



www.burmeseclassic.com

www.burmeseclassic.com



လက်ခံလိုက်တယ်ကွ၊ သူ့မိန်းမကို သူပြောထားမယ်တဲ့၊ မိန်းကလေး ကလဲ မင်းနဲ့ စကားပြောချင်တယ်၊ ဖုန်းဆက်လိုက်ပါတဲ့၊ ပုံစံကတော့ နေကောင်းရက်သာရွေးပြီး စေ့စပ်ဖို့ဖြစ်နိုင်တယ်၊ မင်း ဘယ်နေ့ ဖြစ် ချင်လဲ"

"ဖြည်းဖြည်းပဲ ဒယ်ဒီ၊ သူနဲ့ကျွန်တော် စကားပြောချင်သေးတယ်"

လုပ်ပြီ။ စက်တို့ စပါပြီ။ ပိုင်စေတို့ ပြုံးစိစိဖြစ်ကုန်သည်။ ဦး ဆက်နေ မျက်ခုံးကြီးလည်း ကုတ်ကျသွားသည်။

"မင်းပဲ မိန်းကလေးနဲ့ အဆင်ပြေပါတယ်ဆို"

စက်က ပက်လက်လှန်နေရာမှ တံတောင်တစ်ဖက်နှင့် ထောက် ၍ ထထိုင်လိုက်၏။ သေချာထိုင်၍ ဦးဆက်နေကို မျက်နှာမူပြီးမှ...

"ပြောတာကသပ်သပ်လေ၊ အခု သူက စကားပြောချင်တယ်ဆို တာ မပြေလည်ဖို့ အစပျိုးတာဆို ခက်မယ်"

"မင်း သိပ်မထွင်နဲ့နော် စက်၊ ဒါ ကလေးကစားနေတာ မဟုတ် ဘူး၊ လူကြီးချင်းပြောဆိုပြီးနေပြီ၊ မိန်းကလေးက မငြင်းဘဲ လက်ခံ နေတဲ့ဥစ္စာ၊ ဘာပဲဖြစ်ဖြစ် သူက မိန်းကလေးပဲ၊ လိုချင်တဲ့သူက တောင်း ရတာပဲ၊ မင်းက ခပ်ကျောကျောနေချင်တာလား"

ကိုယ့်သားအချိုးကိုလည်း ကိုယ်သိသည်မို့ စကားစလိုက်က တည်းက စက် လေသံပြောင်းသွားပြီကို ဦးဆက်နေ သိသည်။ လို ချင်တော့လဲ သူပဲ ဖွတ်၊ "ပြေလည်နေပါပြီ၊ သူခေါင်းညိတ်အောင် ကြာ ကြာမစောင့်ချင်တော့လို့ သူ့မိဘဆီမှာ စေ့စပ်ပေးပါ၊ လက်ထပ်ပေးပါ" နှင့် ပူဆာခဲ့တာလည်း သင်းပဲ။

ခုတော့ ပြောဆိုပြီးပြီဆိုမှ သင်းက အင်တင်တင်ပြန်လုပ်လို့ ဦးဆက်နေ ချက်နှာကြီး တဖြည်းဖြည်းတင်းလာတော့မှ စက်က ပြုံး လိုက်ပြီး...





"ပျော့ပျော့ပျောင်းပျောင်း ရှိပါစေ့မယ်"

ဟု မချိုမချဉ်ပြော၍ မျက်နှာခပ်လွှဲလွှဲနှင့် ပခုံးတွန့်၏။ ဒါကို သေသေချာချာကြည့်နေတာမို့ ဦးဆက်နေ မြင်သည်။ လူငယ်တွေ ရှေ့မှာ ဆက်မဆူချင်သည်မို့ ဒေါသကို ထိန်းလိုက်သော်လည်း ထွက် ခွာလာခဲ့သည့် ခြေလှမ်းတွေကတော့ ကျဲနေပါလိမ့်မည်။

ဒီကောင် ဘယ်သူနဲ့တူပြီး ဘယ်လိုအကျင့်တွေနဲ့လဲ...။ ပြော ပြန်ရင်လည်း ကိုယ့်ရှူးကိုယ်ပတ်ဦးမယ်၊ ခက်ပါလား....။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

"ဘယ်ထိ လိုက်မှာလဲ"

"အိမ်ထိလေ"

"ဒါနဲ့ ဒီနေ့ မအားဘူးဆို"

"အိမ်ထိ ပို့ဖို့အားတယ်"

"ဟွန်း ..."

ခွန်းဆက်ချို က မျက်စောင်းလေးရွယ်ပြီး မထိုးဘဲ နှာခေါင်းလေးရှုံ့၏။ အလွန်ချစ်စရာကောင်းသည့် အမူအရာလေးပဲ ဖြစ်သည်။ ဆရာဝန်မကြီးပုံစံ နောက်တွဲဆံထုံးနှင့် ဆံထိုးလှလှလေးကို ခန့်ခန့်လေး ဆင်ယင်ထားသော်လည်း ဆယ်ကျော်သက် မိန်းမလှလေး တစ်ယောက်လို သူမက နုသစ်လှပနေ၏။

သူ အပြင်မှာရောက်နေတာမြင်မှ ပြန်ဝင်သွားပြီး သေချာပြန်ပြင်ပြီးမှ ထွက်လာတာမို့ အလုပ်ပြန်နှင့်မတူ။ မျက်နှာလေးမှာ နွမ်းနယ်ချွေးစိုနေတာမရှိသလို ဆံပင်တွေ မသေမသပ်လည်း မဖြစ်။

"ဘာကြည့်တာလဲ"

"လှလို့"

"သွားပါ၊ ဘယ်တော့ပြန်ချစ်မှာလဲ မေးချင်လို့များ"

ကားမောင်းရင်း စက်က ရယ်လိုက်သည်။





"တစ်ခါပဲ မေးမယ်၊ နှစ်ခါမမေးဘူး"

"အံမယ်"

"ဟုတ်တယ်၊ တမျှော်မျှော်နဲ့ လည်ပင်းရှည်နေရတာ ဝါသနာ မပါဘူး"

"ဒါဆို ဘာလို့ တကောက်ကောက်လိုက်နေသေးလဲ"

"ကားနဲ့လေ"

"ကားနဲ့လိုက်တာလဲ လိုက်တာတူတူပဲ"

"ဆေးရုံကို လာကြိုတယ်၊ ပြန်ပို့ပေးတယ်၊ ချိုသွားလေရာ ပါနေတာမှမဟုတ်တာ"

ခွန်းဆက်ချို နှုတ်ခမ်းစူချင်ပါပြီ။

"ဟယ် ချောလိုက်တာ" ဟု မြင်တဲ့မိန်းကလေးတိုင်း မပြောဘဲ မနေနိုင်အောင် ကြည့်ကောင်းတဲ့ ဒီရုပ်၊ ဒီပုံစံကို သူမလည်း သဘောကျသည်ပေါ့။ ဒါပေမယ့် ကိုယ်က ရည်းစားထားရမယ့်အရွယ်လား။ သူ့ကို ပြန်ချစ်ဖို့ဟာ အိမ်ထောင်ဘက်ရွေးချယ်ဖို့ပဲ ဖြစ်ရမည်မို့ စဉ်းစားရဦးမည်။ ပြီးတော့ သူ ဒီလောက်ချောနေတာကို မယုံရဲ။

ဆေးရုံက ဆရာဝန်အချင်းချင်း အမျိုးသမီးချင်းမှာ သူချောတာကို လက်တို့ပြကြ၊ ကြိတ်ပြုံးကြဖြစ်နေကြတာ ချို မြင်သည်။ ခင်တဲ့သူတွေက "ဘယ်တော့စားရမှာလဲ"၊ "မင်းနဲ့လိုက်တယ် ရွေးလိုက်တော့"၊ စသဖြင့် စနောက်ကြတာတွေ ရှိခဲ့ပြီ။

ဒီအဖြစ်တွေထဲမှာ ချိုလည်း သူ့ကို ရွေးတော့မည်ဟု ဆုံးဖြတ်ပြီးသား။ ဆုံးဖြတ်ပြီးသော်လည်း သူ့ကို အဖြေပေးဖို့ကျတော့ စိတ်တိုင်းမကျတာတွေ ရှိနေခဲ့ပြန်သည်။ တကယ်ဆို ယောကျ်ားလေး တစ်ယောက်က မိန်းကလေးတစ်ယောက်ကို မြတ်နိုးပိုးပန်းကြတာ အချိန်မှန်ရောက်လာရုံပဲလား။

www.burmeseclassic.com



သူ့ကို ညနေကျမှ မြင်ရသည်။ ပို့ပေးပြီး အိမ်ထဲဝင်ပါဦးဆိုတာတောင် ဝင်ချင်မှဝင်ပြီး ဒီပြင်အချိန်တွေမှာ သူ့မျက်နှာကို မမြင်ရပါ။ ပြီးတော့ ဖုန်းဆက်ဖော်မရတာ အဆိုးဆုံးဖြစ်သည်။ သူနဲ့ ပတ်သက်ပြီး မာမီတို့ယ်တိုင်က တားဆီးဟင်းကြပ်ထားတာ ဘာမှမရှိ။ အိမ်မှာ လွတ်လပ်စွာ ဝင်ထွက်လို့ရသည်။ သူ ပို့မယ်၊ ကြိုမယ်ဆိုလို့ အိမ်ကကားကိုတောင် ရုတ်သိမ်းပေးခဲ့တာပဲ။

ဒါနဲ့တောင် သူ့ပုံစံက ကိုယ့်အပေါ် ဂရုတစိုက်များများသလဲ သိပ်မရှိတာကို စိတ်က ခံစားမိနေသည်။ ပြီးတော့ စကားပြောတိုင်း အနိုင်လုတာမဟုတ်သည့်တိုင် အရှုံးမပေးတတ်ပေ။ ချစ်ပါတယ်လို့ ပြောပြီး အဖြေကောင်းတော့ လေသံက ပြန်ချစ်ဖွယ်မရှိ။

ချို့မျက်နှာလေး တင်းသယောင်ဖြစ်လျက် နှုတ်ဆိတ်သွားတာကို စက်က သိသည်။ ကားကို လမ်းဘေးတစ်နေရာသို့ ဆွဲချလိုက်ပြီး...

"ဘာဖြစ်သွားတာလဲ"

ချိုက လှည့်မကြည့်ပါ။ မျက်ဝန်းလေးကသာ သူ့ဘက်သို့ ခပ်စောင်းစောင်း ရွေ့လျက် ...

"ဘာမှမဖြစ်ဘူး၊ ဆက်မောင်း"

"တို့က စိတ်ကောက်ရင် မချော့တတ်ဘူး၊ တော်ကြာ မချော့တတ်တာကို ကြံဖန်စိတ်ကောက်နေမှာစိုးလို့"

ချိုက ဖျတ်ခနဲ လှည့်ကြည့်သည်။ ဒီတစ်ခါ မျက်စောင်းတကယ်ထိုးပစ်၍ ....

"မချော့တတ်ဘူးဆိုတာ ရှိလား၊ စိတ်ဆိုးနေလား၊ မဆိုးပါနဲ့ကွာဆိုတာမျိုး၊ ငိုမနေပါနဲ့ တို့တောင်းပန်ပါတယ်၊ တိတ်ပါ ဆိုတာမျိုးလေးဒါလေးတောင် မပြောတတ်ဘူးလား၊ ဟွန့်၊ ငိုနေရင် တိတ်ပါလို့တော့ ပြောတတ်ရမှာပေါ့၊ စက် စကားပြောတာ သိပ်မုန်းဖို့ကောင်းတာပဲ"





"ဟုတ်လား၊ အင်း ... ဘူလာပြီ"

"ဘာတွေတာလဲ"

"ဟိုတစ်ယောက်နဲ့"

"ဘာ ..."

ချို့မျက်နှာ ပျက်ကျသွားကာ မထင်မှတ်သောက်အောင် တင်းမာသွား၏။ "ကိုယ်သဘောကျလို့ စေ့စပ်တော့မို့ သေချာပြီးနေတဲ့ ငွေနှင်းစက်နဲ့လေ" လို့များ ပြောချလိုက်လျှင် ချို ခုချက်ချင်း ကားပေါ်က ဆင်းသွားနိုင်၏။

စက်က ပြောချင်လျက် မပြောဘဲ မျိုသိပ်လိုက်ရသဖြင့် ရယ်ချင်ပက်ကျိဖြစ်သွားသည့် နှုတ်ခမ်းပေါ်က အပြုံးကို လက်စမသတ်နိုင်။ ချိုစိတ်တိုသွားတာကို အားနာမိ၍ မျက်နှာပိုးသပ်ဖို့ ကြိုးစားရင်း မချိုမချဉ်ဖြစ်နေကာ ...

"တို့ညီမတစ်ယောက်နဲ့လေ၊ သူကတော့ ဆယ်တန်းကျောင်းသူပဲ ရှိသေးတာ၊ ချိုက ဆရာဝန်ဖြစ်နေပြီ၊ စိတ်မကောက်ရဘူး"

အလျှော့ကောင်းသွားပုံ ရသည်။ ချိုကျေနပ်သွား၏။ မျက်နှာလေး နည်းနည်းလျော့ကျသွားကာ တမင်စိတ်ကောက်ပြနေသော ပုံလေး ပြန်ပေါ်လာ၏။

"ပြန်မောင်း"

"ဟုတ်ကဲ့"

"မရွဲ့နဲ့"

"ရွဲ့စရာလား"

ပုံစံက ရယ်တော့မလို၊ ပြုံးတော့မလို။ အဲဒီမျက်ဝန်းတွေသာပဲ ညှို့ယူသလိုဖြစ်နေတာ သူမသိဘူးလား။ မချိုမချဉ်မျက်နှာက မျက်ခုံးခပ်တွန့်တွန့်နှင့် မျက်ဝန်းတို့မှာ စူးစူးရဲရဲ ဖြစ်နေရင်း ရီဝေသွားလိုက်၊



www.burmeseclassic.com

www.burmeseclassic.com



စိုက်ခနဲ ကြည့်လိုက်။ နှုတ်ခမ်း မထူမပါးတို့က အေးစက်စက် ပြုံးနေသလိုလို၊ သရော်လှောင်ပြောင်နေသလိုလို အမြဲတမ်း စိန်ခေါ်ချင်နေသည့် အပြုံးများ ခိုတွဲလျက်…။

"စက်"

"ဟင်"

စက်က လှည့်မကြည့်တဲ့ ကားကို လမ်းမပေါ်မှာ နေရာပြန်ယူသည်။

"ချို အဖြေမပေးလို့ ရွဲ့နေတာလား"

"ဘာဆိုင်လို့လဲ"

"အဖြေလဲမတောင်းဘဲ ဝတ္တရားကျေလုပ်ပြနေသလိုပဲ"

စက်က ပြုံး၍လှည့်ကြည့်သည်။ ပြီးတော့ ရှေ့ပြန်လှည့်၏။

"ဝတ္တရားကျေရအောင် တို့က ချို့ဒရိုင်ဘာမှမဟုတ်တဲ့"

"ဒရိုင်ဘာလိုပဲ၊ သူ လုပ်နေတာ"

"ချိုက ဘာမကျေနပ်လို့လဲ"

ဘာလို့ အဖြေထပ်မတောင်းဘဲနေသလဲ ဟု မပြောချင်။ ဒါ ပြောစရာလား။ ချိုက မိန်းကလေး။ ခုနကတည်းက ချိုက လမ်းဖွင့်ပေးခဲ့ပြီးသားပဲ။ "ဘယ်တော့ပြန်ချစ်မှာလဲ မေးချင်လို့မို့လား" ဆိုတာကို "ဟုတ်တယ်၊ ဖြေတော့လေ" ဘာညာပြောလိုက်ရုံပဲ။ "နှစ်ခါ မမေးဘူး" ဆိုတာ ဘာလဲ။ "တကောက်ကောက်လိုက်နေတယ်" ပြောတာတောင် သူက မခံချင်ဘဲ ကားနဲ့လာတာကို ထည့်ပြောသေးသည်။

ရင်ထဲမှာ အဖုအကြိတ်ကလေးတွေ များနေပြီထင်၏။ ကိုယ့်ကို ချစ်ခွင့်ပန်ထားပြီး လာလည်းလာနေသည်။ သွားမြဲသွားနေပြီး ချစ်ကြဖို့ဆုံးဖြတ်ထားပြီးမှ သူက အဖြေမတောင်းတော့ဘဲနေ၏။ စိတ်ဆိုးရခက်၊ မကျေနပ်တာကိုလည်း မပြနိုင်။ ဘာမကျေနပ်လို့လဲ တဲ့။ ဘယ်လိုဖြေရမလဲ။





"စက်"

"ဟင်၊ ဒီမှာ နားထောင်နေတယ်၊ ကြိုက်တာ ပြောလို့ရတယ်၊ ခဏခဏ ခေါ်နေရတာ ပင်ပန်းမှာစိုးလို့ပါ"

မကျေနပ်သောမြားတစ်စင်းက နှလုံးသားဆီ ပြေးစိုက်သွားပြန်သည်။ ချိုက အကြာကြီးလှည့်ကြည့်နေပြီးမှ…

"အိမ်ကို ဝင်ရမယ်၊ မပြန်ရဘူး"

"အမိန့်ပေးနေတာလား"

"စက်နော်"

"ဘာလဲ၊ ဟုတ်ရင် ဟုတ်တယ်ပြောလေ၊ ဒီက နာခံမလို့"

"စက်"

"ဟော ခေါ်ပြန်ပြီ၊ ချို့ကို တို့ကြည့်နေတာ၊ လမ်းကိုတောင် မကြည့်သေးဘူး"

"စက် ဘယ်လိုလူလဲဟင်၊ ချို ခံစားရတယ် သိလား၊ တစ်ခါတစ်လေ နီးနီးလေးမှာ ရှိနေသလိုလို၊ တစ်ခါတစ်ခါကျတော့ စက်က ချိုနဲ့ ဘာမှမဆိုင်သလိုနဲ့၊ ချို့ကို ချစ်တယ်လို့ ပြောခဲ့တာ ရင်ထဲက ပါလို့ပြောတာ ဟုတ်ရဲ့လား"

"ချိုက ဘယ်လိုထင်လို့လဲ"

မေးပုံက …။ ချို့မျက်နှာလေး မကြည်ပါ။ ကားက ခြံဝမှာ ရပ်နေပြီဖြစ်၏။ ခြံစောင့်တံခါးဖွင့်လိုက်တော့ ပေါ်တီကိုအောက် ရောက်လာသည်။ ထုံးစံအတိုင်းပဲ ဒေါ်သန္တာ အိမ်ပြန်မရောက်သေးပါ။

စက် ဒီအိမ်ကို တစ်ခါ ဝင်လာဖူးသည်။ သူ့ကို ထိုင်ခိုင်းပြီး ချိုက စားစရာတစ်မျိုး လာချပေး၏။ ပြီးတော့ ရေချိုးလိုက်ဦးမယ် ခဏဆိုပြီး ဝင်သွားလိုက်တာ ဒေါ်သန္တာ ဆိုင်သိမ်းပြီး ပြန်ရောက်လာတဲ့အထိ ထွက်မလာ။ ထွက်လာတော့ အဖြူရောင်ကိုယ်ကျပ်ဝတ်စုံနှင့်



www.burmeseclassic.com

www.burmeseclassic.com



တော်တော်လေးပြင်ဆင်ထားသဖြင့် သူမ အရမ်းလှနေသည်။ ဒါပေမယ့် ပန်းခြံထဲ ခဏဆင်းလျှောက်ပြီး သူ ပြန်လာခဲ့သည်။

အပြင်ခဏလိုက်ခဲ့ပါလားဆိုတော့ မလိုက်ချင်။ ဒါဆို ထိုင်စောင့်ခိုင်းထားတာ ဘာလုပ်ဖို့လဲ။ သူ့မှာ နာရီဝက်ကျော်ကျော် စောင့်လိုက်ရတာကို နှမြောသွား၏။

ချို့အလှကို သူ သဘောကျသည်။ ဒါပေမယ့် ဆရာဝန်တစ်ယောက်ကို သဘောကျမိတာ မှားပြီဟု တွေးမိ၏။ သူမအတွက် အချစ်ဆိုတာ နုနုရွရွလေးဟု မြင်ပုံမပေါ်ဘဲ ဘဝအတွက် ဇယားဆွဲပြီးသားထဲမှာ အံဝင်ခွင်ကျဖြစ်ဖို့သာ ရည်ရွယ်ပုံရှိသည်။

သူလိုချင်တဲ့အချစ်က ဤသို့မဟုတ်ပါ။ အချစ်ဖြင့် ပျော်ရွှင်ရခြင်း၊ အချစ်တို့ဖြင့် လွတ်လပ်ခြင်း၊ သူ အချစ်၏ ဒဿနများစွာကို သတိမရချင်။ အချစ်ဟာ ချစ်ဖို့ပဲဖြစ်၏။

ဆိုဖာမှာ ထိုင်လိုက်တော့ မြင်ဖူးပြီးသားဖြစ်သည့် ဓာတ်ပုံတွေဆီကို မျက်လုံးက ထပ်ရောက်သည်။ ချို၏ဘွဲ့ရဓာတ်ပုံနှင့် အလှပုံများက နံရံတစ်ဖက်မှာအပြည့်။ တစ်ဖက်မှာ ပန်းချီကားနှစ်ချပ်ကို ကြေးဘောင်သွင်း၍ တခမ်းတနားထားကာ ဧည့်ခန်းတစ်ခန်းလုံး အဖိုးတန်ပစ္စည်းများနှင့် ပြည့်နေ၏။

ဘာလုပ်တာလဲတော့ မသိပါ။ ကွန်ပျူတာတွေ သုံးလုံးတောင်ထားသည်။ ပြီးတော့ တီဗီက ဆိုဒ်စုံ သုံးလုံး။ အားလုံးက အောက်စက်များနှင့် ဝမ်းဆက်ပဲဖြစ်၏။ ဘာလုပ်တာလဲ၊ ကလေးတွေးသလို တွေးကြည့်မိတာက ကြွားတတ်တာပဲ ဖြစ်နိုင်သည်။ ကိုယ့်အတွေးကိုယ်ပြုံးလိုက်မိစဉ် မျက်လုံးတို့က ရည်ရွယ်ချက်မရှိပါဘဲ ဟိုဒီ ဝေ့ကြည့်မိ၏။

"ဟင်..."

မျက်နှာလေးတစ်ခု လှစ်ခနဲ ပြန်ပျောက်သွား၏။ စက်၏မျက်လုံး





တို့က လှုပ်ခတ်ကျန်ခဲ့သော ခန်းဆီးစလေးကို စူးစိုက်ကြည့်နေမိဆဲ။ ထိုအခါ လက်ချောင်းကလေးတွေ အရင်ပြန်ပေါ်လာ၏။

ခန်းဆီးစကို မီးခြောင်ခိုးဝှက်တလေး ဆုပ်ကိုင်လိုက်ခြင်းဖြစ်သည်။ စက် နှုတ်ခမ်းအစုံ တွန့်ခနဲ ဖြစ်သွား၏။ ထိုလက်ကလေးနှင့် နံရံစပ်ကြားကို စိုက်ကြည့်၍ နောက်ထပ်ပြန်ပေါ်လာမည့် မျက်နှာကလေးကို အမိဖမ်းဖို့ ကြိုးစားသည်။

လက်သည်းရှည်မရှိဘဲ ဖြူနုနီရဲနေသော လက်ချောင်းသွယ်သွယ် ပြည့်ပြည့်ကလေးတွေက အဆစ်အကြော ဗုထစ်နေတာမရှိဘဲ မိန်းမငယ်လေးတစ်ယောက်၏လက်ဆိုတာလည်း သိသာစေသည်။ လက်ကလေးကြောင့်ပဲ လူကိုမြင်ချင်လာအောင် ထိုလက်ကလေးက လှနေ၏။ သူထင်သည့်အတိုင်း ခန်းဆီးစလေး ရုပ်ဖယ်သွားကာ မျက်ဝန်းလေးတစ်စုံတည်း အရင်ပေါ်လာ၏။

သူ ကြည့်နေတော့ လှစ်ခနဲ ပြန်ဝင်သွား၏။ နောက်ထပ် ပေါ်လာဖို့ မရှိတော့ဘူးဆိုတာ သေချာသွား၏။ လူမိသွားပြီမို့ ခုလောက်ဆို ခန်းဆီးစနောက်ကွယ်မှာ ရင်ဘတ်လေးဖိ၍ ဖုတ်လိုက်ဖုတ်လိုက် ဖြစ်နေနိုင်သည်။

မျက်ဝန်းလေးက ခိုးကြောင်ခိုးဝှက်မို့ ပြူးနေတာလား။ ဒီတိုင်းပဲလားတော့မသိ။ မျက်တောင်နက်လေးတွေထင်းနေကာ ရွှန်းရွှန်းပေလက်၏။ သေချာမမြင်လိုက်ရပေမယ့် မျက်လုံးလေးလှသားပဲဟု တွေးမိသည်။

အိမ်မှာ လူတွေ ဘယ်နှယောက်ရှိနေသလဲ။ ချိုပြောတော့ သားအမိနှစ်ယောက်တည်း နေကြသည်တဲ့။ အိမ်ဖော်တောင် မိန်းမကြီးတစ်ယောက်ပဲ ရှိတာ၊ ညအိပ်မထားဘူးဆိုပဲ။

"ပျင်းနေပြီလား စက်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဪ ... ရပါတယ်"

ချို့ထွက်လာတဲ့ပုံက ရေချိုးခန်းဝင်ဖို့ ဆံပင်တွေ သိမ်းတင်ထားပြီး ပလပ်စတစ်ကာလေးနှင့် အုပ်ထား၏။ အလွန်ရှည်လျားထူထဲသော တဘက်နှင့် ကိုယ်မှာလုံးပတ်ကာ ပခုံးပေါ်မှာ ပဝါတစ်ထည်ခြုံထား၏။

"ဒီနေ့ ချို ရေချိုးပြီးတာနဲ့ မာမီပြန်လာရင် စက်နဲ့ အပြင်မှာ တစ်ခုခု သွားစားမယ်၊ ဒင်နာပေါ့"

"ဟင် ...၊ ချို့မာမီနဲ့လား"

ချိုက စက်မေးတာကို ကြားတော့ ရယ်လိုက်၏။

"စက်ရယ်၊ မာမီပြန်လာရင် ပြောပြီးမှ ချိုက လိုက်လို့ရမှာပေါ့။ ဒီနေ့ထိ မာမီ့ကို မပြောဘဲ ဘယ်လမ်းမှ ချို မသွားခဲ့ဘူး။ မာမီမသိအောင်လဲ ဘာမှ မလုပ်ခဲ့သေးဘူး၊ အလုပ်နဲ့အိမ်ပဲလေ၊ သွားဖို့လာဖို့ စိတ်ကူးတွေ ရှိလာခဲ့တာ စက်ကြောင့်"

အရေးထဲ ကြော်ငြာဝင်နေပြန်သည်။ စက်ကပြုံး၍ ခေါင်းညိတ်လိုက်၏။

"သွားချိုးလေ၊ တို့စောင့်ပါ့မယ်"

"အင်း ..."

ချိုက ခေါင်းညိတ်မလို မျက်ဝန်းလေးမှိတ်ချပြီးမှ လှလှပပ လေး ညိတ်၏။ ပြီးတော့ ...

"မိရွှေ"

"ရှင် ... မမ"

"အချိုရည်တစ်ခွက်ခု လုပ်ခဲ့စမ်း"

"ဟုတ်"

အသံလေးကို နားစွင့်၍ စောစောက ကောင်မလေးဟု တွေး လိုက်မိကာ...





"ချိုပြောတော့ ချို့မာမီနဲ့ နှစ်ယောက်ပဲ ရှိတာဆို"

ချိုက လှည့်ထွက်တော့မလို ဖြစ်သွားပြီးမှ ပြန်လှည့်ကြည့်၍

"အင်းလေ၊ ဒေါ်ဝတုတ်က ပြန်သွားပြီ၊ သူက သပ်သပ်"

သိပ်ပြောချင်ပုံမရဘဲ ချိုက ဒါပဲဖြေသည်။ စက်ကလည်း စိတ် မဝင်စားပါ။ သူ စိတ်ဝင်စားတာက မိရွှေဆိုတာ ခုနက မျက်လုံး ဆလေး ဟုတ်မဟုတ်။

သိပ်မကြာလိုက်ဘဲ ခန်းဆီးစလေး လှုပ်ရှားသွား၏။ အအေး ခံနှခွက်လေးတင်ထားသော ဗန်းကလေးတစ်ချပ်က အရင်တိုးထွက် လာသည်။ ပြီးတော့မှ တစ်ကိုယ်လုံး ပေါ်လာ၏။ သူမသည် ခန်းဆီး အကွယ်က ထွက်လိုက်ပြီးမှ ဗန်းကလေးကိုင်လျက်နှင့် ခြေစုံရပ်၍ သူ့ကို ငေးကြည့်သည်။

ဖျတ်ခနဲ မျက်နှာလေးပြန်ငုံ့ကာ ရှေ့တိုးဖို့ အသက်အောင့်၍ အားယူလိုက်ပုံရှိ၏။ နောက်တော့ ဆက်လျှောက်လာသည်။ သူမ ကတုန်ကယင်လေး ထွက်လျှောက်လာတာကို စက်က ခြေဆုံးခေါင်း ဆုံး ကြည့်နေခဲ့၏။ အရပ်က မနိမ့်မမြင့်မဟုတ်ဘဲ မြင့်နေတာ ပေါ် လွင်၏။

တောင့်တောင့်ကော့ကော့ကြီး မဟုတ်ပါ။ ကိုယ်လုံးလေးလှ သလောက် အရပ်နဲ့ကြည့်ကောင်းသည်။ ပို၍လှတာက တင်ပါးဖုံးနေ သော ဆံပင်ရှည်တွေ ဖြစ်လေသည်။

အနားမှာ ဗန်းကလေးချ၍ ဖန်ခွက်နှင့် လက်သုတ်ပုဝါလေး ချ ပေးစဉ် စိုက်ချထားသည့် မျက်တောင်ကော့ကော့များနှင့် နှာတံချွန် ချွန်လေး။ ပြီးတော့ နှုတ်ခမ်းထော်တာမျိုးမဟုတ်ဘဲ ထောင့်ချိုးတွေ ပေါ်ကာ နီရဲနေသည့် နှုတ်ခမ်းအစုံ။

တစ်အိမ်လုံးမှာ ပိုင်းဝန်းအလိုလိုက်ခံထားခဲ့ရသဖြင့် ဆိုးဆိုး



www.burmeseclassic.com

www.burmeseclassic.com



ဂျိုတိုက်ရင်း ကြီးပြင်းလာခဲ့ရသော မိန်းမငယ်လေးလို ကလေးဆန်ဆန် မျက်နှာလေးမျိုးဖြစ်၏။

မျက်ခုံးအရင်းလေးတွေမှာ ခပ်ထူထူနှင့် အဖျားကျတော့ ခဲဆွဲထားသလို သေသေသပ်သပ်လေ ညွတ်ဆင်းသွား၏။ ဘာမှ ခြယ်သမထားသော မျက်နှာလေးဟာ ဖြူဖပ်ဖပ်လေး ဖြစ်သည်မှလွဲလျှင် သူမလေးတစ်ကိုယ်လုံးမှာ အပြစ်ဘာမှမရှိ။

ပြီးတော့ ဘာမှလိမ်းခြယ်မထားဘဲ ဒီလိုလှနေတဲ့မျက်နှာမျိုး မမြင်ဖူးခဲ့သဖြင့် စက် အံ့သြဟန် သေသေချာချာ စိုက်ကြည့်မိသည်။ တီဇာဂါဝန်ခြေသလုံးလောက် ကပ်ကပ်လေးနှင့် သူမ ထရပ်လိုက်တော့ လက်ကလေးကို ဖျတ်ခနဲ လှမ်းဆွဲမိ၏။

"အယ် ..."

နှုတ်ခမ်းလေးကော၊ မျက်လုံးလေးကော ဝိုင်းဝိုင်းလည်သွား၏။ နောက် သူကိုင်လိုက်လိုက်သည့် လက်ကလေးတစ်ဖက်က လက်သီးဆုပ်လေးဖြစ်သွားကာ ...

"လွှတ် ... လွှတ်"

သူမ ပက်ပက်စက်စက်ကြီး လန့်ဖျပ်သွားပုံပေါ်ကာ သေလုမျောပါး ရုန်းလေသည်။ ရုန်းမှာပဲဆိုတာ သိထားသဖြင့် စက်က ဖိဆုပ်ထားပြီး နောက်လက်တစ်ဖက်ကနေ သူမ၏ ပုတ်ထုတ်ခါချနေသော နောက်ထပ်လက်ကလေးကို ထပ်ဆွဲထားလိုက်၏။

"ဘာလုပ်တာလဲ၊ သူများကို လွှတ်လေ"

"ခဏလေး၊ မိရွှေဆိုတာ မင်းလား"

"အင်း..."

သူလက်တွေကို တစ်ချောင်းချင်း ဖွဲ့ထုတ်ပစ်တော့မလောက် ကောင်မလေး ကြိုးစားနေသဖြင့် သူ ပို၍ ဖိဆုပ်ထားလိုက်ကာ...





"မင်းက..."

အိမ်ဖော်လားလို့ မေးဖို့ဟာ မမေးရက်၊ ဒီမျက်နှာလေးက အိမ်ဖော်ဖြစ်နိုင်တာ ကိုယ့်စိတ်ထဲမှာ သေချာနေသည်။ ဒါပေမယ့် မိရွှေ ဆိုတဲ့ နာမည်ကြီးက ဖြစ်နိုင်နေသည်။ ချိုက အိမ်ဖော်လိုပဲ ခေါ်နိုင်းသွား၏။ သားအမိနှစ်ယောက်ပဲရှိသည်ဆိုတော့ ချိုနဲ့ ဒေါ်သန္တာမှ လွဲလျှင် ...

"မင်းက ချိုနဲ့ ဘာတော်လဲ"

"ဘာလုပ်မလို့လဲ၊ လက်ကိုလွှတ်ပါ၊ လည်ဆွဲကြောက်တယ် သိလား"

"လည်ဆွဲ ဟုတ်လား"

ခေါင်းညိတ်ရင်း သူမ မျက်ရည်တွေ မျက်ဝန်းအိမ်မှာ ပြည့်နေပြီ၊

"နာမည်ပြော"

"ရွှေလည်ဆွဲ"

"လှသားပဲ"

"လွှတ်ပါ"

"ချိုနဲ့ ဘာတော်လဲ"

"အစ်မဝမ်းကွဲ"

"သြော်"

"လွှတ်ပါ၊ လွှတ်ပါတော့၊ လည်ဆွဲ တောင်းပန်ပါတယ်"

"မရုန်းနဲ့၊ လွှတ်မယ်"

သူမ နည်းနည်းငြိမ်သွားပြီးမှ စက်က လက်ကိုလျှော့ပေးသည်။ ဒါပေမယ့် လွှတ်ပေးလိုက်တာမဟုတ်ဘဲ ...

"ကိုယ့်ကို ခင်လား"

"ဟင် ...၊ ဟင့်အင်း"

ကြောင်တောင်တောင်လေး ပြူးကြည့်ပြီး ကပျာကယာ ခေါင်းခါတော့ စက်က ပြုံးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ ချောင်းကြည့်တာလဲ"

"ဟို... အဲဒါ၊ ဟင့်အင်း၊ လွှတ်ပါ"

သူမ အတင်းအကျပ် ပြန်ရုန်းလာတော့ စက် ခပ်တင်းတင်း ပြန်၍ ဖိတိုင်ထားလိုက်၏။

"ဒီမှာပဲနေတာလား"

သူမ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာသည်။ သူ ဆွဲထားသည့်လက်ကို ရုန်းရင်း မျက်နှာလေးရှုံ့မဲ့လျက် ဘေးမှာ ဒူးထောက်လေး ထိုင်ကျလာပြီး...

"လည်ဆွဲ တောင်းပန်ပါတယ်၊ သူ့ကို ကြည့်မိလို့ လက်ကိုဆွဲထားတာလားဟင်၊ နောက် မကြည့်တော့ဘူး၊ လွှတ်ပေးပါ၊ မမ မြင်သွားရင် လည်ဆွဲ အရိုက်ခံရမှာ"

ပြဿနာပါလား။ သူ မျက်နှာတစ်ချက်ရှုံ့တွသွားပြီး လက်ကလေးကို လွှတ်ပေးလိုက်ရသည်။ လည်ဆွဲ ချက်ချင်း ထပြေးသွားပုံက နောက်ထပ်ဆွဲထားလိုက်မှာကို အတော်ကြီးကြောက်ရွံ့သွားသည့်နှယ်။

ရင်ထဲမှာ ဟာတာတာကြီး ဖြစ်သွား၏။ ထိုပြင် ချက်ချင်းသတိရလိုက်သည်က သူ သတိလက်လွှတ်ဖိဆုပ်ထားမိသော လက်ကောက်ဝတ်လေးနှစ်ဖက်။ ကောင်မလေး နာသွားပြီလား။ မျက်နှာလေး မဲ့မဲ့သွားတာကို ပြန်တွေးမိပြီး စိတ်မကောင်းဖြစ်သွားမိ၏။ မတတ်နိုင်ဘူး။ ဒါတောင် ပြောစရာတွေ မကုန်သေးဘူး။

တစ်ယောက်တည်း စကားပြောမိတော့မလိုဖြစ်ကာ သူမ ချပေးခဲ့သည့် အအေးဖန်ခွက်ကို ကောက်ယူလိုက်၏။

ရင်တွေ ပူနေပြီ...။





အခန်း (၄)

"ချစ်တယ်"

"အင်း ..."

ချို ရှက်ရှက်နှင့် မျက်နှာလေးကို ငုံ့ပစ်လိုက်မိ၏။ ကိုယ် မျှော်လင့်ထားသလို 'ဝမ်းသာလိုက်တာ ချိုရယ်' ဆိုတာမျိုးမလာဘဲ ချို့ပခုံးလေးကို စက်က သိုင်းဖက်လိုက်ပြီး...

"သိသားပဲ"

ဟု ရယ်သံနှင့်ပြော၍ ချို့နားသယ်စပ်လေးကို ဖျတ်ခနဲ ငုံ့နမ်း၏။

"ဘာပြောတယ် ... အို"

သူ့ကို မခံချင်စိတ်လေးနှင့် မော့၍မေးလိုက်မိစဉ် အနမ်းခံလိုက်ရသဖြင့် စကားပင်မဆက်လိုက်နိုင်ဘဲ ချို ရှက်ကိုးရှက်ကန်းနှင့် နောက်တစ်ကြိမ် မျက်နှာလေးပြန်ငုံ့သွားခဲ့၏။ စက်က ဖက်ထားသည့်လက်ကို ပြန်ရုပ်ပြီး ပခုံးချင်းထပ်၍ နောက်မှီမှာ ခပ်လျော့လျော့ မှီချလိုက်၏။

"ဘာပြောတယ်ကြီးက ဒေါသတွေ ပါသွားသလိုပဲ၊ တို့ပြောတာက ချို တို့ကိုချစ်ရဲ့သားနဲ့ အချိန်တွေဆွဲထားတာကို သိတယ်လို့ ပြောတာ၊ တွေးကြည့်စမ်း၊ နှမြောစရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာနဲ့မြောတာလဲ"

"ကိုယ့်ချစ်သူမဟုတ်သေးတော့ ဒရိုင်ဘာ အကြာကြီး လုပ်ပေးနေရတာပေါ့"

ချို မျက်နှာလေး ပြန်ကြည်သွားသည်။ သူ့ဘက်ကို နှုတ်ခမ်းစူစူလေးနှင့် ပြန်လှည့်ကြည့်လာ၏။

"အခု ချစ်သူဖြစ်သွားတာနဲ့ အကြိုအပို့ မလုပ်တော့ဘူးလို့ ပြောချင်တာလား"

"အင်း ..."

"ဘာရယ်"

"ဟုတ်တယ်လေ၊ ကိုယ့်ချစ်သူဖြစ်သွားပြီဆိုတော့ တစ်ဝက် ပိုင်တယ်၊ တစ်နည်းအားဖြင့် လုံးဝသက်ဆိုင်သူဖြစ်သွားပြီ အဲဒီတော့ ချို တွေ့ချင်တဲ့အချိန် တို့လာမယ်၊ တို့က တွေ့ချင်ရင်လဲ ချိုက လာရမှာပဲ"

"အံမယ်၊ ဒီက အလုပ်နဲ့အကိုင်နဲ့"

"တို့က အလုပ်မဲ့ အကိုင်မဲ့လား"

"သိဘူးလေ"

စက်မျက်နှာ ဖျတ်ခနဲ အရောင်ပြောင်း၏။ သို့သော် နှုတ်ခမ်းရွှဲ ချို့ကိုစိုက်ကြည့်ရင်း ပြုံးလိုက်သည်။

"အဲဒီလိုနေရတာ ဘယ်လောက်ကောင်းလဲ၊ ဝတ်ကျေတန်းကျေ ဘွဲ့တစ်ခုယူထားတယ်၊ အလုပ် လုပ်လုပ်မလုပ်လုပ် ကြိုက်သလို သုံးဖြုန်းစားနေလို့ ရတယ်၊ မကောင်းဘူးလား"

ချိုက မသိမသာလေးမဲ့ထားပြီး သူ ပြောနေတာကို ကြည့်နေသည်။ ပြီးမှ...

"စက်က ဒီအတိုင်းနေမှာမှမဟုတ်တာ၊ မိဘကို တစ်သက်လုံး အားကိုးလို့ရမလား"





"ဘယ်သူက အားကိုးလို့လဲ၊ ဒယ်ဒီက ဒယ်ဒီပဲလေ၊ တို့က တို့"

"စက်ပဲ ထိုင်ပြီးသုံးဖြုန်းနေမယ်ဆို"

"ဒယ်ဒီ့ကို သုံးဖြုန်းမှာမှ မဟုတ်တာ"

"ကြည့်"

သူ သက်သက်ကပ်ပြောနေမှန်းသိတော့ စိတ်ထဲမှာ တင်းသွားပြန်သည်။ ချိုက နံဘေးမှာ ရှိနေကြသည့် ခုံတန်းလေးတွေဆီ လှည့်ပင်လေး လိမ်သွားအောင် လိုက်ဖွေကြည့်သည်။ ပြီးမှ ပြန်လှည့်လာ၍...

"စက်"

"ဟင် ဘာလဲ"

"ဟိုမှာတွေ့လား။ ချစ်သူတွေ အများကြီးပဲ"

"ဟုတ်တယ်လေ၊ ကန်ဘောင်ပေါ်မှာ မောင်နှမနှစ်ယောက် ဒီလိုတွဲထိုင်ပါ့မလား"

"ချိုက အဲဒါကို ပြောတာမဟုတ်ဘူး၊ အဲဒီမိန်းကလေးတွေက သူတို့ချစ်သူကို ဘာတွေ တောင်းဆိုကြမယ်လို့ စက်ထင်လဲ"

"မသိဘူးလေ"

စက်က ပခုံးတွန့်၍ ခေါင်းလည်းခါသည်။ ချို နှုတ်ခမ်းစူသွား၏။

"စက်က ပေါ့ပျက်ပျက်နဲ့ကွာ"

"ချိုလဲ တို့ ဖြေနိုင်တာကို မေးလေ၊ မိန်းကလေးတွေ မေးချင်တာ တို့ ဘယ်သိမလဲ"

"ဒါဆို မေးမယ်၊ ယောကျ်ားလေးတွေက သူတို့ချစ်သူကို လက်ထပ်ဖို့ ကြိုးစားကြဖို့ ဘယ်လိုတိုင်ပင်မလဲ၊ ဥပမာ မိန်းကလေးက လက်ထပ်ပြီးရင် ဘာလုပ်ကြမလဲလို့မေးရင် ဘာပြန်ဖြေမလဲ"

"လက်ထပ်ပြီး အတူတူနေကြမယ်လို့ ပြောမှာပဲ၊ ကြိုးစားရအောင် တို့က ဆင်းရဲတာမှမဟုတ်တာ"

www.burmeseclassic.com



"ချိုလဲ ဆင်းရဲတဲ့သူ မဟုတ်ဘူး"

ချို့အသံက ဝေါက်ဆတ်ဆတ်လေး ဖြစ်လာ၏။ စက်က သတိမထားမိသလို မျက်နှာလည်းမပျက်၊ လေသံလည်း မပြောင်းပါ။

"အဲဒါ ဘာတွေခက်ခဲနေလို့လဲ ချို၊ ချိုနဲ့တို့က တစ်ဦးတည်းသောသားနဲ့သမီးပဲ၊ မိဘအမွေတွေ ဘယ်သူ့ဆီရောက်ဖို့ရှိလို့လဲ၊ သုံးဖြုန်းလှူဒါန်း ဘယ်လောက်ကုန်ကုန် လက်ရာခြေရာပျက်သွားဖို့ မရှိဘူး"

"စက်ရယ်၊ ဒါပေမယ့် စောင့်လေမျိုးနွယ် ဝတ်ငါးသွယ်တို့၊ မွေ့ခံထိုက်စေ လှူမှုဝေ၍ ဆိုတာတွေ၊ အဲဒါတွေက မိဘဥစ္စာကို တိုးတက်အောင် ကြိုးစားဖို့ပဲ မဟုတ်လား၊ ကုန်အောင်သုံးပါ၊ ကုန်အောင်ဖြုန်းပါလို့ ရေးစကားထားခဲ့တာမှ မဟုတ်တာ၊ ပြီးတော့ နောင်လာနောက်သားတွေအတွက်ကော မစွေးတော့ဘူးလား"

"ဒယ်ဒီက ပြောတယ်၊ နောက် မြေးသုံးဆက်လောက် အေးအေးထိုင်စားလို့ ရတယ်တဲ့၊ ချို မယုံဘူးလား"

စက်က နှာခေါင်းလည်း တွန့်သည်။ မေးဆတ်မေးပုံက မျက်ခုံးပင့်၍ ပျက်ချော်ချော်။

"စက် ချို့ကို ရွဲ့နေတာ မဟုတ်လား၊ ချိုပြောတာ စက်တစ်ခုထင်ပြီး ရွဲ့နေတာ"

"တို့ မရွဲ့တတ်ပါဘူး၊ တကယ်၊ ချို ဘယ်လိုသဘောနဲ့ပြောပြောအဲဒီလိုကြိုးစားဖို့၊ အားထုတ်ဖို့တွေ၊ ချိုပြောသလို ခေါင်းထဲမှာ စိစိနဲ့တစ်ခါမှကို မတွေးဖူးဘူး၊ အဲဒါ အမှန်ပဲ"

"ဟင့်အင်း၊ ချို မယုံဘူး၊ စက် အဲဒီလောက် ပေါ့ပျက်ပျက် နေတတ်မယ့်လူ မဟုတ်ဘူး၊ ဒါပေမယ့် အခု တကယ်ပဲ ပျက်ချော်ချော်လုပ်နေတာ ချို သိတယ်၊ အဲဒါ တမင်တကာလုပ်တာ၊ စောစောကချို စကားမှားသွားတာကို ရွဲ့တာ"





"စွပ်စွဲချက်က ခိုင်မာလှချေလား"

"စက် ဟုတ်တာပဲ"

"မဟုတ်ပါဘူးဆို"

စက် ခေါင်းကုတ်ပြီး မျက်နှာမဲ့သွားတော့ ချို ပင့်သက်ရှိုက်မိ၏။ ဟုတ်ဟုတ် မဟုတ်ဟုတ် ဒီထက်ပို၍ စိတ်ညစ်သွားလျှင် မကောင်းဟု တွက်လိုက်မိသည်။ ဘာဖြစ်လို့လဲဆိုတော့ ချို သူ့ကို ချစ်နေမိပြီ။

"စက် ချိုနဲ့လက်ထပ်ဖို့အထိ မဆုံးဖြတ်ခဲ့ဘူးလား"

စက်က ရယ်သည်။ ချို့လက်ဖဝါးလေးကို ဆွဲယူ၍ ဖိဆုပ်ထားလိုက်ရင်း ...

"တို့အယူအဆက တစ်မျိုး ချို့ရဲ့၊ အချစ်ကို မွေးဖွားတာက တစ်ချိန်၊ လက်ထပ်ဖို့က နောက်"

"ဘယ်လို"

"ဟုတ်တယ်၊ ဒါအမှန်ပဲလေ၊ ချစ်ကြတာနဲ့ လက်ထပ်ကြမယ်၊ နှီးပြေးကြမယ်ဆိုတာ သဘာဝမှမကျတာ၊ ပြီးတော့ မြဲတဲ့သူတွေ မြဲတယ်၊ ကွဲတဲ့သူတွေ ကွဲကြတာပဲ၊ တကယ်ချစ်ကြည့်၊ သေသေချာချာချစ်ကြည့်တော့မှ လက်ထပ်ရင် နားလည်မှုတွေ၊ သည်းခံမှုတွေ ဖြစ်လာတာပေါ့"

"ဒါဆို စက်က ချို့ကို တကယ်မချစ်သေးတဲ့သဘောလား"

စက်က မေးခွန်းတွေများလို့ စိတ်ညစ်သွားတာမျိုးမဖြစ်ဘဲ ဘာမေးမေး အပြုံးမပျက် ဖြေ၏။ သူမှာ ဒီလိုမေးခွန်းတွေကို ဖြေနေကျလား။

"အိမ်ထောင်ဦးအစမှာ တစ်ယောက်သဘောတစ်ယောက် မသိကြတော့ ရန်ခဏခဏ ဖြစ်ကြသလိုလေ၊ ချိုနဲ့တို့ ချစ်သူတွေ ဖြစ်ကြတာပဲရှိတယ်၊ ချို ဘယ်လောက်ချစ်သလဲ၊ တို့က ဘယ်လောက်ချစ်သလဲ သေချာတာ ဘာမှမရှိသေးဘူး၊ ချိုက ခု တကယ်ချစ်သလား

www.burmeseclassic.com



မောင့် ချစ်တာပေါ့လို့ပဲ ဖြေမှာပေါ့၊ 'အများကြီးချစ်တယ်' ဆိုတာမျိုး လွယ်လွယ်လေး ပြောလို့ရတယ်"

ဖြူးနေသည့် သူ့နှုတ်ခမ်းတို့ကို ချို ငေးနေမိ၏။ သမီးရည်းစား သဘာဝတို့ကို သူက ချိုးဖျက်နေပါပြီ။ လွယ်လွယ်လေးပဲ ဖြေဖြေ၊ လိမ်ညာပြီးပဲ ပြောပြော၊ 'ချစ်တယ်' ဆိုတဲ့စကားဟာ မရိုးမအီနိုင်ဘူးဆိုတာ သူ မသိလေရော့သလား။ အညာခံပြီး ချစ်နေကြရတဲ့သူတွေ ရှိတာရော သူ မသိဘူးတဲ့လား။

ချို ဘာမှ ထုတ်ဖော်မေးမြန်းခွင့်မရပါ။ ကိုယ်က မိန်းကလေး၊ သူက မသေချာဘူးဟု ကြေညာနေပြီ။ "ချိုက သေချာပါတယ်၊ တကယ်ချစ်တာပါ" လို့ ပြောရမှာလား။ ဒါတောင်မှ အဲဒါကို မယုံကြည်ထိုက်သေးဘူးလို့ သူ့ဘက်က ပြောနိုင်ဖို့တွေ ရှိနေသည်။

ချို ဘေးကျပ်နံကျပ်နှင့် ချစ်သူနဲ့ချိန်းတွေ့ရတာတောင် မပျော်နိုင်တော့ပါ။ မေးခွန်းတွေ လွဲချော်ကုန်တာကိုပဲ ကိုယ့်ကိုကိုယ် အပြစ်တင်ရတော့မှာလား။ စက်ဟာ တကယ်ပဲ လွတ်လွတ်လပ်လပ် ပေါ့ပျက်ပျက် နေချင်တဲ့သူ ဖြစ်နေမလား။

စက်ကတော့ သူမကို မကြည့်ပါ။ ကန်ရေပြင်ကို လက်ပိုက်ပြီး ဒေါးဆေးဈာပဲ ကြည့်နေ၍ ...

"သဝန်တိုတတ်လွန်းတာတွေ၊ တစ်ကိုယ်ကောင်းဆန်တတ်ကြတာတွေ အများကြီးပဲ၊ ချိုနဲ့ တို့ ဘယ်လိုလူစားထဲမှာ ပါနိုင်သလဲ မသိဘူး၊ အဲဒါကြောင့် အချစ်ရဲ့ပထမအဆင့်က လေ့လာရင်း ချစ်တယ် ချစ်နေကြည့်၊ နိုင်မြဲတော့မှ လက်ထပ်မယ်"

"တွဲနေသွားနေတာကြာပြီးမှ လက်မထပ်ဖြစ်ကြရင် မိန်းကလေးဘက်က ဘယ်လောက်နစ်နာလဲ၊ အဲဒါ စက် သိရဲ့လား"

စက် ထိုစကားကြားတော့ မျက်နှာပျက်လေသည်။ မေးခွန်းမှာ





သွားပြီမှန်း သိကာ ချို ချက်ချင်းပါးစပ်ပိတ်၍ ...

"ရုပ်ရှင်ကြည့်ဦးမှာဆို၊ သွားရအောင် စက်၊ တော်ကြာ စကားတွေပြောရင်း ရှည်ပြီး အပြန်နောက်ကျလိမ့်မယ်"

"အင်း ..."

စက်က ထရပ်လိုက်ပြီး လက်ကမ်းပေး၏။ စက်၏လက်ထဲကို သူမ၏ လက်ဖဝါးလေး ထည့်ပေး၍ စက်က ဆုပ်ကိုင်လိုက်သော အခါ ထိုလက်နှစ်ဖက်သာ ထာဝရဖြစ်ချင်လှသော ဆန္ဒများနှင့် ချိုသည်...



www.burmeseclassic.com

www.burmeseclassic.com



### အခန်း (၅)

"မိရွှေ"

"ရှင် ... မမ"

" ဘာလုပ်နေလဲ"

"ချဉ်ဟင်းအိုး တည်မလို့ မမ"

"အဲဒီအိုးတင်ခဲ့ပြီးရင် ဝါ့ဆီ လာခဲ့စမ်း"

"ဟုတ်ကဲ့"

မီးဖိုခန်းက လှည့်ထွက်လာခဲ့သော ခြေလှမ်းက ခပ်ဆောင့်ဆောင့်၊ ကိုယ့်အခန်းထဲရောက်ပြီး မွေ့ရာစပ်မှာ ထိုင်ချလိုက်တာလည်း မညင်သာပါ။

လူတွေဟာ အချစ်ကြောင့် ရူးကြသည် တဲ့။ ပြီးတော့ အိုတဲ့သူတွေ နုပျိုစေတာ၊ ပျိုရွယ်ခြင်းကို ရင့်ရော်စေတာ၊ ဒါလည်း အချစ်ကြောင့်ပဲ ဟု ဆိုကြသည်။

ဒါ မှန်သလား။ သူမ ဘာဖြေရမှန်း ကိုယ့်ကိုကိုယ် မသိပါ။ ဒါပေမယ့် စားလည်းဒီစိတ်၊ သွားလည်းဒီစိတ် အချိန်တိုင်းမှာ ဖြစ်နေသည်။ ဒီစကားတွေကိုပဲ ထပ်တလဲလဲ ကြားနေခဲ့သည်။ ပြီးတော့ စိတ်ဆိုးလို့





မရနိုင်။ ဖြတ်တောက်ပစ်ချင်တဲ့အထိ စဉ်းစားဖူးပေမယ့် မေ့မရခဲ့သော ခပ်ရင့်ရင့်အပြုံးနဲ့မျက်နှာ။

စက်ကို သူမ တော်တော်ချစ်ခဲ့မိမှန်း ခံစားရလေ၊ သိလာလေ။ အလုပ်တွေရှုပ်ရသည့်အထဲ သူ့စကား၊ သူ့အမူအရာများချည်းပဲ စိုးမိုးနေသည်မို့ ရူးသွားနိုင်သလားဟု တွေးမိလာသည်။

ဒီနေ့ အလုပ်နားချိန်ရသည်မို့ မနေ့က သူနှင့်အတူ ရုပ်ရှင်လိုက်ကြည့်ခဲ့သည်။ ရုပ်ရှင်မကြည့်မီ အင်းယားကန်ဘောင်မှာ ထိုင်ကတည်းက စကားတွေ ဟိုရောက်ဒီရောက်နှင့် ပြောချင်တာတွေ ပြောလိုက်ပြီးမှ မလွှန်ကျူးမီ ပြန်ရုပ်သိမ်းရသည်။ သူပြောနေတာကိုလည်း မကြားချင်ဘဲ ကြားနေရသည်။ နှစ်ယောက်ပြောတဲ့စကားထဲမှာချစ်ကြည်နူးစရာမပါ။

သူ ပြောတဲ့ချစ်စကားများကိုလည်း မကျေနပ်နိုင်။ အားမရနိုင်နှင့် ချို မသာယာခဲ့ပါ။ ပို၍ဆိုးသည်က ရုပ်ရှင်ရုံမှောင်မှောင်ထဲမှာ သူ ပြောနေခဲ့သည်က "မိရွှေက ဒီမှာနေတာလား' တဲ့။

ရုပ်ရှင်မင်းသမီး၏ မျက်လုံးက ခရမ်းခြယ်ထားတာမို့ မျက်လုံးက ရှဲဒိုးတွေအောက်မှာ ပျောက်လုလုဖြစ်နေသည်။ မျက်ခွံပေါ်မှာ ခဲနဲ့ခြစ်ထားသလို တစ်ချောင်းချင်း ကော့နက်နေသည့် မျက်တောင်ရှည်ကြီးတွေနှင့် ခြယ်ထားပုံက လူရိုင်းမလိုလို ဘာလိုလို။

နိုက်ကလပ်မှာကသည့်အခန်းမို့ အဝတ်အစားက မကြည့်ရဲလောက်အောင် ရိုင်းနေသေး၏။ ထို မျက်နှာရဲရဲ' တစ်ကိုယ်လုံးရိုင်းနေသည့် မင်းသမီးကိုကြည့်ပြီး စက် ပြောလိုက်သောစကားက သူမ ဘယ်လိုမှ မထင်ခဲ့သော...

"အဲဒီ မျက်တောင်တွေက လည်ဆွဲနဲ့တူတယ်နော်" ဟူ၍။

"ဘယ်လို စက်၊ လည်ဆွဲ ..."

အမှောင်ထဲမှာပဲ ချို သူ့ကို သေချာပြန်ကြည့်မိသည်။ ကိုယ်ခေါ်



www.burmeseclassic.com

www.burmeseclassic.com



တာတောင်မှ 'မိရွှေ'။ လည်ဆွဲ ဟု သူခေါ်လိုက်တာ 'ရွှေလည်ဆွဲ'ကို ခေါ်သည် မထင်ခဲ့တာ အမှန်ပါ။

"လည်ဆွဲဆိုတာ ဘယ်သူ့ကို ပြောတာလဲ စက်"

"ချို့ ညီမဝမ်းကွဲဆိုတာလေ၊ တို့ကို အချိုရည်လာခပို့တဲ့ ချာတိတ်"

"ဩော်"

ဆိုသည့် စကားထဲမှာ တုန်လှုပ်အံ့သြခြင်းတွေ ရိုက်ခတ်ပါမသွားအောင် အတော်ကြီး ထိန်းလိုက်ရသည်။ သူဟာ တော်တော် သွေးအေးတဲ့လူမို့လို့လား ဒါမှမဟုတ် ဟန်ဆောင်တတ်တာလား ဘာမှန်းမသိပေမယ့် ချို တုန်လှုပ်ခဲ့ရသမျှဘာမဆို သူက အပြုံးအရယ်မပျက်။

"မတွေ့ဘူးလား ချိုရဲ့၊ အဲဒီ ချာတိတ် မျက်တောင်တွေရှည်တာ ဒီမင်းသမီးနဲ့တူတယ်"

ဟု ဆက်ပြောနေသေးသည်။ ထိုအခါ စိတ်ထဲမှာ လက်ခနဲ ဝင်လာသည့် အစီအစဉ်ကလေးနှင့် ...

"နိုက်ကလပ်မယ်ကြီးပါ စက်ရယ်၊ မင်းသမီးမှမဟုတ်တဲ့ဟာ မလှပါဘူး"

လည်ဆွဲနဲ့နှိုင်းလိုက်တာကိုပဲ မခံချင်သလိုလို ပုံစံဖမ်း၍ မဲ့ပစ်လိုက်သည်။ စက်က ခေါင်းညိတ်၏။

"တို့က မျက်တောင်ကိုပဲပြောတာ"

"တခေါင်ရှပ်ဆိုးအောင် မချိမဆန့်ကြီး တပ်ထားတဲ့ဥစ္စာ၊ လှပဝတာ လေးနဲ့ နှိုင်းပေါ့"

"ဩော် ချိုက ညီမဘက်က နာနေပြန်ပြီ၊ လှတပတာမရှိတာက အဲဒီနိုက်ကလပ်မမယ်ကမှ မရှိတာ၊ လည်ဆွဲမျက်နှာမှာ ဒီလိုနေလို့လား ချာတိတ်က လှပါတယ်၊ သူ့မျက်နှာမှာကျတော့ မျက်တောင်တွေက မျက်ခုံးနားထိ တက်နေတာပဲ၊ ဒါပေမယ့် အကြည့်ရဆိုးမသွားဘူး၊ နာခေါ်





လေးတောင် တို့ မနည်းမေးလိုက်ရတယ်၊ ကြောက်ကတ်တယ်နော်"

စက်က လှည့်မေးတော့မှ ရင်တွေတုန်စိုးရိမ်လွန်း၍ ကြောင်ငေးနေသည့် သူမမှာ ကယောင်ကတမ်း ခေါင်းညိတ်မိသည်။

"အင်း ... သူက မိဘမဲ့ကလေးပါ၊ ချို့ဒယ်ဒီက ညီအစ်ကိုသုံး ယောက်ရှိတယ်လေ၊ သူ့အဖေက အကြီးဆုံး"

"ဆုံးသွားပြီပေါ့"

"ဟုတ်တယ်၊ အဖေရော၊ အမေရော ရှေ့ဆင့်နောက်ဆင့်ပဲ ဆုံးသွားကြတာ၊ ဒီမှာ အရမ်းဆင်းရဲကြတော့ နိုင်ငံခြားကို သွားကြတာလေ၊ ဟိုမှာ အလုပ်မျိုးစုံလျှောက်လုပ်ရတော့ ပင်ပန်းလွန်းပြီး ဒုက္ခများကုန်တာ"

"ဟာ ... ဟုတ်လား"

စက် တအံ့တသြ ဖြစ်သွားတော့ ချို ကျေနပ်သွားသည်။ လည်ဆွဲ ဘယ်လိုမိန်းကလေးဆိုတာ သူ သိပါစေ။ ဒါပေမယ့် ....

"ချိုတို့ ဒီလောက်ချမ်းသာတာတောင် သူ့မိဘတွေက ဆင်းရဲပြီး ဆုံးသွားကြတာဆိုတော့ တစ်မျိုးပဲနော်"

ချို မျက်နှာပူသွားမိသည်။ ဒီလိုထင်စရာဖြစ်သွားနိုင်တာကို မေ့သွားခဲ့တာ သူမ အမှား ...။

"ဒယ်ဒီကျတော့ ဘွဒ္ဓသာသနကတစ်မျိုး ချိုရဲ့၊ ဆွေမျိုးမိတ်သင်္ဂဟဆို ပေးကမ်းထောက်ပံ့ခြင်းက မင်္ဂလာတစ်ပါးတဲ့၊ အပေးအကမ်း သိပ်လက်ဖွာတာ၊ ဘုရားတောင်မှ သူ့ဆွေမျိုးတွေ အကုန်လုံးကို ကျွတ်တမ်းဝင်စေခဲ့သေးတယ်၊ ကိုယ်ချမ်းသာပြီး ဆွေမျိုးတွေ မွဲတေနေတာကိုလဲ မင်္ဂလာမရှိပါဘူးဆိုပြီး ဆွေမျိုးတွေ ထောက်ပံ့စရာမလို တော့ အလုပ်သမားဝန်ထမ်းတွေအပေါ် ညာတာပေးတယ်၊ လက်ဖွာတယ်"

"မဟုတ်ဘူး၊ သူ့မိဘတွေကိုက အရမ်းဆိုးတာ၊ အပေးလုပ်သူက



www.burmeseclassic.com

www.burmeseclassic.com



စွာတယ်၊ ထစ်ခနဲရှိ ရန်ဖြစ်ဖို့ပဲ၊ အဖေကျတော့ သောက်စား လောင်းကစားနဲ့၊ စေတနာဆိုတာ လူတိုင်းနဲ့ မတန်ဘူးလေ"

ပြောမိလက်စနှင့် ထွက်ပြီးသားစကား အလကားဖြစ်မှာစိုးသောကြောင့် မှသားတွေလည်း ပါကုန်ပါပြီ။

"စေတနာက လူတိုင်းနဲ့တန်ပါတယ်၊ ပစ်ပြီးသားမြား ကိုယ့်ဆီ ပြန်မလာသလိုပေါ့၊ ကိုယ်ကပေးပြီးရင် မေ့လိုက်၊ မြားကိုပစ်ပြီး ပြန်နုတ်ဖို့ ကြိုးစားရင် ဘယ်လောက်ပင်ပန်းမလဲ"

ချို့မျက်နှာ ထူပူရှိန်းမြလာသည်။ ရုပ်ရှင်ပြနေတာပေမယ့် စကားကောင်းကောင်း ပြောလို့ရသည်။ သူ ပြောသမျှကို မကြားချင်လည်း ကြားနေရသည်။ ကိုယ့်မျက်နှာ အရောင်တွေပြောင်းနေတာ မမြင်မှန်း သိပေမယ့် ကောက်ကြောင်းတွေကို ပုံဖော်မှာစိုးလို့ မုန့်မစားတတ်ဘဲ မုန့်ထုပ်ကို ငုံ၍ဖောက်နေမိသည်။

ကိုယ်ဟာ ဆရာဝန်တစ်ယောက်ဖြစ်လျက်နှင့် လည်ဆွဲအကြောင်း မဟုတ်တာတွေ ဘာဖြစ်လို့ ပြောနေမိပါလိမ့်။ သူမစိတ်ဓာတ်ဟာ အစက ဒီလိုမဟုတ်ခဲ့ပါ။ ရှက်ရင်းဝမ်းနည်းကာ လည်ချောင်းထဲမှာ ကျပ်ခဲလာ၏။ နှာခေါင်းတွေ ပိတ်လာသည်။ ငိုချင်တာလား။

"ဆောရီးနော်၊ ချို့တို့ အတွင်းရေးတွေတော့ ရှိမှာပေါ့၊ တို့က ဝေဖန်တာမဟုတ်ပါဘူး"

"ရပါတယ်၊ ချို့တို့ကလဲ သူ့ကိုကယ်တင်ခဲ့တာ ဘာမျှော်လင့်ချက်မှ ထားခဲ့တာမဟုတ်ဘူး၊ မျှော်လင့်စရာလဲ ဘာမှမရှိဘူး။ သူတောင်စားထောက်ပံ့လို့ ကြီးပြင်းခဲ့ရတာကိုး"

ပြောမိပြန်ပြီ။ အစရှည်မိသော စကားတစ်ခွန်း။ ပြောချင်တာက ကိုယ့်စကားကို အစသိမ်းဖို့ဖြစ်ပေမယ့် စကားက စိတ်ဝင်တစား ထပ်မေးတော့သည်။





"သူက ဘယ်အရွယ်ကတည်းက ချို့တို့နဲ့နေတာလဲ"

"ဆယ်တန်းအောင်ပြီးမှ"

"ဒါဆို အခု ဘာမေဂျာယူထားလဲ"

"ဆေးတက္ကသိုလ်မှာ"

"ဟား ... ချာတိတ်က တော်သားပဲ"

ချို့မျက်နှာ တင်းခနဲ ဖြစ်သွားသည်။ ဒါပေမယ့် ချက်ချင်း ပြင်ဆင်ထားလိုက်သည်။ စကားထပ်မှားသွားနိုင်လို့ ...။

"အခု အန်ကယ်စိုး ဆိုတာက မထောက်တော့ဘူးပေါ့၊ ချို့တို့ပဲ တာဝန်ယူထားတာလား"

သူက မေးလိုက်ပြီးမှ ချို့မျက်နှာ မကြည်တာကို ပြန်ငဲ့ကြည့်ပြီး ပြုံးကာ...

"ဒါကျတော့ ချို့တို့ ကောင်းလို့ပေါ့နော်၊ ဆေးတက္ကသိုလ်စရိတ်က နည်းတာမဟုတ်ဘူး၊ ပြီးတော့ ကျောင်းကို ကြိုပို့ရတဲ့ တာဝန်တွေနဲ့"

"ဖယ်ရီနဲ့သွားတာ"

"ဟင်..."

သူ တအံ့တသြနှင့် ပြန်ကြည့်၏။

"သူ့သဘောနဲ့သူလေ၊ သူက အိမ်မှာ ဒယ်ဒီမျက်နှာနဲ့ နေခဲ့ရတာ၊ အန်တီမုံနဲ့ မာမီက လုံးဝ မတည့်ခဲ့တော့ မာမီက အန်တီမုံ့သမီးမို့ မကြည်ဘူး"

"အန်တီမုံက ချာတိတ်အမေလား"

"အင်း... ဒါက ချို့တို့ အတွင်းရေးပါ၊ စက် သိချင်နေလို့ တမင်ပြောပြတာ"

ချို့က မျက်နှာကို တည့်တည့်ပြန်ငဲ့ကြည့်ပြီး ခနဲ့သည်။ စက်က ဘာမှမဖြစ်သလို...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ အဲဒီနေ့က ချာတိတ်ကို ဘာမှမေးမရတာနဲ့ အရမ်းကိုသိချင်နေတာ"

"ဘာဖြစ်လို့ သိချင်တာလဲ"

ဘယ်လိုမှ ထိန်းချုပ်မရတော့သည့်ဒေါသက တဲ့တိုးပဲ မေးလိုက်မိဖို့ ဖြစ်သွားခဲ့သည်။

"မပြောလို့ သိချင်တာလေ၊ တအားကြောက်တတ်တာကိုပဲ အံ့သြတာ၊ ချစ်စရာလေးမို့ တို့က စကားစပြောကြည့်တာ၊ လုံးဝမရဘူး"

"စက်က အဲဒီလိုချစ်စရာလေးဆိုရင် ရောတာပဲလား"

ထိုစကားဟာ ဒေါသထောင်းခနဲ ထသွားရမည်။ နေရာမှ ဝုန်းခနဲထရပ်သွားနိုင်သည်။ သို့သော် စက်က မချိုမချဉ်ရယ်၍ ..

"ချိုရယ်၊ ချာတိတ်လေးပဲ ရှိသေးတာကို၊ ချိုက တို့ကို သဝန်တိုနေတာလား"

ကြည့်စမ်း၊ မေးရက်လိုက်တာ။ ဒီလောက်ထိ ချစ်စရာလေးချင်ထပ်အောင် ပြောနေတာကို နားထောင်နေရဦးမယ်။

"စက်က ချို့ကို နည်းနည်းမှ အလေးအနက် မထားဘူးနော်"

ရင်နာစွာ ပြောခဲ့မိ၏။ စက်က သူမလက်ထဲက နေကြာစေ့အိတ်လေးကို ဆွဲယူလိုက်ပြီး ဟင့်ခနဲ ရယ်သည်။ နေကြာစေ့ခွာကျွေးပြီး ချိုကို သူ လေပြည်ထိုးတော့မလိုလို၊ ပြီးတော့ သူ့ဟာသူပဲ စားနေလျက်..

"ချိုက တစ်ခုခုနဲ့ပတ်သက်ပြီး တို့ကို ကြိတ်မှိတ်အစာမကြေနေတာ ဖြစ်မှာပါ၊ တို့က ပွင့်လင်းတယ်ချို၊ မင်း နားဝင်မချိုတာ ပါသွားခဲ့ရင် နည်းနည်းနားလည်ပါ"

"ချို့ကို စက်ကတော့ နားလည်ဖို့ မကြိုးစားဘူးလားဟင်"

"နားလည်နေပြီ၊ အဲဒါကြောင့် ချို မျိုသိပ်ခံစားနေတဲ့ တစ်ခုခုဆိုတာကို တို့ဖမ်းပြနိုင်တာပေါ့"





"ပွင့်လင်းတိုင်း မကောင်းဘူး စက်ရဲ့၊ တစ်ခါတစ်လေ မညှာတာရာ ရောက်တယ်၊ ချို မကျေနပ်တာသိရင် စက်က ဆင်ခြင်သင့်တာပေါ့"

"တို့ကို ဟန်ဆောင်ခိုင်းတာလား"

"တော်ပြီကွာ၊ စက်က ချို့ကို နားလည်တာမှမဟုတ်တာ၊ အဲဒီတိစ္စ ထားလိုက်တော့"

"ပြီးတာပဲ"

"အို ... စက်ကလဲကွာ"

ချို့ပခုံးလေးကို သူ့ဘက်သို့ ယိမ်းယိုင်ပါသွားအောင် ဆွဲယူပြီးနမ်းခဲ့သည်။ ငြင်းဆန်ဖို့ ကြိုးစားမိသော်လည်း မရ။ သူ့အနမ်းများကိုချို နှစ်သက်ခဲ့သည်။ သူ့ရင်ခွင်ထဲက ထွက်မိသည်နှင့် ရင်နာမိ၏။ ကိုယ်ချစ်သလို သူ မချစ်ဘူးဆိုတာကို အလိုလိုခံစားမိနေသည်။

လည်ဆွဲအကြောင်း စိတ်ဝင်တစား မေးခဲ့သလောက်တောင် သူမအပေါ် စက် လေးနက်ခဲ့တာမရှိဘူးလို့ ထင်၏။ တကယ်တော့ လည်ဆွဲကို သူမတို့သားအမိမှလွဲ၍ အားလုံးက လည်ဆွဲပဲ ခေါ်ကြသည်။ မာမီနဲ့ချိုကတော့ 'မိရွှေ' လို့ တမင်တကာ ခေါ်ခဲ့သည်။

"အိမ်ဖော်နာမည် ဘာဖြစ်လဲ၊ ထင်သွားလဲ ကောင်းတာပဲ"

မာမီက ဘာကိုမှဂရုမစိုက်။ ချိုလည်း ဂရုမစိုက်ခဲ့ပါ။ စက်နဲ့ကျမှ သူမမှာ အမှားမှားအယွင်းယွင်း ဖြစ်ရသည်။ ပွင့်ပွင့်လင်းလင်း ခံနိုင်ရလျှင် မနာလိုတာဟုသာ ဝန်ခံရမည်။

ညီအစ်ကိုသုံးယောက်ထဲမှာ ဦးမိုးကောင်း၊ ဦးစိုးကောင်းနှင့် ဦးအောင်ဝေး။ ဆင်းရဲတာ ဘယ်သူမှ မရှိ။ လည်ဆွဲဖေဖေ ဦးမိုးကောင်းက အချမ်းသာဆုံး။ လည်ဆွဲမေမေ ဒေါ်ကြေးမုံက အလွန်နုညံ့ အေးဆေးပါ၏။ သူတို့လင်မယားဟာ ဦးမိုးကောင်းက စီးပွားရှာတော်သည်။ ကြိုးစားသလောက် အောင်မြင်၏။

www.burmeseclassic.com



ဒေါ်ကြေးမုံက ယောက်ျားပင်ပန်းတာကို မကြည့်ရက်။ သုံးဖြ
မကုန်နိုင်သော အမွေအနှစ်နှင့် တော်ရုံပွဲရှာဖွေလည်း ရပြီဆိုတာမျိုး
ဦးစိုးကောင်း ခေါ် အန်ကယ်စိုးက ခုချိန်ထိ လူပျိုကြီးပါ။ အ
စီးပွားနဲ့သူပေမယ့် ကြီးပွားလှတာလည်းမဟုတ်။ ဆုတ်ယုတ်သွားခြ
လည်း မရှိ။

ဒယ်ဒီ ဦးအောင်ဝေးကျတော့ ကြိုးစားပေမယ့် သိပ်မအောင်မြ
မာမီက ချမ်းသာချင်လို့ လူချမ်းသာကို ရအောင်ယူခဲ့တာမို့ အန်ကယ်
တို့ကို အားကျတိုင်း ဒယ်ဒီ့ကိုပဲ အပြစ်တင် ဂျိတိုက်၏။ ရန်တွေ ဖေ
ခဏ ဖြစ်ကြတာ မာမီနဲ့ဒယ်ဒီပါ။ ကြိတ်ဖြစ်ကြ၊ လူသိ အောင်ဖြစ်ကြ

"မင်းက မမုံနဲ့ သိပ်ကွာတာပဲ၊ မမုံဆို မင်းလိုမဟုတ်ဘူး၊ အစ
ပင်ပန်းတာကို တားမရလို့ကြည့်နေတာ၊ ဘာလုပ်လုပ် တားတာ
မင်းမှာတော့ အားရတယ်ကို မရှိဘူး"

"သူက တားမှာပေါ့။ ယောက်ျားကို အနားမှာထားပြီး ပျော
ပျော့ဆွဲနေချင်တာကိုး၊ ပြီးတော့ သူက အစကတည်းက သူဌေးသ
လေ၊ သန္တာက ရှင့်ကို သူဌေးသားဆိုပြီး လက်ထပ်ခဲ့တာ၊ ရှင်းရှင်း
ပြောတာနော်၊ မကျေနပ်ရင် မတတ်နိုင်ဘူး"

ဒယ်ဒီနဲ့မာမီ ရန်ဖြစ်ကြတိုင်း လည်ဆွဲ၏ မိဘများနာမည်
ထိပ်ဆုံးက။ မကျေနပ်ခြင်းတို့က ချို ဟိုးကလေးဘဝတွေကတည်းက
နားရည်ဝအောင် ကြားခဲ့ရတာဖြစ်သည်။

ပြီးတော့ လည်ဆွဲ...။ လည်ဆွဲဟာ ကိုးလသမီးကတည်းက ပိုစ
တွေ ရိုက်ခဲ့ဖူးသည်။ ကလေးဆေးကြော်ငြာတွေ ရိုက်ဖူးတာလည်း
ရှိသည်။ သူမ၏ ပိုစတာလေးတွေကို ကိုယ်ဝန်ဆောင် တော်တော်
များ ဝယ်ကြသည်။ ပိုစတာရှေ့မှာရပ်ပြီး ပွတ်သပ်ငေးမော ကြည့်
ချင်အောင် လှ၏။





အဲဒီတုန်းက ချိုက အရွယ်ကော်ကော်ရနေပြီဖြစ်၏။ ဒါပေမယ့်
သမီးချင်းအတူတူမို့ မာမီက အမြင်မကြည်။

ညီအစ်ကိုသုံးယောက်ဟာ အလှူအတန်း၊ ပွဲနေ့ပွဲထိုင်တစ်ခုခု
မှာ ဆုံမှ ဆုံဖြစ်ကြ၏။ ထိုအခါ ချိုလည်းလှတာပဲပေမယ့် လည်းဆွဲကို
ပဲလေးဆွဲ၊ မေးလေးလှုပ်နှင့် "ချစ်စရာကောင်းလိုက်တာ" "လှလိုက်တဲ့
မျက်လုံးလေးတွေ" ဆိုတာမျိုးတွေ အပြောများလာတတ်သည်။ အဲဒီ
ညဆို မာမီနဲ့ဒယ်ဒီ ရန်ဖြစ်ပြီ။

"သက်သက် ဒီလိုအပြောခံချင်လို့ ဆုံအောင်လာတာ၊ ဟွန်း၊ သွား
ကြီးတွေကို ဖြီးနေတာပဲ"

"ဒါကတော့ ကိုယ့်သားသမီးကို လှတယ်ပြောတာ မကြိုက်တဲ့
မိဘ ရှိမလား သန္တာရ၊ ငါတို့သမီးကိုလဲ လှတယ်ပြောတာပဲဟာ၊ မမုံက
ဒီလိုအပြိုင်အဆိုင်စိတ် မရှိပါဘူး"

"အမလေး မျိုးချစ်ပုဂ္ဂိုလ်ကြီးပါလား။ ရှင့် ကိုယ့်မရီး ဘို ရိုးမှ
ရိုးရဲ့လား ကိုအောင်၊ နည်းနည်းမှကို အထိမခံဘူး၊ ပြောမှာပဲ"

"မပြောနဲ့၊ အပြစ်မရှိ မင်းပဲ အပြစ်ရှာနေ၊ အစ်ကိုတို့လင်မယား
သူ့ဟာသူ နေတာ"

"မမုံက အေးချမ်းပါတယ်၊ နူးညံ့ပါတယ်၊ ပြောပါ၊ မမုံကိုပဲ ပြော
လိုက်ပါ၊ ဟွန်း .. လူကြားကောင်းအောင် အစ်ကိုတို့လင်မယား ဘာ
ညာ လုပ်မနေပါနဲ့"

ထိုစကားတွေ၊ အဖြစ်တွေ အပ်ကြောင်းထပ်ကာ ကြာလာတော့
အိမ်ထောင်ပြိုကွဲခဲ့၏။ မာမီက မာနကြီးသည်။ ယောက်ျားမရှိပေမယ့်
ရုပ်ရှင်သွန်ကြိုးစားခဲ့သည်။ ဒယ်ဒီဆုံးတာတောင် သူမကိုပဲ လွှတ်သည်။
သူက မသွား။

မာမီကထိုမျှအထိ မာနကြီးသည်။ ဆတ်ဆတ်ထိမခံသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် မိန်းမကြမ်းဟု ဒယ်ဒီမှ အစပြု၍ ပတ်စန်းကျင်မှာ အမည်
တွင်သည်။

ခုချိန်မှာတော့ စိန်သူဌေး ရွှေသူဌေး ဒေါ်သန္တာ ဖြစ်၏။ လည်ဆွဲ
ဒီအိမ်ရောက်လာတာဟာ အနေနဲ့ယိုစီး လာပို့သွားတာ။ ဦးမိုးကောင်းတို့
က နိုင်ငံခြားမှာ လုပ်ငန်းတွေ ဆူထောင်တာများလာတော့ သွားရလာ
တာတွေပဲဖြစ်လာသဖြင့် ဟိုမှာ ပြောင်းရွှေ့ကြဖို့ စီစဉ်သည်။ ထိုအခါ တူ
လေးကို ချစ်လွန်းသည့် မျှော်ကြီးဦးစိုးကောင်းက မထည့်လိုက်နိုင်
"ကလေးက ငယ်ပါသေးတယ် အစ်ကိုရာ၊ ဟိုမှာ ခုရွယ်ကတည်း
ကနေရင် ဟိုကအကျင့်စရိုက်၊ ယဉ်ကျေးမှုတွေအားလုံး ရင်ထဲ ရောက်က
မှာပေါ့၊ ခွဲခြားဆန်းစစ်နိုင်တဲ့ အရွယ်ကျမှ ခေါ်ပါ၊ ကျွန်တော်နဲ့ထား
ဦးစိုးကောင်းက မိဘနဲ့ခြား ချစ်နေတာကိုလည်း သိသည်။ ပြော
တဲ့အတိုင်းဖြစ်သွားမှာကိုလည်း စိုးသောကြောင့် လည်ဆွဲ ကျန်နေ
သည်။ ဟိုမှာ ဘယ်နှနှစ်မှ မကြာလိုက်ဘဲ ဦးမိုးကောင်း ကားအက်ဆီး
ဖြစ်၍ ဆုံးသွားပြီဟု သတင်းရောက်လာသည်။

ထိုအခါ လည်ဆွဲကို ကျောင်းတန်းလန်းနှင့် ခေါ်သွားလို့မရတော
ကြောင့် ခဏဆိုပြီး ချိုတို့ဆီမှာ အပ်ခဲ့၏။ ဦးစိုးကောင်း လိုက်သွား
ပြန်မလာနိုင်တာက ဟိုမှာ လုပ်ငန်းလက်စများနှင့် ဒေါ်ကြေးမုံ မကျ
မာတာကြောင့် ဖြစ်သည်။

မကြာခင်မှာပဲ ဆုံးသွားတော့ လုပ်ငန်းတွေကို ဦးစီးနေရသော
သူမှာ ပြန်မလာနိုင်တော့ပေ။ လည်ဆွဲဟာ ဤနည်းဖြင့် ချိုတို့အိ
မှာ သောင်တင်နေခဲ့ခြင်းဖြစ်သည်။

ဦးစိုးကောင်းကို လည်ဆွဲက ချစ်သည်။ ပြောရမည်ဆိုလျှ
ငယ်စဉ်ကတည်းက ထိန်းကျောင်း၍ ဒုက္ခခံ မွေးမြူလာခဲ့တာမို့ မိ
နှစ်ပါးကိုချစ်သလို ချစ်သည်။





မိဘတွေကွယ်ရာမှာ ဦးစိုးကောင်းနှင့် နေရလည်း ပျော်နေတတ်
၏။ ထို့ကြောင့် မိဘတွေမရှိတော့တာကို လည်ဆွဲ အထူးတလည်
ခွေကျခံစားသွားရတာမျိုးတော့ မဖြစ်ခဲ့ပေ။ ဦးစိုးကောင်း နိုင်ငံခြား
ရောက်သွားပြီး ပြန်မလာနိုင်တော့မှ ချောက်ချားမှုတွေ စဖြစ်လာခဲ့
သည်။ အားငယ်ညှိုးနွမ်းခြင်းများနှင့် ခြောက်တိုင်း ကြောက်တတ်လာခဲ့၏။

ဦးစိုးကောင်းက သူမ ပိုင်ဆိုင်ရမည့် အမွေအနှစ်တွေကို ထိန်း
သိမ်းစောင့်ရှောက်ပေးနေသည်။ ဘဏ်မှာလည်း ငွေတွေ ထည့်ပေး
ထားသည်။ ပုံမှန်ပို့ပေးနေသည့်ငွေတွေကလည်း သုံးလို့မကုန်နိုင်။

ဒါပေမယ့် ကလေးဆန်လွန်းသည့် လည်ဆွဲသည် အိမ်မှာ အမြဲ
ဆိုးနွဲ့အနိုင်ယူလာခဲ့ရာမှ ရင့်သီးကြမ်းတမ်းစွာ ဆက်ဆံပစ်လိုက်သော
မာမီနဲ့ချို့ကို အလွန်အမင်း ကြောက်ရွံ့ခဲ့၏။

ထိုင်ဆိုထိုင်၊ ထဆိုထ။ သူမ သိသည်က ဒေါ်သန္တာဟာ သူမ၏
အမေနှင့် ရန်သူ။ ဆွေမျိုးမကင်းတာမို့ မဖြစ်လို့ အိမ်ပေါ် ခေါ်တင်ထား
ရသော်လည်း သူမကို အလွန် မုန်းတီးသည်ဟု။

ထို့ပြင် ချိုကလည်း အရေးမပေး။ ဦးစိုးကောင်းတစ်ယောက်လုံး
ရှိနေသည်မို့ မချစ်သော်လည်း အောင့်ကာနမ်း ဆိုတာမျိုးဖြစ်၏။
ပြီးတော့ လည်ဆွဲကြောင့် ရရှိနေသည့်ငွေတွေ၊ လက်ဆောင်တွေက
မနည်းမနော။

ဒါတွေကို လည်ဆွဲကို အသိပေးထားတာလည်း ရှိသည်။ မသိ
အောင် ထားလိုက်တာလည်း ရှိ၏။ ဘဏ်ကငွေကိုတောင် မာမီက
သူမ မသိဘဲ ထုတ်သုံးခွင့်မပေး။ ထုတ်ယူသုံးစွဲနိုင်သည့် ဘာမဆို မှတ်ပုံ
တင်ကအစ သိမ်းထားခဲ့သည်။

ငွေအကြောင်း၊ အမွေအကြောင်းလည်း လည်ဆွဲ ဘာမှမသိခဲ့ပါ။
ဦးစိုးကောင်း ဖုန်းဆက်လျှင် ငါးခါလောက်မှာ တစ်ခါလောက်သာ ဖုန်းကိုင်



www.burmeseclassic.com

www.burmeseclassic.com



နိုင်းခဲ့၏။ ဦးစိုးကောင်း မြန်မာပြည် ခဏလာမည်ကြားသည်နှင့် လည်ဆွဲကို ဟိုပို့ဒီပို့ ပို့ထားခဲ့၏။

"ပြောမရဘူး၊ ဂျစ်ကန်ကန်လေး၊ သူငယ်ချင်းတွေကလဲ လာဝိုင်းပြောကြလို့ ဘုရားဖူးလဲဖြစ်တော့ ထည့်ပေးလိုက်တာ၊ အပြန် သူငယ်ချင်းတွေဆီမှာ အိမ်ပေါက်စေ့ဝင်လည်မှာလို့ ပြောတာပဲ၊ သူ ဖုန်းဆက်မှပဲ ဘာလုပ်နေလဲ သိရမှာ"

"မပြောချင်တော့ဘူး ကိုစိုးရေ၊ ရှင့်တူမ ချိုနဲ့ စကားများပြီး ခဏခဏ လွှက်သွားတတ်တာ၊ ကျွန်မတို့သားအမိ ပြန်မချော့မချင်း မလာဘူး၊ ခုလဲ သွားပြန်ပြီ၊ ဖုန်းတော့ ဆက်တယ်၊ သူငယ်ချင်းအိမ်မှာတဲ့၊ ပျော်သလောက်နေမယ်တဲ့၊ မခက်ဘူးလား"

စသည့် မှသာဝါဒစကားများဖြင့် ယုတ္တိရှိအောင် လှည့်ပတ်ခွဲထုတ်ပစ်ခဲ့သည်။ ကြာတော့လည်း လည်ဆွဲဟာ သူမဘဝကို သူမ ခမ့်နေပြီထင်သည်။ ချိုတို့ဆီမှာ ဘာနိုင်းနိုင်း၊ ဘယ်လိုထားထား အောက်သက်ကျေနေတော့သည်။

မာမီ ခုမှ ကြိတ်၍ ပြုံးနိုင်ခဲ့တာပါ၊ သူမလည်း ကျေနပ်နေခဲ့တာ အနည်မထိုင်သေး။ ဘာတွေက ဘယ်လိုပတ်ရှုပ်နေခဲ့မှန်း မသိ။ စက်ကို အအေးပို့နိုင်းလိုက်သည့် ခဏတာလေးအတွင်းမှာ လည်ဆွဲ ဘာဖြစ်လို့ စက်၏ရင်ဘတ်ထဲ ရောက်သွားတာလဲ။

စက် စကားတွေက မရိုးသားဗွာ ပြောနေမှန်းသိသည့်တိုင် အကဲဖမ်းလို့မရ။ သူနိုးမိပေမယ့် ခိုးထုပ်ခိုးထည်နှင့် မဟုတ်တော့ ဖမ်းလို့မရသလိုမျိုး။ လည်ဆွဲကရော...။

"မိ ... ရွှေ ..."

ဖြိုးခဲ့သမျှ နောက်ကြောင်းအားလုံးဆီမှာ စိတ်က တစ်ပတ်မွှေလိုက်ပြီးမှ ဒေါသတွေ ပြန်ဖြစ်လာသည်။





တက်ခေါက်မိရင်း တအား အော်ခေါ်လိုက်မိလျှင်...

"မမ၊ လည်ဆွဲ ရောက်နေပါပြီ"

အနားမှာ ကပ်ကပ်လေး လည်ဆွဲ ရောက်နေသည်ပဲ။ မျက်နှာကို ခပ်တည်တည်ပြန်လုပ်၍ မော့ကြည့်လိုက်ကာ...

"ရှေ့မှာ ထိုင်စမ်း"

လည်ဆွဲက မှန်တင်ခုံရှေ့က ကုလားထိုင်ကို သာသာလေးဆွဲရွှေ့ပြီး ရို့ရို့လေးထိုင်၏။ ထိုင်ခါနီး ဆံပင်ရှည်တို့၏ အဖျားတွေကို လက်တစ်ဖက်နှင့် စုသိမ်းသည်။ ထိုင်လိုက်ပြီးမှ လွှတ်ချ၏။ ထိုအခါ အုပ်ဖြာနေသော ဆံနွယ်တို့က တင်ပါးနောက်မှာ မထိတထိတချို့၊ ခွေကျနေတာ တချို့နှင့်...။ ဒါ မြင်နေကျပါ။ ဒါပေမယ့် ခု မမြင်ချင်တော့ပေ။

"အဲဒီဆံပင်တွေ နောက် ဖားလျားဘယ်တော့မှ မချနဲ့"

"ရှင်..."

"မကြားဘူးလား"

"ကြားပါတယ်၊ ဟိုလေ... ဆံပင်တွေ ချထားတာက လည်ဆွဲ ဒီဆံပင်တွေကို ဘာမှ မလုပ်တတ်လို့ပါ"

ကျစ်ဆံမြီးမကျစ်တတ်ဘူး ဆိုတာက တကယ်။ ဆံပင်ရှည်ထားပြီဆိုကတည်းက ဖားလျားပဲထားခဲ့သည့် ဆံပင်တွေက တစ်ပတ်လျှိုဖြစ်သလိုထုံးဖွဲ့ထားတော့လည်း ပြေကျ၏။ ဒါလည်း တကယ်ပဲ ဖြစ်သည်။ အော်တိုမစ်တစ်ကလစ်နဲ့ စုသိမ်းညှပ်ခိုင်းပြန်တော့ အလုပ်လုပ်နေတုန်း ထုတ်ခနဲ ထုတ်ခနဲ ပြုတ်ထွက်ကာ ဆံပင်တွေ ပြေကျလိုက်၊ ကလစ်ကို ပြန်ကောက်၊ ဆံပင်ကို ပြန်စုသိမ်း၊ ပို၍ မျက်စိနောက်ဖွယ် ကောင်းနေသည်။ ဒါလည်း တကယ်ပါပဲ။

ထို့ကြောင့် သားအမိနှစ်ယောက်စလုံး ထိုဆံပင်တွေကို လက်



www.burmeseclassic.com

www.burmeseclassic.com



လျှော့ထားလိုက်ရတာဟာ အားလုံး တကယ်ပဲမို့လို့ လက်ခံလိုက်ရတာ ဖြစ်သည်။

တကယ်ပေါင်းများစွာရဲ့ တကယ်ကလည်း လည်ဆွဲကို မိတ်ကပ်သနုပ်ခါး လုံးဝမလိမ်းရလို့ အမိန့်ထုတ်ထားရတဲ့အထိ ချုပ်ချယ်ခဲ့ရတာ ဖြစ်သည်။ လည်ဆွဲဟာ ဤမျှအထိ လှတဲ့သူ ...။

အဲဒါ ငါ့အပြစ်။ ငါ ဘာဖြစ်လို့ လည်ဆွဲကိုထွက်ခိုင်းမိတာလဲ။ ရှေ့မှာ ငုတ်တုတ်လေးထိုင်နေသည့် လည်ဆွဲကို စူးစူးဝါးဝါးကြည့်၍ ပြောချင်လွန်းတာတွေများကား ဘာမှမပြောဖြစ်သေးဘဲရှိသည်။ နောက်တော့မှ...

"နင့်ဆံပင်တွေကို လည်ပင်းကနေ ကပ်ဖြတ်ပစ်လိုက်တော့"

"ရှင်...၊ မမ... မမရယ်"

"မပြောနဲ့၊ ဘာမှမပြောနဲ့၊ ဖြတ်ဆို ဖြတ်၊ အခု ကပ်ကြေးသွားယူ"

ချို ထိုင်နေရာကနေ ဝုန်းခနဲ ထလိုက်တော့ လည်ဆွဲ လန့်လန့်ဖျပ်ဖျပ်လေး ထရပ်ရှာသည်။

"သွားလေ၊ အခု သွားယူခဲ့ သွား"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့ပါ"

လည်ဆွဲ မျက်ရည်တွေဝေ့လည်နေသည့် မျက်ဝန်းလေးများနှင့် ရှောက်ချားစွာ ကြည့်သည်။ ထို့နောက် နောက်ဆုတ်နောက်ဆုတ်လေး သွားနေရာမှ ချာခနဲ လှည့်ပြေးသွားလေသည်။ ချိုလည်း သူရူးတစ်ယောက်သဖွယ် လက်သီးနှစ်ဖက်ဆုပ်လျက်၊ ဘာပြောပြော ဘာတွေဖြစ်နေနေ အားမရနိုင်ဘဲ ဖြစ်နေသည်။

"သမီး"

"မာမီ"

အခန်းဝမှာ လက်ကိုင်အိတ်ကို ဗဲတောင်ဆစ်နားအထိ ထိုးချိတ်လျက် ဒေါ်သန္တာက အေးဆေးစွာ လှမ်းဝင်လာ၏။





"သမီး ဘယ်လိုဖြစ်နေတာလဲ၊ မင်းရက်မက်ကြောင့် ရူးမယ့်အခြေအနေ ဖြစ်နေပြီလား၊ ဆရာဝန် ဆိုတဲ့ သိက္ခာပုဝါတွေ ပေါက်ပြဲကုန်ပြီလား"

ဒေါ်သန္တာက အားလုံး ကြားပြီးပြီ။ အပြင်ကနေ လှမ်းကြည့်ပြီးမြင်လည်း မြင်ခဲ့၏။ လည်ဆွဲ သူ့မရှေ့မှာပဲ ပြေးထွက်သွားတာ ဖြစ်သည်။

ချိုက မိခင်ဖြစ်သူကိုမြင်မှ မရှိုက်ဘဲငိုချလိုက်သည့် မျက်ရည်စက်တို့ ကြွေဆင်းလာကာ...

"ဆရာဝန်လဲ အသည်းနှလုံးနဲ့ပဲ မာမီ၊ ချို သူ့ကိုချစ်တယ်"

"သူက မချစ်ဘူးဆိုတာ မာမီ ပြောရဲတယ်"

ဒေါ်သန္တာက မှန်ရှေ့မှာရပ်၍ မှန်ထဲက သမီးမျက်နှာကို ကြည့်ပြီးမှ တည့်တည့်ပြန်ငဲ့ကြည့်သည်။

"သမီး ညကတည်းက မာမီ့ကို ပြောပြခဲ့တာတွေ မာမီ ဆက်စပ်ကြည့်နိုင်တယ်၊ သမီးက မသိနိုင်ဘူးလား"

"မသိချင်ဘူး၊ ချိုကမှ စက်ကို မုန်းလို့မရတာ"

"မုန်းလို့မရလဲ သူပြုသမျှ နုပေတော့ ခွန်းဆက်ချို။ မာမီက ဒီကောင်လေးနဲ့ ဆုံမိကတည်းက ချောချောမောမော သားသားနားနားလေးမို့လို့ ခင်ခင်မင်မင် ဆက်ဆံခဲ့တယ်၊ နောက် သမီးမျက်လုံးတွေထဲက စာကိုဖတ်ပြီးနားလည်ခဲ့လို့ အိမ်မှာ လွတ်လပ်စွာ ဝင်ထွက်ခွင့်ပေးထားတာပဲ၊ ကျန်တာက သူနဲ့သမီးရဲ့ နားလည်မှု"

ချိုက ဒေါ်သန္တာနားကို တိုးသွား၍ ...

"သူ ရည်းစားများတယ်ဆိုတာ ချို သတင်းကြားတယ်၊ သူ့ကိုဒီပုံစံပဲဆိုတာလဲ ပြောကြတယ်၊ သူ ချို့ကို လေးနက်သလား၊ မလေးနက်ဘူးလားဆိုတာ ချို မတွေးခဲ့ပါဘူး။ ချိုက ခွင့်လွှတ်ဖို့ ကြိုးစားခဲ့တာ၊ အခု သူက မိချွေကို စိတ်ဝင်စားနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"မိရွှေဆိုတာ မာမီတို့က ခေါ်နေတာလေ၊ သူက ရွှေလည်ဆွဲ"

ဒေါ်သန္တာပြောတာကို ချိုက ရုတ်တရက် နားမလည်ဘဲ မော့ကြည့်၏။

"အစကတည်းက ခုချိန်ထိ အစစအရာရာ ကိုယ့်ထက်သာလို့ ဖြစ်ခဲ့ရတဲ့ဒေါသက အခု ပိုဆိုးသွားပြီ၊ တွေ့ပေးခဲ့တာကိုက သမီး မှားခဲ့တာပဲ၊ ထားလိုက်တော့၊ သူ့ကို သမီးချစ်နေပြီမို့လား၊ အခြေအနေကို စောင့်ကြည့်ပြီး ထိန်းသိမ်းသွားနိုင်ဖို့ကြိုးစား"

"မဟုတ်ဘူး မာမီ၊ သူ မိရွှေကို စိတ်ဝင်စားတာ ချို မခံနိုင်ဘူး၊ ဒီလို လုံးဝအဖြစ်မခံနိုင်ဘူး"

"ဒါနဲ့ပဲ သူ့ဆံပင်တွေဖြတ်ဖို့ ဆုံးဖြတ်လိုက်ရောလား၊ မရဘူး၊ မိရွှေနောက်မှာ မာမီတို့လွှန်ဆန်လို့မရတဲ့တစ်ယောက် ရှိသေးတယ်၊ မိရွှေကို ပုံပျက်ပန်းပျက် ဖြစ်ခိုင်းလို့ လုံးဝမရဘူး၊ သမီး သည်းခံကြည့်လိုက်၊ ထင်သလိုဆက်ဖြစ်လာရင် ဖြတ်ပေါ့"

"အဲဒီလို ချို မာကျောချင်တာ၊ သူက ပိုမာတယ် မာမီ၊ ချို ဘာပြောပြော စိတ်မဆိုးဘူး၊ ဝမ်းမနည်းတတ်ဘူး၊ ဖွတ်ရှေ့တိုးတယ်၊ ပြန်ပြောတယ်၊ သူ့မှာ အရှမ်းစီးပိုးခံခက်စေတဲ့ စကားလုံးတွေ အမြဲအဆင်သင့်ရှိနေတာ"

"သူက ဦးဆက်နေရဲ့သားပဲ၊ ပြောချင်တိုင်း ပြောခွင့်ရှိတယ်"

"ဘာဖြစ်လို့လဲ၊ မာမီ သူ့ကို သိလို့လား"

"သိပ်သိတာပေါ့၊ စုံစမ်းဖို့ကို မလိုတာ၊ သူ့အကြောင်း သမီး သိတာထက်ပိုသိတယ်၊ မာမီတို့ထက် အများကြီးချမ်းသာတယ်၊ မကြေးမုံတို့လိုပဲ မျိုးရိုးစဉ်ဆက်ချမ်းသာကြတာဆိုပဲ၊ ပြီးတော့ သူက ထူးထူးခြားခြား ချောနေတော့ သူ့သတင်း နားထောင်ရတာ လွယ်လွယ်လေးရယ်၊ ကောင်းတာ တစ်ခုမှ မရှိဘူး၊ ယရစ်နဲ့ပြိုနေတာတွေ၊ ယပင်နဲ့ပျိုတာတွေ စုံနေတာပဲ၊ သိပ်ကြောက်စရာကောင်းတဲ့ ယောကျ်ားတဲ့"





"ဟင် ..."

ဒါနဲ့တောင် မာမီ ဘာလို့မတားခဲ့တာလဲဟု တွေးမိနေတုန်း ..

"လွတ်လွတ်လပ်လပ် ခွင့်ပြုထားတာတောင် သမီး သူ့ကြောင့် စိတ်ဆင်းရဲနေရပြီလေ။ မာမီက ထပ်ပြီး ကန့်သတ်ချုပ်ချယ်လိုက်ရင် သမီး ဘယ်လိုဖြစ်သွားမလဲ။ ရှိပါစေတော့လို့ မာမီ သဘောထားခဲ့တာ၊ သမီးကို ယုံကြည်တာလဲ ပါတယ်၊ သမီး ဒီလောက်ထိ ပေါက်ကွဲနေတာကိုတော့ အံ့ဩနေမိပြီ"

"မာမီရယ်"

ချို ငိုချလိုက်ချင်ပေမယ့် အံကြိတ်ထားမိ၏။ သူက ဒီလိုလူတဲ့လား။ ဒါဆို သူ လည်ဆွဲကို စိတ်ဝင်စားနိုင်တာပေါ့။ ကိုးဆယ်ရာနှုန်းက သေချာပါပြီ။

"ရိုင်းရိုင်းနှိုင်းရရင် ကိုယ့်ခြံဝင် ကိုယ့်နွားလို့ သမီး သတ်မှတ်ပြီး ရှေ့ဆက်မလား၊ ဖြတ်ပစ်မလား၊ တွေဝေနေတာ ပျော့ညံ့မှုပဲ၊ ဘာမှ ဖြစ်လာမှာ မဟုတ်ဘူး။ ပြီးတော့ ကုလားမနိုင် ရခိုင်မဲဆိုတာမျိုး မလုပ်နဲ့ ဖြစ်နိုင်တာကိုပဲ စဉ်းစား"

ချို ဘာလုပ်ရမလဲ။ စက်ကို သိပ်ချစ်တယ်။ ဒီလောက်အချိန်လေးမှာ ဘာဖြစ်လို့ ဒီလောက် စွဲလမ်းခဲ့ရတာလဲ။ မာမီ အံ့သြသွားလောက်အောင် သူမ ရူးသွပ်နေသင့်သလား။

ဒါပေမယ့် သိပ်ချစ်တယ် စက်ရယ်...။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၆)

“ဒီလောက်ထိ ခရီးပေါက်နေမှ လုပ်ခဲ့ပြန်ပြီ၊ မင်းကလဲ၊ ဟိုမှာ သူ့ခမျာ ဆရာဝန်ဆိုတဲ့ သိက္ခာပုဒ်နဲ့ ထိန်းသိမ်းရ၊ ကြိတ်ငိုရနဲ့ဖြစ်ပြီး သေရှာတယ်၊ ခုလောက်ဆို အိပ်ဆေးပုလင်းကိုင်နေမလား၊ ပိုးသတ်ဆေးသောက်ဖို့ ကြံနေပြီလား၊ တစ်ခုခုပဲ”

ကားမောင်းနေရင်း ဗိုင်းမိုးပြောတာကို သတိရတော့ ပြုံးလိုက်မိသည်။

“ဘာလဲ၊ မင်း နောက်တစ်ယောက် တွေ့သွားပြီလား၊ ဘယ်သူလဲ”

ထပ်မေးသည်။ မရမက လိုက်အစ်သည်။ သူ ဘာမှမဖြေခဲ့ပါ။ ကားလေးက တက္ကသိုလ်ဝင်းနားမှာ ထိုးရပ်သွားသည်။ ခဏကြာမှ နောက်ကို တဖြည်းဖြည်းပြန်ဆုတ်၏။ နာရီကြည့်လိုက်တော့ ဆယ့်တစ်နာရီ ဆယ့်ငါးမိနစ်။

ကားကို နေရာတကျရပ်ထားခဲ့ပြီး သူ ဆေးတက္ကသိုလ်ဝင်းထဲ ဝင်လာခဲ့သည်။ စုံစမ်းသိရှိထားသည့်အတိုင်း ကျောင်းသားတွေ အုပ်စုလိုက်၊ ခြေဦးလှည့်နေသည့် ကင်န်တင်းကို မဟုတ်ဘဲ သူမရှိသည့် စာသင်ဆောင်ရှိရာသို့ အတိအကျ ဝင်ခဲ့၏။





“ဟဲ့ ရွှေလည်ဆွဲ တဲ့၊ ရှေ့မှာ ဧည့်သည်”

မိန်းကလေးတစ်ယောက်က ခေါ်ပေးသည်။ အခန်းထဲမှာ အနည်းအကျဉ်းသာ ရှိနေသည့် မိန်းကလေးအချို့ ခေါင်းထောင်သွား၏။

လည်ဆွဲ မျက်လုံးလေးဝိုင်းလျက် ချက်ချင်းထရပ်လိုက်မိ၏။ တံခါးပေါက်ရှိသမျှ လိုက်ကြည့်ပေမယ့် ကော်ရစ်ဒါမှာ ဘယ်သူမှမရှိ။

“လည်ဆွဲ တကယ်ပြောတာ၊ ဟိုမှာ စောင့်နေတယ်”

နောက်ထပ်ပြောတော့မှ လည်ဆွဲ ခပ်သုတ်သုတ်လေး ထွက်ခဲ့သည်။ ပါးစပ်ထဲမှာ မျိုမချနိုင်သေးတဲ့ ထမင်းလုတ်ကို ပါးစောင်မှာ ဟပ်ထားမိဆဲ ...။

“လည်ဆွဲ”

“ဟင် ...”

ပါးစပ်ပွင့်သွားမိပြီး ပါးစပ်ထဲက ထမင်းတွေကို သတိရကာ လက်ခုံလေးတစ်ဖက်နဲ့ ကာကွယ်အုပ်မိ၏။

အံ့သြမိလေခြင်း။ သူ ထိုသူ ဘယ်သူမှန်းပင် မသိခဲ့ပါ။

“စက်နဲ့ နင် ဘယ်လောက်ကြာအောင် စကားပြောခဲ့သလဲ” ဟု မေ မေးတုန်းက စဉ်းစားလိုက်ရတာ။ စက်ဆိုတာ သူမှန်း မသိခဲ့။ သိနေတော့လည်း စက် တစ်လုံးတည်းဖြစ်သည်။ သူက လည်ဆွဲကို တရင်းတနှီး ပြုံးပြ၍...

“ဘာကြည့်နေတာလဲ၊ မုန့်ထွက်မစားဘူးလား”

“ဟင့်အင်း၊ လည်ဆွဲမှာ ထမင်းဘူးပါတယ်၊ သူက ဘယ်သူဆီ လာတာလဲဟင်”

“မင်းဆီကို”

“လည်ဆွဲဆီ”

သူ ခေါင်းညိတ်တော့ ရင်ထဲမှာ ဒိုင်းခနဲ တက်ဆော့၏။ ပါးစပ်



www.burmeseclassic.com

www.burmeseclassic.com



ထဲက ထမင်းတွေကို မဝါးဘဲ အတင်းမျိုချရင်း လက်ကောက်ဝတ်နှစ်ဖက်ကို မသိမသာ ကိုင်လိုက်မိသည်။

ရင်တွေ ခုန်ခဲ့ရတာ တစ်ညလုံး...။ နာတာကို နာနေတာမှန်း မသိ။ လက်ကောက်ဝတ်နှစ်ဖက်ကို ပရုတ်ဆီတွေနဲ့ပွတ်ရင်း နာခေါင်းထဲမှာ ပရုတ်ဆီနံ့မဟုတ်ဘဲ သူ့ကိုယ်က ရေမွှေးနံ့ပဲ စွဲနေသည်။

ညိုရဲ့နာကျင်နေတာကို ငုံ့ကြည့်မိတိုင်း ရင်တွေ တဆတ်ဆတ်တုန်၏။ ချောလိုက်တာ ဟု တိုးတိုးလေးပြောမိရင်း အိပ်မရ စားမဝင် မြင်ဖူးတယ်ဆိုရင်ပဲ သူသိသွားလောက်အောင် လည်ဆွဲ ချောင်းကြည့်မိခဲ့သည်။

သူ ပြုံးလိုက်တာ၊ မျက်တောင်တွေ မေးစင်းရင်း ပြုံးတာ၊ စကားသံတွေရော...။

လည်ဆွဲ ဘာမှမေ့မရခဲ့ပါ။ သူက မမချစ်သူပဲနေမှာ ဟုလည်း တွေးမိသည်။ တွေးမိတိုင်း ဝမ်းနည်းကာ ကိုယ်နဲ့အဝေးကြီးပါပဲဟု ကြိတ်ဖြေရ၏။ အခုလို ကိုယ့်ရှေ့ထိ ရောက်လာတာကို မယုံနိုင်။

"လည်ဆွဲ ဒီမှာရှိတာ သူ ဘယ်လိုလုပ်သိတာလဲဟင်"

"စကြဝဠာ ခြားနေတာမှ မဟုတ်တာ၊ ဘာခက်ခဲစရာရှိသလဲ"

သူ ပီကေဝါး၍ စိုက်ကြည့်လိုက်တာကို လည်ဆွဲက ငေးနေ ပီကေဝါးနေတာနှင့်လည်း မတူ။ နှုတ်ခမ်းနှစ်လွှာကို စွဲလမ်းနှစ်သက်ဖွယ်ဖြစ်အောင် ဆွဲညှို့နေသည့်အတိုင်းပါပဲ။

"လည်ဆွဲ"

"ရှင်"

"ကိုယ်နဲ့ ခဏလိုက်ခဲ့ပါလား"

"ဟင်... ဘယ်ကိုလဲ"

"တစ်နေရာရာပေါ့၊ ကျောင်းဆင်းအချိန်အမီ ဒီကို ပြန်ပို့ပေး





လည်ဆွဲ နှုတ်ခမ်းလေး ဟသွား၏။

"လည်ဆွဲက အတန်းလစ်ရမယ်"

"အင်း ...၊ ပြောစရာရှိလို့ပါ၊ ပြီးတော့ မင်းသွားချင်တဲ့နေရာ လိုက်ပို့ပေးမယ်လေ"

လည်ဆွဲက မျက်တောင်ရှည်တို့ကို တဖျတ်ဖျတ်ခတ်လျက် ခဏလေး တိတ်ကျသွားသည်။

"ဟို ... နောက်တစ်နေ့ဆို မဖြစ်ဘူးလားဟင်"

"မဖြစ်ဘူး၊ ခုပဲ လိုက်ခဲ့"

လည်ဆွဲမျက်နှာလေးကို သူကြည့်၍ ပြုံးလိုက်မိသည်။ ဟိုနေ့က အိမ်မှာတုန်းက ချိုတို့ တစ်ယောက်ယောက်မြင်သွားမှာကို အကြောက်လွန်ပြီး ထွက်ပြေးသွားတာမှန်းလည်း တွေးမိ၏။

ချာတိတ်မလေးဟာ တကယ်ပဲ အတိမ်အနက် နားမလည်ဘဲ ရှုဖူးသန့်သန့် လှလှငယ်ငယ်...။ လွယ်အိတ်လေးနဲ့ သူ့နောက် ပါလာတော့လည်း ဘေးမှာထိုင်နေပေမယ့် လက်ပိုက်ပြီးကုတ်ကုတ်လေးထိုင်ကာ မှန်ထဲကနေ သူ့ကိုပဲ စူးစိုက်ငေးမောနေ၏။

"ဘာစားမလဲ"

"ဟင့်အင်း၊ စားပြီးပြီ"

"ပန်းခြံသွားမလား"

"ဟင့်အင်း"

"ကရဝိက်သွားမယ်"

"ဘာလုပ်ဖို့လဲဟင်"

"အေးအေးဆေးဆေး စကားပြောရတာပေါ့"

"အဲဒီနေရာမှာ လူတွေ အများကြီးပဲလား"

"ဘာဖြစ်လို့လဲ၊ လူတွေမြင်မှာ စိုးလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... မမနဲ့ အန်တီသိသွားရင် ရိုက်မှာ"

"ဘယ်လိုရိုက်လဲ"

နှစ်ယောက်လုံး ကားထဲမှာပဲ အကြည့်ချင်းဆုံ၍ စကားပြောဖြစ်၏။

"လက်နဲ့ ရိုက်တာပေါ့၊ မမရိုက်ရင် လက်မောင်းကိုပဲ ရိုက်တာ၊ အန်တီက ရိုက်ရင်..."

လည်ဆွဲ ရင်နင့်သွားရှာသည် ထင်၏။ အသံလေး တိမ်ဝင်သွားသည်။

"ပြောလေ၊ အန်တီက ဘယ်လိုရိုက်လဲ"

"ပါးကို..."

ကားလေးက ဘယ်နေရာရောက်လာခဲ့မှန်းတော့ မသိပါ။ ဒါပေမယ့် ရပ်တ-နဲ့သွားသည့်နေရာသည် ကားလမ်းမကြီးမဟုတ်သော ဘေးမှာ ကန်စွန်းခင်းကြီးတစ်မျှော်တစ်ခေါ်နှင့် အလွန်အေးချမ်းသည့် နေရာလေးဖြစ်နေသည်။

"ဒါ ဘယ်နေရာလဲဟင်"

"ဘာဖြစ်လို့လဲ၊ ကြောက်လို့လား"

လည်ဆွဲက ဘာပြောရမှန်းမသိဘဲ သူ့ကိုကြည့်လိုက်၊ ဆံပင်လေး ထိုးသိပ်ထပ်လိုက်နှင့် ပြီးတော့ ခေါင်းခါပြ၏။ စက်က လည်ဆွဲ၏ဘေးကို တိုးလိုက်ကာ ဆံပင်တွေနဲ့ အလုပ်ရှုပ်နေသော လက်ကလေးကို ဆွဲယူလိုက်၏။

"မင်းရဲ့ပါးကို ရိုက်ရက်ကြတယ်ပေါ့၊ ဟုတ်လား"

"ဟင် ... ဟုတ်၊ ဟို ... အဲဒါ၊ လွှတ်ပါ ဦးစက်"

"အဲဒါကြီးကတော့ သိပ်မကောင်းဘူးကွာ၊ ကိုကိုဖြစ်ဖြစ်ခေါ်"

"ဟုတ် ... အာ ... မ ... မလုပ်ပါနဲ့"





"ပြောပြမယ်၊ မိန်းမလှလေးရဲ့ ပါးပြင်ဟာ ရိုက်ဖို့မဟုတ်ဘူး"

"ဟင့်အင်း၊ ဟင့်အင်း"

ဟင့်အင်းလို့ ခေါင်းခါရင်း ရှန်းဖယ်ရှောင်တိမ်းမိရင်း လည်ဆွဲဘာတွေ ဖြစ်ကုန်မှန်းမသိ။ ပီကေနံ့သင်းနေသည့် နှုတ်ခမ်းအစုံကို လည်ဆွဲ ငေးကြည့်ရုံမက နဖူးတွေ့ဒူးတွေ့ ရင်းနှီးသွားခဲ့သည်။

ခုမှ တွေ့တာနှစ်ခါပဲရှိသေးသည်။ သူ လည်ဆွဲကို တွေးဖက်၍ အဆုံးအစမဲ့သော အနမ်းများနှင့် ရမ်းကားသွားခဲ့၏။ ငိုလည်း ငိုမိသည်။ ဝမ်းနည်းတာလည်း မဟုတ်။ ရင်တွေ တအားခုန်နေတာက ကြောက်စရာကောင်းအောင် ဖြစ်လာခဲ့သည်။

တစ်ကိုယ်လုံး အေးစက်တုန်ယင်နေသည့်အဖြစ်ဟာ ခံရခက်လှ၏။ ဒါကြောင့် ငိုမိတာလား။ ငိုချင်လို့ အေးစက်နေတာလား။ လည်ဆွဲ သူ့ရင်ခွင်ထဲမှာပဲ အင်အားမဲ့စွာ ငြိမ်သက်နေခဲ့မိ၏။

ခုမှတွေ့တာ၊ ဒါ စော်ကားတာပဲ ဟု တွေးမိပေမယ့် တင်းမာပြတ်သားသော ငြင်းဆန်လိုသည့်စကား သို့မဟုတ် ငြင်းဆန်ရှောင်ချွတ်နိုင်ခဲ့တာလည်း မဟုတ်။

သူပေးသောအနမ်းများကို လည်ဆွဲ မြတ်နိုးစွာပဲ သိမ်းထားခဲ့မိခြင်းဟာ တန်ဖိုးမဲ့သွားပြီဆိုလျှင်လည်း အချစ်ကို ဘယ်လို ကန့်သတ်ချက်နှင့် ချစ်ခွင့်ရှိနိုင်သလဲဟု မေးရပါမည်။ မြင်မြင်ချင်းပါပဲ လည်ဆွဲ သိုတို့ကို သိပ်ချစ်ခဲ့၏။

"လည်ဆွဲ"

"ရှင်"

"ကိုယ့်နောက် ဘာလို့ လိုက်လာတာလဲ"

"ကိုကိုပဲ ခေါ်ပြီးတော့"

စက်က ပြုံး၍ လည်ဆွဲ နဖူးက ဆံစတွေကို လေနဲ့ မှုတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ခေါ်တာလဲ သိလား"

"ဟင့်အင်း"

"နမ်းချင်လို့"

"ဘယ်လို"

ချစ်လို့ လို့ ကိုကို မဖြေပါလား။

"ရိုင်းသွားလား ချာတိတ်၊ တကယ်ပြောတာ၊ မိန်းကလေး တစ်ယောက်ရဲ့ပါးကလေးရယ်၊ နှုတ်ခမ်းရယ်၊ ပြီးတော့ ဒီမျက်တောင်ကော့ကော့လေးတွေရယ်၊ မင်း ကိုယ့်လက်ထဲက ရုန်းထွက်သွားကတည်းက ဘယ်လိုမှကို ဖျောက်လို့မရခဲ့တာ"

လည်ဆွဲ ဟင်ခနဲငေးကာ ဘာစကားမှ မပြောနိုင်ခဲ့ပါ။ ဒါဟာ ခေါ်တဲ့နောက်ကို လိုက်ခဲ့မိတဲ့ အပြစ်လား။ ချစ်လည်း အပြစ်လား။

"ချာတိတ်"

"အမေ့"

စက်က လည်ဆွဲ မေးဖျားလေးကို မော့ယူလိုက်ပြီး နှုတ်ခမ်းချင်း ထိလုထိခင်အထိ ကပ်ထားလိုက်ပြီးမှ...

"ချစ်တယ်၊ မင်းကို ကိုယ် သိပ်ချစ်တယ်၊ မြင်မြင်ချင်းပဲ အဲဒ် မင်းယုံလား"

လည်ဆွဲ ခေါင်းမညိတ်မိပါ။ သူမ မြင်မြင်ချင်းချစ်ခဲ့မိတာ မှန်ပေမယ့် သူ ချစ်တယ်ဆိုတာကိုတော့ ...

"မင်း ယုံရမယ်"

အမိန့်တွေ ထပ်ပေးနေပြန်သည်။ ပြီးတော့ စက်သည် လည်ဆွဲ၏ မျက်တောင်လေးတွေ ပိတ်ချလိုက်သည်အထိ မျက်နှာချင်းကပ်လာပြီး မျက်တောင်ဖျားလေးတွေကို နမ်းသည်။ နောက်ထပ် အနမ်းများက ဝို၍ ရှည်ကြာပါ၏။





အနားမှာထိုင်လိုက်လာကတည်းက လည်ဆွဲ ကိုယ်လေးဟာ သူ့ရင်ခွင်ထဲမှာပဲဖြစ်ကာ ထိုနေရာမှာပဲ အိုအေစစ်လေးတစ်ခု ဖြစ်နေခဲ့သည်။

"လည်ဆွဲ"

သူက တိုးတိုးလေးခေါ်ကာ ...

"ကိုယ်က လူကောင်းသူကောင်းတော့ မဟုတ်ဘူး၊ ရည်းစားတွေ အများကြီး ထားဖူးတယ်၊ ယုံတယ်မို့လား"

"အင်း ..."

"ဟော ... ဒါကျတော့ ယုံတယ် တဲ့"

သူ စတော့ လည်ဆွဲက ပြုံးလိုက်၍ ...

"ကိုကိုက အရမ်းချောတာ၊ လည်ဆွဲ ယုံတာပေါ့"

"ဒါဆို မင်းရော၊ မင်းလဲ လှတာပဲ ချာတိတ်ရာ၊ ဘယ်မျက်နှာမှ မင်းလောက် မလှဘူး၊ ရွယ်တူချင်းရော၊ မတူတဲ့မိန်းကလေးတွေရော မင်းကိုမမီဘူး"

"လည်ဆွဲမှာ ကိုကိုတစ်ယောက်ပဲရှိတာ"

"ကိုကိုဆိုတာ မင်းရဲ့ဘာလဲ"

"ကိုကိုပဲ ချစ်တယ်ဆို"

"ဟား ဟား ဟား"

စက်က လည်ဆွဲပါးလေးတစ်ဖက်ကို ဖွဖွလေးဆိတ်ဆွဲ၍ ရယ်သည်။

"အဲဒါ ကိုယ်က ပြောတာလေ၊ ချာတိတ်က ချစ်ပါတယ်လို့ ပြောလို့လား"

"ပြောရဦးမှာလား"

"ပြောရမှာပေါ့၊ အချစ်ချင်းဖလှယ်ပြီး ချစ်သူဖြစ်ရတာ"

လည်ဆွဲသည် သူ့မျက်နှာကို ငေးငေးလေးကြည့်၍...

"ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



"ပြော"

"လည်ဆွဲက ချစ်နေမှန်းသိလို့ ကိုကိုက အတင်းနမ်းပစ်လိုက်တာ မဟုတ်ဘူးလားဟင်"

"သိတာလဲ သိတယ်၊ ကိုယ်ကလဲ ချစ်မိနေတယ်၊ ဒါပေမယ့် မင်းဖြေလိုက်မှ ကိုယ်တို့ ချစ်သူတွေ ဖြစ်လို့ရမှာ၊ ဖြေ"

"ဘယ်လိုဖြေရမလဲဟင်"

"ချစ်လား"

"ဟုတ်"

"ချစ်တယ်ကိုကိုလို့ ပြင်ပြော"

"ကိုကိုကလဲ"

လည်ဆွဲကိုယ်လေး သူ့ရင်ခွင်ထဲ တိမ်းလာတော့ တင်းခနဲ ဖက်ထားမိ၏။ မတူခဲ့ဘူးဆိုတာတော့ သေချာလေသည်။ ဒီကောင်မလေးကို မွေ့ပိုက်လိုက်ရချိန်မှာ သာယာစိတ်တွေ ဖြစ်ခဲ့မိသည်။ မျက်နှာလေးကို မော့ခိုင်းထားပြီး တစိမ့်စိမ့် ကြည့်နေချင်၏။ သိပ်လှတာပဲလို့ ပြောရလောက်အောင် လှတာလေးတွေမြင်ဖူးခဲ့ပေမယ့် လည်ဆွဲလို မဟုတ်ဘဲ ဒီမျက်နှာလေးကျမှ ရူးစိုက်ငေးနေချင်သည်။

လည်ဆွဲလေးခများတော့ ထိုနေ့ကမှ အတန်းလစ်ဖူးခဲ့သည်။ ညွှာပဲ အရိုက်ခံရရှာသည်။

"မြန်လိုက်တာ၊ အမလေး၊ ညည်း မိန်းမကောင်း မဟုတ်ဘူးလားဟင်၊ ကြည့်စမ်း၊ ဟိုကောင်ကကော"

ဒေါ်သန္တာက လက်သီးနှစ်ဖက်ဆုပ်လျက်နှင့် သူမနောက်မှာ ရပ်နေသည့် ချိုဘက်ကို ပြန်လှည့်ကြည့်၏။

"ခွန်းဆက်ချို၊ ညည်းရာထူးဂုဏ်ရှိန်နဲ့ ဒီလိုကောင်မျိုးကို မေးနေသေးသလား။ လောက်တက်နေတဲ့စိတ်ဓာတ်က လှလှလေးမြင်ကြိုက်ချင်တာ၊ ဖြတ်၊ ခု ဖြတ်၊ ဒီကောင် ငါ့အိမ် လုံးဝ မလာစေရဘူး





"ဖြတ်ဆိုတာ မာမီက ဘယ်သူ့ကို ပြောတာလဲဟင်"

ဆိုဖာတွေကြားမှာ ပုံကျလဲနေပြီဖြစ်သည့် လည်ဆွဲဘက်ကို သေချာပြန်လှည့်ကြည့်ပြီးမှ ချို မေးလိုက်သံကြောင့် ဒေါ်သန္တာ မျက်ခုံးအစုံ မြင့်တက်သွား၏။ ချို့ကို ဆတ်ခနဲ ပြန်ကြည့်ကာ...

"ညည်းကိုပေါ့၊ ငါ့သမီးကို ငါပြောနေတာ၊ ဟွန်း၊ သင်းကိုတော့ ဒီတစ်ပတ်အတွင်း ယောကျ်ားပေးစားပစ်မယ်၊ ကိုစိုးကို ငါ ဒီအတိုင်း ပြန်ပြောပြီး ဒီလိုစီစဉ်လိုက်ပြီဆို ဘာပြဿနာမှ ရှိမှာမဟုတ်ဘူး"

အစကတည်းက လည်ဆွဲကို ဆုံးမလို့ မနိုင်တာ၊ ဂျစ်ကန်ကန် အကျင့်တွေဖြစ်နေတာ ဆက်သွယ်မိတိုင်း ဦးစိုးကောင်းနားထဲကို ရောက်အောင် ပို့ထားခဲ့ပြီးသား။ အခုလို သူမ အခြေအနေအရ စီစဉ်ပေးလိုက်ပြီဆိုရင် ဘာမှပြောမှာမဟုတ်။

"သူ့ကို မာမီ ကြိုက်သလိုလုပ်လေ၊ ချိုကတော့ ခု ဖြတ်လို့ မဖြစ်သေးဘူး မာမီ၊ ချို ဒီအတိုင်း အရှုံးမပေးနိုင်ဘူး၊ သူ ဘယ်လို အနိုင်မခံ အရှုံးမပေးပြောဦးမလဲဆိုတာ နားထောင်ချင်တယ်၊ မေးချင်တယ်၊ ဒီကိစ္စကို ရှင်းမှဖြစ်မယ် မာမီ"

"အို ... မလိုဘူး၊ သူ မကြောက်တတ်ဘူးဆိုတာ ညည်းပြောလို့ ငါ သိပြီးသား၊ ဂရုမစိုက်လို့ ညည်းနဲ့ကြိုက်နေရာကနေ ညီမကို ထပ်ကြံတာပေါ့၊ ကိုယ့်ညီမက မကောင်းတဲ့ကိစ္စ၊ သင်းပဲ အညာလွယ်တာ၊ မိန်းမကောင်း မပီသတာ၊ သင်းကိုပဲ အပြစ်ပေး၊ ဟိုကိုသွားမေးရင် ညည်းပဲအရှက်ရမှာ၊ နားလည်လား"

"မဆိုင်ဘူး မာမီ၊ သူ အကျင့်မကောင်းတာ ချိုက ရှက်ဖို့ မလိုဘူး"

"တိတ်စမ်း"

ဒေါ်သန္တာ အသားဆတ်ဆတ်တုန်နေသည်။ ကျောင်းမတက်ဘဲ ပါသွားပြီဆိုကတည်းက လည်ဆွဲ မင်းရက်စက်နဲ့ ပါသွားသည်သတင်းတို ဖုန်းဆက်ပြောသည့်သူက ပြော၏။

www.burmeseclassic.com



"မင်းရက်စက်ပါ၊ သေချာပါတယ် အန်တီ၊ အဲဒီလူ သမီးအစ်မနဲ့လဲ ကြိုက်ဖူးတယ်၊ ရည်းစားတွေမှ ပွထနေတာပဲ၊ သူ့ကြောင့် ပျက်စီးကုန်တဲ့ မိန်းကလေးတွေ မနည်းဘူး"

ဆိုင်မှာ ဖုန်းချပြီးကတည်းက ဒေါ်သန္တာ ဖင်ချမထိုင်နိုင်တော့ပေ။ လည်ဆွဲကို ပူပန်လွန်းလို့တော့ မဟုတ်ပါ။ ကိုယ့်သမီးကြောင့် သမီးက သူ့ကိုမှ စွဲလမ်းနှစ်သက်နေသည်မို့လား။

ဒီသတ္တဝါဟာ ဘာမို့လို့ မိန်းမချောမိန်းမလှလေးတွေကိုမှ စိုးမိုးနိုင်နေတာလဲ။ စက်ဟော့ဆိုရင် မကြည့်လိုက်နဲ့။ အဲဒီမိန်းကလေးတွေမှာ ရွက်ကြမ်းရေကျို ခပ်ညံ့ညံ့တစ်ယောက်မှ မပါ။

လည်ဆွဲကလွဲရင်ပေါ့။ လည်ဆွဲကတော့ ဆေးကျောင်းသူဆိုတာလေးပဲ ရှိတာ။ မိဘမဲ့၊ ဆွေမရှိ မျိုးမရှိ။ ဒါကိုလည်း အလွတ်မပေး။

"လည်ဆွဲကို စုတ်ပြတ်သတ်နေတဲ့ ဘဝမျိုးဖြစ်အောင် ချို့ ပြောထားတာ မာမီ၊ ဒါတောင် သူ စိတ်ဝင်စားနေတာ"

သမီးထံမှ မခံချင်ဒေါသတွေဖြစ်နေတာကို ရင်ဖွင့်ပြောခဲ့ပြီးပြီ၊ ခုတော့ ဒေါက်တာခွန်းဆက်ချိုဆိုတဲ့ မိန်းမထစ်ယောက်ကိုကျော်၍ ဂရုမစိုက်စွာ...။

"ဟဲ့ ထစမ်း၊ ညည်းထလိုက်စမ်း"

တွေးရင်း ဒေါသတွေထန်ကာ အသံမထွက်ရဲဘဲ ပါးစပ်ကလေးပေါ်မှာ လက်ဝါးနှင့်ဖိကပ်၍ ရှိုက်ငိုနေသည့် လည်ဆွဲကို လက်တင်ဖက်ကနေ ဆောင့်ဆွဲသည်။ ဆိုဖာပေါ်ကို တွန်းဆောင့်ပစ်လိုက်ပြီးမှ

"ညည်း တစ်နည်းနည်းနဲ့ ဖောက်ထွက်ဖို့တော့ မကြံနဲ့၊ သေမယ်မှတ်၊ ဟွန်း ရန်ကုန်မြို့ကို ဘာမှတ်နေသလဲ၊ ယောကျ်ားတွေကို ဘာထင်လို့လဲ၊ တက္ကသိုလ်တက်ခွင့်ပေးထားတာ အဟုတ်မှတ်မနေနဲ့ သိလား၊ နိုင်ငံခြားက ဦးလေးကိုအားကိုးပြီး ငါ့ကို တုံ့ပြန်ဖို့ ကြိုးစားတာ ညည်းတွေ့မယ်"





"မဟုတ်ပါဘူး အန်တီရယ်၊ လည်ဆွဲ ..."

"တော်၊ ညည်းအသံကြားရတာ နားခါးတယ်၊ ညည်းမျက်နှာကြီးမြင်ရတာ နေလိုမီးလို ပူတယ်၊ ကောင်းပါတယ်၊ ငါ့ဘက်က ပြောစရာရသွားတာပေါ့၊ ညည်းကို မမယုသားနဲ့ ပေးစားမယ်"

"ဟင် ..."

မျက်ရည်စိုရွှဲနေသည့် မျက်တောင်ဖျားတို့က မျက်ခုံးစပ်ကလေးနားထိ မမို့တမို့ ပြေးကပ်သွား၏။ မျက်တောင်မခတ်ဘဲ ပြည့်သိပ်နေသည့် မျက်ရည်တို့က သူတို့သဘောနဲ့သူတို့ လျှောဆင်းလေသည်။ ဒေါ်သန္တာက လည်ဆွဲဖြစ်သွားတာကို စူးစူးဝါးဝါးကြည့်ကာ ...

"ပြုံးပြုံးမသွားနဲ့၊ ဟိုသတ္တဝါလို ကြာကူလီရုပ်မဟုတ်ပေမယ့် မမယုသားက ဒုလက်ထောက်ညွှန်မှူး၊ သိက္ခာနဲ့ သမာဓိနဲ့"

"မာမီ၊ ကိုကိုကျော်နဲ့ သူ့ကို၊ ဟုတ်လား"

မတန်မရာပြောလိုက်တာကို မယုံနိုင်သလို ချို့က ရှေ့ကို တစ်လှမ်းတိုး၍ ဒေါ်သန္တာဘေးမှာ ရပ်သည်။ မေးလိုက်တာက နမြောတသခြင်းများစွာနှင့် ဖြစ်၏။ အကယ်၍သာ စက်နှင့်သူမ မဆုံစည်းခဲ့ဘူးဆိုလျှင် ကိုကိုကျော့် မိဘတွေက ချို့ကို ကမ်းလှမ်းခဲ့ကြပြီးသား။ ချို့နဲ့ ကိုကိုကျော်ကလည်း မရင်းနှီးပေမယ့် ပြေပြေလည်လည် ဆက်ဆံဖူးကြသူတွေ။

"ကိုကိုကျော့်မိဘတွေက သဘောကျပါ့မလား မာမီ၊ မာမီ စိတ်ကူးထားတာလား၊ စီစဉ်နေတာလား"

ဒေါ်သန္တာသည် 'ငါလဲ နမြောတာပဲ' ဆိုသည့်မျက်နှာနှင့် ခေါင်းကို ခပ်လွဲလွဲလုပ်လိုက်ပြီးမှ...

"စိတ်ကူးမဟုတ်ဘူး၊ စီစဉ်ပြီးနေတာ"

ဟု မပွင့်တပွင့်ပြောသည်။ မမယုတို့က မကျေနပ်ဘဲ နေမလား၊ လည်ဆွဲ ဘယ်လောက်ချမ်းသာတယ်ဆိုတာ မသိတာမှ မဟုတ်တာ။



www.burmeseclassic.com

www.burmeseclassic.com



လည်ဆွဲမှလွဲလျှင် လည်ဆွဲနဲ့ ဦးစိုးကောင်း၏အဆက်အသွယ် အမွေအနှစ်ကိစ္စတွေအကုန် မိတ်ဆွေရင်းတွေ အားလုံးသိကြသည်။ မမယုတို့က ချို့ကိုလည်း မငြင်းသလို လည်ဆွဲကိုဆိုလျှင် လိုချင်သည် တု ဖွင့်မပြောပေမယ့် ကျေနပ်သွားသည့်အပြုံးတို့က သိသာလှသည်။ တကယ်ဆို သူမတို့မှာ လည်ဆွဲပိုင်ဆိုင်ထားတာ၏ နှစ်ဆယ်ရာနှုန်း လောက်တောင် ရှိပုံမလား။

မွေးချင်းတွေထဲမှာ သူမဟာ လောဘကြီးသည်၊ အမွေမက်သည်ဟု နာမည်ကြီးရသည့်အထဲမှာ ဦးအောင်ဝေနှင့် ကွာရှင်းပြတ်စဲခဲ့လိုက်တာ သေတာတောင် မသွားတဲ့အထိ။

အဲဒီကတည်းက ဒေါ်သန္တာက အပြင်လူဖြစ်ခဲ့ရသည်။ ဦးအောင်ဝေကလည်း စိတ်တွေလေကာ စီးပွားရေးကောင်းကောင်း မလုပ်ဘဲ ရှိတာကိုပဲ ထိုင်၍ သုံးဖြုန်းပစ်သည်။

သူမကြိုးစားတာက တိုးတက်ပေမယ့် လည်ဆွဲပိုင်ဆိုင်ရမည့် မိဘအမွေများနှင့်စာလျှင် ပြီးတော့ ဦးလေးဖြစ်သူ ဦးစိုးကောင်း၏ အမွေတွေကိုလည်း ရဦးမည်မို့ ခွန်းဆက်ချိုနှင့် ဘာမှမဆိုင်။

"တူမနှစ်ယောက်ဆိုပေမယ့် ကလေးက မိဘမဲ့လေးမို့လား ပြီးတော့ အစ်ကိုက ငါ့ကို စိတ်ချလက်ချ အပ်ခဲ့တာ"

ဟုပြောပြီး ဦးစိုးကောင်းက ခွန်းဆက်ချိုကို တရားဝင်ပယ်ခဲ့၏။ ချို့မှာ ဘယ်ဘက်ကအမွေမှ မရခဲ့ပေ။ လက်ရှိရွှေဆိုင်မှာ ရှိသမျှ အတွင်းပစ္စည်းအကုန်ပါပဲ။ ထို့ကြောင့် လည်ဆွဲကို သူမ မုန်းခဲ့သည်။ မုန်းတဲ့လူကိုမှ ကိုယ့်လက်ထဲ ထည့်ပစ်ခဲ့သည်။ ခုတော့ သိရမည်ပေါ့။

"မာမီက ပြောတော့တစ်မျိုး၊ လုပ်တော့ တစ်မျိုး"

လည်ဆွဲရှေ့မှာပဲ ချို့က မအောင့်အည်းနိုင်စွာ ဝေဖန်၏။ အတွေးကလည်း မဆုံးသေး။ ကိုယ့်သမီးကလည်း ပညာတွေတတ်





ပါလျက်နှင့် အချစ်မျက်ကန်းလို အလိုက်ကမ်းဆိုးမသိစွာ ထပ်ပြောလိုက်တော့ ဒေါ်သန္တာ ဒေါသထောင်းထောင်းထသွား၏။

"ညည်း တိတ်တိတ်နေစမ်းပါ ချို့ရဲ့၊ ငြိမ်ငြိမ်လေးနေစမ်းပါ"

ဟု အံကြိတ်ရင်း ပြောလိုက်ပြီးမှ လည်ဆွဲဘက်ပြန်လှည့်၍...

"ညည်း ကျော်သက်လွင်နဲ့ လက်ထပ်ရမယ်"

ကျော်သက်လွင် ...။ စိတ်ထဲမှ လိုက်ရွတ်ရင်း လည်ဆွဲ နှုတ်ခမ်းလေးတွေ လှုပ်ရှားသွား၏။ သူမ မသိပါ။ ဒါပေမယ့် ဘယ်လိုလူစားဖြစ်ဖြစ် ငြင်းခွင့်မရှိတော့ဘူးဆိုတာကို သိလိုက်သောကြောင့် မျက်ရည်တွေ ဆက်၍ ဆင်းလာကြ၏။

"အဲဒါ ကိုယ့်အပြစ်နဲ့ကိုယ်လေ၊ ယောကျ်ားယူပြီး ကျောင်းဆက်တက်၊ ဟိုက မတက်ရဘူးဆိုလဲ မတက်နဲ့ပေါ့၊ ကလေးတွေရ၊ ကိုယ်ဝန်ထပ်ရှိနဲ့ ကလေးတို့လို့တွဲလောင်းနဲ့ ရင်ဆိုင်ကြည့်လိုက်ပေါ့၊ ငါကတော့ ခုပဲ ကိုစိုးဆီကို ဖုန်းဆက်မယ်၊ မနက်ဖြန်ကစပြီး ကျောင်း မတက်ခိုင်းတော့ဘူးလို့"

"အဟင့် ..."

ဘယ်လိုမှ ကြိတ်မှိတ်ရှိုက်နေလို့မရတော့ဘဲ ရင်ထဲမှာ ဗူးအောင့်လာကာ လည်ဆွဲ အင့်ခနဲ ရှိုက်သည်။ ထိုရှိုက်သံကြောင့် ချို့က လည်ဆွဲရှေ့ ရောက်သွား၏။ ထို့နောက် နဖူးပြင်လေးကို ပက်ခနဲ မော့လန်သွားအောင် လက်ဖနောင့်နှင့် ဆောင့်တွန်းပစ်လိုက်ကာ...

"နင်ကများ ငိုချင်းချလို့၊ ဟွန်း ကိုကိုကျော့်လိုလူကိုရတာ နစ်နာတယ်ထင်နေလို့လားဟင်၊ မင်းရက်စက်လို အရှက်မရှိ လုယူချင်လောက်အောင် မချောပေမယ့် ခန့်တယ်၊ တည်တယ်၊ သဗ္ဗာတရားရှိတယ်၊ မာမီ့ကို မကျေးဇူးတင်လိုက်ဦး"

"မမ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ"

"လည်ဆွဲ သူ့ကိုမချစ်တော့ပါဘူး၊ ဖြတ်... ဖြတ်ပါ့မယ်၊ လက်မထပ်ပါရစေနဲ့"

"ဘာပြောတယ်"

ဒေါ်သန္တာ ရှေ့တိုးလာသည်။ လက်ဝါးချက်တွေ၊ လိမ်ဆွဲခံရတာတွေ၊ နာကျင်မှုတွေအားလုံး လည်ဆွဲတစ်ကိုယ်လုံးမှာ အပ်ချစရာမကျန်အောင် နေရာတိုင်း နာကျင်နေ၏။ ရိုက်ချင်တိုင်းရိုက်ပစ်လိုက်ပြီး အခန်းတံခါးကို ပိတ်ပစ်ခဲ့သည်။ ဒေါ်သန္တာ ဒေါသမပြေသေးမီ ချိုက တစ်မျိုး။

"မာမီ ကိုကိုကျော်နဲ့သူ့ကို လက်ထပ်ပေးမှာ ချို သဘောမကျဘူး"

"လာပြန်ပြီ ချို၊ ညည်းက ဘာသဲ၊ ဟိုတစ်ယောက်ကိုလဲ စွဲလမ်းနေပြီး ကျော်သက်လွင်ကိုလဲ နှမြောပါတယ်နဲ့"

"မဟုတ်ဘူးလေ၊ မာမီပဲပြောတော့ လည်ဆွဲကိုမုန်းတယ်ဆိုပြီး ကိုကိုကျော်တို့က..."

"မင်းရက်စက်နဲ့ ဘာမှမဆိုင်ဘူး၊ ချောတာကော၊ ချမ်းသာတာချင်းကော၊ ပြီးတော့ ညည်းချစ်နေတာ မဟုတ်ဘူးလား"

"ဟုတ်ပါတယ်၊ စက်ကချောတယ်၊ တအားချမ်းသာတယ်၊ အဲဒါအပြစ်၊ မာမီတွေးကြည့်ပါဦး၊ ခုတွေ့ ခုကြိုက်ပစ်လိုက်တာ ဘယ်ယောကျ်ားက အထင်ကြီးမှာလဲ၊ သူ့ကို ဟိုက အတည်ဟုတ်ပါ့မလား မာမီရယ်၊ မာမီ စီစဉ်တာသိပ်လောလွန်းတယ်၊ ကိုကိုကျော်နဲ့လည်ဆွဲ မတန်ဘူး"

"ဘာ"

ဒေါ်သန္တာ တအံ့တသြမျက်လုံးများနှင့် သမီးဖြစ်သူကို ကြည့်သည်။

"ခွန်းဆက်ချို"





ဒေါသဖြစ်လာတိုင်း ညည်းတွေ၊ ငါတွေနှင့်လာတတ်သည့် ဒေါ်သန္တာက ခွန်းဆက်ချိုဟုလည်း ခေါ်တတ်သည်။

"ခုနကတည်းက ဟိုတစ်ယောက်ရှေ့မှာမို့ မျိုသိပ်လိုက်ရတာ၊ ညည်းတကယ်မသိလို့ ပြောတာဆို ဒါ ဖြေထိုက်ပါတယ်၊ ရွှေလည်ဆွဲက ဘာလဲ၊ ကိုကိုကျော်နဲ့ မတန်ဘူးဆိုတာ ဘယ်သူ့ဘက်ကလဲ၊ လည်ဆွဲဘက်ကလား၊ ကိုကိုကျော့်ဘက်ကလား"

ချိုကလည်း နှာခေါင်းလေးတွန့်ပစ်ပြီး ပြန်ကြည့်၏။

"သူ့ ချမ်းသာတာဘာဖြစ်လဲ မာမီ၊ ခုလောလောဆယ် ချိုတို့က စောင့်ရှောက်ထားရတဲ့ မိဘမရှိ၊ ဆွေမဲ့မျိုးမဲ့ ဘာမှမဟုတ်တဲ့သူ"

"လောလောဆယ်ကို ကြည့်လို့ဖြစ်မလား၊ ကိုစိုးတစ်ယောက်လုံး ရှိသေးတယ်၊ ဟိုက သူ့တူမကို ခေါ်တာတောင် စုရှိန်ထိ နာမည်မခေါ်ဘူး၊ 'သမီး' တဲ့၊ 'ကလေး' တဲ့၊ ပြီးတော့ ဒီဟာလေးကြောင့် ငါတို့ကို ပေးခဲ့ကမ်းခဲ့တာတွေ နည်းသလား၊ လည်ဆွဲအတွက်ဆိုပြီး ပို့လိုက် ပေးလိုက်တာတွေ ဘယ်သူတွေပဲ စားနေလဲ"

ချို မပြောနိုင်တော့ပါ။ မာမီပြောသလို သူမ လှေနံနှစ်ဖက် နင်းချင်သလိုလိုဖြစ်သွားလည်း မတတ်နိုင်။ အကယ်၍များ စက်က ကပျက်ကချော်လုပ်ထွက်သွားခဲ့လျှင် 'ဘာဖြစ်လဲ' ဆိုသည့်မာနနှင့် ကိုကိုကျော်နှင့် လက်ထပ်ပစ်လိုက်ဖို့ ကြိတ်၍ စိတ်ကူးခဲ့ဖူးသည်။

ကိုကိုကျော်ဟာ သူမအတွက် ဒုတိယမြားတစ်စင်း ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

"ရှင် ဒါလဲ တော်သွားပြန်ပြီ၊ သတင်းရတာ မြန်လှချည်လား။ ဘာဖြစ်လို့ ဖုန်းဆက်မေးတာလဲ၊ ရင်မဆိုင်ရဲလို့လား"

"သိပ်ရဲတာပေါ့ ချို၊ အခု မင်းခြံရှေ့မှာ တို့ရောက်နေပြီ၊ ထွက်ခဲ့ပေးပါ"

ဟာင်ခနဲတော့ ဖြစ်သွားမိသည်။ ပြတင်းပေါက်နား ကပျာကယာ သွားပြီး ခန်းဆီးစလေးကို တိမ်းဖယ်ကြည့်လိုက်မိလျှင် ခြံရှေ့တည့်တည့်မှာ ဦးတိုက်ရပ်ထားသည့် သူ့ကားကိုမြင်လိုက်ရ၏။

"ဝင်ခဲ့ပါလား မင်းရက်စက်ရဲ့၊ ရှင် ဝင်ထွက်ဖူးတဲ့ခြံပဲဟာ၊ သတ္တိမရှိတော့ဘူးလား"

"ခနဲ့တာတွေ ရွဲ့တာတွေ လုပ်မနေပါနဲ့ ချို၊ မင်း နားထောင်ရဲရင် ဆင်းခဲ့ပါ၊ မင်းမာမီရဲ့စကားတစ်ခွန်းကြောင့် တို့ ရှေ့မတိုးဘဲနေတာ"

ထိုစကားကြားမှ တွေးလိုက်မိသည်။ မာမီ ခုနကပဲထွက်သွားတာပဲ။ သူနဲ့ခြံဝမှာဆုံပြီး တစ်ခုခုပြောသွားတာဖြစ်မည်။ သူက ပြောရဲသည်ဆိုတော့ နားထောင်ဖို့ သူမ အသင့်ရှိရဲ့လား။ မသေချာသော်လည်း ချို သူ့ကို စိတ်နာနာနှင့် ခြံပြင်ရောက်လာခဲ့သည်။

အစက်အပြောက်မပါသော အနက်ရောင်ခွယ်တာလက်ရှည်ကို လည်ပင်းအနားတွေထောင်၍ ဝတ်ထားကာ ဘောင်းဘီရှည်အနက်





မျက်မှန်အနက်နှင့် ဖြူသောအသားက ထင်းနေသည်။ နှုတ်ခမ်းသားတွေက ရဲနေသော်လည်း ခါတိုင်းလိုတော့ မဟုတ်ဘဲ သွေ့ခြောက်နေသလိုရှိ၏။

ထိုယောက်ျားသည် မြင်သူငေး၍ မှိုင်ကျန်ခဲ့လောက်အောင် ချောသည်။ ချောသလောက် ရုပ်တွေးနိုင်လွန်းတာက နှမြောဖွယ်ပင်။ ချိုသည် သူမ စွဲလမ်းနှစ်သက်မိခဲ့သော မျက်နှာကို နာကျင် နှမြောသော မျက်ဝန်းတို့ဖြင့် စိုက်ကြည့်မိသည်။ ပြီးတော့ ဆွေးဆွေးမြေ့မြေ့ မဲ့၏။

"ကျောင်းမှာ နေ့တိုင်း သွားချောင်းနေရပြီး မတွေ့တော့မှ သဘောပေါက်သွားတာလား"

"ဘာချောင်းတာလဲ၊ ဝါသနာမပါဘူး"

သူက ချို့ရှေ့ကို နီးနီးလေးအထိ လာသည်။ ကားဘောနက်မှာ မှီ၍ လက်ပိုက်၏။ စကားကိုလည်း မဆက်၊ ချို့ကိုလည်း မကြည့်ဘဲ နှုတ်ခမ်းမဖွင့်ဘဲ ပီကေကို ဖိဝါး၍ တိုက်ကြီးဆီသို့ လှမ်းကြည့်၏။

ထို့နောက်မှာမှ မျက်မှန်ကို ခပ်ဖြည်းဖြည်းဆွဲချွတ်လိုက်ကာ…

"သူ ကျောင်းမတက်တာ လေးရက်ရှိပြီဆိုတာ ဒီမနက်မှ သိတာ၊ တို့ဖျားနေတာ သူနဲ့တွေ့ပြီးကတည်းကပဲ"

"ဟုတ်လား၊ ကျောင်းမတက်တာနဲ့ဘဲ အခြေအနေတွေအားလုံး သိသွားတာလား၊ သူ့ကို စေ့စပ်လက်ထပ်ပေးဖို့အထိ …"

"အဲဒါ ခုနကပဲ မင်း မာမီ ပြောသွားတာ"

"ဪ"

ပြက်လုံးတစ်ခုကို ကြားလိုက်ရသလို ချိုက ဟက်ဟက်ပက်ပက် ရယ်သည်။

"ဒါကြောင့် သိတာလား၊ အင်း သဘောပေါက်ပြီ၊ လာတွေ့တာတော့ ညာတာပါတောနဲ့ မိန်းမနှစ်ယောက်ကြားမှာ ဇာတ်လမ်းရှုပ်မှာ သွင်မလို့ပေါ့၊ ရှေ့ကျမှ မလူးတော့ပါဘူးဆိုပြီး ဝန့်ခံလိုက်ရတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



“ချို”

“ဘာလဲ”

“ပြောမယ် နားထောင်”

သူ့အသံက ဒေါသမကင်းသလို နှုတ်ခမ်းလှုပ်ရုံပဲ ပြောပုံက တင်တင်စီးစီး။

“ချစ်တဲ့ကြိုက်တဲ့အလုပ်ကို ပီကေဝါးရသလောက် တို့ စိတ်မဝင်စားဘူး”

“ယုံတယ်”

“ယုံတာနောက်ကျသွားလို့ စိတ်တော့မကောင်းဘူး၊ ရည်းစားထားဖို့မှာ သူများတွေ ရေလဲသုံးကြတဲ့ သုံးခွန်းသောစကား တို့အတွက် မလိုဘူး”

“ဘာ ... ဘယ်လို”

စက်က တစ်ချက်မှမပြုံးပါ။ ချို့ကို စေ့စေ့ကြည့်၍ ပီကေကို စိမ်ပြေနပြေ ဝါးနေသည်။ တိတ်ဆိတ်ခြင်း၏ စက္ကန့်ပေါင်းများစွာမှာ သူ့ဘက်က ရက်စက်နိုင်ခြင်းကို တစ်ဖက်သား သိနိုင်လောက်ပြီဆိုမှ...

“မင်းရဲ့မာမီ စကားတွေ အများကြီးပြောသွားတယ်၊ ဒါပေမယ့် အခဲ့ံးကျတော့ ခပ်ညှံ့ညှံ့ဗီဒီယိုဇာတ်ကားတစ်ပုဒ်လို အိမ်ဖော်မလေးဆိုတာကို ဖယ်ထုတ်ဖို့ကြိုးစားတာပဲ”

“စက့် ရှင်ထင်သလောက် ချို တန်ဖိုးမမဲ့ဘူး”

“မင်းမာမီက ဆွေးနွေးဖို့ ခွင့်ပြုသွားတာပဲ၊ ဒါပေမယ့် တို့က မင်းနဲ့ မဆွေးနွေးချင်ဘူး၊ လည်ဆွဲကိုတွေ့ချင်တာ”

“စက် ရှင့်ရှေ့မှာ ချို ရပ်နေတာ ကျောက်ရုပ်မဟုတ်ဘူးနော် သစ္စာမဲ့တဲ့ရှင့်ကို ချို ပေါက်ကွဲလို့ရအောင် ဒေါသနဲ့ရိုက်ချက်တွေ အများကြီးပေးခွင့်ရှိတယ်၊ လည်ဆွဲကိုဖယ်ထားပြီး ရှင့်ရည်ရွယ်ချက်ကို ပြော





“သစ္စာမဲ့ရအောင် တို့ ဘယ်သူနဲ့မှ သစ္စာပန္နက်မထားခဲ့ဘူး၊ ပြောပြီးပြီပဲ၊ သုံးခွန်းသောစကားတောင် မလိုဘူးလို့၊ တို့က ချစ်တယ်ဆိုရင် ခင်နဲ့သူတို့အားလုံးက ယုံကြတာပဲ”

“မင်းရက်စက်၊ ရှင် ...”

ရှေ့ကို နည်းနည်းတိုးလာသည်။ လက်သီးဆုပ်၊ နှုတ်ခမ်းကိုက်ထားရင်း အရှိန်ပြန်သတ်လိုက်၏။ ချို ဖြစ်နေတာကိုကြည့်ပြီး စက်က အောက်မေးကို ခပ်ရွှ့ရွှ့လှုပ်ရင်း ...

“လည်ဆွဲကို သုံးခွန်းတည်း ပြောခဲ့တယ်၊ ‘သိပ်ချစ်တယ်’ လို့”

သူ့စကားသံများဟာ သံရည်ပူစီးကြောင်းကြီးတစ်ခုလို နား၊ နားခေါင်း၊ လည်ချောင်းတို့မှ ပြင်းထန်စွာ တိုးဝင်စီးမျောသွားခဲ့၏။

“ရှင် ... ကဲ”

အားရှိပါးရှိ လွှဲရိုက်လိုက်မိသည်။ ချို့လက်ကို စက်က ဖမ်းကိုင်မထားခဲ့ပါ။ ခြေထောက်မရွေ့ဘဲ မျက်နှာနည်းနည်းလေးလှန်ချ၍ ရှောင်ပေးလိုက်၏။ ကိုယ့်အရှိန်နဲ့ကိုယ် ချို ပုံပျက်ပန်းပျက်ဖြစ်သွားသည်။ နောက်ထပ်ရိုက်ဖို့ မကြိုးစားတော့ဘဲ ချို သူ့ကို မုန်းတီးစွာကြည့်၍ မျက်ရည်တွေ လိမ့်ဆင်းကျလာ၏။

စက်က ကိုယ်ကို မတ်တတ်ပြင်ရပ်ပြီး တိုက်ကြီးဆီ နောက်ထပ်လှမ်းကြည့်၏။

“လည်ဆွဲကို ပြောလိုက်ပါ၊ စိတ်မညစ်နဲ့၊ သိပ်ချစ်တယ် လို့”



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၈)

ငိုချင်ပေမယ့် မျက်ရည်မကျရဲခဲ့ပေ။ ညက ပြောနေသံတွေ ကြား ချက်အရ မနေ့က ကိုကိုလာသွားသည် တဲ့။ မမက ပါးရိုက် လွှတ်လိုက် သည် တဲ့။

"ကိုကိုရယ်၊ မလာပါနဲ့၊ ကိုကို လည်ဆွဲကြောင့် အဲသလို အဖြ မခံပါနဲ့"

စေ့စပ်ဖို့ သွားရတော့မည်။ မျက်နှာမှာ မိတ်ကပ်လိမ်းခဲ့။ ပေ ထားတာတွေ ဝတ်ခဲ့တဲ့။ ညနေတုန်းက ဒီအိမ်မှာ သူတို့ လာစေ့စ ပြီးပါပြီ၊ ဒါ မပြီးသေးဘူးလား။

"သားက အရာရှိတွေ၊ သူ့ဆရာတွေကို အိမ်မှာပဲ သီးသန့်ဧည့် ချင်တာတဲ့လေ၊ ဒါကြောင့် မယုတို့အိမ်မှာ စေ့စပ်ပွဲထပ်လုပ်ချင်တယ် ကွယ်၊ လက်ထပ်ဖို့ကျတော့ မိန်းကလေးနဲ့သူ ရင်းနှီးလာမှ လက်ထ ချင်တယ် တဲ့၊ သူ ကြိုးစားကြည့်ပါမယ် တဲ့၊ အဲဒီတော့ စေ့စပ်တာ လက်ထပ်တာက အချိန်ကွာသွားမှာ၊ စေ့စပ်ပွဲကို ခမ်းခမ်းနားနားလေ လုပ်ရအောင်လို့"





ဒေါ်မေယုဆိုသည့် မိန်းမကြီးက ပျာယာခတ်နေသည်။ ကျော် သက်လွင်ကတော့ ခပ်တည်တည်နေပေမယ့် လည်ဆွဲကို မကြာခဏ လှမ်းကြည့်ပြုံးပြကာ စကားပြောကြည့်တော့လည်း အလိုလိုက်၊ နား လည်ပေးခြင်းတွေက သိသာသည်။

"မင်းကို ကိုယ် ဇွတ်ကြီး လက်မထပ်ပါဘူး၊ စိတ်မညစ်နဲ့နော်"

လည်ဆွဲ မျက်နှာလေးကို သူ အကဲခတ်နိုင်သည်။ စေ့စပ်ပြီး ပြန်ကြတော့ ပြုံး၍ ကပ်ပြောသွား၏။

ဒေါ်သန္တာကတော့ သိပ်မကျေနပ်ချင်။ အစကတည်းက လည်ဆွဲ ကို ယုယနေကြတာကို သဝန်တိုချင်မိသူ။

အခုတစ်ခါ တခမ်းတနား စေ့စပ်ဦးမည်ဆိုတော့ ကွယ်ရာမှာ နှုတ်ခမ်းမဲ့၏။

"ငါ့အိမ်မှာ စေ့စပ်ပွဲမည်ရုံကလေး လုပ်တာ"

ဟု ပြောခဲ့သေးသည်။

လည်ဆွဲမှာတော့ နောက်နေ့မှာ ဆက်တိုက်ကြီးပြင်ဖို့ ဆင်ဖို့တွေ ရှိနေသဖြင့် စိတ်ညစ်နေရ၏။ တကယ်တမ်းကျတော့ ပို၍ စိတ်ညစ် ရပါသည်။

ဒီစေ့စပ်ပွဲဟာ သူမ သဘောတူနှစ်သက်၍ လုပ်ခဲ့ရတာ မဟုတ် ဘဲ မကြည်ဖြူသော ဒေါ်သန္တာတို့သားအမိနှင့် မချစ်ဘဲစေ့စပ်ရမည့် ကျော်သက်လွင်တို့ လူစုကြားမှာ ဘယ်ဘက်ကို တိုးကြည့်လို့မှ ရင်အေး စရာမရှိ။

"မပြီးသေးဘူးလား ဆရာမကလဲ"

နာရီတကြည့်ကြည့်နှင့် ချိုက နှုတ်ခမ်းစူနေ၏။

"ဟော့ သိပ်ကြီးကြီးကျယ်ကျယ် လုပ်ဖို့ မလိုပါဘူး၊ အောင်ရုံဆို ပြီ၊ ဒါ စေ့စပ်ပွဲပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သန္တာက လက်လက်တောက်နေသည့် ပါတိတ်တရွှမ်းရွှမ်းနှင့် ပုဝါကို ကျကျနနခြုံလျက် အခန်းဝကနေ လှမ်းအော်သည်။

ဆရာမက အခြောက်မဟုတ်ပါ။ သူမကိုယ်သူမလည်း တော်တော်လေးလှအောင် ပြင်ထားသည့် အရွယ်တော်အမျိုးသမီးပဲ ဖြစ်၏။ သူမက ထိုသားအမိဖြစ်နေပုံကို အံ့သြသလိုကြည့်၍ ခေါင်းညိတ်သည်။ မိသားစုအခြေအနေအရ သူမ ပြင်ပေးနေသည့် မိန်းကလေးနှင့် ဘယ်လိုနည်းနှင့်မှ သားအမိ မတော်နိုင်မှန်းလည်း တွက်မိပုံရပြီး…

"ဟုတ်ကဲ့ မြန်နေပါတယ်ရှင်၊ မြန်လို့မရတာလေးလောက်တော့ အနစိတ်ရပါတယ်။ ပြီးတော့ သတို့သားလောင်းဘက်က သေသေချာချာ မှာထားလို့ပါ။ သူတို့ပေးထားတဲ့ဝတ်စုံနဲ့ ရတနာအရောင်တွေက မိတ်ကပ်ရောင် ချရတာခက်တယ်"

သားရှင်ဘက်က ဆန္ဒကို တမင်ထည့်ပြောပေးလိုက်သည်။ တကယ်ဆို သူမကို မိန်းကလေးအတွက်ပြင်ပေးဖို့ မှာထားတာက ဒေါ်မေယုပဲ ဖြစ်သည်။ ဒီအိမ်က မိသားစုဝင်တွေ မပါ။ ထို့ကြောင့် သူမ၏ လုပ်ပိုင်ခွင့်အတိုင်း ပြောတော့ ပြောရမည်သာ။

ဒေါ်သန္တာ မကျေမနပ်နှင့် လှည့်ထွက်သွားသည်။ ချိုကတော့ အထဲကို တည့်တည့်ဝင်လာပြီး မျက်တောင်တွေကို အရောင်တင်တော့မည့် ဆရာမလက်တွေကို ဖမ်းဆုပ်ထားလိုက်ပြီး …

"ဒီလောက် မလိုပါဘူး၊ လှပြီးသားပဲဟာ"

မလှစေချင်ပါ။ မလှစေချင်လို့လည်း ဒီအိမ် စရောက်ကတည်းက သနပ်ခါး၊ မိတ်ကပ် ဘာဆိုဘာမှ မလိမ်းစေခဲ့ခြင်း ဖြစ်သည်။ ဆရာမမျက်နှာ တင်းသွားပြီး လက်ကို ပြန်ရုန်း၏။ ခါးမတ်မတ် ရပ်လိုက်ကာ …

"ကျွန်မအလုပ်ကိုတော့ ကျေးဇူးပြုပြီး ဝင်မစွက်ပါနဲ့ရှင်၊ ကျွန်မ





အလုပ်က သူ့ လှသထက်လှအောင် ပြင်ပေးဖို့ပါ။ ရုပ်ဆိုးသွားအောင် ဘာမှမလုပ်ဘူး။ ကျွန်မပြင်ပေးတဲ့လူ လှမှ ကျွန်မထမင်းအိုး မြဲမှာပဲ"

ကိုယ့်သောကကိုပင် လည်ဆွဲ မေ့သွား၏။ မိတ်ကပ်ဆရာမနှင့် မမမျက်နှာကို အရှေ့မှာထိုင်လျက်နှင့် နားမလည်စွာ မော့ကြည့်နေမိသည်။

နားလည်သွားသည်က စိတ်ညစ်စရာကောင်းလွန်းသော သူမ၏ဘဝ။

ဒီလူကို မယူစေချင်ဘဲ ဘာဖြစ်လို့ စေ့စပ်ပေးကြတာလဲ။ ခုတော့ သူတို့ မကြည်ဖြူဘဲ လည်ဆွဲက ကိုယ့်သဘောနဲ့ကိုယ် လုပ်လိုက်သလိုလို။ တစ်ဖက်က ဖိအားတစ်ခုခုကြောင့်ပဲ ပေးလိုက်ရသလိုလို။

မမချိုကရော…။ သူမဟာ ကိုကို့ချစ်သူ၊ ကိုကို့ကို လည်ဆွဲနဲ့ မချစ်စေချင်သူ။ ကိုကိုကျော်နဲ့ စေ့စပ်တာကို ဘာဖြစ်လို့ မကြိုက်တာလဲ။ လည်ဆွဲက ဒီလူတွေကြားထဲမှာ ပြုံးရမှာလား၊ မဲ့ရမှာလား။

"တက် မြန်မြန်၊ ဟိုရောက်ရင် ငိုချင်ပက်ကျိဖြစ်နေတဲ့ မျက်နှာကြီးနဲ့ ရွှဲပြမနေနဲ့"

ရယ်ချင်ပက်ကျိပဲ ကြားဖူးပါသည်။ ပြောချင်လွန်းလို့ စကားတွေ ခလုတ်တိုက်ကုန်သည့် ထင်၏။

ပြီးတော့ မမချို ပြောတာကို လည်ဆွဲ နားမလည်။ ကားပေါ်ကို တွန်းထိုးတင်လိုက်သည်မို့ တက်လိုက်ရသည်။ ဘယ်မျက်နှာကြည့်ကြည့် လည်ဆွဲကို ရန်လိုဒေါသများနှင့် ကြည့်လျက်။

မိုးပြာရောင်ဖျော့ကျနေသော အပြောင်သားပျော့ပျော့နှင့် ပန်းဖောက်ဇာ အဖြူအနားကွပ်ပါသည့် စကတ်ထမီလေးအကျပ်လေးက ဒေါ်မေယုကိုယ်တိုင် 'ဒါလေးဝတ်ခဲ့ပါ' ဆိုပြီး အလှပြင်ဆရာမနှင့် ထည့်ပို့လိုက်တာဖြစ်သည်။

ပြီးတော့ စိန်နှင့်နီလာရောနေသော လည် ကုံးနှင့်ထပ်၊ လက်



www.burmeseclassic.com

www.burmeseclassic.com



ကောက်တွေ၊ လက်စွပ်တွေအားလုံးနှင့် စုသိမ်းထားသည့် ဆံပင်တွေမှာ ပတ်ခွေထားသော စိန်တန်းကအစ ဝတ်စုံနှင့် လိုက်ဖက်သည်။

လည်ဆွဲကို ချိုက မှန်ထဲကနေ စူးစိုက်ကြည့်ပြီး တစ်ဖက်လှည့်ပစ်လိုက်၏။ မနေ့က အိမ်မှာ လူအနည်းအပါးနှင့်စေ့စပ်ကြတော့လည်း လည်ဆွဲဆီမှာ ကိုကိုကျော့်မျက်လုံးတွေက မြတ်မြတ်နိုးနိုးပြီးတော့ ပြန့်ခါနီးမှာ ဘာတွေ ကပ်ပြောသွားသည်မသိ။ အလွန် အလိုလိုက်ချင်သော အပြုံးတို့မှာ ကြင်နာလိုခြင်းတို့ သိပ်သည်းလျက်။

ဒီနေ့ ဒီလောက်လှနေသည့် လည်ဆွဲကို မြင်လျှင် ဘယ်လိုနေမလဲ။ ထို့ပြင် ဆေးရုံတစ်ရုံလုံးက ထင်ယောင်ထင်မှားဖြစ်ကုန်ကြသည့်ကိစ္စ။ ဘယ်မှပေးမထွက်နိုင်းခဲ့သည့် လည်ဆွဲကို အိမ်မှာနေတာလူ သိပ်မသိကြပေ။ စေ့စပ်မည့်သတင်းထွက်လာတော့ သူမ စေ့စပ်မည်ထင်ကာ ဖုန်းဆက်မေးကြ၊ ခနဲ့ကြ၊ စကြနှင့် …။

"ဘယ်လိုလဲ၊ ဘယ်သူနဲ့လဲ၊ လာလာကြိုတဲ့ ဟိုချောချော တစ်ယောက်နဲ့လား"

"ရှိလိုက်တာ ချိုရယ်၊ ဖိတ်ဖိတ် မဖိတ်ဖိတ် ဆေးရုံကို ရောက်တာနဲ့ ကျွေးရမှာပဲ"

စသဖြင့် အလိုက်ကန်းဆိုးမသိသည့် ဖုန်းတွေ …။ အလုပ်ပြန်ဆင်းလို့ တွေ့ကြရင် ဘယ်လိုရှင်းမလဲ။ စက်နဲ့လည်း ရှေ့ဆက် ဘာမှဆုံးစည်းဖို့မရှိတော့အပြင် ကိုကိုကျော်ကလည်း သူမနဲ့မဟုတ်။

"ခဏ၊ ခဏရပ်စမ်း ဖိုးညို"

ကားက အရှိန်သတ်ပြီး ရပ်တန့်သွား၏။

"မာမီက ဘာလုပ်မလို့လဲ"

လက်ကိုင်အိတ်က ဝတ်ထားတာနဲ့ အရောင်မတူတာကို မာမီ ညည်းညူနေတာ အိမ်မှာ ကြားသည်။ ခုလည်း စတိုးဆိုင်ကြီးရှေ့မှာ





ရပ်ခိုင်းသဖြင့် လက်ကိုင်အိတ်ဆင်းရွေးမလို့ဆိုတာ ချို သိသည်။ စိတ်ညစ်ရသည့်အထဲ ဘာကိုမှ စိတ်မရှည်ချင်၊ သိလျက်နှင့် မေးတာဖြစ်၏။

"လက်ကိုင်အိတ်လဲမလို့ပေါ့၊ ခဏပဲ"

ဒေါ်သန္တာကလည်း ခပ်ဆောင့်ဆောင့်အော်ပြီး ဆင်းသွား၏။ ထိုစဉ် ချို့လက်ကိုင်အိတ်ထဲက ဖုန်းလေးက ထမြည်လာသည်။

"ဟဲလို"

"ချိုလား၊ လည်ဆွဲကို ဖုန်းခဏပေးလိုက်စမ်းပါ"

စက်လေသံက စေတစ်လုံးပိုင်ရှင်၏ ညွှန်ကြားနေပုံမျိုး …။

"ဒီမှာ …"

"ချို၊ တို့ မင်းနဲ့ ပြောချင်တာမဟုတ်ဘူး၊ ဖုန်းဆက်တာ လုံးဝ မရလို့ မင်းရဲ့လက်ကိုင်ဖုန်းကို ဆက်တာ၊ လူကြီးလူကောင်းပီပီသသ သဘောထားလို့ မရဘူးလား"

"အခု စေ့စပ်ဖို့သွားနေတာ"

"တို့ မြင်တယ်၊ ဖုန်း ခဏပေးလိုက်ပါ"

မြင်တယ်ဆိုပါလား။ ဖုန်းနားထောင်ရင်း ဟိုကြည့်ဒီကြည့် ဖြစ်သွားသည်။ ရှေ့နောက်ဝဲယာမှာတော့ စက်၏ ကားကို မတွေ့။ ချိုနှုတ်ခမ်းလေးကိုက်၍ လည်ဆွဲကို ငုံ့ကြည့်သည်။ လည်ဆွဲကတော့ ကော့နက်ရှည်လျားသော မျက်တောင်တို့ကို စိုက်ချထားလျက် ခြေချားကလေးကို ပြန်ကြည့်နေသည်။ မျက်ဝန်းတို့က ထပ်တူရှိမနေဘဲ အသိမဲ့နေသော အရုပ်ကလေးလို ဖြစ်နေသည်။

"ရှော့"

"ရှင် မမ"

မျက်နှာရှေ့ကို ဖုန်းထိုးပေးလိုက်သဖြင့် ဆတ်ခနဲ မတ်သွားသော ချို့ကို ဘာမှန်းမသိလိုက်သည့် မျက်နှာနှင့် မော့ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ယူလေ"

ဘာမှမပြောသော်လည်း နားထောင်နိုင်းမှန်းသိသောကြောင့် လည်ဆွဲ ယောင်နနလေးနှင့် နားမှာ ကပ်လိုက်၏။

"ဟဲလို၊ ဘယ်သူ"

"ကိုကို"

"ဟင် .. ကို .."

"မခေါ်နဲ့၊ မင်း ကိုယ့်ကို ဘာမှမပြောနဲ့၊ ကိုယ်ပြောတာကို နား ထောင်၊ နားထောင်ပြီးတဲ့စကားကို အသက်နဲ့လဲ ကာကွယ်"

လည်ဆွဲ မျက်လုံးလေးပြူးလျက် မျက်ဝန်းတို့သည် ချို့ဆီ မရောက်ပေမယ့် မလုံမလဲဝေ့ကြည့်နေတာကို သိသည်။

စက် ဘာတွေပြောနေသလဲ။ ရင်ထဲမှာ နာသည်။ မုန်း၏။ သို့ သော် လည်ဆွဲကို ဘာမှ ပြန်မေးမရခဲ့ပေ။

"သူ ဘာတွေ ပြောနေမှန်းမသိဘူး"

ဟု မရေမရာပြန်ဖြေတော့ ဒေါသကို ဘယ်လိုမှ ထိန်းမရနိုင် အိမ်မှာသာဆို သင်း နာပြီ။ ထို့နေ့ နေ့လည်မှာ ဖုန်းထပ်ရောက်လာ တော့…

"ချို၊ မင်း ခဏလေးထွက်ခဲ့ပါ၊ မင်းကို ပြောသွားချင်လို့"

"ဟင်…"

ဖုန်းကိုင်လိုက်သည်နှင့် ချို နားထောင်ပြီး ကြောင်တောင်တောင် ဖြစ်သွားသည်။

"ရှင် လာပြန်ပြီလား၊ ရှင် တော်တော်လူပါးဝနေပါလားဟင်၊ ဒီနား မှာ လည်ဆွဲကို ရဖို့ လှည့်ပတ်ပြီး မြေခွေးချောင်းချောင်းနေတာလား"

"လူလို ရပ်နေတာပါ၊ အဲဒီလို မင်းစော်ကားမှာကိုသိလို့ ခိုးကြောင် ခိုးဝှက် ခေါ်ထုတ်မသွားဘဲ နေတာ၊ ရတယ်၊ မင်း ဆင်းမလာချင်ရင် လှမ်းကြည့်လိုက်လေ၊ လည်ဆွဲက ကိုယ့်ဘေးမှာ"





"ဘာ ..."

ချို ဝုန်းခနဲ ထရပ်လိုက်မိသည်။ အပေါ်ထပ်ဧည့်ခန်းကနေ တောက်လျှောက်ပြေးဆင်းခဲ့မိ၏။ အောက်ထပ်ဧည့်ခန်းက ခေါင်းရင်း ဘက်မှာ ကပ်ထားတာမို့ ခြံရှေ့တည့်တည့်ကို မမြင်ရပါ။

ထို့ကြောင့် တံခါးဝမှ ခြံထဲသို့ ရောက်လာသည်။ စက်က ဖုန်းကိုင် လျက် ပြုံးနေသည်။ ပီကေဝါးရင်း ပြုံးနေခြင်းက မဲ့ရွဲ့လှောင်ပြောင် နေသလိုပင်။ သူ ကျောကပ်ရပ်နေသော တံခါးအတွင်းမှာ လည်ဆွဲက ထိုင်နေပြီ။

"လည်ဆွဲ၊ လည်ဆွဲ၊ နင် အခု ဆင်းခဲ့စမ်း၊ စေ့စပ်ထားခဲ့တာ လူသိရှင်ကြားနော်၊ လူကြီးတွေကို မျက်နှာပျက်အောင် မလုပ်နဲ့"

လည်ဆွဲက ခေါင်းမညိတ်၊ ခေါင်းမခါဘဲ အားတင်းထားသည့် မျက်နှာလေးနှင့် ငေးကြည့်နေသည်။

"စေ့စပ်တာ လက်ထပ်တာမှ မဟုတ်တာ၊ သူ့မှာ ရွေးချယ်ခွင့် ရှိသေးတယ် ချို၊ အခု သူ့ကို တို့ခေါ်သွားတော့မယ်၊ မင်းရှေ့မှာနော်၊ တို့က မျက်နှာမပူတတ်ဘူး၊ မင်းလဲ မျက်နှာမပူတတ်ရင် ဆေးရုံမှာ ကြေညာလိုက်ပါ၊ ငါ့အိမ်က ညီမဝမ်းကွဲကို မင်းရက်စက် ခိုးသွားပြီလို့"

"တောက်"

"ဒေါသနည်းနည်းလျှော့ဦး၊ ပြောစရာကျန်သေးတယ်၊ တို့က လောဘကြီးတဲ့ မိန်းမတွေကို မုန်းတယ်၊ ယောကျ်ားတစ်ယောက်ကို ချောမှ၊ ထောမှရွေးချင်တာမျိုး၊ ဒါတွေပြည့်စုံတော့လဲ အရည်အချင်း ပြည့်ဝစေချင်တာမျိုး"

စက်က ဟန်းဖုန်းကို ဘောင်းဘီအိတ်ထဲ ပြန်ထည့်ပြီး ကားကို မှီရာကနေ တံတောင်နှင့်ထောက်၍ ချိုနဲ့နီးအောင် ကိုယ်ကို မော်သည်။

"တို့က မလိုချင်ရင်ပေးချင်တယ်၊ တောင်းတာမပြိုက်ဘူး၊ တို့

www.burmeseclassic.com



လူတော်လူတတ်ကြီးဖြစ်နေလဲ လူတော်လူကောင်းလို့ချင်တဲ့ မိန်းမရှေ့မှာ အသုံးမကျတဲ့ကောင် ဖြစ်ပြလိုက်ချင်တာ။ မင်းနဲ့ တို့ရဲ့ ရည်နှောင်မှုကို အစကတည်းက တို့ဘက်က ဖြုတ်ချပစ်ခဲ့ပြီးသား၊ ငါ့ရဲ့နှစ်ကောင်ဖမ်းတယ်လို့ မင်းပြောရဲရင် ပြောပေါ့ နားထောင်စရာ မရှိပါဘူး။ တို့က နှစ်ကောင် သုံးကောင် တစ်ခါတည်း ဖမ်းတတ်တဲ့ အကျင့်လဲ ရှိတာပဲ၊ ပြောပြတာ”

ဆိုပြီး သူ ကားပေါ်တက်သွားသည်။ တစ်ချက်မှ ပြန်မကြည့်ဘဲ မောင်းထွက်သွားလေသည်။

ချို မျက်ရည်တွေ ဝေ့တက်လာ၏။ ဘာဖြစ်လို့ ဝေ့သည့် မျက်ရည်မှန်းလည်း မသိ။ သူမဘဝက ဘာလဲ၊ သူ ယုတ်မာတာ၊ ကိုယ် ယုတ်မာသလို ဖြစ်နေခဲ့သည်။ သူ မရှက်တတ်တာကို ကိုယ်က မဖော်ရဲတဲ့ အဖြစ်လား။

ရှက်စရာကောင်းလိုက်တာ။ ကိုယ်က ချစ်တဲ့သူ၊ ကိုယ့်ကို ချစ်တယ်လို့ ပြောပြီး နမ်းခဲ့ဖူးသူ၊ ဒါပေမယ့် ကိုယ့်ကိုတော့ နှစ်ခွန်းတည်း ပြောခဲ့တာတဲ့။ လည်ဆွဲကို သုံးခွန်းနှင့် အနိုင်ပိုင်းပြီး သိမ်းယူသွားသည်။ ကိုယ့်မှာ အကြောက်အကန် ခွဲထားပြန်လျှင်လည်း သူ့ကို မက်မောနေ၍ သဝန်တိုသည့်အဖြစ်မျိုးနှင့် နောက်ထပ်အရှက်ကွဲရဦးမည်။ သူက ဒီလိုဖြစ်အောင် သက်သက် ခေါ်ပြသွားတာ ...။

ထိုစဉ် ကိုင်ထားဆဲဖုန်းက မြည်လာ၏။ သူပဲဆိုတာ ချက်ချင်း သိလိုက်သည်။ နားမှာကပ်လိုက်သည်နှင့် ...

“မင်းတို့သားအမိ တို့နဲ့လည်ဆွဲ မကွဲကွဲအောင် ကြိုးစားခဲ့တာ မို့လား၊ မင်းရဲ့အမေ ဖြစ်စေချင်နေတာ တို့ဘက်က မဖြစ်နိုင်ဘူး၊ အဲဒီ စိတ်မကောင်းပါဘူး၊ မင်းတို့ပြောသလို လည်ဆွဲက မှိဘမဲ့ တစ်ကောင်ကြွက်ပဲ၊ လွှတ်လွှတ်ကျွတ်ကျွတ် ပေးထွက်လိုက်စေချင်တယ်၊ ဒါပါပဲ





လည်ဆွဲ ဘယ်ရောက်သွားမှန်းမသိဘူးလို့ သတ်မှတ်ပေးလိုက်ရင် အားလုံး ငြိမ်းချမ်းသွားနိုင်တယ်”

ပြောချင်တာပြောပြီး ဖုန်းချသွားသည်။ သူ ပြောကာ ဘာလဲ။ ချို့တို့သားအမိကပဲ သူ့ကို မဟားတရားလိုချင်မက်မောနေကြသလိုလို၊ တစ်ချို့တစ်လေသော စိတ်ကူးတို့ရှိခဲ့မိသဖြင့် ရှက်ရွံ့စွာ ခံစားမိခဲ့သည်။

ချို မက်မောခဲ့တာ သူ့အချစ်ကိုပါ။ အရည်အချင်းတွေ၊ စည်းစိမ် ဥစ္စာတွေကြောင့်လည်း မဟုတ်။ မာမီကလည်း ချို စိတ်ဝင်စားနေတာကို ငဲ့တာပဲဖြစ်၏။ ဒါကိုသူက သူသိနေတာကိုပြောပြီး ခြိမ်းခြောက်သွားသည်။

လည်ဆွဲကို မင်းရက်စက် မရမက ခိုးယူသွားသည် ဘာညာများ ချို့တို့က ပြဿနာရှာမိလျှင် သူက ‘သူ့သမီးကိုမကြိုက်လို့ သက်သက်ညစ်တာ’ လို့များ တုံ့ပြန်ကလဲ့စားချေဦးမလားမသိ။ သို့ဆိုလျှင် သူနဲ့ချို တွဲနေခဲ့တာ၊ အိမ်မှာ မာမီကိုယ်တိုင် ဝင်ထွက်ရင်းနှီးခွင့်ပေးထားတာ အားလုံးကြောင့် သိနေကြသော ပတ်ဝန်းကျင်က သူ ပြောသလိုပဲ ထင်တော့မည်။

ဒါဆို မင်းရက်စက်နဲ့ လည်ဆွဲ ပါသွားတယ်ဆိုတာကို လူ မသိစေမှသာ...။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၉)

"မင်း ဘယ်လျှောက်သွားနေတာလဲ စက်၊ ကိုယ့်အဖေ နေထိုင်မကောင်းတာကော သိရဲ့လား"

အိမ်ထဲ ဝင်လိုက်သည်နှင့် ဦးဆက်နေက မျက်မှောင်ကုတ်နှင့် လှမ်းဆူသည်။

"မင်းလဲ နေမကောင်းဘဲနဲ့ သားအဖနှစ်ယောက်ကို ကြည့်ပေးဖို့ ဆရာဝန်ကလာတော့ မင်းကမရှိဘူး၊ ပြောပါဦး၊ နလံမထနိုင်သေးဘဲ ဘယ်လျှောက်သွားနေတာလဲ"

"ထနေပါပြီ ဒယ်ဒီ"

"ဘာကွ"

"နလံထတာလေ၊ ဒယ်ဒီက လူကြီးဆိုတော့ အရှိန်ကျန်နေတာပါ၊ ကျွန်တော်က ကောင်းသွားပြီ"

စကားပြောတာ သူ့မျက်နှာကို မကြည့်။ စိတ်ရှုပ်သလို မျက်နှာ တွန့်လျက် ရှေ့မှာဝင်ထိုင်လိုက်သော စက်မျက်နှာကို ဦးဆက်နေက သေချာကြည့်၏။

စက်ဟာ လူပုံကသာ မာကျောကျောပုံစံနှင့် ငယ်ငယ်ကတည်းက ခုထိ မပြောင်းလဲစွာ ဖျားတတ်ခြင်းကတော့ စိတ်မကောင်းစရာပါ။ ငယ်ငယ်ကတော့ ဖျားပြီဆို အကြီးအကျယ်၊ လဲပြီဆို တစ်ပတ်ဆယ်ရက်လောက် ကြာတတ်သည်။ ခုကျတော့ ဖျားတာက ဝတ္တရားကျေပေမယ့် လူက လူမမာလိုမနေတော့ပေ။ ကိုယ်ပူလျက်နှင့် ဟိုသွားမယ်၊ ဒီသွားမယ် လုပ်လိုလုပ်။ နှစ်ရက်လောက် အိပ်ရာထဲမှာနေရပြီဆို ညည်းညူရှုံ့မဲ့လျက်။ ဘယ်လိုမှနာလန်မထူနိုင်အောင် ကိုက်ခဲနာကျင်နေတာတောင် ခေါင်းမှာ ပလာစတာကပ်၍ ထွက်သည်။ ဆေးသောက်ပြီးပြီ ဒယ်ဒီလို့ ညာပြီးထွက်၏။

သားအဖဆုံဖြစ်ကြတာလည်း တစ်ယောက်ဖျားနာမှပဲ ဖြစ်ကာ ခုကျတော့ နှစ်ယောက်စလုံး ဖျားနေကြသည်။ စက်က တာဝန်ကျေသည့်အဖျားမို့ မထူးဆန်းသော်လည်း သူ့မှာ ဖျားလည်း ဖျားခဲပါသည်။ များပြားစွာ ပြန့်ပွားထားသည့် စီးပွားရေးလုပ်ငန်းများနှင့်မို့ လူမမာကြီးလုပ်နေဖို့ကလည်း မဖြစ်နိုင်။

သားဖြစ်သူကိုလည်း ဘယ်တုန်းကမှ လာကြည့်ပါလား၊ လုပ်ပါလားနှင့် မဖြစ်မနေ ခေါ်သွင်းခဲ့တာမျိုးမရှိတော့ ခုကျမှ သားကို 'သားရေ့ အလုပ်တွေကို တစ်လှည့်ဝင်ကြည့်ဦး' ဟု ခိုင်းလို့မရပေ။ စက်ကလည်း စိတ်ဝင်စားပုံမပြ။ ဒယ်ဒီသေသွားရင် အလုပ်တွေ ဘယ်လိုလုပ်မလဲဟု တွေးမိပုံလည်းမရ။ ခက်တာက စက်၏ စိတ်ကိုက ထူးဆန်းခဲ့တာ၊

ဒီကောင့်ကို သူ့ဆန္ဒမပါဘဲ ဘာမှ ခိုင်းလို့မရပေ။ ဒါပေမယ့်...

"ကောင်းသွားပြီဆိုရင်လဲ ပြောစရာရှိတယ်၊ နားထောင်ဦး"

ဦးဆက်နေက စကားပြန်စတော့ စက်က ဖျတ်ခနဲ မော့ကြည့်၍

"ခဏနေဦး ဒယ်ဒီ၊ အခု ခေါင်းတွေနောက်လာလို့ ပြန်လာတာ အနားဦးမယ်၊ ပြီးမှ ဒယ်ဒီနဲ့ ကျွန်တော်..."

"မရဘူးကွ၊ မင်း အနားယူတာကို ထိုင်စောင့်ပြောရအောင် ငါ ဘာလဲ လူကောင်းမဟုတ်ဘူး"




ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ထိုင်မစောင့်နဲ့လေ၊ ဒယ်ဒီလဲ နားပေါ့"

"စက်၊ မင်း ဘယ်လိုဖြစ်နေတာလဲ"

"နားချင်လို့"

စက်မျက်နှာကိုကြည့်၍ ဦးဆက်နေ မျက်နှာလည်း နည်းနည်း တော့ပြေသွား၏။ စက် တကယ်ပဲ မျက်နှာညှိုးနေတာကို အကဲခတ် မိသွား၍ပါ။ သူလည်း နေမကောင်းပါဘူး၊ ဒါပေမယ့် ပြောဖို့က ရှိနေ သည်မို့...

"ဒယ်ဒီကို မင်း သတိထားမိရဲ့လား စက်၊ ခုတလော မင်းရဲ့ ဒယ်ဒီ မူးမူးနေတယ်"

"ဒယ်ဒီက မသောက်တတ်ဘဲ ဘာလို့မူးတာလဲ"

"ကလေးကလား မမေးနဲ့ကွာ၊ ရောဂါဖြစ်ချင်လို့ မူးတာပေါ့၊ မင်း ကို အဲဒါသိစေချင်ဟာ"

သူ ကြည့်လိုက်တော့လည်း ဒယ်ဒီက နေမကောင်းဘူးသာ ပြော သည်။ အိပ်ရာမှာလဲနေတာ ဘယ်ခါမှမရှိ။ ဆေးထိုးခံတာတောင် ဆေး ဝန် ဆေးအပ်နုတ်လိုက်တာနဲ့ ဒယ်ဒီက ထထိုင်ပြီးပြီ။

"မင်းက နေမကောင်းဘူးဆိုပြီး မာမာချာချာကြီးပါလားလို့ တွေး နေတာလား"

"အဟွန်း၊ ဒယ်ဒီတော်တယ်"

"အံမာ၊ ဖအေကို သူက"

ဦးဆက်နေက ဆိုဖာပေါ်ကနေထ၍ ကွန်ပျူတာခုံရှေ့က တစ်အုပ်ကို ယူလိုက်သည်။ ပြီးမှ စက်နှင့်ဘေးချင်းကပ်မှာ လာထိုင် လိုက်သည်။

"ဒီထဲက လယ်ဂျာတွေဟာ ကိုမိုးကျော်နဲ့ ဒယ်ဒီ အခုဆော မယ့် ကွန်ဒိုတိုက်အတွက် စရိတ်တစ်ဝက်အထိ စာရင်းအကုန်ပဲ၊ အ တွေ မင်း ဒီညကြည့်၊ ဒါမှမဟုတ် နေကောင်းရင်ကွာ"





"ဘာလုပ်ဖို့လဲ ဒယ်ဒီ"

"ဟား ... မင်းတော်တော်ခက်ပြီ စက်"

ဒယ်ဒီကလည်း ခက်နေသည်။ သူ့မှာလည်း ညပ်နေသည်။ ကိုယ့် ပြဿနာကိုတောင် ဘယ်လိုရှင်းရမှန်း မသိသေးဘဲ ...

"နှင်းရဲ့ဒယ်ဒီနဲ့ ဒယ်ဒီတို့ ဘာလုပ်ကြတာလဲ"

"ခမည်းခမက်လောင်းတွေပဲကွ၊ အစကတည်းက သိမှုးပြောမှုး တဲ့ လူတွေဆိုတော့ အခု ပူးပေါင်းလိုက်ကြတဲ့သဘောပဲ၊ မင်းကရော ကိုယ်နဲ့စေ့စပ်ထားတဲ့ မိန်းကလေးရယ်လို့ ဘယ်နှခေါက်သွားဖူးလဲ"

"သွားပါတယ်"

"ဘယ်ကိုလဲ"

"နှင်းဆီကို ကျွန်တော် သွားပါတယ် ဒယ်ဒီ၊ သူနဲ့ကျွန်တော်က လည်း လေပေးသိပ်တည့်တာ မဟုတ်ဘူး၊ စကားစတာနဲ့ ရန်ဖြစ်ရတာ"

"စက်၊ အဲဒီမိန်းကလေးကို လိုချင်လှချည်ရဲ့လို့ လက်ညှိုးထိုးခဲ့ တာ မင်းနော်၊ ဒယ်ဒီက ပါဝါတွေသုံးပြီး စေ့စပ်ခိုင်းတာမဟုတ်ဘူး"

"ဟုတ်ပါတယ်"

"အခု သဘောမကျပြန်ဘူးလား"

"ကျပါတယ်"

"မင်း ဘာဖြစ်နေတာလဲ"

"ခေါင်းမကြည်လို့ပါဆို"

"ကဲ ... ဒါဖြင့်လဲ သွားနားကွာ၊ သွား၊ မပြောတော့ဘူး၊ အဲဒါကို တော့ ယူသွား၊ ကြည့်ချင်တဲ့စိတ်ကူးရှိရင်တော့ လှန်ကြည့်ပေါ့၊ ကိုမိုး ကျော်က ပြောတယ်၊ သူ အောင်မြင်နေတဲ့ ကွန်စထရက်ရှင်တွေကို မင်းကို လွှဲပေးချင်တယ် တဲ့၊ သူက ဒယ်ဒီထက် ပိုဆိုးတယ်၊ ရှင်းချပ် သမား"

စက်က မျက်နှာမဲ့ဘဲနှင့် ထရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်သွားတာလဲ"

"ဒယ်ဒီပဲ သွားနားဆို"

"မဟုတ်ဘူး၊ မင်းပုံစံက ပြောင်းလဲသွားသလိုပဲ၊ ဘာလဲ၊ ငွေနှင်းစက်ကို သဘောမကျတာ တွေ့လာလို့လား"

စက်က ခေါင်းခါလိုက်၏။

"စက်နော်၊ ချစ်သူတွေဘာတွေ ထပ်တွေ့နေရင်လဲ ပြော၊ မအီမလည်နဲ့ ယောကျ်ားဖြစ်ပြီးတော့၊ မင်းကို ဘယ်သူကမှ ရိုက်နှက် ပေးစားသွားမှာ မဟုတ်ဘူး၊ မလွန်မကျွံခင် ပြန်ဆုတ်ရင် ပြဿနာ သိပ်မရှိဘူး"

စက်က ဘာမှမပြောတော့ဘဲ ဒယ်ဒီ ယူသွားနိုင်းသည့်ဖိုင်ကို ကောက်ယူ၍ ထွက်လာခဲ့သည်။ မလွန်မကျွံခင်ပြောဟု ဒယ်ဒီက မေးနေပြီ။ သူ ဘာပြောရမလဲ။

တစ်သက်လုံးက မရှိခဲ့ဖူးသည့် မိန်းမယူဖို့ လက်ထပ်ဖို့ စိတ်ကူးတွေ သူ ကူးခဲ့သည်။ စိတ်ကူးရုံမဟုတ်ဘဲ တစ်ထိုင်တည်း ဆုံးဖြတ်ပြီး တစ်ခါတည်းပဲ ဖေစပ်ခဲ့ပြီးပြီ။ ခုကျမှ သူ့စိတ်ထဲမှာ ကသိကအောင့်ကြီး ဘာဖြစ်လို့ ဖြစ်နေတာလဲ။

လည်ဆွဲကို သူ ချစ်သလား။ ချစ်လို့ လက်ထပ်ခဲ့တာလား၊ မသေချာပါ။ မချစ်ခဲ့ဘူးဆိုသည့် အဖြေကိုတော့ သူမတွေးခဲ့ဖူးပေ။ အဘယ့်ကြောင့်ဆိုသော် လည်ဆွဲအပေါ် အိပ်မက်ခဲ့မိသည့်စိတ်မျိုး သူ ဘယ်မိန်းကလေးအပေါ်မှာမှ မဖြစ်ခဲ့ဖူးတာ သေချာနေ၏။

အများသူငါလိုပဲ လည်ဆွဲဟာ သူ့ရှေ့မှာ အလဲလဲအကွဲကွဲ ညွှတ်ကျ ပြုံဆင်းပေးခဲ့သော ပန်းကလေးပဲဖြစ်၏။ ဒါပေမယ့် အခြား မိန်းကလေးတွေကိုသာ အထင်မကြီးနိုင်သည့် မျက်လုံးနှင့် ကြည့်မိခဲ့သည်။ ချစ်လိုက်၊ မုန်းလိုက်၊ လမ်းခွဲတယ်ဆိုတာ လမ်းဆုံတစ်ခုမှ မိတ်ဆေ





တစ်ယောက်နှင့် နှုတ်ဆက်ပြီး လမ်းခွဲထွက်ခဲ့ရတာထက် ပိုမို ခံစားခဲ့ရတာမရှိ။

လည်ဆွဲကို သူ လွယ်လွယ်ကူကူပဲ ချစ်ခွင့်ရခဲ့တာပါ။ ဒါပေမယ့် ဆုံးရှုံးမခံနိုင်ဘဲ ဖြစ်နေသည်။ အထူးသဖြင့် ချို ကြည့်သော မျက်လုံးများကို မခံနိုင်။ 'ငါ မမှားဘူး' ဆိုသည့်မာန သူ့မှာ ရှိသည်။

လူယုတ်မာ ဆိုတာ ဘာလဲ။ 'ရရင်ယူမှာပဲ' ဆိုတဲ့စကားပြောတာ လူယုတ်မာလား။ အချစ်ကို စားပြတိုက်ယူလို့ရသလား။ သူ ပေးမှ ကိုယ်ရတဲ့ကိစ္စ။ ကိုယ်ဟာ လူကောင်းမဟုတ်ဘူးလို့ ထင်ရင် လှည့်ပြန်သွားလို့ ရသည်။ နှုတ်ဆက်ဖို့တောင် မလိုဘူးလေ။ ကိုယ်လည်း မချစ်ရင် ဆော်ရီးလို့ ပြောဖို့ အားနာတတ်သူမဟုတ်။

ဒါတွေကြောင့် သူ နာမည်ပျက်ခဲ့သည်။ အချစ်ကို ဘဝလမ်းခရီးမှာ သူမှား ကိုယ်မိုက်၊ မဆင်မခြင် လွန်ကျွံခဲ့ဖူးသည်။ ဒါကျတော့ အချစ်နဲ့တဏှာက တခြားစီလို့ သူ သတ်မှတ်၏။ အမြဲတမ်း သူ့အတွက် သေချာနေခဲ့တာက လက်ထပ်ဖို့ကို ဘယ်လိုမှ စိတ်မဝင်စားခြင်းပင်။ မိန်းမတစ်ယောက်ကို ပိုင်ဆိုင်လိုစိတ် သူ့မှာ မဖြစ်ခဲ့ဖူးတာ တစ်လျှောက်လုံး သေချာနေခဲ့ပြီးမှ...

"ဟူး..."

မွေ့ရာပေါ်မှာ ခြေပစ်လက်ပစ် လှဲချလိုက်မိသည်။ လည်ဆွဲကို သူ ပိုင်ဆိုင်သော ရန်ကုန်နှင့်မဝေးသည့်နေရာမှာ ထားပစ်ခဲ့သည်။ မိန်းမယူတော့မယ်ဆိုသည့် စိတ်ကူးကို ဘယ်လိုမှ မကူးမိခဲ့သမျှ 'ငါ မိန်းမ ခိုးခဲ့ပြီ' ဟု စိတ်ဒုန်းဒုန်းချကြည့်တာ ရင်ထဲမှာ ပူနေသည်။

လည်ဆွဲနဲ့သူ သေတပန်သက်တစ်ဆုံး ပေါင်းရတော့မှာဖြစ်သည်။ လည်ဆွဲကို မြတ်မြတ်နိုးနိုးချစ်မှ ဒါက ဖြစ်နိုင်မည်။

လည်ဆွဲကို ငါ ချစ်နေခဲ့သလား၊ ခုကျမှ တွေဝေနေတာ ငါ ဘာရားရဲ့လား။ စိတ်တို့ဟာ လူကောင်းဖြစ်သွားလိုက်၊ လူဆိုးဖြစ်ချင်



www.burmeseclassic.com

www.burmeseclassic.com



လာလိုက်၊ တရားခြင်း၊ မတရားခြင်းနှစ်ဖက်မှ မထိန်းနိုင်၊ မယိမ်းနိုင်ဖြစ်နေခဲ့လေသည်။

ရင်ထဲမှာ လောလောဆယ်ရှိနေတာက ချစ်တာ၊ မချစ်တာကြောင့်မဟုတ်ဘဲ မိန်းမယူလိုက်သည်ဆိုသော အဖြစ်ကို လက်ခံ မရခြင်းဖြစ်သည်။ မိန်းမယူလိုက်ခြင်း၏ နောက်က မလွတ်လပ်သော ချည်နှောင်လာနိုင်သမျှ အရှုပ်အထွေးများနှင့် ပတ်သက်သော၊ မရေရာသောအဖြစ်တို့ကို ဘယ်တုန်းကမှ သေချာမတွေးခဲ့ဘဲ ခုကျမှ တွေးလာသည်။

ဒယ်ဒီဟာ ဒီအဖြစ်ကို သူ ဖွင့်ပြောလည်း အပြင်းအထန် အပြစ်ဆိုနေမှာတော့ မဟုတ်ပေ။ ဒါကို သူသိသည်။ ငွေနှင်းစက်နှင့် စေ့စပ်ထားတာမှန်သော်လည်း လက်ထပ်ပြီးတာမဟုတ်။ ဒီအဖြစ်ကို ဒယ်ဒီ နားလည်ဖို့တွေ ရှိသည်။ ပြီးတော့ ဒယ်ဒီဟာ သူ့အပေါ်မှာ တည်တည်တံ့တံ့ပဲ နေပေမယ့် စိတ်ကောင်းရှိသူဖြစ်သည်။ သူ့စိမ်းတွေအပေါ်မှာကော၊ အလုပ်သမားဝန်ထမ်းတွေအပေါ်မှာ ပြောစမှတ်တွင်လောက်အောင် ညာတာခဲ့၏။

ထိုစိတ်ရင်းကြောင့် ဒယ်ဒီဟာ ဒေါသကြီးတတ်ပေမယ့် တစ်ခါလွန်ဒေါသ မဖြစ်ခဲ့ဖူးပါ။ အပြောအဆိုပြတ်သားတတ်သော်လည်း ဘယ်သူ့ကိုမှ ဖိနှိပ်ပြောဆိုခဲ့တာ မရှိ။ 'စေ့စပ်ထားပြီးမှ မင်း ဒီလို လုပ်ရသလား' ဟု ဆူပူတာ ရှိချင်ရှိမည်။ ဖြစ်သင့်တဲ့အတိုင်း စီစဉ်ပေးသွားမှာပဲဖြစ်၏။ ဒါပေမယ့် သူ ဖွင့်ပြောဖို့ ဝန်လေးနေမိ၏။

'နှင်းကို ကျွန်တော် လိုချင်တယ် ဒယ်ဒီ' ဟု ပြောခဲ့တုန်းက ဒယ်ဒီက 'သေချာ ပြီလား' ဟု ခပ်တည်တည်ကြီးမေးခဲ့၏။ 'တကယ်'လို့ သူပဲ ပြောခဲ့ တာမို့မျက်နှာပူနေမိသည်။ ဒယ်ဒီကခွင့်လွှတ်ဖို့ရှိသော်လည်း ယောကျ်ားမာနနဲ့ 'မင်းပဲ အမျိုးမျိုး' ဟု အပြောမခံနိုင်။

သူကရော ဘာဖြစ်တာလဲ။ နှင်းကိုလည်း လိုချင်ခဲ့သည်။ ဒယ်ဒီ





စေ့စပ်ခိုင်းခဲ့တုန်းက လိုချင်စိတ်နဲ့ဖြစ်ပြီး လည်ဆွဲကိုကျတော့ ခွတ်တရွတ် ခိုးယူခဲ့မိတာ။

ဖုန်းဆက်ပြောနေတုန်းက လည်ဆွဲခမျာ ကြောက်ကြောက်လန့်လန့်နဲ့ပါ။

"ပြောတာကို နားထောင်၊ မင်းကို ကိုယ်လာခေါ်မယ်၊ ဘယ်သူမှ မသိအောင်မဟုတ်ဘူး။ ချို့ကို အသိပေးပြီး ခေါ်မှာ၊ သူတို့ ဖြစ်စေချင်သလို မင်း ဘယ်သူနဲ့မှ မဖြစ်ရဘူး၊ ကိုယ်နဲ့ကွဲစေချင်တာကို ရအောင် ယူမှာ၊ နားလည်လား၊ ချို့ကို ကိုယ်ဖုန်းဆက်လို့ ခြံရှေ့မှာ ကိုယ်ရောက်နေပြီဆိုတာ ကြားတာနဲ့ ရအောင်ထွက်ခဲ့"

လည်ဆွဲ တကယ်ထွက်လာရှာသည်။ ဒါပေမယ့် သူနဲ့ပါလာတော့ ဝမ်းပမ်းတနည်း ငိုခဲ့၏။

"ဘာဖြစ်လို့ ငိုတာလဲ၊ မလိုက်ချင်လို့လား"

သူ မေးတော့ ခေါင်းလေးခါပြ၏။

"လိုက်ချင်လို့ လိုက်ခဲ့တာပါ၊ ဒါ ... ဒါပေမယ့် ကိုကိုက မမနဲ့ ကေားများလို့ လည်ဆွဲကို ရွဲ့ပြီးခေါ်လာတာမို့လားဟင်၊ လည်ဆွဲကြောက်တယ်၊ ကိုကို လည်ဆွဲကို ထားခဲ့ရင် လည်ဆွဲမှာ နေစရာ မရှိဘူး ကိုကို"

လည်ဆွဲကို သူ သနားသွားမိသည်။ တကယ်တော့ လည်ဆွဲဆိုတာ သူ့အပေါ်မှာ ဘာမှမမျှော်လင့်ခဲ့ရှာ။ လာဆိုလာသည်။ သွားတော့ဆိုလည်း သူမခမျာ ငိုနေရုံအပြင် ဘာမှ ပူပြင်းလောင်မြိုက်စေနိုင်မှာမဟုတ်။ ထို့ကြောင့် လည်ဆွဲကို သူ မပစ်နိုင်ပါ။

ချစ်ဖို့ ဆိုတာကတော့ ...



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၀)

"ကိုကို"

သူ့ကိုမြင်လိုက်သည်နှင့် ထွက်ပေါက်ရှာနေသော ငှက်ငယ်လေး လို လည်ဆွဲ ထပြေးလာသည်။ တံခါးဆွဲဖွင့်၍ သော့ပြန်ခတ်နေသည့် သူ့ခါးကို နောက်ကနေ ဖက်ထားကာ ကျောပြင်မှာ ပါးကလေး ကပ် ထားသည်ထင်၏။

"ဝမ်းသာလိုက်တာ ကိုကိုရယ်၊ လည်ဆွဲလေ ကိုကိုပြန်မလာ တော့ဘူးဆိုပြီး..."

"ဘာဖြစ်လဲ"

သူ နောက်ပြန်လှည့်၍ ကိုယ်လုံးလေးကို ဖက်လိုက်တော့ လည် ဆွဲ မျက်ရည်တွေ ကျနေသည်။ ပြီးတော့ ရယ်လည်း ရယ်နေသည်။

"ကိုကို"

"ပြော"

"လည်ဆွဲ ကိုကို့ကို သိပ်ချစ်တယ်"





လည်ဆွဲက သူ့ရင်ခွင်ထဲ တိုးဝင်ကာ ရင်ဘတ်ကို တိတ်တိတ် လေး ခိုးနမ်း၏။ ချစ်ရဲ့လားဟင် လို့ ဘယ်တော့မှမမေးတတ်ဘဲ 'ချစ် တယ် ကိုကို' ဟု ခဏခဏပြောတတ်သည့် လည်ဆွဲ၏ ပေးဆပ်မှု လေးကို သူ သတိတရဖြစ်နေပါပြီ။

"မငိုပါနဲ့ကွာ၊ တိတ်တော့၊ ဒီတိုက်ခန်းလေးကို ကြိုက်ရဲ့လား"

"ကိုကိုရှိနေရင် ဘယ်နေရာဖြစ်ဖြစ် လည်ဆွဲ စိတ်ချမ်းသာတယ်"

နှစ်ယောက်အတူ ဆိုဖာပေါ်မှာ ထိုင်ရင်း ကားပေါ်ကို သူက သက်ညှိုးထိုးပြကာ ...

"ကားပေါ်မှာ ဒီဗီဒီစက်တစ်လုံးနဲ့ ဓာတ်လမ်းတွဲတွေ ပါတယ်၊ ဒီမှာက ဘာမှစုံစုံလင်လင် မရှိဘူးလေ၊ ဘာလိုသေးလဲ၊ လိုအပ်တာ ပြော၊ အဝတ်အစားတော့ မင်း စိတ်ကြိုက်ဝယ်ပေါ့၊ မီးခံသေတ္တာထဲမှာ ကိုယ် ပိုက်ဆံထည့်ပေးထားမယ်"

"ကိုကိုကကော"

"ဘာလဲကွ"

"လည်ဆွဲကို အခုလို တစ်နေကုန် ထားခဲ့ဦးမှာလားဟင်"

လည်ဆွဲ၏ မေးဖျားလေးကို ပွတ်သပ်ငေးကြည့်၍ မျက်တောင် လေးတွေကို သူ နမ်းမိသည်။ သူမလေး၏ မျက်နှာကို နမ်းမိတိုင်း သူ ပထမဆုံးနမ်းသည့်နေရာဟာ မျက်တောင်ကော့ကော့လေးတွေ ပဲ ဖြစ်၏။ ပြီးတော့ နှုတ်ခမ်းလေးတွေ ...

"ဟင့်အင်း"

လည်ဆွဲကလည်း ဤသည်ကို ငြင်းဆန်မြဲဖြစ်၏။

"ဘာဖြစ်တာလဲကွာ"

"ကိုကိုကလဲ"

"မင်း ကိုယ့်မိန်းမဖြစ်နေပြီ၊ အဲဒါ သိရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"သိ ... သိပါတယ်၊ ဒါပေမယ့်လေ"

လည်ဆွဲ ရှက်နေတာလေးကို သူ ဘာဖြစ်လို့သဘောကျမိမှန်း မသိ။ နှုတ်ခမ်းကိုနမ်းတိုင်း လည်ဆွဲ အကြောက်အကန်ငြင်းခဲ့သည်။ မိန်းကလေးတချို့လို ချစ်ရည်တူမျှကြရင်း ရင်ခုန်စီးမျောပါလာခဲ့တာ မျိုးမရှိ။

သူ လည်ဆွဲတစ်ကိုယ်လုံးကို ဆွဲဖက်ပစ်လိုက်ပြီး ဖွတ်တိုးတော့ လည်ဆွဲ အတင်းထပြေး၏။ ပြီးတော့ ရင်တုန်ပန်းတုန် မျက်ဝန်းလေး ပြူးလျက် ...

"ကိုကို၊ ကိုကို ညစာထွက်ဝယ်ဦးမှာလား၊ အခု ... အခုပါလား လားဟင်"

တင်ပါးလေးကို ပွတ်ဖိုက်၊ လည်တိုင်ကိုပွတ်လိုက်နှင့် ဆံပင်တွေကိုလည်း ရှေ့က သပ်တင်ပြီး နောက်ကို ဖိချသည်။ စက်က ပြူးလျက်နှင့် စိုက်ကြည့်နေ၏။ သူကြည့်နေလေ၊ လည်ဆွဲ ရှက်နေလေ စောစောကတော့ သူ့ခါးကို နောက်ကနေ ပြေးဖက်ခဲ့သေးသည်။ ကိုယ့်မိန်းမဖြစ်နေပြီဟု ပြောလိုက်တော့မှ ...

"ကိုကိုက ဘာပြုံးတာလဲ၊ လည်ဆွဲ အခုထိ ဘာမှမစားရသေးဘူး"

"ကျွေးမှာပေါ့"

သူ ထရပ်လိုက်တော့ လည်ဆွဲ နောက်ကိုဆုတ်သည်။

"ကိုကို၊ ဟို ... ဟို ... အစောကြီးပဲ ရှိသေးတာ"

"ဘာကိုလဲ"

"ကိုကိုကလဲ"

လည်ဆွဲ ချာခနဲ လှည့်ပြေးသွားသည်။ တံခါးရှေ့ရောက်တော့ အိပ်ခန်းတံခါးက ပိတ်လျက်သား။ နာရီကိုကြည့်လိုက်တော့ ညခုနစ် နာရီ မထိုးသေး။





"လည်ဆွဲ"

တံခါးခေါက်ရင်း သူ ခေါ်တော့ လည်ဆွဲက တံခါးနားမှာပဲ ရပ်သို့ပါ။

"ရှင် ကိုကို"

"တံခါးဖွင့်ကွာ"

"ကိုကို အပြင်သွားမလို့လား"

"မသွားဘူး။ ဝယ်လာပြီးသား၊ လာထွက်ယူ"

ခဏလေးကြာမှ တံခါးပွင့်သွား၏။ စကားဝါရောင်လေးနှင့် ဝင်းဆိန်အိစက်နေသော လည်ဆွဲကို သူ စူးစိုက်ကြည့်မိသည်။ လည်ဆွဲ ဆိုသည့်အတိုင်း လည်တိုင်မှာဆွဲ၍ အမြတ်တနိုး ပန်ဆင်ကားဖို့ပဲ ကောင်းပါသည်။ သူမ ဘာဖြစ်လို့ ဒီလောက်ထိ လှနေတာလဲ။

လက်ယပ်မခေါ်ရဘဲ ရင်ခုန်သံတွေ ဆူညံလာသည်။ လည်ဆွဲ သက်ကလေးကို သူ လှမ်းဆွဲမိ၏။

"ကိုကို"

လည်ဆွဲ တုန်တုန်ယင်ယင်လေးဖြစ်လျက် အတင်းရုန်းသည်။ သူ လျှော့ပေးလိုက်တော့ အခန်းထဲမှာ လှည့်ပတ်ပြေး၍ ...

"ကိုကို၊ လည်ဆွဲ ... လည်ဆွဲလေ၊ ကိုကို့အနားမှာပဲ နေချင်တာ၊ ကိုကို့ကို အနားမှာပဲ ရှိနေစေချင်တာ သိလား၊ အဲ ... အဲဒါတွေ"

"မင်းနားမှာ ထိုင်နေဖို့သက်သက်နဲ့ ကိုယ်က မင်းရဲ့ ဘော်ဒီဂတ် မဟုတ်တာ"

"အဲဒီလိုတော့ မဟုတ်ဘူး။ ဟိုလေ ..."

"လည်ဆွဲရာ"

သူ မျက်နှာတစ်ချက်ပွတ်၍ မွေ့ရာပေါ်မှာ ငုတ်တုတ်ထိုင်လိုက်ခါမှ လည်ဆွဲက ခေါင်းရင်းမှာ ကြောက်ကြောက်လန့်လန့် ပုံစံလေးနှင့် ရပ်လို့ ...။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... သွား၊ ကားပေါ်မှာ စားစရာတွေ ပါတယ်၊ ကိုယ့်ကို မရှိုးနဲ့နော်၊ ခေါင်းတွေ နောက်နေလို့"

သူ လှဲအိပ်လိုက်တော့ လည်ဆွဲ ချောင်ကပ်နေရာက ချက်ချင်း ထွက်လာ၏။

"ကိုကို"

"ဟင်"

"နေမကောင်းဘူးလားဟင်"

"အင်း ..."

လည်ဆွဲသည် စိုးရိမ်ပုံလေးပေါက်သွားကာ အနားကိုလည်း လာ မထိုင်ရဲဘဲ ...

"ဆေးမသောက်ခဲ့ဘူးလားဟင်၊ ကိုကိုပဲ နေ့လယ်ကတော့ ဆေး ခန်းငင်မှာဆို၊ ကိုကို့ဒယ်ဒီနဲ့ အဆင်မပြေခဲ့လို့လားဟင်"

"လျှောက်မမေးနဲ့ကွာ၊ ကားပေါ်မှာ ပစ္စည်းတွေ သွားယူပါဆို"

သူ မျက်လုံးတွေမှိတ်ထားပြီး နဖူးပေါ် လက်တင်ထားတာကို လည်ဆွဲက လက်ကို အတင်းဆွဲယူချသည်။

"လည်ဆွဲကို စိတ်ဆိုးသွားတာလားဟင်"

"မဆိုးပါဘူး၊ အိပ်ချင်လာလို့"

"ခုမှ မိုးချုပ်တာ၊ ကိုကို အိပ်လိုက်ရင် အချိန်မတော်ပြန်နိုးပြီး ခေါင်းကိုက်မှာပေါ့၊ လည်ဆွဲ ဆေးသွားဝယ်ပေးမယ်လေ"

"တော်တော်စိုးရိမ်လား"

မျက်လုံးတွေ ဖျတ်ခနဲ ဖွင့်လိုက်ပြီး လက်ဖျားလေးကို ဖိဆွဲချ လိုက်တော့ လည်ဆွဲ သူ့ဘေးမှာ ခွေခနဲ ပြိုကျလာသည်။ ခေါင်းတွေ အုံနေတာ တကယ်ပေမယ့် လည်ဆွဲက မျက်နှာငယ်လေးနှင့် မေး တော့ နည်းနည်းဖြစ်ဖြစ် ဒုက္ခပေးဖို့ စိတ်ကူးမိ၏။





မျက်နှာကို တင်းပြီးမှ မေးတော့ သူ စိတ်ဆိုးသွားပြီဟု လည်ဆွဲ တစ်ယောက်တည်း အတည်ပြုလိုက်ပုံရကာ ...

"တကယ်စိုးရိမ်လို့ ပြောတာပါ ကိုကို"

"ဘာစိုးရိမ်တာလဲ၊ မင်းနားကိုကပ်မှာ စိုးရိမ်တာလား"

"ဟင့်အင်း၊ ကိုကို တအားဖျားသွားမှာစိုးလို့"

"ဒါဆို ကိုယ့်အနားမှာလာလှဲ"

"ရှင် ..."

"လာလှဲကွာ၊ ကြာတယ်"

အနိုင်ကျင့်သလိုလုပ်နေမိတာ သိပေမယ့် ဒီကောင်မလေးကို ညာပြမှ ဖြစ်မည်။ ကိုယ့်မိန်းမကို အတင်းအဓမ္မ နမ်းစရာလား။ လည်ဆွဲက သူရွှေ့ပေးလိုက်သည့် ခေါင်းအုံးတစ်ဖက်စွန်းမှာ ရှုရှုလေး လှဲသည်။ ပြီးကော့ အစွန်းဘက်ကို သာသာလေး ရွှေ့ကပ်၏။

"လည်ဆွဲ"

"အမေ့"

သူ ဖျတ်ခနဲ စောင်းလှည့်လာတော့ လည်ဆွဲ တုန်ခနဲ ဖြစ်သွား၏။ မီးရောင်အောက်မှာ မျက်တောင်ကော့လေးတွေက အရိပ်နှင့် နှစ်ထပ် ဖြစ်ကာ နှုတ်ခမ်းသားလေးတွေမှာ ပို၍ စိုရဲနေသည့် ဖမ်းစားခြင်းဖြင့် လည်ဆွဲကို သူ သနားဖို့မေ့သွားသည်။

"မင်း သိပ်လှတာပဲ"

"ကိုကို၊ ကိုကို ... အဲလို မလုပ်ပါနဲ့၊ ဟင့်အင်း၊ လည်ဆွဲ ကြောက် တယ်"

စက် မရည်ရွယ်ခဲ့သော မင်္ဂလာဦးညဟာ အားလုံးကိုအရှုံးတိုက်၍ အနိုင်ယူသွားခဲ့သည်။ စိတ်မကြည်သော၊ ရင်ခုန်မြတ်နိုးသော၊ ရှုပ်ထွေးနေဆဲ 'သော' များကြားမှာပဲ လည်ဆွဲကို သူ အနိုင်ယူခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



လည်ဆွဲ ငိုတော့ သူ ထွေးဖက်၍ချော့ရင်း ...

"ကိုယ့်ကို မချစ်ဘူးလား"

လည်ဆွဲသည် သူ့ရင်ခွင်ထဲမှာ မျက်နှာလေးကွယ်ထားလျက် ရှိုက်နေဆဲ။

"လည်ဆွဲ ချစ်တာ အဲဒီလိုမျိုးမဟုတ်ဘူး၊ လည်ဆွဲ ... လည်ဆွဲ ကျောင်းတက်ရဦးမှာ"

"အဓိပ္ပာယ်မရှိတာကွာ"

သူ တင်းတင်းမာမာထဖြစ်တော့ ညလေးက တိတ်ဆိတ်သွားခြင်းမှ ပြန်၍ အသက်ဝင်လာသည်။

"မင်းကို အခုလက်ထပ်ထားပြီးပြီ၊ ဒီတိုင်းအလုကြည့်ပြီး ကျောင်းပို့ကျောင်းကြိုလုပ်ပေးရင်း တစ်နေ့နေ့မှာ တစ်ယောက်ယောက်နဲ့ ပါသွားနိုင်တဲ့အဖြစ်ကို ကိုယ်က ငေးမိုလို့ ကြည့်နေရမှာလား"

"ဟင့်အင်း၊ အဲဒီလို ဘယ်တော့မှ မလုပ်ဘူး၊ လည်ဆွဲ ကိုကိုကိုပဲ ချစ်ခဲ့တာ၊ နောက်ထပ် ဘယ်သူ့ကိုမှ မချစ်တော့ဘူး။ အဲဒါ သေချာပါတယ် ကိုကို၊ ကိုကိုက လည်ဆွဲရဲ့တစ်သက်လုံးမှာ အချစ်ဆုံး"

"အဲဒါပြောလို့ ရတယ်၊ ချစ်တယ်ဆိုတဲ့စကားကို ကိုယ် အများကြီးပြောဖူးတယ်၊ ကတိဆိုတာ အလကားပဲ၊ သိပ်ချစ်တယ် ယုံပါဆိုတာ ကိုယ်ကပြောရင် ယုံမှကြိုက်တာ၊ သူများက လာပြောရင် ကိုယ့်ခေါင်းထဲ မထည့်ဘူး"

စက်က ထထိုင်လိုက်ပြီး အပေါ်အင်္ကျီကို ချွတ်ပစ်လိုက်၏။ စိတ်ကအိုက်၊ လူကအိုက်နှင့် အင်္ကျီကို လုံးထွေးကာ မွေ့ရာပေါ်မှာပဲ နောက်ပြန် ပစ်ပေါက်လိုက်မိသည်။

"ကိုကို"

"နေဦး။ ကိုယ် ပြောမယ်"





စက်က ဆောင့်ခနဲ လှည့်၍ မျက်နှာချင်းဆိုင်ထိုင်ကာ လည်ဆွဲပခုံးလေးနှစ်ဖက်ကို ဆောင့်ခါပစ်လိုက်သည်။

"ကျောင်းတက်ရဦးမှာလို့ မင်း ထပ်မပြောနဲ့၊ လူတွေအများကြီးထဲကို မင်းကို ကိုယ်မထည့်ဘူး၊ ဘယ်သူ့ကိုမဆို ကိုယ်ကပဲ ချုပ်ကိုင်ချင်တာ၊ ကိုယ့်ကို အနိုင်မခံနိုင်ဘူး၊ အဲဒီကျောင်းကို မင်း မေ့ပစ်လိုက်၊ မင်း ကိုယ်ထားသလိုပဲ နေပါ"

လည်ဆွဲ မျက်ရည်တွေပြည့်သိပ်လာလျက် ဖိကိုက်ထားသည့် ကြားမှ နှုတ်ခမ်းသားလေးတွေ တဆတ်ဆတ် လှုပ်ခတ်နေရှာ၏။ စက်က လည်ဆွဲကို စိုက်ကြည့်ရင်းမှ မျက်နှာကို တဖြည်းဖြည်း ဖြေချသည်။ လက်ကို လွှတ်ပေးလိုက်ပြီးမှ ...

"ကိုယ် ဘယ်သူ့ကိုမှ သိပ်ချစ်တယ်လို့ မပြောဖူးဘူး။ အဲဒါ အမှန်ပဲ၊ ဘာဖြစ်လို့ မပြောတာလဲဆိုတော့ သိပ်ချစ်ခဲ့တဲ့သူ မရှိလို့ပဲ၊ ဘာပဲဖြစ်ဖြစ် ကိုယ်ကရည်းစားများတော့ မညာပါဘူးလို့ ကျိန်ပြောလဲ ဘယ်သူ ယုံမှာလဲ"

စက်က လည်ဆွဲပါးပြင်လေးနှစ်ဖက်ကို လက်ဖဝါးနှစ်ဖက်နှင့် ထပ်လိုက်ပြီး ဖွဖွလေး ပွတ်သည်။ ဖြည်းဖြည်းလေးဆွဲယူပြီး အလွန်နူးညံ့နွေးထွေးသောအနမ်းတို့ဖြင့် မျက်ရည်တို့ကို ခြောက်သွေ့စေလေသည်။

"မင်းကို သိပ်ချစ်တယ်"

သူသည် အိပ်မက်မက်နေသူလို ထိုစကားကို အခေါက်ပေါင်းများစွာ ဆိုရင်း အထပ်ထပ်နမ်း၍ ...

"အဲဒါ မင်းယုံရမယ်၊ မင်းဟာ ကိုယ့်အတွက် အားလုံးနဲ့မတူတဲ့အတွက် မင်း ယုံမှဖြစ်မယ်"

လည်ဆွဲ ခေါင်းညိတ်၍ ရှိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လိမ္မာတယ်"

ဟု ပြောကာ လည်ဆွဲကို တင်းကျပ်စွာဖက်၏။ နာရီစက္ကန့်နှင့်အမျှ လည်ဆွဲနှင့် လက်ထပ်ခဲ့ခြင်းကို ကြည်နူးစိတ်တို့သာဖြစ်လာခဲ့သည်မို့ အချစ်ကို သူ ရှာဖွေတွေ့ပြီဟု သတ်မှတ်လိုက်၏။

အမြဲတမ်း ပါးစပ်ကမချဘဲ ဝါးနေတတ်ခဲ့သည် ပီကေကို လည်ဆွဲရှေ့မှာပဲ လှလှပပ ထွေးထုတ်ပစ်လိုက်သည်။ ပြီးတော့ ဘယ်လက်မောင်းပေါ်မှာ လည်ဆွဲ ခေါင်းကလေးကို အုံးစေပြီး အတူတူလှဲနေလိုက်ကာ ...

"ပီကေကို ကိုယ်က သိပ်ကြိုက်တာ၊ ဘာဖြစ်လို့လဲ သိလား။ ပါးစပ်ထဲ ထည့်ဝါးတယ်၊ ဝါးပြီးထွေးထုတ်ပစ်လိုက်တာပဲ၊ ပြဿနာမရှိဘူး"

ပြောပြီးသူက လည်ဆွဲ မျက်နှာလေးကို မော့ယူပြီး အကြာကြီး စီးမိုးကြည့်၏။ ထို့နောက် မျက်တောင်ရှည်တွေကို လက်မနှင့် ဖွဖွလေး တို့ထိနေပြီး...

"ရည်းစားထားတာကို ပီကေဝါးသလောက်ပဲ ကိုယ်သဘောထားခဲ့တာ၊ အဲဒီလို စကားတွေကို ဂရုမစိုက်ဘဲ ပြောတတ်လွန်းလို့လည်း နာမည်ကောင်းတော့ မရခဲ့ဘူး။ မင်းကို ဒါတွေ တမင်ပြောနေတာက သည်းခံပါ့မယ်ဆိုလို့ ထပ်ထပ်ပြီး လူလည်ကျနေတာ မဟုတ်ဘူး၊ နောင်တစ်ချိန်မှာ ခံနိုင်ရည်ရှိအောင်လို့"

သူက စကားတစ်ခွန်းမှမပြောဘဲ ငေးနေသည့် လည်ဆွဲကို အသံတိုတ်မေးဆတ်လိုက်ပြီး ...

"ပြောစမ်း၊ မင်းကိုယ့်ကို ဘယ်လိုလူလို့ သတ်မှတ်ပြီး ယုံခဲ့တာလဲ၊ အခု အားလုံးသိသွားပြီဆိုတော့ ဘယ်လိုပြောင်းလဲသတ်မှတ်လိုက်လဲ"





"မပြောင်းလဲပါဘူး ကိုကို"

"ဟုတ်ပြီ၊ ဆက်ပြော"

"လည်ဆွဲ ကိုကို့ကို ချစ်မိသွားတဲ့အထဲမှာ ဘာဆိုဘာမှ တွေးချိန်၊ ဝေဖန်ချိန်မရခဲ့လောက်အောင် နှလုံးသားက ချက်ချင်းဆုံးဖြတ်ပစ်လိုက်တာပါ။ ကိုကို့ကို ချစ်ခဲ့တဲ့စိတ်ရဲ့နောက်မှာ ဘာကိုမှ မကြောက်တော့ဘူး"

"ဘာတွေကြောက်ဖို့ ရှိလို့လဲ"

"မမနဲ့ အန်တီ"

"ပြီးတော့ကော"

"လည်ဆွဲမှာ သူတို့မကြည်ဖြူခဲ့ရင် နေစရာ စားစရာမရှိတာ"

"ကိုယ်နဲ့နေရင် ပြည့်စုံတယ် ထင်တယ်ပေါ့"

လည်ဆွဲသည် အလွန်အားနည်းဖျော့ကျသွားသည့် မျက်နှာလေးနှင့် ဝမ်းနည်းကြေကွဲခြင်းတို့ကိုလည်း ဖုံးဖိမထားနိုင်ဘဲ ...

"အဲ... အဲဒါလဲ ထင်ချိန်မရခဲ့ဘူး၊ လည်ဆွဲ ကိုကို့ကိုချစ်လိုက်တာ အဖြူထည်သက်သက်ပါ၊ ချစ်တယ်ဆိုတာကိုလဲ ယုံတယ်၊ ကိုကို မညာဘူးလို့ ပြောတာကိုလဲ ယုံတယ်၊ နောက်ထပ်လဲ ယုံဦးမှာပါ။ ရေကြည်နဲ့ရေသန့်လို ကွာခြားနေခဲ့ရင်တောင် ပေါင်းဆုံစီးမျောပြီးရင် ပြန်ခွဲထုတ်ဖို့ မဖြစ်နိုင်ဘူးဆိုတာ သိလျက်နဲ့ မစဉ်းစားခဲ့ဘူး"

"ဟာ ... ပြောတတ်လှချေလား။ မင်း ဘယ်မှာ ညှိလို့လဲ လည်ဆွဲ၊ စာရေးဆရာမ လုပ်စားပါလား"

လည်ဆွဲ တကယ်ဝါသနာပါတာ ၊ တကယ်ရေးနေတာပဲဆိုတာကိုတော့ ဖွင့်ဟမပြောဖြစ်ခဲ့ပါ။ ဒီထက်ပိုသိတာက ကိုကို့အချစ်တွေကို လည်ဆွဲ အကုန်ရမရ မသေချာသော်လည်း သူများတွေထက် ပိုရခဲ့တယ်ဆိုတာကို ယုံသည်။ ဒါကိုပဲ ကျေနပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဘဝလုံးပဲဖြစ်ဖြစ်၊ နောက်ဘဝထိ ဆက်၍ဖြစ်ပါစေ၊ ကိုကို့ကို ပိုချစ်ခဲ့တဲ့ လည်ဆွဲအဖြစ် စွန့်စားဖို့အသင့်ရှိနေခဲ့၏။

ကိုကို့ကို လည်ဆွဲ အဲဒီလောက်ထိ ချစ်လေသည်။ ဒါပေမယ့် ဘာမှ မပြောဖြစ်ခဲ့ဘဲ ကိုကို ပြောသမျှ ခေါင်းညိတ်ကာ ငြိမ်ငြိမ်သက်သက်လေးပဲ နေခဲ့မိသည်။

ကိုကို ထွေးထုတ်ပစ်တဲ့ ပီကေလေးလို ကိုကို့နောက်မှာ ဝေးကွာမကျန်ခဲ့ရဘူးဆိုရင် ကျေနပ်ပြီပေါ့...။





အခန်း (၁၁)

"မင်း ... ကွာ"

လူကြီးတချို့က ပင့်သက်ရှိုက်၍ ခေါင်းခါကြသည်။ အနီးအနားကနေ ရောက်လာကြသည့် မိတ်ဆွေသူငယ်ချင်းတချို့က ပေါ်တင်နှာခေါင်းရှုံ့၏။

"မင်း ကံကောင်းလို့ မဟုတ်ရင် ကိုယ့်အဖေ ဘယ်သွားလို့ သွားမှန်းတောင် သိမှာမဟုတ်ဘူး"

ဆိုသော စကားကို ညီသုက ပြောခြင်းဖြစ်၏။

သူနဲ့တွဲသော သူငယ်ချင်းသုံးယောက်ထဲမှာ ညီသုက သူနဲ့ အနီးဆုံးဖြစ်၏။ အိမ်ချင်းနီးပေမယ့် ဒယ်ဒီနဲ့တော့ မရင်းနှီးပါ။ သူ မရှိချိန်မို့ ပြေးလာရှာတာဖြစ်သည်။

"ပိုင်စေလည်း ရောက်နေတယ်ကွ၊ သူ လာကြည့်သေးတယ်၊ နိုင်ငံခြားမှာ သွားကုရဖို့ ဖြစ်လာတော့ မင်းကို သူ ဒေါသထွက်နေတယ်၊ အဖေတစ်ခု သားတစ်ခုဘဝမှာ မင်းက လေလွင့်နေတယ် တဲ့၊ ဟုတ်လဲ ဟုတ်တာပဲ၊ မင်းကို တချို့က မိန်းမခိုးပြေးတယ်လို့ ပြော-နေကြတာ"

လူကွယ်ရာမှာ ကပ်ဆူရင်း ညီသုက သတင်းပေး၏။

"ဒယ်ဒီက ဘာပြောလဲ"

"အန်ကယ်ကတော့ ပြောပါတယ်၊ မိန်းမခိုးတာ မဖြစ်နိုင်ဘူး တဲ့၊



www.burmeseclassic.com

www.burmeseclassic.com



မင်းနဲ့သူ့ကြားမှာ ဘာမဆို မပြောမဆိုရဲလောက်အောင် တင်းကျပ် ချုပ်ချယ်ခဲ့တာမှ မရှိဘဲ၊ မသိအောင် လုပ်မှာမဟုတ်ဘူး တဲ့၊ မင်း ခရီး လွန်နေတယ်လို့ပဲ သူ ထင်တာ၊ ဒါကြောင့် မင်းပြန်ရောက်မှ သွားဖို့ စောင့်နေတာ"

စက် သက်ပြင်းချလိုက်မိသည်။ ဒယ်ဒီယုံကြည်နေသည်ဆိုတော့ ရင်ဖွင့်တော့မလို့လာခဲ့သည့် စကားလုံးတွေ ပျောက်ဆုံးကုန်ပြီ။ ပြီး တော့ ဒယ်ဒီက လူမမာ၊ ခွင့်လွှတ်ပါမယ်ဆိုဦးတော့၊ စိတ်ချမ်းသာမှာ မဟုတ်တာတော့ သေချာသည်။

"သမားတော်ကြီးပြောတာတော့ မင်း ဒယ်ဒီ ခြေထောက်ဖြတ် ပစ်ရတဲ့အထိ ဖြစ်မှာစိုးတယ် တဲ့၊ ဟိုကို အမြန်ဆုံး သွားစေချင်တာ ကွာ၊ ဆီးချိုရောဂါဆိုတာ လူပြောများတဲ့ ရောဂါမဟုတ်ပေမယ့် လွန် ကျွံသွားရင် ဒုက္ခိတဖြစ်တာပဲ၊ မင်း ဘာဖြစ်လို့ မှုန်ကုပ်ကုပ်လုပ် နေတာ လဲ၊ သွားဖို့လာဖို့ ပျာပျာသလဲ ပြင်လေကွာ"

ဒါ မှန်တယ်၊ စက် အတွေးအားလုံးကို ခေါင်းထဲက ထုတ်ပ လိုက်သည်။ နောက်ထပ် ပို၍ ဆုံးဖြတ်လိုက်နိုင်တာ တစ်ခုရှိသေး သည်။ ဒါက လည်ဆွဲအတွက် သူ ချွတ်ပစ်ခဲ့တဲ့ ကုတ်အင်္ကျီထဲမှ စာအုပ်ကလေး သူ ထားခဲ့သည်။ လည်ဆွဲ ဘယ်လောက်သုံးသုံး မကုန် နိုင်သော ငွေကြေးပမာဏတွေ သူ ထားခဲ့၏။

ဒါဟာ ဒီနေ့ ဒီလိုထားခဲ့ဖို့ စိတ်ကူးနဲ့တော့ မဟုတ်ခဲ့ပါ။ လည်ဆွဲ ကို ခိုးခဲ့ပြီးကတည်းက ဒီစာအုပ်ကို သူ ဆောင်ထားခဲ့သည်။ တစ်သီး တစ်ခြားနေခဲ့ရသည့် လည်ဆွဲ အားငယ်မှာစိုး၍ အနားကနေ သူ ထွက် လာတိုင်း ပေးခဲ့မိခြင်းဖြစ်သည်။ သို့သော် ဒါကြောင့်များ နိမိတ်ဖတ် သလို ဖြစ်ခဲ့တာလားမသိ။

အားလုံး ဦးဆက်နေ၏ ကျန်းမာရေးအတွက် လှုပ်ရှားပြင်ဆင် နေသည့်အထဲမှာ သူ မပါလို့မဖြစ်သည်မို့ လည်ဆွဲကိုဦးစားမပေးနိုင်





"စက်"

"ဟင်"

သူ နောက်ကို ဖျတ်ခနဲ လှည့်ကြည့်မိသည်။ ချိန်းကွင်းတွေ ပြီး ဖြက်လက်နေသော ကျပ်ကပ်နေသည့် ဘောင်းဘီရှည်အနက်နှင့် ကိုယ် ကျပ်အင်္ကျီအနက်လေးကို ဝတ်ထားပြီး ငွေနှင်းစက်က နှာမည်လေး အတိုင်း ဖြူဖြူဥဥလေးနှင့် လှချင်တိုင်းလှနေသည်။ ပခုံးလောက် ဆံပင်ပါးပါးပျော့ပျော့လေးတွေက ငွေရောင်လက်နေသလိုလို၊ နက် လွန်းလို့ ပြောင်နေသလိုလိုနှင့် အလှဆုံးဖြစ်အောင် ပြုပြင်ထားသေးသည်။

သူ ငေးခနဲကြည့်မိရင်း ပြုံးပြလိုက်သည်။

"ဒယ်ဒီ့ကို လာကြည့်တာလား"

"အင်း ..."

ငွေနှင်းစက်က နှုတ်ခမ်းနှစ်လွှာကို မျဉ်းကြောင်းလေးလို ဖြစ် သွားအောင် ဖိပိတ်ပစ်လိုက်ပြီးမှ ခေါင်းညိတ်ခြင်းနှင့်အတူ အင်း တစ်လုံးကိုဖြေ၏။

"ဟုတ်တော့ ဟုတ်တယ်၊ ဒါပေမယ့် လူမမာမေးသက်သက် တော့မဟုတ်ဘူး။ ယူ မသိဘူးလား။ နှင်းရယ်၊ ဒယ်ဒီရယ်၊ ယူ့ဒယ်ဒီ ရယ်၊ အတူတူသွားရမှာ"

"တို့နဲ့ လေးယောက်ပေါ့"

"ဟုတ်တယ်"

"မင်းတို့ကို ကျေးဇူးတင်ပါတယ်"

"ဒယ်ဒီ့ကိုပဲ တင်ပါ။ ဒယ်ဒီက ယူ့ဒယ်ဒီကို ကူညီချင်တာနဲ့ လိုက် ရာ နှင်းကတော့ ပညာတော်သင်ပေါ့"

"အတူတူသွားကြမှာပဲ၊ အတူတူပဲ တင်ပါတယ်"

"ရတယ်လေ တင်ပေါ့။ ဒါနဲ့ ယူ့ကိုမေးမလို့၊ မညာကြေး"

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမ ခိုးသွားတယ်ဆို"

"မယုံဘူးမို့လား၊ ယုံရင် မင်း ခုလို ကိုယ့်ဆီ အပြုံးမပျက် ရော
လာမှာ မဟုတ်ပါဘူး"

"ဒါပေမယ့် ယူကို မေးကြည့်ဖို့တော့ လိုတယ်လေ၊ ဒီလိုပဲ သတင်
တွေ ခဏခဏ ထွက်နေတော့ ယုံတယ်လို့လဲ မဟုတ်ပေမယ့် နော
ဆို ဒါမျိုးတွေ မဖြစ်သင့်ဘူး၊ နှင်းက ယူနဲ့ စေ့စပ်ပြီးပြီ၊ ဒါကြောင့်...

"တို့လဲ မင်းလိုပဲလေ၊ မင်းရဲ့ပေါ်များမှုတွေကိုလဲ တို့ သဝန်
လို့ရတာပဲ"

"ဒါ သူတို့ကိစ္စပါ၊ နှင်းက လက်ထပ်မယ့်သူကိုမှ အဖြေပေးမှာ

"ဘာဖြစ်ဖြစ် လိုက်တဲ့သူကို မင်း နည်းနည်းတော့ ငဲ့ကြည့်
မှာပါ၊ တို့က ယောကျ်ားလေ၊ မင်းကိုပဲ စောင့်ရှောက်ဖို့ရှိတာ"

ငွေနှင်းစက်က ပခုံးလေးတွန့်ရယ်သည်။ ထိုအချိန်မှာ ပိုင်
ဝင်လာသဖြင့် သူတို့ စကားစပြတ်သွားကြသည်။ ဦးမိုးကျော်လည်း
ထွက်လာပြီဖြစ်ကာ ...

"သမီးရေ၊ ဒယ်ဒီတို့ သွားစို့"

သားအဖနှစ်ယောက်လုံး နှုတ်ဆက်၍ ပြန်သွားကြသည်။
စေက မျက်မှန်ကို ဟန်ပါပါချွတ်ကာ သူ့ကို မတ်တတ်ကနေ စူး
ကြည့်၏။ သူငယ်ချင်းအုပ်စုထဲမှာ ပိုင်စေတစ်ယောက်ပဲ အလု
အကိုင်နဲ့ ဖြစ်သွားပြီး အားလုံးဆုံကြတိုင်းလည်း သူ မပါတာက
နေခဲ့သည်။

အပြစ်တင်တော့ 'ငါ့ဦးလေးက မကျန်းမာဘူး၊ လုပ်ငန်းတွေ
ဝင်ကူနေရတာ' ဟု ပြောခဲ့၏။ ခုတော့လည်း ပုံစံက တကယ့်
ရေးလုပ်ငန်းရှင်ကြီးလိုလို။

"စက်"





သူခေါ်တော့ စက်က မထူးဘဲ မော့ကြည့်၏။ ပိုင်စေက ဝင်ထိုင်
လိုက်ကာ ...

"အန်ကယ် ဘယ်လိုလဲ"

"ကောင်းပါတယ်၊ အိပ်ရာထဲလဲနေတာမှ မဟုတ်တာ"

ပိုင်စေက အပေါ်ထပ်ကို တစ်ချက်မော့ကြည့်၍ ...

"အပေါ်မှာပဲလား"

"မဟုတ်ဘူး၊ ဒယ်ဒီက လူမမာလိုကို မနေတာ၊ ရောဂါကတော့
သွေးတိုးကော၊ ဆီးချိုကော၊ နှလုံးအားနည်းတာနဲ့ စုံနေတာပဲ၊ ဘယ်တုန်း
ကမှ လက္ခဏာမပြခဲ့ဘဲ ခုကျမှ စုပြုံဖြစ်လာတာ ငါဖြင့် အံ့သြတယ်"

စက်က ဆိုဖာကို ခပ်တောင့်တောင့်မှီ၍ ပီကေကို အိတ်ကလေး
ခွာ၍ ပါးစပ်ထဲထည့်၏။ ပိုင်စေက ပြုံးလိုက်ပြီး ...

"မင်းကြောင့် နှစ်ရှည်လများ စုပြုံနေခဲ့တဲ့ရောဂါတွေ ဖြစ်မှာပေါ့၊
ခင်းကို နှစ်ယောက်တည်းရှိတုန်း ငါ မေးချင်တာရှိတယ်"

"မိန်းမခိုးသွားတာ ဟုတ်လားလို့ မေးမလို့လား

"ဟုတ်လားလို့ မမေးပါဘူး၊ ဟုတ်တယ်ဆိုတာ ငါသိတာပဲ၊
ဘယ်သူသိသိ မသိသိ မင်းအမူအရာကို ငါ အကဲခတ်နိုင်တယ်၊ ငါ
သိတယ်၊ တစ်ခုပဲ အံ့သြတယ်၊ အဲဒီတစ်ယောက်က ဘယ်သူလဲ၊ ငါတို့
သုံးဝမသိခဲ့တဲ့တစ်ယောက်ဆိုတာ သေချာတယ်၊ ဒေါက်တာ ခွန်းဆက်
ရဲ့ ဆိုတဲ့နာမည်လေးကြားပြီးကတည်းက ငါတို့ မတွေ့ဖြစ်ခဲ့ကြတာ
သိပ်မကြာသေးဘူး ထင်တယ်၊ မင်းလွန်တယ်လို့ မထင်ဘူးလား၊ အခု
နှင်းခြားလိုက်မယ်ဆိုတော့ အဲဒီတစ်ယောက်ကို ဘယ်လိုလုပ်မှာလဲ"

စက်က ပြုံးစစမျက်ဝန်းများနှင့် ပိုင်စေ့ကိုကြည့်၍ ပြောသမျှ
ကို ဆုံးအောင်နားထောင်၏။ ပိုင်စေ စကားရပ်လိုက်ပြီးမှ ခပ်ဩဩသံ့
ရယ်လိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မင်း တော်တော်သိတာပဲ ပိုင်စေ၊ အဲဒါကြောင့် အားလုံးထဲ... ...ငေါ် ဆောဓော စကားနိုင်လုကြရတာ၊ ဂွတ် (ထ်) ဘရိန်းပဲ"

"မင်း မငြင်းဘူးဆိုတော့ မိန်းမခိုးတာသေချာသွားပြီ၊ သူ... ဘယ်လိုထားခဲ့လဲ"

စက် မျက်နှာတော့ ပျက်သွားခဲ့၏။ သို့သော် စက်ဟာ ဘယ်တု... ကမှ သူများ စစ်မေးတာကို ကြိုက်ခဲ့တာမဟုတ်။ ဘယ်သောအခါ... တရားခံမလုပ်ခဲ့တဲ့သူ ။ အိုးရွဲ့နေသလား၊ စလောင်းရွဲ့နဲ့ ပြန်ဖုံး... အဆင်သင့်။

"ထားခဲ့ပြီလေ၊ မိန်းမခိုးတယ်ဆိုပေမယ့် သူနဲ့ငါ ရှစ်ရက် ... တယ်၊ အင်း ... ကိုးရက်ဖြစ်မလား"

ရှစ်ရက် ကိုးရက်လောက်ကို အာရုံထဲမှာ ရှိမနေသော စ... မျက်နှာအား ပိုင်စေက မျက်မှောင်ကုတ်ကြည့်နေ၏။

"ငါ သူ့အတွက် အများကြီး ထားပေးခဲ့တယ်၊ မတတ်နိုင်ဘူ... ပိုင်စေ၊ မရည်ရွယ်ပါဘူး၊ ငါ သူ့ကို သိပ်ချစ်တယ်၊ အဲဒါကြောင့် ... သွားခဲ့တာ"

"သိပ်ချစ်လို့ ထားခဲ့တာလား"

"အခြေအနေအရပဲ၊ ဒယ်ဒီ့အခြေအနေက နေ့ညဆိုင်းနေ... မကောင်းတော့ဘူး၊ ငါ့ အရှုပ်ထုပ်တွေကို လောလောဆယ် မပြော... တော့တဲ့ သဘောပဲ"

"ငွေနှင်းစက်နဲ့ စေ့စပ်ထားတာကိုကော"

"အဲဒါ ငါ့ကိစ္စပါ"

"အခု မင်းသူနဲ့ သွားမှာကတော့ မကောင်းပါဘူးကွာ၊ ကို... မိဘကျန်းမာရေးမို့လို့ မဖြစ်လို့ ထားခဲ့ရတယ်ဆိုလဲ ဟိုကို နားလည်... အောင်ပြောပြီး သူ စိတ်မချမ်းမသာဖြစ်မှာကိုလဲ မလုပ်ဖို့ကော...





...ဘာပေ့၊ ငါက စပ်စပ်စုစု ဝင်ပါနေတာ မဟုတ်ဘူး၊ ဒါတွေ ငွေနှင်း... ...တော် သိသွားရင် ပြဿနာတက်မှာပဲ၊ မင်း ညာထားတဲ့ကိစ္စကြီးက"

"ဘယ်သူ့က ညာတယ်ပြောလဲ၊ သူမ မိန်းမခိုးသွားတော့ ဟုတ်... သလားလို့ မေးတယ်၊ မဟုတ်ပါဘူးလို့ ငါဖြေခဲ့တာမှ မဟုတ်ဘဲ"

"မင်း ကပ်ပြောပြန်ပြီ"

"ငါ မဟုတ်တာပြောခဲ့တာရော ရှိဖူးသလား"

ပိုင်စေ ဘာမှမပြောနိုင်။ အဲဒီလောက်ထိ ကသိုလ်ထူးတဲ့ မင်း... ...ရက်စက်ပါ။ တကယ်ဆို စက်၏ နာမည်အရင်းက 'နေ့ရက်ဆက်' ...ဖြစ်လေသည်။ ကိုးတန်းကျောင်းသားဘဝမှာ ရည်းစားသုံးယောက် ...ဘာက်ခဲ့ပြီး ဘယ်သူ့ကိုမှ အလေးအနက် မရှိခဲ့သည့် စက်ကို ဒီနာမည် ...သူပဲ ပေးခဲ့တာပါ။

အဲဒီတုန်းက သုံးယောက်မြောက်ပြတ်သွားသည့် မိန်းမလှလေး... ...တ သူညီမဝမ်းကွဲ 'သန့်စင်သွင်'။

"တော်တော်ရှားပါတယ်၊ မင်းလို အသည်းနှလုံးမပါတဲ့ သတ္တဝါ... ...တော့ တကယ့်ကို ရှားတာ နေ့ရက်ဆက်၊ မင်းနာမည် နေ့ရက်ဆက် ...လို့ မပေးနဲ့၊ ပြောင်းလိုက်"

"ဘာလဲ၊ ပြောင်းပေးလေ"

"မင်းရက်စက်လို့ ပြောင်း၊ အဲဒါ မင်းနဲ့ အလိုက်ဆုံးပဲ"

သူက ရွဲ့ခဲ့သည်။ စက်က ဟက်ဟက်ပက်ပက် ရယ်ချလိုက်ပြီး ...လက်ဖျစ်တီးလိုက်သေးသည်။

"ကြိုက်တယ်၊ အဲဒီအတိုင်းပြောင်းတော့မယ်"

စက်က တကယ်ပြောင်းပစ်သည်။ သတင်းစာထဲမှာ တစ်လ... ...ဘိတ် နာမည်ပြောင်းကြော်ငြာ ထည့်သည်။ အိမ်မှာ ညစာစားပွဲ အကြီး... ...အကျယ်လုပ်၍ ကြေညာခဲ့၏။ ဘာကိုပဲလုပ်လုပ်၊ အချိန်တိုင်းလိုလို ...ကြက်ကို ဝေဖန်ခဲ့တာ သူပဲဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ခုခါမှာတော့ စက်ကို မတရားဘူးလို့ပဲ လက်ညှိုးထိုးဖို့ ရှိတော့သည်။ တစ်ဖက်သားကို မသိပေမယ့် ဟိုမှာလည်း ယူထားသည်။ ဒီမှာလည်း လက်မလွှတ်နိုင်နှင့် အလွန်ဆိုးဝါးသည့် ဖောက်ပြန်မှုပဲ ဖြစ်သည်။

စက်ဟာ ပြောရဲသည်။ လုပ်ရဲသည်။ ဘာလုပ်လုပ် မှားပါတယ်လို့ ဝန်ခံခဲ့တာမရှိ။ သူ ဝန်ခံဖို့မလိုသော်လည်း တရားလို့မရှိခဲ့သော အချစ်ခုံရုံးမှာ သူ့အတွက် အပြစ်ဒဏ်ကျခံဖို့ နေရာမရှိဘူးထင်သည်။ ဒီလူ့သားဟာ မဟုတ်တာတွေချည်းလျှောက်လုပ်နေခဲ့ပြီး မဟုတ်တာကို ဖုံးကွယ်ခဲ့တာလည်း မရှိ။ တည့်တည့်ကြီးဝန်ခံနေလည်း၊ အရွဲ့တိုက်သလိုလိုထင်ကြပြီး ခွင့်လွှတ်နေခဲ့ကြသည်။

ထိုအထဲမှာ ကံအဆိုးဆုံးဟာ နှိုးယူခဲ့သည်ဆိုသော တစ်ယောက်နှင့် ငွေနှင်းစက်။ အလွန်လှပချောမွေ့ကာ မာနကြီးလွန်းလို့လည်း နာမည်ကြီးနေခဲ့သော ငွေနှင်းစက်ပင် စက်ကို ခွင့်လွှတ်ဖို့ ကြိုးစားနေပြီဆိုလျှင်...

"အေးကွာ၊ မင်းလုပ်သမျှ ကြံသမျှ အဆင်ပြေကုန်ရင်ပြီးတာပဲ၊ ငါတို့ကတော့ မင်းကို ဟိုတုန်းကတည်းက မတော်ဘူးလို့ တားမြစ်ခဲ့ကြတာပါ၊ တားလဲ တားတယ်၊ ဘာဖြစ်လာလာ ပြဿနာကို ဝိုင်းဖြေရှင်းခဲ့ကြတာပဲ၊ အဲဒါက မနေ့က တစ်နေ့ကအထိ မှန်တယ်၊ နောင်ဆိုရင် ဆုံဖြစ်ကြဖို့လဲ မရှိတော့ဘူး၊ ဆုံကြရင်တောင် ဒီလို ကလေးကလားတွေ ပြောကြပြီး အချိန်ကုန်မခံချင်တော့ဘူး"

စက်ကပြုံး၍ ပီကေကို ကျကျနန ဝါးနေ၏။ ပိုင်စေက မခံသော်လည်း မပြုံးနိုင်ဘဲ ထရပ်လိုက်၏။ မျက်မှန်ကို ပြန်တပ်လိုက်ပြီးမှ ...

"ငါ သွားမယ်ကွာ၊ အန်ကယ့်ကို ငါလာသွားတယ်လို့ပဲ ပြော





လိုက်ပါ၊ ငါ မင်းနဲ့တွေ့ချင်လို့ တမင်လာတာ၊ အဓိက ကတော့ မင်းလုပ်ခဲ့တဲ့ကိစ္စတွေ လိုင်းပူးကုန်မှာစိုးလို့ သတိပေးချင်တာပဲ၊ ပြဿနာမကုန်သေးဘူးလေ၊ မရဘူးဆိုတာ သိပေမယ့် ပြောနေကျ မို့လို့ပဲ ... လစ်ပြီ"

ပိုင်စေက ကျောခိုင်းလိုက်ရင်း နှုတ်ဆက်သည်မို့ တစ်ချက်မှ ပြန်မကြည့်တော့ဘဲ ထွက်သွားလေသည်။ ပြုံးနေသည့် စက်၏ မျက်နှာက တဖြည်းဖြည်း အေးစက်စက်ဖြစ်သွားသည်။ ပီကေဝါးတာ မဟုတ်ဘဲ အံကြိတ်ထားသလိုဖြစ်နေရင်း မျက်နှာက တင်းမာနေ၏။

ရင်ထဲမှာ မဟုတ်တာတစ်ခုက ရှိနေသည်။ ထိုမဟုတ်တာကို သူ မကျူးလွန်ချင်ပါ။ ယုတ်မာဖို့လည်း ကြံစည်ခဲ့တာမဟုတ်။ လက်ရှိအခြေအနေအပေါ်မှာ ဆုံးဖြတ်ခဲ့သည်။ ဆုံးဖြတ်တဲ့နေရာမှာ ပြတ်သားတစ်ခုကတော့ သူ့မှာ အပြစ်ရှိနိုင်သည်။

ဒါပေမယ့် ရင်ထဲက သယံဇာတတွေကို ဘယ်တုန်းကမှ အိတ်သွန်သမှောက် သူ ပြောဖူးခဲ့တာမရှိ။ သံသယမျက်လုံးကို သူ မုန်းခဲ့သည်။ ကြောင့် သူ့အပေါ်မှာ ပွေသလား။ ရှုပ်သလားဆိုသည့် သံသယတွေနဲ့ ကြည့်လာသော မျက်ဝန်းလှလှလေးတွေကို ရက်စက်ပစ်ခဲ့၏။

ဘာလို့ ရှင်းရမှာလဲ။ ရှင်းပြတယ်ဆိုတာ မင်းရက်စက် ရာဇဝင်မှာ ရှိခဲ့သေး။

ချစ်ချစ် မချစ်ချစ် အဲဒါ ကိုယ့်ကိစ္စ ...။

အလွမ်းသစ်ပင်ကလေးက ကျွန်မနှလုံးသား အလယ်ဗဟိုမှာ...



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၂)

ပြောနေကြပြီ ကိုကို ...။ "နင်ဟာ ဘယ်နှစ်ယောက်မြောက်ထဲ
တဲ့။ လည်ဆွဲ ပြောခဲ့တယ် သိလား။ "ကိုကိုက ကျွန်မကို အချစ်ဆုံး"
လို့ ...။

သတိရတိုင်း ထုတ်ကြည့်ဖြစ်သည့် ဘဏ်စာအုပ်လေးကို ငေးရင်း
မျက်တောင်မခတ်ဘဲ ငြိမ်သက်နေသော မျက်ဝန်းတို့မှာ မျက်ရည်ဥင
ခိုတွဲနေ၏။

ဟိုတုန်းကဆို (ကိုကို ထားသွားတုန်းကပါ) မျက်ရည်တွေဟာ
ခေါင်းအုံးပေါ်မှာ ရွှဲနစ်နေခဲ့၏။ ရင်ဘတ်ပေါ်မှာ၊ စားပွဲခွန်းကလေး
တွေမှာ၊ ပြီးတော့ လည်ဆွဲရဲ့ ဒိုင်ယာရီစာအုပ်လေးထဲမှာ မျက်ရည်
မခဖူးတဲ့ နေရာမရှိ။ ကိုကို ပြန်လာမှာပါ။ အိပ်ရာထဲမှာ လှဲရင်း မျှော်
ခဲ့သည်။ တံခါးဝကနေ ထွက်ပြီး မျှော်ခဲ့၏။

သွားလာတဲ့နေရာတိုင်းမှာ ဘယ်ကြည့်ကြည့် ဘောင်းဘီထဲ
လက်နှိုက်၍ စတိုင်ကျကျလျှောက်သွားတဲ့ယောကျ်ားပျိုတွေ မြင်
တိုင်း၊ မိုက်သားရှပ်ရှပ် အရပ်မြင့်မြင့်နဲ့ အလွန် ကြည့်ကောင်းသော





ဆိုယ်လုံးဖြောင့်ဖြောင့် ရှိသူတို့ကိုတွေ့တိုင်း၊ ပြီးတော့ ကိုကိုဝါးနေကျ
ဒီကေနဲ့လေး သွားလာရင်း နှာခေါင်းထဲ ဝေ့သွားတတ်တိုင်း လည်ဆွဲ
ပြေးလိုက်ကြည့်၊ လည်ပင်းရှည်ကြည့်။ ခလုတ်တိုက်တာလည်း ရှိ
သည်။ သူများနဲ့ တိုးတိုက်မိပြီး လက်ထဲမှာ ဆွဲကိုင်ထားသမျှ လွတ်ကျ
ပြုတ်ကျကုန်တာလည်း ကြုံခဲ့ရ၏။

ဟိုတုန်းကဆို တစ်ယောက်တည်း။ ခုကျတော့ သားလေးကို
ထက်ဆွဲလို့ နှစ်ယောက် ...။ ကိုကို ထားရစ်ခဲ့တာ ငါးနှစ်ပြည့်တော့
မည်။ သားလေးတောင် လေးနှစ်ပြည့်တော့မည်လေ။

သားလေးရှိနေခဲ့မှန်း မသိသေးမီ အန်ကယ် မြန်မာပြည် ပြန်
ရောက်လာသည်။ ကိုကို့ကို ကြိတ်မျှော်ရင်း မနေနိုင်တော့ဘဲ အပြင်
ထွက်၍ ဟိုဒီလိုက်ရှာရင်း လမ်းပေါ်မှာ မူးလဲတော့ လေးလေး ကား
ရှေ့မှာ ဖြစ်၏။

"ကလေးလေး။ ငါ့ကလေးပါလား"

ဦးစိုးကောင်း ပြေးလွှားဆင်းလာလာတာရော၊ ပြောလိုက်သံ
တိုပါ ကြားလိုက်ရသည်။ နောက်တော့ လည်ဆွဲ ဘာမှမသိတော့ပေ။
သူမ သတိရလာတော့ ကိုယ်ဝန်ရှိနေပြီ တဲ့။

"ဘယ်မှာလဲ သမီး၊ ညည်းချစ်သူ အဲ ညည်းယောကျ်ားက"

"သူ ခရီးထွက်သွားတာ"

"ဘာ၊ မိန်းမနိုးလာတာကို ထားခဲ့ပြီး ခရီးထွက်သွားတယ်"

ဦးစိုးကောင်း လက်သီးလက်မောင်းတန်း၏။ စက် ထားခဲ့သည့်
ဘဏ်စာအုပ်ကိုမြင်တော့ တက်ခေါက်လေသည်။ သတင်းစုံစမ်းဖို့
ထွက်သွားသည်။ ဒေါ်သန္တာတို့သားအမိတွေကိုလည်း နာလောက်
အောင်ပြောပြီး အပြတ်ဖြတ်၏။

"အဲဒီကောင်ကို ညည်း မေ့ပစ်လိုက်စမ်း၊ ဒီစာအုပ် ဘာလုပ်ရ



www.burmeseclassic.com

www.burmeseclassic.com



မှာလဲ၊ ကလေးကို သက်သက် ဖျက်ဆီးသွားတာ၊ သင်းက ဘယ်လောက်ချမ်းသာနေလို့လဲ၊ ဘယ်မှာလဲ၊ အသေရိုက်သတ်ပစ်မယ်၊ လူမိုက်ငှားပြီး သေအောင်ကို သတ်ခိုင်းမှာ”

ဦးစိုးကောင်း အသားဆတ်ဆတ်တုန်နေခဲ့သည်။ ဒီတူမလေးကို တော့ မဆူရက်၊ မမာန်ရက်။ ဒါ သူ့အပြစ်။ ကလေးကို သူမျှား လက်ထဲမှာ ကြာရှည်စွာ ပစ်ထားခဲ့မိသည်။

နိုင်ငံခြားကို လုံးဝ မပြန်တော့ဘဲ မင်းရက်စက်ကို စုံစမ်းတော့ အမေရိကားကို ထွက်သွားသည် တဲ့။ အဲဒီမှာပဲ စက်၏ မင်္ဂလာ သတင်းတွေ၊ ထားခဲ့ဖူးသည့် ရည်းစားတွေ၊ မှားခဲ့တာတွေရော၊ မှားတာမမှားတာ မသေချာတာတွေရော အားလုံး အစုံပဲဖြစ်၏။

“ညည်းက ဘယ်နှစ်ယောက်မြောက်မှန်းကို မသိတာ၊ ကလေးရယ်၊ လေးလေးက ကလေးကို ဆူချင်တာမဟုတ်ဘူးနော်၊ သနားတာ အညာခံရတာကို ရင်နာလွန်းလို့၊ အဲဒါလဲ ကလေးက ဖြူစင်တာပဲ၊ သင်းကိုက ယုတ်မာတာ၊ ဖြစ်ချင်တာဖြစ်၊ ကလေး သူ့ကို မေ့လိုက်စမ်းကွယ်”

“ဟင့်အင်း”

ဘယ်လိုသက်သေတွေ ယူလာလို့မှ လည်ဆွဲ လက်မခံ။ စက်ပြန်လာတော့မည်ကြားတော့ ဦးစိုးကောင်း ဘာတွေစိတ်ကူးပေါက်သွားမှန်းမသိဘဲ စက်ကိုတုံ့ပြန်ဖို့ ကြိမ်းဝါးနေရာက ရန်ကုန်ကနေ ချက်ချင်း ပြောင်းတော့သည်။

“ဒီလိုယုတ်မာနဲ့ကလေးနဲ့ ပြန်မဆုံရဘူး” ဟု တည့်တည့် မဟုတ်ဘဲ ကွယ်ရာမှာ ကြိမ်းဝါးသံ ကြားရ၏။ ဒါပေမယ့် လည်ဆွဲ ခဏလေး ငြိမ်သက်နေခဲ့ပြီး သားလေးကိုမွေးပြီး တစ်နှစ်သားရသည်နှင့် ရန်ကုန်ကို ထွက်ပြေးသွားခဲ့သည်။ ဦးစိုးကောင်း ပြေးလွှားလိုက်ရှာတော့





ကိုကောင်နဲ့ နိုးပြေးပေါင်းသင်းခဲ့တဲ့ အိမ်ကလေးမှာ တဲ့။ ဒေါသတွေသည်း ဖြစ်၊ သနားလည်း သနား၊ ပြန်ခေါ်တာလည်း ဘယ်လိုမှ ရပေ။

“ကိုကို လာခေါ်မှာ” ဟု မျက်စိမမြင်၊ နားမကြားသူ မိန်းပိုင့် သမ်းဆုံကို မကြောက်မရွံ့ ဖြတ်ကူးသလို အသည်းယားဖွယ် ပြောသည်။ သူ့မှာသာ တူမလေးအဖြစ်ကို ယူကျုံးမရဖြစ်ခဲ့ရ၏။

ဒီလောက်ချစ်ခင် စွဲလမ်းတတ်တဲ့ မိန်းကလေးကိုမှ ရက်စက်ခဲ့လေခြင်း၊ဟု လက်သီးဆုပ်၊ အံကြိတ်နေခဲ့ပေမယ့် လည်ဆွဲက လွမ်းဆဲပြီးသေး။ ဒါပေမယ့် လည်ဆွဲက မာနတော့ ရှိသည်။

“ကိုကို့ကို သွားခေါ်မလာပါနဲ့ လေးလေး၊ ရန်လဲ သွားမဖြစ်နဲ့ ... ကိုကို ရောက်လာတာကိုပဲ လည်ဆွဲ လိုချင်တာ” တဲ့။ မခက်လား။ ဘာများထူးလို့လဲ။

ဦးစိုးကောင်းမှာ မြန်မာပြည်မှာ အခြေပြန်ချဖို့ ကြိုးစားနေရရင်း ... နေ့တွေကတစ်ဖက်၊ တူမနဲ့ မြေးလေးက တစ်ဖက်။ ဒီကောင် ... ကောင်းတာကို ဘယ်လိုသက်သေပြမှ ယုံမှာလဲ။

လည်ဆွဲကတော့ စာအုပ်ထဲက ကိုကို့လက်မှတ်လေးတွေကို ... ရွက်ချင်းလှန်ကြည့်ရင်းနဲ့ပဲ တစ်နေ့ပြီး တစ်နေ့၊ တစ်လပြီးတစ်လ ... တော့ နှစ်တွေ တစ်နှစ်ပြီးတစ်နှစ်။

ဘယ်လောက်လွမ်းရ လွမ်းရ မုန်းလို့ မရနိုင်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

"တို့ပြန်မယ်နော်၊ မဝင်တော့ဘူး"

လည်ဆွဲ ခေါင်းလေးပဲညိတ်ပြ၍ ကျေနပ်ခိုင်းလိုက်မိသည်။ ပြန်တော့မယ်လို့ နှုတ်ဆက်သည့်လူက ကားမမောင်းနိုင်သေး။ လည်ဆွဲ အထဲဝင်သွားတာကို အစအဆုံး ငေးနေပြီးမှ ဖြည်းဖြည်းလေး မောင်းထွက်သွား၏။

ဒါကို ကလေးနဲ့ခြံထဲမှာ ဆော့နေသည့် ဦးစိုးကောင်းက မြင်နေရသည်။ ကားထွက်သွားပြီး သိပ်မကြာခင်မှာပဲ လည်ဆွဲ ပြန်ထွက်လာ၏။ စောစောက ပြန်လာသည့် အဝတ်အစားပဲ မလဲရသေးပါ။

"ဖေးဖေး၊ သားသား အဲဒီမှာလား"

"ဟုတ်ပါ့ဗျာ"

"မေမေရေ့ သားသားလေး ဆော့နေတာ"

ဦးစိုးကောင်းရှေ့ကနေ ချစ်သဝန်လေးက ပြေးထွက်လာသည်။ အပေါ်မှာ အဝါရောင်ကြိုးသိုင်းဘောင်းဘီတိုလေးနှင့် အားကစားဖိနပ်အဖြူကျားလေးကို စီးထား၏။ ဆံပင်တိုကပ်ကပ်လေးကို ကရင်မ်လူး၍ ကျကျနနလေး ဖြီးပေးထားသဖြင့် ဆံပင်ရောင်က နက်မှောင်လက်နေသည်။ မျက်တောင်လေးတွေက တိုပေမယ့် ခပ်စိပ်စိပ်နှင့် နက်မှောင်နေသည်။





နှာတံလေးကော့စင်းနေတာလည်း မင်းရက်စက်အတိုင်းပါပဲ။ နီမြန်းစိုအိနေသည့် နှုတ်ခမ်းသားတို့ ပိရိကျနကာ အပေါ်နှုတ်ခမ်းထောင့်ချိုးကလေးထိပ်မှာ သိသာစွာ ချိုင့်ဝင်နေခြင်းကလည်း ထပ်တူ၊ အောက်နှုတ်ခမ်းလွှာ၏အစပ် မေးပေါ်မှာ အရိပ်ကလေး ထင်နေတာလည်း တူ၏။

ပြေးလာသည့် သားလေးကို ဒူးထောက်ထိုင်ချလိုက်ပြီး ဆီးကြိုပွေ့ဖက်ကာ ကိုကို လည်ဆွဲကို မျက်တောင်လေးတွေကိုပဲ အရင်ဆုံးနမ်းတတ်ခဲ့သလို လည်ဆွဲ မြတ်နိုးသည့် ကိုကို့မေးဖျားလေးအတိုင်းရှိနေသည့် သား၏ မေးဖျားလေးကို ယုယုယယ ပင့်မော့လိုက်မိ၏။ ပြီးတော့ ချစ်မဝနိုင်စွာ နမ်းလိုက်သည်။

'ချစ်သဝန်' ဆိုတဲ့ နာမည်လေးကို လည်ဆွဲ တမင်မှည့်ပေးခဲ့တာဖြစ်သည်။ ဒီသားလေးဟာ လည်ဆွဲနဲ့ကိုကို့ရဲ့ ဘယ်တော့မှ ပြတ်တောက်မရနိုင်သည့် သံယောဇဉ်၊ သွေးနှင့် ချည်နှောင်ခဲ့ကြသော ဘဝအိမ်လေးတစ်ခု။

ကိုကို ပြန်လာမှာပါ။ သားလေးကျန်ခဲ့တာ ကိုကို မသိလို့လား။ သိရင် ကိုကို လာမှာပဲလို့ လည်ဆွဲ ယုံကြည်သည်။ ဒါမှမဟုတ် နိုင်ငံခြားကနေ ကိုကို ပြန်မရောက်သေးတာလား။

"အဲဒီကောင် ပြန်ရောက်နေပြီ၊ သမီးကမှ မဖြတ်နိုင်မယ့်အတူတူ လေးလေး သွားတွေ့လိုက်ချင်တယ် သမီးရယ်၊ မေတ္တာ ဘွဲ့ဇာတ်လမ်းရှည်ကြီးလို စိတ်ကူးယဉ်မနေနဲ့ သမီး၊ ကလေးက ရှိသေးတယ်"

လေးလေး ဘယ်လိုပဲပြောပြော ကိုကို ပြန်ရောက်နေပြီဆိုတာ ဟုတ်သည်ဖြစ်စေ၊ မဟုတ်ဘူးဖြစ်စေ ကိုကို လိုက်လာတာပဲ လည်ဆွဲ လိုချင်သည်။ လည်ဆွဲကို ကိုကို ဘယ်သူနဲ့မှမတူအောင် အရေးပေးခဲ့သည်။ မမလို ဆရာဝန်တစ်ယောက်ကိုတောင် ဂရုမစိုက်ဘဲ လည်ဆွဲကို လက်တွဲခဲ့တာဟာ မချစ်ဘဲ ဟန်ဆောင်လို့ရသလား။



www.burmeseclassic.com

www.burmeseclassic.com



"သူ ရည်းစားတွေ မနည်းဘူးဆိုပဲ ကလေးရယ်၊ ကလေး ယုံ
ချင်တယ်၊ ယုံအောင်လဲ အဲဒီရည်းစားမိန်းကလေးတွေဆီ ခေါ်သွားပြ
လေးလေး သက်သေပြနိုင်တယ်၊ ဘာဖြစ်လို့ ဒီလောက် အစွဲအလမ်း
ကြီးရတာလဲ၊ မေ့လိုက်စမ်းပါကွယ်၊ ဟိုတစ်ယောက်ခများမှာလဲ ကလေး
ကိုချော့ရ၊ မအေကိုချော့ရနဲ့ သည်းခံရှာပါတယ်၊ လေးလေးဖြင့် သူ့
ရည်၊ သူ့အရည်အချင်းနဲ့ သမီးအပေါ် ဒီလောက် အလိုလိုက် သည်း
ပြီး စိတ်ရှည်လွန်းတာကို တော်တော့်ကို အံ့သြနေပြီ"

"မတတ်နိုင်ဘူး လေးလေးရယ်၊ သည်းခံနေကြတဲ့အချစ်ဖေ
လည်ဆွဲ ရင်ထဲကို ဘာမှမပေါက်ဘူး၊ ရက်စက်တတ်တဲ့သူဆီက တစ်
တစ်သော အချစ်နည်းနည်းလေးကိုပဲ လည်ဆွဲ လိုချင်တယ်၊ သူ့အ
ကလွဲပြီး လည်ဆွဲ ရင်ထဲမှာ ဘာကိုမှ အလိုမရှိဘူး"

"ညည်း ပညာတွေတတ်ရဲ့သားနဲ့ ခေါင်းမာလိုက်တာ ကလေး
ရယ်၊ အဲဒီလောက် တယူသန် အစွဲအလမ်းကြီးတာ မကောင်းပါဘူးကွယ်"

"ကိုကိုက ကျောင်းမတက်ရဘူးလို့ ပြောခဲ့တယ်" ဆိုပြီး ကျောင်း
ဆက်မတက်ဘဲနေတာကို ဦးစိုးကောင်းသာမကဘဲ အားလုံးက ရှု
တသပ်သပ်ဖြစ်ခဲ့ကြသည်။

နာမည်ကိုက 'မင်းရက်စက်' တဲ့။ ရက်စက်သွားလို့ပဲ ကလေး
တစ်ယောက်နဲ့ ကျန်ခဲ့ရပြီ။ ဒါကို ကြိုးစတစ်စလို ချပစ်ခဲ့တဲ့နေရာ
ပဲ အပုံလိုက်။ ဒါပေမယ့် တကယ့်ကြိုးစမဟုတ်တော့ ဦးစိုးကော
မှာ ဟိုမှာသွားနေ၊ ဒီကိုလာလိုက်ခဲ့ ဆိုပြီး ဖြစ်သင့်တဲ့အတိုင်း ဆွဲ
ခေါ်ယူသွားလို့လည်း မရ။ ဒီကောင် ဘယ်လိုလူစားလဲ၊ ဒီမှာကြ
ဆိုတာတွေလည်း လက်ဆွဲ လက်မခံ။

"ဒါတွေ လည်ဆွဲ သိတာပဲ၊ သူ ဘာမှမညာခဲ့ဘူး လေးလေး
ချစ်သူတွေ ဘယ်လောက်များခဲ့ပါစေ၊ လည်ဆွဲကို ချစ်နေဖို့ပဲ လိုတာ





ဒီနေ့အထိ ဘယ်လိုစီစဉ် နားချလို့မှမရ။ သူမ ဂရုစိုက်နေတာ သားလေး ချစ်သဝန်ကိုပဲ ဖြစ်၏။ သားကတော့ အဖေကို မမြင်ဖူးခဲ့၍ ထင်သည်။ ဓာစပ်ဖို့၊ လက်ထပ်ဖို့ အခွင့်အရေးရအောင် ကြိုးစားနေသူတစ်ယောက်ထံမှာ တွယ်တာပိုနေခဲ့ပြီဖြစ်သည်။

"ဦးဦးကို သားသားလေး ချစ်တယ်၊ ဦးဦးကလဲ သားသားလေးကို ချစ်တယ်"

ထိုအခါ လည်ဆွဲက မကြိုက်တတ်ပါ။

"သမီးရယ်၊ သမီးက ခေါင်းခါနေတဲ့ကြားက သူ သည်းခံပြီး ကြိုးစားနေတာ၊ ကြိုးစားခွင့်တော့ ပေးလိုက်ပါ"

"ကလေးက သူ့ကို ခင်နေပြီ လေးလေးရဲ့"

"ဘာပဲဖြစ်ဖြစ် သူစိမ်းက သူစိမ်းပဲကွယ်၊ သွေးက စကားပြောပါတယ်"

ထိုသူတစ်ယောက်ဟာ ကလေးကိုလည်း အလိုလိုက်လွန်းကာ သူမ ဘယ်လိုပဲ ခေါင်းခါနေနေ အပြုံးမပျက်ခဲ့သူမို့ မကြည်ဖြူသော်လည်း ခေါ်နေ ပြောနေရသည်။ တခါတလေ ရှိင်းပျရလောက်အောင် ခြွင်းသာသည့် အခြေအနေတွေမှာ သူနဲ့ပဲ သွားမိလာမိခဲ့၏။

အဆိုးဆုံးက သူသည် ကိုကို့သတင်းမကောင်းကြောင်းများကို အများဆုံးသိထားသည်ဟု ဆိုကာ ကိုကို့ကို ဝေဖန်ခဲ့သည်။ တစ်နေ့နေ့မှာ 'လည်ဆွဲ သူ့ကို စိတ်ပျက်သွားမှာပါ၊ တို့သက်သေပြနိုင်တယ်' ဟုလည်း ဆို၏။

သေချာနေသည့် နှလုံးသားက သူ့စကားတွေကို လှောင်ပြုံးနှင့် ခဲ့၍ ခေါင်းခါမိသည်။ ကိုကို့ကို လည်ဆွဲ ဘယ်တော့မှ မမုန်းနိုင်၊ တစ်သက်လုံး မေ့မှာမဟုတ်။ ဒါကြောင့် ပြောခဲ့မိသေးသည်။

"သူက ပြောတယ်၊ ကျွန်မကို သိပ်ချစ်တာပဲ တဲ့၊ ကျွန်မ ယုံ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူက ယုံရမယ် တဲ့လေ၊ သူခိုင်းတာတ
ကျွန်မ လုပ်မှာပဲ၊ ပြောသမျှ ယုံတယ်"

ထို့နောက်မှာ သူ ဘာမှမပြောသာတော့ဘဲ မလျှော့သောစွဲနှင်
သားအနားမှာ နေခွင့်ရဖို့ ကြိုးစားနေခဲ့၏။ လည်ဆွဲဘဝမှာ ကိုဏ
လည်ဆွဲတို့ သားအမိဆီ ပြန်လာမယ့်နေ့ကိုသာ ...

"သမီး"

"ရှင် ... လေးလေး"

လည်ဆွဲက သားလေးကို ချီလိုက်ပြီး ထရပ်လိုက်၏။ အဝါ ရောင်
တွေချည်း အဝတ်များသော လည်ဆွဲကို ဦးစိုးကောင်းက မသက်မသာ
မော့ကြည့်သည်။ ကျောင်းသူလေးဘဝတုန်းကလို မဟုတ်တော့ေ
မယ့် ချစ်စိတ်ကတော့ မပြောင်းလဲသေးပါလေ။

ပခုံးတစ်ဖက်စွန်းမှ ခြေဖမိုးပေါ်အထိ တစ်ခြမ်းစင်းပါသော
လက်ပြတ်ကိုယ်ကျပ်အင်္ကျီလေးနှင့် တင်ပါးမထိတထိ ဆံပင်တွေ
ရှေ့ကနေ အဝါရောင်ဖဲကြိုးလေးနှင့် ဘီးကုတ်ကို သိမ်းတင်ထား၏
ကျပ်စေ့ပိုင်းခန့်ရှိသော အဝါရောင်နားဆွဲလေး ခါယမ်းလျက် ပြ
လည်း ပြင်လာသည်။ လှလည်း လှလာ၏။

မျက်တောင်တွေ ရှည်ပါသည်။ ကော့ပါသည်ဆိုတဲ့ထဲက ပို
လှအောင် ပြုပြင်ထားလိုက်တော့ မျက်ဝန်းတို့က မှောင်လှဲ့သော မျ
တောင်တို့နှင့် စိန်ပွင့်လေးတွေလို လက်တောက်နေသည်။

တစ်ခုလပ်ကလေးအမေဆိုပေမယ့် မြင်တဲ့ယောကျ်ားလေ
တိုင်း ရူးသွပ်မိုက်မဲချင်အောင် လှနေသည်။ ဘယ်သူတွေ ဘာဖြစ်နေ
ဘယ်သူ့ကိုမှ စိတ်မဝင်စားသော သူမက "ကိုကို့အတွက် ပြင်တာ"
တဲ့။ "ကိုကိုနဲ့တွေ့မယ့်နေ့အတွက် ပြင်နေတာ" တဲ့။

"လေးလေး၊ ပြောလေ"





ပြောရတာလည်း အပ်ကြောင်းထပ်နေပြီမို့ ပြောမည်ဆိုလည်း
ဒီစကားပါပဲ။ ဦးစိုးကောင်း အတွေးကိုဖြတ်၍ ချစ်သဝန်လေးကို
ကြည့်သည်။

"အပြင်သွားတာ ကလေး ဘာလို့ ခေါ်မသွားတာလဲ"

ဟု မပွင့်တပွင့်မေးတော့ လည်ဆွဲက ပြုံး၍ ...

"ခဏလေးနဲ့ ပြန်လာမှာမို့လို့ပါ။ ပြီးတော့ သားသားကို မိနန်း
ထမင်းကျွေးတော့မယ် ဆိုလို့"

သားအမိ အတူသွားဖို့ ထွက်ကြပြီးမှ ပေါ်တီကိုအောက်မှာ
ဟိုတစ်ယောက် ကားနဲ့ရောက်လာလို့ ကလေးကို မိနန်းလက်ထဲ
ထည့်ပစ်ခဲ့တယ်ဆိုတာ မိနန်းပြောလို့ ဦးစိုးကောင်း သိပြီးပါပြီ။ သူ
ရောက်တော့ ကလေးက ငိုမဲ့မဲ့နှင့် တိုင်သေးသည်။

"ဘဘ၊ မေမေက သားသားလေးကို ခေါ်မသွားဘူး" ဆိုတော့
သူမှာ ပွေ့ပိုက်ပြီးချော့လိုက်ရကာ ခြံထဲဆင်းဆော့ပေးရသည်။

"ပိုင်က စိတ်ထားကောင်းရှာပါတယ်ကွယ်၊ သူ့လို စိတ်ကောင်း
ရှာမဟုတ်ဘူး၊ ကလေးကို သမီး ထားပစ်ခဲ့တာ သူနဲ့ ပေးမတွေ့ချင်
လို့မှန်း သိမှာပဲ"

လည်ဆွဲ မျက်နှာလေးမျက်သွားပြီးမှ ပြန်မော့၏။ ပြီးတော့ သား
လေးကို တင်းခနဲ ဖက်၍ ပါးချင်းကပ်သည်။

"သိနေတာပဲ လေးလေးရယ်၊ သိသိနဲ့ သူလာနေတာပဲ၊ ရိုင်း
သွားလဲ မတတ်နိုင်ဘူး၊ သူနဲ့ သားသားခင်တာလဲ မကြိုက်ဘူး"

"ခက်လိုက်တာ"

ဦးစိုးကောင်း မျက်နှာမကောင်းပါ။ လည်ဆွဲက အခြေအနေကို
ပြောင်းလဲဖို့ ကြိုးစားချင်သည်မို့ ...

"လေးလေး၊ စက်ဘူ သွားမယ်ဆို၊ ဘယ်နေ့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ဦးစိုးကောင်းက ခေါင်းခါသည်။

"မသွားတော့ဘူး၊ ပိုင်နဲ့ပဲ ခိုင်းလိုက်တော့မယ်၊ သူသွားမယ် ဆိုတာ သမီးကို ပိုင်မပြောဘူးလား"

"ဟင့်အင်း၊ စကားမစပ်မိလို့ ဖြစ်မယ်၊ ဒီနားမှာပဲ သားသား အတွက် မုန့်ဝယ်ပြီး လည်ဆွဲ ပြန်လည့်လာတာ"

အပြင်ထွက်တော့မည့်ပုံနှင့် ဆုံမိ၍သာ ကားပေါ်တက်သွား ရတာ၊ ဒီလိုပဲ လုပ်လာမယ်ဆိုတာ မယုံစရာတော့ မရှိပါ။ ဦးစိုးကောင်း က နားလည်ပါသည်ဆိုသော အပြုံးနှင့် ခေါင်းညိတ်တော့ လည်ဆွဲက မျက်လွှာလေးချပစ်၏။

"သမီးလေး"

"ရှင် လေးလေး"

"ဒီကို ဘယ်နေ့ပြောင်းလာမလဲ"

"ဟို ..."

"လေးလေးက ဒီတစ်ခုပဲ တောင်းဆိုတာ၊ သမီးရဲ့သံယောဇဉ် တစ်ခုတည်းနဲ့ လေးလေးက အစီအစဉ်တွေ ဖြစ်သလိုပြောင်းလဲပစ် ပြီး မြန်မာပြည်ကို ပြန်လာတယ်၊ ဒီမှာ အခြေစိုက်ခဲ့တယ်၊ သမီးက တော့ ဟိုလူထားခဲ့တဲ့ တိုက်ခန်းလေးမှာပဲနေပြီး ဒီနေ့အထိ လေးလေး ဆီကို ဧည့်သည်လိုလာ၊ ပြီးတော့ ပြန်သွား"

"ဧည့်သည်လို မဟုတ်ပါဘူး လေးလေးရယ်၊ လာရင် ဆယ် လေးငါးရက် နေတာပဲဥစ္စာ"

"အမြဲနေရမှာ သမီးရဲ့၊ လေးလေးလဲ လေးလေးသမီးနဲ့ မြေးနဲ့ အတူနေချင်တာပေါ့၊ သမီးမှာ အိမ်ထောင်နဲ့ မိသားစုနဲ့ဆို လေးလေး မတောင်းဆိုပါဘူး၊ ခုတော့ သမီး ခုလိုနေတာ လေးလေး ဘယ် လောက်ရင်ပူရသလဲ"





ပြောနေကျစကားတွေပဲမို့ လေးလေးကိုလည်း မနှစ်သိမ့်ချင် တော့ပါ။ လည်ဆွဲဘဝကိုတော့ ကိုကို့ရင်ခွင်မှာပဲ မြုပ်နှံဖို့ ဆုံးဖြတ် ပြီးသား။

ကိုကိုက လည်ဆွဲကိုသာ ချစ်ခဲ့ပါသည်ဟု ပြောတုန်းက သူမ ပြန်မပြောနိုင်ခဲ့ပေ။ အရင်က မပြောနိုင်တာကို အခု လက်တွေ့ ပြသပြချင်သည်။

လည်ဆွဲ ရင်ထဲမှာ ကိုကိုတစ်ယောက်သာ ရှိပါသည်။ ကိုကို ရောက်လာလျှင် ခွင့်လွှတ်ကြည်ဖြူသည်းခံရင်းနဲ့ပဲ ....။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

"ဘာဖြစ်နေတာလဲ စက်၊ ရှေ့မှာ ယာဉ်တိုက်မှုဖြစ်နေတာ ဘူးလား"

"မြင်တယ်လေ"

"မြင်ရင် ဘေးကကျွေ့တက်ရအောင် လမ်းတောင်းပါ မင်္ဂလာအချိန်က ကျတော့မှာ၊ ကားကြောပိတ်နေတာကြီး အတိုင်း ထိုင်စောင့်မလို့လား"

"အားလုံး ဒီမှာ စုပြုံညပ်နေတာကိုကွာ"

"ဟုတ်တယ်လေ၊ ဘေးမှာကားတွေ ဒီလိုပဲ ဖောက်ထွက် ကြတာ မမြင်ဘူးလား၊ လုပ်ကွာ၊ ကမန်းကတန်းကြီးပွဲတက်ရရင် ပြန်ကုန်လိမ့်မယ်"

ရတနာတွေ ပြုံးပြက်လက်နေကာ အလှဆုံးမျက်နှာလေး ညို တာကို စက်က ခဏကြာအောင် ငုံ့ကြည့်၏။ ပြီးတော့ လည်ပ နက်ခ်တိုင်ကို စိတ်ကျဉ်းကျပ်သလို တမင်ဆုပ်ကိုင်၍ ဟိုဘက် ဒီဘက်ဆွဲ လုပ်ပစ်လိုက်သည်။ ပြီးမှ ကူရှင်မှာ အရုပ်ကြိုးပြတ် မှီချလိုက်ကာ ဘေးကမှန်ကို ချလိုက်၏။





"မတတ်နိုင်ဘူးကွာ၊ တရွေ့ရွေ့ ရှေ့တိုးလိုက်၊ စောင့်နေလိုက်၊ ားကိုလက်ပြ၊ ဒီကားကို တောင်းပန်လိုက်နဲ့ မလုပ်ချင်ဘူး၊ တစ် ကျော်ကျော် စောထွက်လာတာပဲ၊ မှီပါတယ်"

"ကျွတ်"

နှင်းက သူ့ဘက်ကို ကိုယ်တစ်ခြမ်းစောင်းလေး လှည့်လာကာ...

"အဲဒီတံခါးက ဘာဖြစ်လို့ ချပစ်လိုက်ရတာလဲ၊ ဒါ မင်္ဂလာကား လက်ဖက်ရည်ထွက်သောက်ဖို့ မောင်းလာတဲ့ကားမဟုတ်ဘူး၊ တင်လိုက်"

စက်က ပန်းနုစ်ဖက်ကို စက်ျူ၍ အေးစက်စက် ပြန်ကြည့်သည်။

"လေသံက ရင့်လှချည်လား နှင်း၊ တို့က မင်းရဲ့ဒရိုင်ဘာ တ်ဘူး"

"ဒရိုင်ဘာ မောင်းပို့မယ့်ဟာ ယူက လက်မခံတာလေ၊ သတို့သား ိုင် ကားမောင်းထွက်လာသတဲ့၊ လူမြင်လို့မှ မကောင်း"

"လူမြင်မကောင်းရအောင် တို့က ပုဆိုးခြုံပြီး သူခိုးဂျပိုးရုပ်နဲ့ င်းနေလို့လား"

"မသိဘူးကွာ၊ ဒီအချိန်မှာ ရန်လာမဖြစ်ချင်နဲ့၊ မှန်ပြန်တင်လိုက်"

"မတင်နိုင်ဘူး၊ အပြင်က လေကို တို့လိုချင်လို့"

"စက်၊ ယူ တို့ကို ရွဲ့တာလား"

"အဲဒီလို ဖြစ်သွားလား"

စက်က ရယ်သည် မဲ့သည်မဟုတ်ဘဲ မျက်ခုံးပင့်၍ လှည့်ကြည့် သည်။

"ဒါဆိုရင်တော့ မာမီက မွေးလိုက်ကတည်းက အရွဲ့အတိုင်း ထားလိုက်တာ ဖြစ်မယ်၊ မင်းနဲ့ကျမှ မဟုတ်ဘူး၊ အစကတည်း ကိုယ်ဒီလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"နှင်းနဲ့ဆိုရင် ယူ ဒီလိုပြောလို့မရဘူး။ နှင်းက ယူ့အတွက် တ
လူမှမဟုတ်တော့တာ၊ ဒါပြင်ဆိုရင် ပြင်ပေးရမှာပဲ"

"နှင်း"

စိတ်ကညစ်ရသည့်အထဲ ကားပေါ်မှာ ကြိတ်ရန်ဖြစ်နေရသ
အဖြစ်ကြောင့် စက်မျက်နှာက သိသာစွာ တင်းလာ၏။

နိုင်ငံခြားမှာ ဒယ်ဒီဆေးကုပြီး အပန်းဖြေဖို့၊ စီးပွားရေးဗဟုသု
လေ့လာဖို့ စသဖြင့် သူလည်း ကျေနပ်နေခဲ့ပြီး ကြာသွားလိုက်
နှစ်နှစ်။ ဒယ်ဒီပြန်မယ်ဆိုတော့လည်း သူ မပြန်ချင်သည်မို့
လိုက်သည်။ စီးပွားရေးဆိုတာကိုပင်လည်း အဲဒီအချိန်မှာပဲ စိတ်ဝင်
လာခဲ့သည်။ တိုးတက်ဖို့၊ ကြီးပွားဖို့တွေ ခေါင်းထဲ ရောက်နေပြီဖြ
ဒယ်ဒီကလည်း ဝမ်းသာအားရ နေခဲ့ဖို့ ခွင့်ပြုသည်။

အဲဒီတုန်းမှာ လူကြီးနှစ်ယောက်ပြန်ပြီး သူနဲ့နှင်း ဟိုမှာ ကျ
၏။ အတူကျန်ခဲ့တယ်ဆိုပေမယ့် သပ်သပ်စီပါ။ သူက သူ့အ
သူတက်၊ ကိုယ်က စီးပွားရေးလောကထဲ ဟိုဝင်ပါ၊ ဒီဝင်ပါ
ခေတ္တေ့ဆိုကြ၊ အကူစားသောက်ဖြစ် သွားလာဖြစ်တာပဲ ရှိသ

နှင်း မြန်မာနိုင်ငံကို ဘာဖြစ်လို့ မပြန်တာလဲ။ သူ ပြန်
ဖြစ်မှာလား ဘာညာလည်း မစပ်စုဖြစ်ခဲ့ပေ။ တကယ်ကျတော့ နှ
မာနကြီးသလောက် မာနကြီးနိုင်အောင် ကြိုးစားနေသူဖြစ်၏။ နိုင
မှာ ဘွဲ့ဘယ်နှစ်ခုယူလာခဲ့သည်ဆိုသော ဂုဏ်တွေးကို လိုချင်
ကြောင့် သူမဆန္ဒအတိုင်း စက်လည်းရှိနေတာပဲဆိုပြီး ဦးမိုးကျေ
ထားခဲ့တာ တဲ့။

ဒါတွေ သူပြန်လာတော့မှ သိခဲ့ရသည်။ မြန်မာနိုင်ငံ ပြန်
လာကြတော့ နှစ်ယောက်အတူ ဒီလောက်နေထိုင်သွားလာပြီးမှ ဒ
ဆက်နေကြဖို့ မဖြစ်တော့ဘူး ဆိုသောခေါင်းစဉ်နှင့် လက်ထပ်





ကျက်ချင်းသတ်မှတ်ကြ၏။ အစကတည်းက သူ လိုလိုချင်ချင် ပူဆာခဲ့
တာမို့ ဒယ်ဒီက သူ့အစွမ်းအစနဲ့သူ ဟိုတယ်မှာ ဒိတ်ရအောင်ယူသည်။
သူဖြစ်နေတာကျတော့ 'ငါ့သား အိုခေလား' လို့တောင် ငဲ့ကြည့်မေး
တော်မရ။

ဟိုမှာအတူနေကြကတည်းက ကိုယ်ကယောကျ်ားလေးမို့ နေရာ
တကာ မပြိုင်ချင်ဘဲ လျှော့ပေါ့ဆက်ဆံပေးခဲ့ရသည်။ ဒါပေမယ့် နှစ်
ယောက်အတူ နိုင်ငံတစ်ခုတည်းမှာ ရှိနေကြတာ ဆန်းလို့လား။ လက်
ထပ်ကြဖို့ ဆုံးဖြတ်ကြတာတောင် ကိုယ်က လိုလိုချင်ချင် ခေါင်းညိတ်
ပြီး သူမက ဆက်ဆံပုံတင်စီးစွာဖြင့် မလိုချင့်လိုချင် ခေါင်းညိတ်ပေးရ
တာမျိုး လိုချင်တဲ့သူ။

ဘာ ဘာပဲဖြစ်ဖြစ် ကိုယ်က လူပျိုမဟုတ်။ မိန်းမမရှိဘဲ ရှမ်းခဲ့၊ ဇရတ်
ထူခဲ့တာက တစ်မျိုးဖြစ်၏။ မိန်းမယူလိုက်ဖို့ကျတော့ သူ့မှာ ရှိခဲ့ဖူး
တာကို ဖုံးကွယ်ရတော့မှာမို့ စိတ်ကမလုံချင်။

တစ်သက်လုံး သူ လူဆိုးလုပ်ခဲ့သည်။ ဒါပေမယ့် ကိုယ့်အဖြစ်
ဆိုတာမျိုး ဝန်ခံမိစေမည့် တိုက်ရိုက်မေးခွန်းမျိုးကို သူ ဘယ်တော့မှ
တည့်တည့်မဖြေခဲ့ပေ။ ဒါဟာ ပြောင်လိမ်တတ်လောက်အောင် သူ
မယုတ်မာချင်၍ ဖြစ်သည်။

မှသား ပါချင်ပါမည်။ မှာတ်တယ် မဟုတ်ဘူးကို ပွင့်လင်းစွာ
ဖွင့်ဟ၍ လိမ်ရမှာကိုတော့ လုံးဝရှောင်ခဲ့၏။ ခုလည်း ဘယ်သူမှ မမေး
ဘဲ ကိုယ့်မှာ ဇာတ်လမ်းရှိနေခဲ့သည့်အဖြစ်က ကိုယ်ပဲ သိနေခြင်း
ကြောင့် စိတ်က မကြည်လင်။ ထိုအခါ ဟိုတုန်းက တပ်မက်ခဲ့ဖူးသော
နှင်းကိုလည်း စိတ်မရှည်ချင်။ ရင်ခုန်ကြည်နူးဖို့လည်း မေ့နေခဲ့၏။
လည်ဆွဲကို သူ့ရင်ထဲမှာ နှစ်ဆယ့်လေးနာရီကျော်အောင် လုံးလုံး
လျားလျား မေ့ထားနိုင်ခဲ့တယ်ဆိုတာ မရှိ။ အကြောင်းတိုက်ဆိုင်တိုင်း။

www.burmeseclassic.com



တစ်နည်းပြောရလျှင် နှင်းအပေါ်မှာ ပွေ့ဖက်နမ်းရှိုက်ဖို့ အခွင့်အရေးနှင့် အားထုတ်ကြည့်မိသည့်အခါတိုင်းမှာ လည်ဆွဲကို သတိရသည်။

လည်ဆွဲ၏ ပါးကလေးတွေ၊ မျက်တောင်ကော့ကော့လေးတွေကို မေ့မရနိုင်။ ရောင်စုံပြေပြေလေးတင်လျက် လှနေသော နှင်းမျက်နှာနေရာမှာ လည်ဆွဲက အပြစ်မဲ့စွာ တိုးဝင်လာသည့်အခါ သာယာမှုတွေအားလုံး ဆုတ်ကွယ်ကုန်တတ်၏။

ဟိုမှာဝနေရင်း သူနဲ့လည်ဆွဲ နေခဲ့ကြသည့် တိုက်ကလေးမှာ လည်ဆွဲ ရှိနေသလား၊ မရှိဘူးလားဆိုတာ မိတ်ဆွေတစ်ယောက်ထံ လှမ်းဖုန်းဆက်၍ စုံစမ်းခဲ့သေးသည်။

"တိုက်က ပိတ်ထားတယ်၊ လူတွေ ပြောင်းသွားပြီ တဲ့"

ထိုသတင်းပြန်လာခဲ့သည်မို့ လည်ဆွဲ သူ့ကိုနာကြည်းသွားပြီမှန်း သိလိုက်သည်။ အဲဒီတုန်းကလည်း သူ သိပ်တော့ မခံစားမိခဲ့ပါ။ တစ်ပြည်တစ်နိုင်ငံမှာ အမြင်သစ်၊ စိတ်ကူးသစ်များနှင့် လည်ဆွဲကို သတိရတိုင်း နာနာကျင်ကျင်ဖြစ်ရတာမျိုးတော့ မရှိခဲ့ပေ။

ဘယ်တုန်းကမှ မခံစားခဲ့ဖူးသည့်ဝေဒနာက မိန်းမတစ်ယောက်ကို သတိရခြင်းတစ်ခုသာ။ ထိုပြင် လည်ဆွဲကော နောက်ထပ် အိမ်ထောင်မကျနိုင်ဘူးလား ဆိုသော အတွေး ဖျတ်ခနဲ ဝင်လိုက်ဖူးသည်၊ ရင်ထဲမှာ အပူကြောတစ်ချက် ဖြတ်ပြေးသွားသလို ဖျင်းခနဲ တစ်ချက်ဖြစ်၏။ ဒါကို နောက်ထပ်မတွေးမိအောင် နေသည်။ ဒီလို လည်ဆွဲမလုပ်ဘူးဆိုတာ ဘာဖြစ်လို့ အပိုင်တွက်နေမိမှန်းမသိပေ။

လက်ထပ်ဖို့ သတို့သားအဖြစ် ဒီကားလေးပေါ် ထိုင်ခဲ့ရသည့်အချိန်ရောက်တော့ ပူလောင်သည့်အရှိန်က ပိုလာသည်။ နှင်းရဲ့မာနတွေကို လက်မခံချင်ဖြစ်လာ၏။ အရှုံးပေးရအောင် ကိုယ်ကရောဘာလဲ။ နှင်းကို စကားပြောဖို့ခေါ်လိုက်ပြီးမှ မျက်နှာလွှဲပစ်လိုက်မိ





သည်။ ဒီမိန်းမနဲ့ သူ စကားပြောဖို့တောင် စိတ်ကုန်သွားခဲ့မိတာ လက်ထပ်ဖို့ဖြစ်ပါ့မလား။ ခြေထောက်တွေက ကားဘီးတွေပေါ်မှာ။ ဘီးတွေ လည်ပတ်ခေါ်ဆောင်သွားတဲ့အတိုင်း လိုက်ပါဖို့သာ ရှိတော့သည်။ နောက်ဆုတ်ဖို့မှ မဖြစ်နိုင်တော့ဘဲ။ စိတ်ပျက်ခြင်းဖြင့် မျက်လုံးတို့က ကပ်လျက်ကားပေါ်သို့ ရောက်သွားသည်။

"ဟင် ..."

သူ ရင်တွေ ဒိန်းခနဲ ဆောင့်ခုန်သွား၏။ ကိုယ်က မတ်ခနဲ ဖြစ်လျက် သေချာလှည့်ကြည့်မိ၏။

သေချာပါသည်။ သူမ လည်ဆွဲ ..။

ဆံပင်တွေ ဖားလျားဖြန့်ချထားလျက် ကူရှင်မှာ ပန်းတစောင်းမှီထားသည်။ ဒီဘက်ကို ကျောခိုင်းထားကာ ဟိုဘက်က အမျိုးသမီးတစ်ယောက်နှင့် စကားပြောနေ၏။ မိုးပြာရောင် နားဆွဲပိုင်းကလေး၏ တစွန်းတစက သူမ ခေါင်းညိတ်လိုက်တိုင်းမှာ တဖျတ်ဖျတ် လှုပ်ခတ်နေ၏။

"ကိုယ့်ကို ကလေးတစ်ယောက်နဲ့ ထားပစ်ခဲ့တယ် ညီမလေးရယ်၊ မမက ဒီလိုလူကို မျှော်လင့်နေတော့ ဘာဖြစ်လာမှာလဲ"

အမျိုးသမီး၏အသံက နာကြည်းသံနှင့် သိပ်မကျယ်သော်လည်း ပီသစွာ ကြားနေရ၏။ ပြီးတော့ သူမမှာ ကိုယ်ဝန်အရင့်အမာနှင့် မျက်နှာမှာလည်း မျက်ရည်တွေ စို့စွတ်နေ၏။ လည်ဆွဲကို သူမ ကျကျနန ရင်ဖွင့်နေခြင်းဖြစ်သည်။

"သိပ်ကို ပွေရှုပ်တဲ့သူ၊ မမမှာ ဟိုတုန်းကတည်းက သူ ရှုပ်ပွေတာကို သိသိနဲ့ပေါင်းခဲ့ရတာ၊ ဒီလောက်သည်းခံခဲ့တာကို သူ ဒါမျိုးလုပ်သွားတာကြည့်၊ မမ ကိုယ်ဝန်သုံးလကတည်းက ထားပစ်တာ"

"မမရယ်၊ သူသွားတာ လပိုင်းပဲ ရှိသေးတာဥစ္စာ လည်ဆွဲ

www.burmeseclassic.com



ဆိုရင်လဲ သူ ထွက်သွားတာ သားလေးတစ်သက်ပဲ၊ သားက အခု ငါးနှစ်ပြည့်ဖို့ သုံးလပဲ လိုတော့တာ၊ ဒါတောင်မှ မျှော်နေတုန်းပဲ”

“ညီမက မသိလို့ပါ၊ အရက်သမားမိန်းမက အရက်သမား မဟုတ်ဘူးဆိုရင် ဖဲပဲရိုက်ရိုက်၊ မယားငယ်ပဲနေနေ ငါ သည်းခံနိုင်ပါ တယ်လို့ ပြောတာပဲ၊ ဟော ဖဲသမားမိန်းမကျတော့ ငါ့ယောကျ်ား ဖဲသာမရိုက်ဘူးဆိုရင် အရက်ပုလင်းထောင်ပြီး မိုးအလင်းထားပေး လိုက်ဦးမယ်လို့ ညည်းမယ်၊ ရှုပ်တဲ့ပွေတဲ့သူနဲ့တွေ့ရင် ငါ့အပေါ်မှာ သာ သစ္စာရှိစမ်းပါ။ ကျန်တာ ဘယ်လောက်ဆိုးမလဲ၊ ကမ်းကုန်အောင် ငါ သည်းခံမယ် တဲ့၊ အဲဒါပဲညီမရယ်၊ ဘယ်သူမဆို ကိုယ်သာ အမှု တတ်ဆုံး၊ ကိုယ့်သောကလောက် ဘယ်သူမှ မပိုဘူးလို့ ထင်ကြတာပဲ ညီမလေးက ညီမလေးယောကျ်ားကို ခွင့်လွှတ်နိုင်စရာ ရှိလို့ပါ။ အိမ် ထောင်ရေးဘဝမှာ ဖောက်ပြန်တာ အဆိုးဆုံးပဲ”

“သူလဲ အဲဒီလိုလူလို့ ပြောနေကြတာပဲ”

လည်ဆွဲအသလေးက အားနည်းစွာ ထိုးဖောက်လာရှာသည်။ မျက်နှာလေးငုံ့ကျသွားတာကိုလည်း သူ စိုက်ကြည့်နေမိ၏။ မင်း ရက်စက်ဆိုသော သူ့တစ်ကိုယ်လုံးမှာ မီးပွားတစ်စ ဘယ်နေရာမှာ ပြုတ်ကျဝင်ရောက်သွားမှန်းမသိ။ ထိုမီးပွားကြောင့် လူက အရည် ပျော်ချင်လာသည်။ စကားသံ မထွက်ဘဲ စတီယာတိုင်ကို ဆုပ်ကိုင် ထားမိရင်း တဒိုင်းဒိုင်းဆောင့် ခါနေသော ရင်ဘတ်ထဲမှာ သူ့ကို မနှာ မချင်း ရိုက်ပုတ်နေတော့မည့် ကျောက်ဆောင်ကမ်းပါးဆီ ပြေးရိုက် သော လှိုင်းလုံးများလို။

“နေပါဦး၊ ညီမက သေချာမစုံစမ်းဘူးလား၊ သူက အခု နောက် မိန်းမယူသွားတာလား၊ ဘယ်ရောက်သွားမှန်းမသိလို့လား”

လည်ဆွဲ ချက်ချင်းမဖြေနိုင်ရှာပါ။ ပြီးမှ ...





“ဘာပဲဖြစ်ဖြစ် သူပြန်လာမှာပါ။ ကိုကို့ကို လည်ဆွဲက ချစ်တယ် လေ၊ ဘယ်သူတွေ ဘာပြောပြော ကိုကိုပြန်လာမှာပဲဆိုတာ သိတယ်”

“ဖြစ်ရလေ ညီမလေးရယ်၊ မမ ဝေဖန်တာတော့ မဟုတ်ပါဘူး၊ စိတ်မကောင်းလို့ပါ၊ ရွှေလိုဥနေအောင် လှရက်နဲ့များ ကိုယ့်ဘဝကို အဆုံးခံနေရတယ်လို့၊ မိန်းမဆိုတာ အချိန်အခါအရွယ်က သိပ်ကို အရေးကြီးတာ၊ ဒီနေ့ ရွှေ၊ နောက်နေ့ငွေ၊ နောက်တစ်ရက်မှာ ကြေးတဲ့၊ တန်ဖိုးက အဲဒီလိုဆုံးရှုံးနေတာမျိုး၊ ယောကျ်ားတွေက ထိတွေ့မှုမှာ ခဏသာယာကြတာပါကွယ်၊ သူတို့ချစ်တယ်ဆိုတာ ရှေ့မှာ ချစ်ဖို့ မိန်းမရှိနေတုန်းလေ၊ ဒီတစ်ယောက်သွားတော့ နောက်တစ်ယောက်ပဲ၊ ဒါကို အညံ့ခံစရာလား၊ သူတို့က ကိုယ့်ဘဝထဲကို ဖြတ်သန်းသွား ရုံပဲဆိုရင် ကိုယ်ကလဲ ဖြတ်လျှောက်ရုံပေါ့။ မမကတော့ ဒီလိုပဲ သဘော ထားတယ်၊ ဂရုမစိုက်ဘူး၊ အခု ဒီလူလာကြည့်၊ မမက လုံးဝလက်မခံ ဘူး။ အား ... ပြောရင်းနဲ့”

“မမ”

“မိုက်၊ မိုက်နှာလာပြီ ညီမရယ်၊ မမ .. မမ မရတော့ဘူး ထင် တယ်၊ ညီမလေးကို အားနာနေပါပြီ၊ မမ ဒီကပဲ ဟိုဘက်ကနေ ကား ပြောင်းစီးတော့မယ်”

“အို မမ နေဦး၊ လည်ဆွဲ လိုက်ပို့မယ်”

အမျိုးသမီးက တစ်ဖက်ကနေ တံခါးဖွင့်ဆင်း၏။ လည်ဆွဲက လိုက်ဆင်းကာ ...

“ကိုလှတိုး၊ သွားတော့ သိလား၊ သားလေးကိုကြို့ပြီး သွားလိုင်း တော့”

နှစ်ယောက်သားဖေးမ၍ ဆင်းသွားကြတော့ သူ ငေးနေမိဆဲ။ ဟိုတုန်းကလို အလွန်ရိုးစင်းသော ဆံပင်ရှည်ကြီးတွေနဲ့ မဟုတ်တော့



www.burmeseclassic.com

www.burmeseclassic.com



ပါ။ ပေါင်လောက်နီးနီးဆံပင်တွေက တင်ပါးနားမှာ ဝဲဖြာနေသည်။ ပျော့ပျော့ကပ်ကပ်လေး ချုပ်ထားသော မိုးပြာရောင်ဝတ်စုံလေးက လှသောကိုယ်လုံးလေးပေါ်မှာ ရေစိုနေသည့်နှယ် ...။

သူ သတိဝင်လာလို့ ကားတံခါးကိုဖွင့်လိုက်မိစဉ် လည်ဆွဲတို့ လမ်းတစ်ဖက်ကို ဖောက်ထွက်သွားပြီး အငှားကားတစ်စီးလည်း ရသွားပြီဖြစ်၏။ စက် ကြွခနဲဖြစ်သွားသည့်ကိုယ်ကို ပြန်ထိုင်ချကာ တစ်ထိုင်တည်းမှာ နိုင်မသွားသော ဆုံးဖြတ်ချက်ဖြင့် နှင်းဘက်ကို လှည့်၏။

"နှင်း"

"ပြောပါ၊ ရှင် ဘာတွေဖြစ်သွားလဲဆိုတာ မသိပေမယ့် နှင်း မြင်တယ်"

တစ်ဖက်ကားပေါ်က မိန်းကလေးကို ရူးစိုက်ငေးကြည့်ရင်း ကြက်သေသေသွားခဲ့သော သူ့မျက်လုံးတွေ၊ အဲဒီတစ်ယောက် ဆင်းသွားတဲ့အထိ လိုက်ငေးနေတာကို နှင်းက အံကြိတ်၍ တိတ်ဆိတ်စွာ ကြည့်နေခဲ့တာဖြစ်သည်။

"ဟုတ်တယ်၊ ပြောမလို့၊ အဲဒီမိန်းကလေးက ရွှေလည်ဆွဲ၊ ကိုယ့်နေ့းပဲ"

"ဘာ ... ဘာပြောတယ်"

ဘယ်လိုမှ မယုံနိုင်။ အဲဒီလောက်ထိ လုံးဝမထင်မှတ်ခဲ့ဘဲ ဘယ်လိုပတ်သက်ခဲ့ဖူးတာ သူပြောလာခဲ့ရင် ခွင့်မလွှတ်နိုင်ကြောင်းနှင့် အပြတ်အသတ်ဖွဲ့ဖို့ စုဆောင်းထားသော စကားတွေဟာ ဟင်ခနဲ ပွင့်ထွက်သွားသည့် ပါးစပ်တွင်းမှ ဒလဟော ပြန်လည်ပြိုဆင်းကုန်ကြပြီလား။

"ပြောချင်တာ အဲဒါပဲ နှင်း၊ တို့ မင်းအပေါ်မှာ နွေးထွေးလို့မရခဲ့တဲ့ အဖြေက အဲဒါပဲ၊ တို့ရင်ထဲမှာ သူရှိနေခဲ့တာ"

စကားမဆိုနိုင်ဘဲရှိနေသည့် သတို့သမီးဝတ်စုံနှင့် နှင်းမျက်နှာ





လေးကို သူ စိတ်မကောင်းစွာကြည့်၍ ကုတ်အကျီပေါ်မှာ ထိုးထားသည့် ပန်းပွင့်ရင်ထိုးလေးကို ဖြုတ်သည်။ ဒက်ရှ်ဘုတ်ပေါ် တင်လိုက်ပြီး...

"မင်းရဲ့နစ်နာမှုအတွက် တို့ တောင်းပန်ပါတယ်၊ ဒါပေမယ့် သူက ပိုနစ်နာခဲ့တဲ့သူ၊ သူ ကျေနပ်ဖို့ တို့သွားရလိမ့်မယ်၊ ဆောရီး"

စက် မျက်နှာလွှဲပစ်လိုက်ပြီး သွားကြားထဲမှာ ဖိကြိတ်ထားသည့် ပီကေကို အပြင်သို့ ထွေးထုတ်လိုက်သည်။

"မင်းရဲ့သတို့သားအဖြစ်က တို့ နှုတ်ထွက်ပါရစေ"

သူ တံခါးဖွင့်လိုက်ပြီး ခြေထောက်တစ်ဖက် အပြင်မှာ ချလိုက်၏။

"ယူ ... ယူ အဲဒီလို လုပ်လို့ရမလား"

သူ ချခဲ့သည့် ရင်ထိုးက သူ့ပခုံးစွန်းကို အရှိန်နှင့် ပစ်မှန်လေသည်။ စက် တုံ့ခနဲဖြစ်သွားပြီးမှ အပြင်ထွက်ရပ်လိုက်၏။ ထိုစဉ်မှာ သူ သတိမထားခဲ့မိသည်က နောက်က ကားလေး လမ်းကြောင်းယူပြီး ဖောက်ထွက်သွားပြီဖြစ်သည်။ စက်က တံခါးကို သေချာပြန်ပိတ်ပေးကာ ...

"ဆောရီး"

နောက်ထပ်ပြော၍ ကျောခိုင်းလိုက်သည်။ သူ ဒီဘက်လှည့်လိုက်တော့ ကားလေး မရှိတော့ပါ။ အနက်ရောင်ခေါင်မိုးစွန်းလေး ထွက်သွားတာကို မြင်လိုက်သဖြင့် သူ ပြေးလိုက်သည်။ မမီနိုင်မှန်း သိလျက်နှင့် သူ တအားပြေးလိုက်ခဲ့တာက ကားနံပါတ်ကို ဖတ်ဖို့။

ကိုယ် မှားခဲ့တာတွေ အများကြီးပဲ လည်ဆွဲရယ် ....။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

ပိုင်က သူမ ဝင်ထိုင်လိုက်ပြီးမှ တံခါးသေချာပိတ်ပေးပြီး တစ်ဖက်က ဝင်ထိုင်သည်။

"ဆောရီး ကိုပိုင်၊ လည်ဆွဲ နေတဲ့လမ်းထိပ်က ကိုယ်ဝန်ဆောင် တစ်ယောက် မီးဖွားဖို့ ဒုက္ခရောက်နေတာနဲ့ ကူညီနေရင်း နောက်ကျသွားတာ"

ပိုင်က ပြုံး၍ လှည့်မကြည့်ဘဲ ခေါင်းညိတ်၏။

"နောက်မကျပါဘူး၊ တို့က ဘာပြောပြော ခေါင်းခါနေတဲ့ မင်း ဒီနေရာကို လာမှ လာပါ့မလားလို့ တွေးပူနေတာ၊ တို့ထင်တယ် သိလား၊ တို့က မင်း ဒီတစ်ခါ ယုံကြည်သွားမှာပါလို့ ပြောတာကို မင်း ရန်တွေ့ဖို့ ထွက်ခဲ့တာမို့လား၊ ဒီလောက် ခဏခဏ မကောင်းကြောင်း တွေပြောနေတာ ဒီတစ်ခါ နောက်ဆုံးပဲ၊ ဟုတ်ရင်ဟုတ်၊ မဟုတ်ရင် ပြီးပြီလို့"

သူ ပြောပြနေတာကို လည်ဆွဲက မရယ်ချင်ဘဲရယ်၍ နှုတ်ခမ်းလေးပါ မဲ့သည်။





"ကိုပိုင်က ဒါလဲ တော်တာပဲနော်၊ ဒါပေမယ့် လည်ဆွဲ နှလုံးသားကို လိုချင်ပြီး အကဲမခတ်နိုင်တာတော့ စိတ်မကောင်းစရာပဲ၊ လည်ဆွဲက သူကလွဲပြီး..."

"နေပါဦး"

ကားကို ဟိုတယ်ဘက်သို့ ခပ်မြန်မြန် ကွေ့ချလိုက်ပြီး ပိုင်က လှည့်လည်းကြည့်ပြီး တားလည်းတားသည်။

"ရောက်နေပါပြီ၊ မင်းကို တို့အထဲခေါ်သွားမယ်၊ မင်းမြင်ဖို့ သိုအပ်တဲ့အရာတွေကို ပြမလို့၊ ဒါပေမယ့် တိတ်တိတ်ဆိတ်ဆိတ် နေမှဖြစ်မယ်"

နာမည်ကြီးဟိုတယ်ထဲကို ကားလေးကွေ့ဝင်သွားခဲ့၏။ ကားပေါ်က ဆင်းတော့လည်း ပိုင် ခေါ်သွားတဲ့အတိုင်းပဲ လည်ဆွဲ လိုက်သွားခဲ့သည်။ အဆင်သင့်ပြင်ထားပြီးသော မင်္ဂလာပွဲကြီးက စည်ကားစပြီ။ လူတွေနဲ့ ပွဲ၏ခမ်းနားမှုကို ဘာမှန်းမသိဘဲ လည်ဆွဲ လိုက်ငေးရင်း မျက်လုံးတို့က ဧည့်ခံပွဲထိပ်စီးက သတို့သား သတို့သမီး တို့၏ နာမည်တွေသို့အရောက်...

မင်းရက်စက်

နှင့်

ငွေနှင်းစက်

ကိုကို...။ နာမည်သုံးလုံးနှင့် တစ်ထပ်တည်း ကိုကို့မျက်နှာကို မြင်ယောင်မိသွားသည်။ ဒါ ကိုကိုပဲဆိုတာကို နာနာကျင်ကျင် ယုံကြည်လိုက်မိပြီဖြစ်၏။ ရင်နာခြင်းကို ထိထိမိမိ ခံစားရသောအခါ ကိုယ်ဟာ ယုံကြည်နေတာမဟုတ်တော့ဘဲ အရိုးအငွေ့ ဖြစ်သွားခဲ့သလား။ လေထဲမှာလွင့်မျောသွားပြီလား။ မယုံတာ မဟုတ်ပါ။ ဒါပေမယ့် ယုံချင်။ မုန်းသွားတာလည်း မဟုတ်။ သို့သော် နာကြည်းသွားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



သတို့သား သတို့သမီးတို့၏ နာမည်များနောက်က များပြားသော ဘွဲ့တွေကို မမြင်တော့ဘဲ နောက်ကို ပြန်လှည့်လိုက်မိ၏။ ခေါင်းငိုက် စိုက်ချ၍ ခြေဖျားကိုပဲ ငုံ့ကြည့်လာခဲ့သော မျက်ဝန်းများထဲမှ မျက်ရ စက်တို့က တပေါက်ပေါက် ကြွေကျခဲ့တာ ခြေလှမ်းတို့နှင့်အပြိုင်။

သူမ နောက်မှာ ပိုင်က တိတ်ဆိတ်စွာ လျှောက်လိုက်လာသည် သူမ ဘာမှမသိတော့ပေ။ ဘယ်ဆီကို လျှောက်နေခဲ့မှန်းမသိ။ ဘေး ပိုင် ကားမောင်းလျက် တောက်လျှောက်ပါလာတာကို သိလျက်နှ မမြင်။ ကားရပ်ပြီး လိုက်ဆင်းခေါ်သည်။ ကားထဲပြန်ဝင်ပြီး အ မှာကပ်ခေါ်ရင်း ဖြည်းဖြည်းလေး လိမ့်ပါလာသည်။အဲဒါလည်း က လျက်နှင့် မသိ။

ရက်စက်တာ ကိုကို မမှားပါဘူး။ ကိုကိုက 'မင်းရက်စက်' ဆို ပဲလေ။

လူတွေကို ရှောင်ဖယ်၍ ရောက်ရာပေါက်ရာ ခြေဦးလှည့်တိ လျှောက်ခဲ့မိ၏။

လည်ဆွဲကို ကိုကိုက ညာခဲ့တာမှ မဟုတ်တာ။ လည်ဆွဲ ညာခိုင်းပြီး ချစ်တာ၊ လည်ဆွဲလေ ... လည်ဆွဲကို သူများက အသ ခွဲတာ မဟုတ်ဘူး။ ကိုယ့်နှလုံးသားကို ဖြုတ်ထုတ် ချနင်းနေခဲ့ လည်ဆွဲကိုယ်တိုင်ပါ။

တစ်လောကလုံး ပြောနေကြတာကို ပယ်ချထားခဲ့မိတာ လည်ဆွ မျက်ကန်းပဲ ကိုကို။ အားလုံးထဲမှာ ပိုင်စေဆိုတဲ့ တစ်ယောက်ကို လည်ဆွဲ ယုံသင့်ခဲ့တယ်။ ဒါပေမယ့် သူ့ကိုလည်း မယုံဘူး။ 'တို့ သူ့ရဲ့ ငယ်သူငယ်ချင်း' လို့ပြောတာကို ယုံပြီး သူ သိသမျှ ပြောတာ ကိုကျတော့ ခေါင်းခါပစ်ခဲ့တာလေ။

"မင်းကို သူ ထားခဲ့ပြီ၊ ဘယ်တော့မှ ပြန်လာမှာမဟုတ်





လည်ဆွဲ၊ အဲဒါ တို့ညာတာ မဟုတ်ဘူး၊ မင်းကို လက်ထပ်ချင်လို့ ယုတ်မာပြောနေတာ မဟုတ်ဘူး၊ သူ စေ့စပ်ထားတယ်၊ မင်းကို ထားခဲ့ ပြီး အဲဒီတစ်ယောက်နဲ့ နိုင်ငံခြားထွက်သွားတာ"

"မိန်းမ ခိုးထားခဲ့တယ်ဆိုတဲ့ သူ့အကြောင်း ဘယ်သူ့ကိုမှ ဝန်မခံ ခဲ့ဘူး၊ တို့တစ်ယောက်ကိုပဲ သူ ခေါင်းညိတ်ခဲ့တယ်၊ သူငယ်ချင်းတွေ ထဲမှာ တို့ကို သူ အခင်ဆုံး၊ ဘယ်သူဝေဖန်တာမှမကြိုက်ခဲ့ပေမယ့် တို့ကိုတော့ သည်းခံတယ်၊ သူ့ရည်းစားထားသမျှ တို့ တားဆီးတိုင်း စကားများတာချည်းပဲ၊ ဒါပေမယ့် သူ နိုင်ငံခြားမထွက်ခင်အထိ တွဲဖြစ် တုန်းပဲ"

"မင်း ယုံမလားမသိဘူး၊ သူ ခိုးယူခဲ့တဲ့ မိန်းကလေးဟာ မင်း ဆိုတာ မသိခင်ကတည်းက အဲဒီမိန်းကလေးအတွက်နဲ့ သူ့ကို တို့ ဝေဖန်ခဲ့တယ်၊ ကဲ့ရဲ့ခဲ့တယ်၊ လမ်းခွဲကြဖို့ မပြောခဲ့ဘဲ သူ့ရှေ့က တို့ ထွက်ခဲ့ပြီးတဲ့ခြေလှမ်းတွေကို ထာဝရကျောခိုင်းဖို့ ဆုံးဖြတ်ခဲ့တာ၊ တို့ က သူတော်ကောင်းမဟုတ်ပါဘူး၊ ဒါပေမယ့် မယုတ်မာဘူးဆိုတာ ယုံပါ၊ မင်း သူ့အတွက်နဲ့ သိပ်ကိုဖြူစင်ပြီး သစ္စာရှိတဲ့ မင်းရဲ့နှလုံးသား ကို မစတေးသင့်ဘူး လည်ဆွဲ"

"ခုလောက်ဆို မင်းကို သူ မေ့နေပါပြီ"

"ခုပဲ ထွက်လာခဲ့ပါ လည်ဆွဲ၊ တို့လဲ ခုမှသိရတာ၊ မင်းကို တို့ သက်သေပြဖို့ ရှိလာပြီ၊ ဒီတစ်ခါ မင်းယုံကြည်သွားမှာပါ၊ တို့ ခုတစ်ခါ ကြိုးစားခဲ့တာဟာ မင်းကို ရယူလိုမှုထက် နောက်ထပ်တစ်ဘဝလုံး မင်း အညာခံနေရမှာစိုးလို့"

ဒီကို မထွက်ခဲ့မီ ပိုင် ဖုန်းဆက်ခဲ့သည်အထိ စကားလုံးတွေက နားထဲမှာ စွဲမြဲစွာ ပြန်ပေါ်လာခဲ့သည်။

"ပီကေ ကိုယ်က သိပ်ကြိုက်တာ၊ ဝါးပြီး တွေးထုတ်ပစ်လိုက်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုရယ် ...။ ကိုကို့စကားတွေကိုလည်း လည်ဆွဲ မှတ်မိနေတယ်။ လည်ဆွဲလေ ... သိပ်ကို စွဲလမ်းတတ်ပါတယ်။ အရမ်းလည်း အမှတ်ကြီးတယ် ကိုကို။ အဲဒါကြောင့် လည်ဆွဲ အများကြီးတော့ လိုက်မမှတ်နိုင်ခဲ့ဘူး ကိုကို။

တစ်လောကလုံးပြောတာတွေက လေထဲမှာ ပျောက်သွားတဲ့ အနိုးအငွေ့တွေပါ။ ကိုကို ပြောခဲ့သမျှကတော့ နှလုံးသားထဲမှာ သပ်စွဲထားသလိုပါပဲ။ ကိုကိုဟာ လည်ဆွဲဆီကို မြားတွေ ပစ်ခွင်းခဲ့ပေမယ့် လည်ဆွဲရှေ့မှာ ပန်းပွင့်ပန်းခိုင်တွေပဲ ဖြစ်ခဲ့ပါတယ်။

ရင်ဝမှာ မြားတွေမှန်နေတာကို လိပ်ပြာကလေးတွေ ကပ်တွယ်နမ်းရှိုက်နေကြသလို ထင်ခဲ့တာ သိလား။ ဒါပေမယ့် ကိုကိုရယ်၊ သူ့အဖေ အဲဒီလို ရက်စက်ခဲ့တာကို လည်ဆွဲ ဘယ်လိုပြောရမလဲ။

"သားသားဖေဖေ ပြန်လာမှာ၊ ဦးဦးပိုင်ကို မချစ်ရဘူးနော် ခေါ်တိုင်း မလိုက်နဲ့"

လို့ တဖွဖွ သင်နေတိုင်း သားက...

"ဖေဖေက ခုထိလဲ မလာဘဲနဲ့" လို့ ဟိုကြည့်ဒီကြည့်နဲ့ ပြန်ပြောရှာတယ်။

ရက်စက်လိုက်တာ ကိုကို။ သားလေးကို ရက်စက်တာတော့ လည်ဆွဲ ရင်မဆိုင်နိုင်ဘူး။ သားလေးဟာ ကိုကို့ရဲ့သားဆိုတာ လည်ဆွဲ ဖျောက်ဖျက်ပစ်လို့ရမလား။

မုန်းခွင့်ပေးပါ။ မေ့ပါရစေ ...။ ကိုကို့လိုပဲ ထပ်တူသော ရက်စက်နိုင်ခြင်းတွေ လည်ဆွဲ ရပါရစေ...။





အခန်း (၁၆)

တွေ့ပြီ ဒီကား ...။ အနက်ရောင် မာစီဒီးကားလေးထဲမှာ ဒရိုင်ဘာနဲ့ ကလေးတစ်ယောက်။ ကလေးလေးဟာ ကိုယ့်သားလေးပဲ ဖြစ်ယ်ဆိုတာ သိသည်။ ရင်ထဲမှာ ဘယ်လိုခံစားချက်မှန်း မသိဘဲ လှိုက်ကိုက်လှဲလှဲကြီး ဖြစ်လာသည်။

ကိုယ့်ကိုကိုယ် နားမလည်နိုင်မိ၊ စတီယာရင်ကို ဖိဆုပ်ထားမိသည်က လိုတာထက်ပိုနေခဲ့၏။ ကားနောက်ကို မျက်ခြည်မပြတ်အောင် လိုက်နေရင်း ကလေး၏ ဦးခေါင်းကလေးကိုလည်း မကြာဆော ကြည့်မိသည်။ ပခုံးစွန်းလေး ပေါ်လာလိုက်၊ လက်ကလေး တစ်ဘက်မြှောက်တက်လာပြီး လက်ညှိုးကလေး ဟိုထိုးဒီထိုး လုပ်နေတာကိုလည်း မြင်နေရသည်။ ဒရိုင်ဘာကလည်း ကလေးဘက်ကို မျက်နှာလှဲလာပြီး ခေါင်းညိတ်လိုက်၊ စကားတွေ ပြောလိုက်။

သူ့မှာ ရင်တွေခုန်နေခဲ့၏။ တသိမ့်သိမ့်နွေးသော ကြည်နူးမှုတွေထဲမှာ ရင်သွေးဆိုတာကို ချက်ချင်းကြီး လက်ခံပေးလိုက်ရပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် အုံ့ဩဝမ်းသာ၍ အမြတ်တနိုးကြီး ဖြစ်နေမိတာကလည်း အုံ့ဩ လောက်ပေသည်။

သူ ညက တစ်ညလုံး အိပ်မရခဲ့ပေ။ မင်္ဂလာဆောင် ပျက်ခဲ့ရခြင်း နှင့် ပတ်သက်၍ ဒယ်ဒီ အကြီးအကျယ် ဒေါသူပုန်ထခဲ့သည်။

"မိန်းမရှိတယ်၊ ကလေးက ငါးနှစ်လောက် ရှိနေပြီ တဲ့၊ မင်း အဲဒီလိုကောင်မှန်း အခုမှသိရတာ၊ ငါက ဖအေဖြစ်နေပြီး ဘယ်နေရာ ရောက်သွားပြီလဲ၊ လူတွေ ပြောကြတာကို ဘယ်လိုဖြေရှင်းမလဲ၊ မိန်းမ တစ်ဒါဇင်ပဲရှိနေနေ၊ မင်းသွေးသားတွေ ပုတ်ထဲပဲ ကောက်ထည့်နေ နေ၊ ပြဿနာဆိုတာ ဖြစ်လာပြီဆိုရင် ရှင်းဖို့နည်းရှိတာပဲ၊ ဒါပေမယ့် အခြေအနေ အချိန်အခါအလိုက် ဆုံးဖြတ်သုံးသပ်တတ်ရင် ဘာမဆို နူးနူးညံ့ညံ့ သိုသိုသိပ်သိပ် ပြီးသွားအောင် လုပ်လို့ရတယ်၊ နေရာတကာ ငွေရှိတိုင်း မပြီးဘူးဆိုတာ မင်းနားလည်တယ်မို့လား၊ နားလည်ရဲ့သား မင်း ဂရုမစိုက်တတ်တာတွေက ဘာလဲ၊ ငါ့ကို အဖေတစ်ယောက် ဓမှတ်တာလား"

စသော ဒေါသတွေနှင့် တစ်နေကုန် တစ်ညနေလုံး ဝုန်းဒိုင်း နေခဲ့၏။

"ဟိုးအစကတည်းက မိန်းမခိုးလာသလား၊ တကယ်ခိုးလာ ပြောလို့ မင်းကို ငါမေးခဲ့တာ၊ စေ့စပ်ထားတဲ့ မိန်းကလေးနဲ့ ကြောင်းလမ်းခြင်း ပျက်ရတာ ဘာမှမဖြစ်ဘူး။ မင်း အခု ဖုံး လူယုတ်မာလုပ်ပစ်ခဲ့တာ၊ ငါကော လူကောင်းဖြစ်ဦးမလား၊ ဟို ကလေးကို ကလေးတစ်ယောက်နဲ့ ပစ်ထားခဲ့တာက တစ်ပြစ်၊ ဒီ မိန်းကလေးကို မင်္ဂလာဆောင်ခါနီးမှ ထားပစ်ခဲ့တာက တစ်မှု၊ အဆုံး ဆုံးက မင်းဒီအဖြစ်တွေကို မင်္ဂလာဆောင်ကျမှ ဖွင့်ချပစ်လိုက်တာ"

ထိုစကားဟာ ဘယ်သူပြောတာမှ သူ မခံနိုင်ခဲ့သော စကားမို့





"ဖွင့်ချရဲတာက ကျွန်တော် မယုတ်မာတတ်လို့ပဲ ဒယ်ဒီ၊ သူ့ကို တမင်ပစ်ထားခဲ့တာလဲ မဟုတ်ဘူး။ ကလေးကိစ္စလဲ ဘာမှမသိဘူး၊ ဒါကို တမင်ဖုံးကွယ်ပြီး နှင်းနဲ့ လက်ထပ်ဖို့ ကြိုးစားတယ်ဆိုတာကလဲ မှား တာပဲ၊ အားလုံးက သူ့အလိုအတိုင်းဖြစ်သွားတာတွေချည်းပဲ၊ ဒီထဲမှာ အမှန်တရားကတော့ ကျွန်တော် မပြတ်သားခဲ့တာပါ၊ နှင်းကို အခု လက်ထပ်ဖို့အထိ ဖြစ်ခဲ့တဲ့ကိစ္စမှာလဲ ကျွန်တော့်တိုက်တွန်းချက် မပါခဲ့ ဘူးဆိုတာ ဒယ်ဒီအသိပါ၊ လည်ဆွဲကို ကျွန်တော် ထားခဲ့တယ်၊ ဒါပေ မယ့် အဲဒီလိုဖြစ်သွားတာပါ၊ ကျွန်တော်ထားခဲ့တာ မဟုတ်ဘူး"

ဒါပါပဲဆိုတဲ့ အကြည့်များနဲ့ ဒယ်ဒီက မဲ့သည်။ ဒါပေမယ့် ဖြစ် လာတော့လည်း မနေနိုင်။ မင်္ဂလာကိစ္စနှင့် ပတ်သက်သော ရှုပ်ယှက် ခတ်ကုန်တာတွေကို ဒယ်ဒီက ဒိုင်ခံဖြေရှင်း၏။ သူကတော့ မှတ်မိ ထားခဲ့သည့် နံပါတ်နှင့်ကားကိုပဲ မိုးလင်းကတည်းက သွားစောင့်နေ ခဲ့သည်။

သူ တွက်မိထားသည့်အချိန်မှာပဲ ထိုနေရာမှာ ထိုကားကို သူ တွေ့သည်။ ကားမောင်းရင်း မျက်ခြည်ပြတ်သွားမှာစိုးတာရော၊ သား ဆိုသည့် အရိပ်ကလေးကြောင့် ရင်တွေခုန်နေတာရော စက် တစ်လော ာလုံးကို မေ့နေခဲ့၏။

နောက်ထပ် နှလုံးသွေးရပ်မတတ် ဖြစ်သွားခဲ့တာက ကားလေး ဟာ သူ ကိုယ်တိုင် လည်ဆွဲကိုထားခဲ့သည့် တိုက်ခန်းလေးရှေ့မှာပဲ ရပ်သွားခြင်းဖြစ်၏။ သုံးထပ် သုံးခန်းတွဲ တိုက်တွေထဲမှာ ပေါ်တီကို ပါသော အလယ်ခန်းမြေညီထပ်ကို စက် ပိုင်ဆိုင်သည်။

ဟိုတုန်းကတော့ ငွေပေါတိုင်း မျက်စိကျတာနှင့် ဝယ်ပစ်လိုက် တာပဲဖြစ်သည်။ ဒီတိုက်ခန်းလေးကို ဝယ်လိုက်တာက လက်ဝဲဘက် အခန်းက ကောင်မလေးတစ်ယောက်ကို မျက်စိကျမိသောကြောင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် သူငယ်ချင်းတွေကိုခေါ်ပြီး ဂစ်တာသွားတီးကြ၊ ဟိုဘက်နဲ့ဒီဘက် သီချင်းတွေဆို၊ စကားပြောမိရင်း၊ အသိတွေဖြစ်၊ ရင်းနှီးသွားတာနှင့် မကြာခင် ချစ်သူတွေ ဖြစ်သွားခဲ့ကြသည်။ ပြီးတော့လည်း ဘယ်လိုဘယ်လိုပြတ်တောက်ကုန်မှန်း မသိတော့ပါ။

ဒီတိုက်ခန်းကလေး အဖတ်တင်ကျန်ခဲ့တာလည်း ဒယ်ဒီ သိရဲ့သာသိပြီး လိုက်လည်းမကြည့်ခဲ့။ သူလည်း နောက်ထပ်ဝင်မနေဖြစ်ခဲ့ဘဲ…။

ပေါ်တီကိုအောက်မှာ ကားနှစ်စီး ရှေ့ဆင့်နောက်ဆင့် ရပ်လိုက်မိကြသည်။ အတွေးစတို့ကို ဖြတ်တောက်ကာ စက် ကားပေါ်က ဆင်း၏။ ဒရိုင်ဘာကလည်း ဆင်းပြီးဖြစ်ကာ တစ်ဖက်ကို သွား၍ ကလေးကို ပွေ့ချီချပေးရင်း သူ့ကား နောက်ကပါလာတာကို ခုမှသိသွားပုံနှင့် တအံ့တသြကြည့်၏။

ပထမတော့ သုံးခန်းတွဲတိုက်ခန်းမို့ ဘယ်ကိုလာသည့်လူမှန်း မသိ၍ ကြည့်နေခြင်းဖြစ်ပြီး သူတို့ဆီကိုပဲ စက်က လျှောက်သွားတော့မှ …

"ခင်ဗျားက …"

"ကျွန်တော်က …"

မင်းရက်စက် ဆိုသည့် နာမည်ကို အမြဲတမ်း ခပ်မိန့်မိန့်ပြောသမျှ အခုကျမှ ပြောမည့်ပါးစပ်က ကလေးမျက်နှာလေးဆီ ဖျတ်ခနဲ အကြည့်ရောက်ပြီး ဆွံ့အသွားခဲ့လေသည်။

အလွန့်ချစ်စရာကောင်း၍ ကြည်လဲ့သော မျက်လုံးလေးတွေက သူ့ကို ငေးနေသည်။ နှုတ်ခမ်းလေးတွေ ပွင့်ဟလျက် မလှုပ်တမ်း ငေးနေသည်က ပိုစတာတစ်ချပ်ထဲက ပုံကလေးလို တုတ်တုတ်မလှုပ်။





"သားသား …"

ခေါ်သံတစ်ချက် စူးခနဲ ထွက်လာ၏။ ကလေးနှင့် အကြည့်ချင်းဆုံ၍ ငေးနေမိသော စက် ဖျတ်ခနဲ မော့ကြည့်လိုက်မိသည်။

လည်ဆွဲ အထဲကနေ ပြေးထွက်လာပုံက ကလေးကို ခေါ်ရန် တစ်ခုမှ ထိခိုက်လာတော့မှာမို့ အသေခံပြီး ကာကွယ်တော့မည့် ပုံစံဖြစ်လျက် …

"လာခဲ့ …"

သူ ဘယ်လိုမှ ထင်မှတ်မထားဆီးနိုင်မီ ကလေးကို သူ့ရှေ့ကနေ ဆွဲခနဲ ပွေ့ယူသည်။ နောက်ကို ခြေလှမ်းဆုတ်လိုက်ပြီးမှ ရင်ခွင်ထဲမှာ ပိုက်ချီထားလိုက်၏။

ကျောက်စိမ်းရောင် တစ်ဆက်တည်း ဂါဝန်ပျော့လေးနှင့် ဆံပင်တွေ ဖားလျားချထားသည့် လည်ဆွဲသည် နားသယ်စပ်နှင့် နဖူးအထိဆံပင်တွေကို တစ်စတစ်လေမှ မကျန်အောင် ခေါင်းစည်းကြိုးနှင့် ပတ်သိမ်းထားသဖြင့် ရင့်ကျက်သော မျက်နှာလေးဖြစ်နေသည်။

နက်ရှိုင်းအားငယ်သော မျက်ဝန်းလေးတွေက အခု သူ့ရှေ့မှာ ပြောင်းလဲလျက် တဖျတ်ဖျတ် လက်၍ အေးစက်နေ၏။ မပြောင်းမလဲ လှပဆဲရှိသော မျက်တောင်ကော့တို့က ပို၍ လှလာသည်ရှိပေမယ့် သူနဲ့ အဝေးကြီးကို ရောက်သွားသကဲ့သို့ …

"ရှင် ဘာလာလုပ်တာလဲ"

မေးဆတ်၍ အံကြိတ်မေးလိုက်၏။ စက် ရင်ထဲမှာ ဒိုင်းခနဲ ပစ်ဆောင့်သွားသည်။ မထင်ခဲ့ပါ။ မနေ့ကပဲ သူ ကြားခဲ့တာ လည်ဆွဲသူကို မျှော်လင့်ကြီးစွာ စောင့်နေဆဲ …။

"ကိုယ်…"

"ရှင် ပြန်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ..."

"ကိုလှတို့၊ ပစ္စည်းတွေ သွားတင်တော့"

ကြောင်တောင်ရပ်နေသည့် ဒရိုင်ဘာက လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး အိမ်ပေါ်ပြေးတက်သွား၏။ ထိုအခါကျမှ လှမ်းကြည့်မိတော့ ညှို့ခန်းနေရာမှာ အသင့်ဖြစ်နေပြီဖြစ်သော ခရီးဆောင်သေတ္တာများနှင့် လက်ဆွဲအိတ်တွေ ...။

"လည်ဆွဲ၊ မင်း ဘယ်သွားမလို့လဲ"

"ရှင်နဲ့ မဆိုင်ပါဘူး"

လည်ဆွဲက ရင်ဘတ်တစ်ခုလုံးပြည့်နေသော စကားတို့ကို အားရပါးရ ပြောရတော့မလို ပါးစပ်ပြင်ပြီးမှ ခဏ တုံ့ဆိုင်းသွားသည်။ ကလေးကို တင်းခနဲ ဖက်ထားလိုက်ပြီး မျက်နှာလေးကို ပခုံးနောက်သို့ သူမလက်ဖဝါးနှင့် ဖိလှည့်နေစေပြီးမှ ...

"မင်းရက်စက်၊ ကျွန်မ အခု ရှင်ထားသလို နေခဲ့မယ့် ရွှေလည်ဆွဲ မဟုတ်တော့ဘူး၊ ဟောဒီနေရာ၊ ဒီပတ်ဝန်းကျင်မှာလဲ မနေတော့ဘူး နောက်ထပ် မနှောင့်ယှက်ပါနဲ့။ ရှင်ဟာ မာနကြီးတဲ့သူပဲ၊ လှည့်ထွက်သွားပါ၊ ဘယ်တော့မှ နောက်ပြန်မကြည့်နဲ့"

စက်က ရှေ့ကိုထပ်တိုး၍ ကလေးကိုရော၊ လည်ဆွဲကိုပါ စိုက်ကြည့်သည်။

"မကြည့်လို့မရဘူး လည်ဆွဲ၊ သားက ကိုယ့်သား"

"အို ... ရှင်မပြောနဲ့၊ သားက ကျွန်မသား၊ သွား ... ရှင်ထွက်သွားပါ"

လည်ဆွဲ တအားအော်ပစ်လိုက်သည်။ သားကိုဖက်၍ သူ့ရှေ့ကနေ လှည့်ပြေးခဲ့တော့ စက်က လက်တစ်ဖက်ကို လှမ်းဆွဲထားလိုက်၏။





"လည်ဆွဲ၊ မင်းဘာဖြစ်သွားတာလဲ၊ မင်း ဒီနေ့အထိ ဒီမှာရှိနေခဲ့တာ ဘာဖြစ်လို့လဲ၊ ခုမှ ဘာဖြစ်လို့ ပြောင်းလဲသွားတာလဲ"

"လွှတ် ..."

လည်ဆွဲက ကလေးချီထားလျက်နှင့် ခါးကုန်းပစ်ကာ သူ့လက်ထဲက ရုန်းထွက်သွား၏။ ပြီးတော့ နောက်ကို ထပ်ဆုတ်၍ လှေကားထစ်တွေပေါ် နောက်ပြန်တက်သည်။

"ဟုတ်တယ်၊ ရှင့်ကို တစ်သက်လုံး ဒူးထောက်အညံ့ခံနေခဲ့တာ၊ ခေါင်းပန်းကို ရွှေပန်းထင်နေခဲ့တာ၊ မနေ့က ကျွန်မ ကျွတ်တမ်းဝင်သွားတယ်လေ၊ ရှင် မင်္ဂလာဆောင်ခဲ့ပြီးမှ ဘာလာလုပ်တာလဲ မင်းရက်စက်၊ ရှင် လူကောင်းမဟုတ်နိုင်ဘူးဆိုရင် ထားပါ၊ ယုတ်မာတာကို ကျွန်မ ရှုံ့တယ်၊ မရိုးသားတာကို ခွင့်လွှတ်လို့ရတယ်၊ လိမ်တာကို မုန်းတယ်၊ ဘယ်သူတွေ ဘာပြောပြော ကျွန်မက ဦးနှောက်မရှိတဲ့ အရူးမလို ရှင့်ကို ယုံကြည်ခဲ့တာ၊ စောင့်မျှော်နေခဲ့တာ"

လည်ဆွဲသည် မငိုမိအောင် ထိန်းချုပ်နေပုံလည်းရကာ မျက်ရည်ကျနေတာကိုလည်း မတားနိုင်ဘဲ မျက်ရည်တစ်ပေါက်ဆင်းလာတိုင်း မျက်နှာကိုမော့၍ ဆတ်ခနဲ ခါပစ်လိုက်၊ ပခုံးပင့် မျက်နှာငုံ့ကာ ခေါ်ကြမ်းကြမ်းပွတ်သုတ်ပစ်လိုက်၊ နှုတ်ခမ်းသားလေးတွေ အနီရင့်ရောင်ဖြစ်လျက် တဆတ်ဆတ်တုန်နေသည်။ အသားတွေပါ တုန်ကာ ကြွက်သားလုံးတွေက တင်းမာပြတ်တောက်နေ၏။

သူမသည် ဒေါသနှင့်ရင် မဆုံနိုင်ဖြစ်ကာ စကားပြောဖို့ပြင်တိုင်း သက်ပြင်းရှိုက်၏။ မျက်ရည်တစ်ပေါက်ဆင်းလာပြီးမှ စကားသံထွက်သည်။ နောက်ထပ် အင့်ခနဲ အင့်ခနဲ ရှိုက်သံထွက်ကာ ဘုံးဘုံးလဲကျသွားတော့မလောက် ဖြစ်နေလေသည်။

မင်းရက်စက်ဆိုသော စက်၏နှလုံးသားတွေမှာ သွေးချောင်း



www.burmeseclassic.com

www.burmeseclassic.com



စီးသွားခဲ့၏။ သူ အရှင်လတ်လတ် ရဲကျပြီဆိုတာကို သိလိုက်သည်။ လည်ဆွဲ ဘယ်လောက်ခံစားနေရသည်ကို နားလည်ခြင်းနှင့်အတူ လည်ဆွဲ ဘာပြောပြော ဟိုတုန်းကလို မာနမျိုးနှင့် သူ နောက်ပြန်မလှည့်နိုင်သည့်အပြင် တောင်းပန်တိုးလျှိုးနေခြင်းဟာ ရင်ထဲမှာ ပြည့်သိပ်လျက် စကားလုံးတွေက အပြင်ထွက်မလာနိုင်။

ပြီးတော့ သူ့မျက်လုံးတွေ မခွာနိုင်သည်က လည်ဆွဲ လက်နှင့် ဖိထားသည့်ဘက်မှ နောက်လှည့်ဖို့ မကြာခဏ ကြိုးစားနေသော သားလေးဆီမှာ...။

ထိုစဉ် ပစ္စည်းတွေ ကားပေါ်ဆင်းသယ်နေသော ဒရိုင်ဘာအား

"ကိုလှတိုး သားကိုခေါ်"

"နေဦး"

"အို... မကိုင်နဲ့"

သူက သားကို လိုက်ဆွဲသည်။ လည်ဆွဲက အတင်းရှောင်ပစ်ကာ ဒရိုင်ဘာကလည်း နှစ်ယောက်ကြားကနေ ကလေးကိုရအောင်ဆွဲခေါ်သွား၏။

"လည်ဆွဲ၊ ကိုယ်ပြောပါရစေ၊ ကိုယ့်မှာ အပြစ်ရှိပါတယ်၊ ဒါပေမယ့် မင်းကလွဲပြီး ကိုယ် ဘယ်သူ့ကိုမှ ..."

"ဟင့်အင်း မပြောနဲ့၊ မပြောပါနဲ့"

"ကိုယ် လက်မထပ်ဖြစ်ဘူး"

"မကြားချင်ဘူး၊ ရှင် အခုထွက်သွား"

"ရှင်းပြတာကို နားထောင်ပါဦး၊ မင်း ဘာဖြစ်သွားတာလဲ ကိုယ်..."

"နားမထောင်ဘူး၊ မလိုတော့ဘူး မင်းရက်စက်၊ ကျွန်မဟာ ရှင့်ငယ်ပေါင်းသူငယ်ချင်းကြီးရဲ့ လက်တွေ့တွေ၊ သာဓကတွေနဲ့ အနိုင်





အမှာ ထောက်ပြခဲ့တာတောင် မျက်မမြင်တစ်ယောက်လို လက်မခံ နားမထောင်ဘဲ နေခဲ့တာ၊ လူကြီးမိဘက အမျိုးမျိုးပြောပြ တာကိုလဲ မယုံခဲ့တဲ့ အမိုက်မလေ"

"အဲဒါ ..."

သူ ပါးစပ်ပြင်သည်နှင့် လည်ဆွဲက ခေါင်းခါပစ်သည်။

"အစွဲအလမ်းကြီးတဲ့သူ ရူးတတ်တယ်တဲ့၊ ကျွန်မ ရူးခဲ့ပြီးပါပြီ၊ ချစ်တတ်လွန်းရင် မုန်းတတ်တယ်ဆိုတာလဲ မှန်တာပဲ၊ ရှင့်ကိုတော့ ကျွန်မ မုန်းတာထက် ရွံတယ်၊ ကမ္ဘာတည်သရွေ့ မုန်းနေမှာပဲ၊ အဲဒီထဲမှာ ရွံတာလဲပါတယ်၊ စိတ်နာတယ်ဆိုတာလဲ အခု ကျွန်မ ခံစားတတ်နေပြီ၊ ကျွန်မရင်ထဲမှာ ရှင့်အတွက် နေရာမရှိတော့ဘူး မင်းရက်စက်၊ ရှင်သွားတော့"

"နေဦး လည်ဆွဲ၊ ကိုယ်လာတာ ခဏလေးစကားပြောဖို့ လာတာ မဟုတ်ဘူး၊ မင်းလက်ခံတာ မခံတာ မေးမြန်းဆွေးနွေးဖို့ လာတာလဲ မဟုတ်ဘူး။ မင်းနဲ့ ကိုယ်က လက်ထပ်ထားကြပြီးသား၊ မင်းဟာ ကိုယ့်မိန်း၊ သားလေးလဲ ရှိနေပြီ၊ မင်း ကိုယ့်ကို မုန်းမုန်း မမုန်းမုန်း ခေါင်းခါလို့မရဘူး"

"ရတယ်၊ ရလို့ ကျွန်မ ဆုံးဖြတ်ပြီးပြီလေ၊ ရှင်သိအောင် ပြောပြလိုက်ဦးမယ်၊ ကျွန်မ လက်ထပ်တော့မှာ၊ ဘယ်သူနဲ့လဲ သိလား၊ ရှင့်သူငယ်ချင်း ပိုင်စေ ..."

www.burmeseclassic.com



အခန်း (၁၇)

ကားနှစ်စီးက ဆန့်ကျင်ဘက်အရပ်မျက်နှာများသို့ ဦးတိုက်၍ ရပ်တန့်နေကြသည်။ အင်းယားကန်နားမှာပေမယ့် လူရှုပ်ထွေးသည့် သာယာသော နေရာတစ်ခု မဟုတ်ပေ။ လူသူ ကင်းရှင်းနေသည်။ သို့သော် ခြောက်သွေ့ခြင်းက တစ်စပြင်လိုဖြစ်၏။

လေတဖြူးဖြူးတိုက်နေသော်လည်း နုနုနွဲ့နွဲ့ မဟုတ်။ ဟူးခနဲ ဖျန်းခနဲ ရိုက်ပုတ်နေသလိုမျိုး။

စက်က တဖြည်းဖြည်းရှေ့တိုးလာပြီး ကားဦးဘေးမှာ ရပ်လိုက်သည်။ ပိုင်စေကတော့ တံခါးဖွင့်ဆင်းလိုက်ပေမယ့် တံခါးပိတ်ပြီး ထိုနေရာမှာပဲ ခပ်နွဲ့နွဲ့မှီရပ်နေ၏။

"မင်းနဲ့သူ ဘယ်တုန်းကဆုံကြတာလဲ"

ပထမဆုံးထွက်ပေါ်လာသည့် စကားပေမယ့် အစမရှိဘဲ အလယ်ကနေ ဖြတ်ဝင်လိုက်တာမျိုးဖြစ်၏။ ဒါပေမယ့် ပိုင်စေက နားလည်သည်။ ဖုန်းနားထောင်လိုက်ကတည်းက ..

"ပိုင်စေ၊ မင်းနဲ့ ပြောစရာရှိတယ်၊ ငါ ချိန်းနေကျနေရာကို မင်းလာခဲ့"





ဘာဖြစ်တော့မယ်ဆိုတာ သူ သိလိုက်ပြီးသား။ စက် ပြောသော ငါချိန်းနေကျနေရာဆိုတာ သူတို့သူငယ်ချင်းတွေ ဆုံဖို့ ချိန်းသည့်နေရာ မဟုတ်ပါ။ ရည်းစားဖြတ်တိုင်း စက်က ထိုနေရာမှာ ချိန်းသည်။

သူ ပြန်ဆက်မှာလား၊ တောင်းပန်ချော့မော့တော့မှာလား စသည့် မျှော်လင့်ချက်များနှင့် ကျော့ကျော့မော့မော့ လှလှပပလေး ရောက်လာခဲ့သမျှ စက်၏ နှုတ်ဆက်စကားတို့အဆုံးမှာ ရှိုက်ငိုအံကြိတ်၍ လှည့်ပြန်ကြရသည်သာ။

"မင်းကလဲ မဆက်ချင်ရင် ဖုန်းနဲ့ဖြတ်၊ မေးရင်ဖြေလိုက် ပြီးတာပဲ၊ တကူးတကချိန်းလိုက်ပြီးမှ ဖြတ်ပစ်တာ ရက်စက်လွန်းပါတယ်၊ ဇာတ်ဖက်သားက မျှော်လင့်ချက်တွေနဲ့ လာတာ"

"အဲဒါကို လိုချင်တာပဲ၊ မင်းရက်စက်ဟာဟ သည်းခံတတ်တဲ့သူ မဟုတ်ဘူးဆိုတာ သိစေချင်တာ၊ ငါ တောင်းပန်တာ ဝါသနာမပါဘူး။ ငါ့ကို ဖြေရှင်းတာလဲ မကြိုက်ဘူး။ မရှုပ်ရင် ရှင်းဖို့မလိုဘူးလေ"

စက်က ကျောသည်။ သူ့ အထင်လွဲတာနဲ့ ဖြတ်ပစ်သည်။ သူ ချိန်းလို့မရလျှင် သွားတော့ပဲ။ အစ်ကိုပါ မောင်ပါ ဘယ်လိုမှ မဖြေရှင်းနဲ့။ မေ့မေ မူးလဲလို့ ဖေဖေ ဘာဖြစ်လို့ မပြောနဲ့။ ချိန်းတာ မလာနိုင်ရင် သွား။ သူ့ဘက်ကကျတော့ လွန်တာမရှိဟု ယုံကြည်နေပြန်သည်။

"မင်းကတော့ သူချိန်းတာ မသွားဘူးလေ၊ ဘယ်နှစ်ခါလဲ"

"ဘာဖြစ်ဖြစ် ငါမလာနိုင်တာ သူ့ကို ဖုန်းဆက်တာပဲ"

"သူများရှင်းတာကျတော့ မင်းက လက်မခံဘူး"

"ငါက ရှင်းတာမဟုတ်ဘူး၊ သူ လက်ခံရမယ်"

ဒါပဲ၊ မင်းရက်စက်က အဲဒီလောက်ကျောသည်။

ဒီနေရာဟာ ဒီလိုရာဇဝင်တွင်ခဲ့တာ။ ခြုံငုံပြောရလျှင် သူ့ကို ဒီနေရာချိန်းကတည်းက အခြေအနေက ရှင်းနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့က မင်္ဂလာဆောင်ပျက်သွားခဲ့သည့်သတင်းကို စက်ထံမှ ဖုန်းမလာခင် မိနစ်ပိုင်းကလေးကမှ သူ ရခဲ့သည်။ အံ့ဩချိန်မရသေးမီ စက်၏ ဖုန်းဝင်လာတာဖြစ်သည်။ ဘာပဲဖြစ်ဖြစ် ဒါဟာ လည်ဆွဲနှင့်သက်ဆိုင်နေသည်ဟု တွက်မိသည်။ ဒီလောက်မြန်မြန်ကြီးဖြစ်လာတာတော့ အံ့ဩစရာပါ။ မနေ့က လက်ထပ်ပွဲ ပျက်သည်။ ဒီနေ့ စက်ရောက်လာ၏။

ပိုင်စေက စက်နှင့် နောက်ဆုံး ဆုံခဲ့စဉ်ကလို မျက်မှန်နက်နှင့်ပဲဖြစ်ကာ အကြာကြီးတိတ်နေပြီးမှ မျက်မှန်ကို ချွတ်လိုက်၏။ သူ့ကိုစိုက်ကြည့်နေသော စက်က သူ မျက်မှန်ချွတ်လိုက်တာမြင်မှ လက်ပိုက်၍ ကားမှာ တင်ပါးစောင်းနှင့် မထိတထိ မှီလိုက်သည်။

ဖြေစမ်း ဆိုသော မချိတရိမဲ့ပြုံးနှင့် မလွှဲတမ်းကြည့်၏။

“လည်ဆွဲနဲ့ပတ်သက်ပြီး စိတ်ဝင်စားဖို့ မင်းမှာ အခွင့်အရေး မရှိတော့ဘူးလို့ ငါ ထင်တယ်၊ မင်း လည်ဆွဲနဲ့ တွေ့ပြီးပြီလား”

ပိုင်စေက သူ့ကို ပြန်မေး၏။ စက် မျက်နှာတင်းသွားသည်။ ပိုင်စေ၏ ဂရုမစိုက်သော အပြုံးကို ခါးသီးစွာကြည့်မိသည်။ သူဟာ ပိုင်စေ့ရှေ့မှာ အလိုလိုသိမ်ငယ်သွားသလို ရှိသည်။

“လည်ဆွဲက ငါ လက်ထပ်ထားတဲ့ မိန်းမ”

“ဟား ဟား”

မရယ်ချင်ဘဲ ရယ်ချလိုက်ပြီး ပိုင်စေက ခေါင်းညိတ်၏။

“တကယ်တမ်း ပေါင်းသင်းနေထိုင်ကြပြီးမှ ကွဲကြတဲ့လင်မယားတွေတောင် ခြောက်လဆိုလား၊ သုံးနှစ်ဆိုလား ကြာရင် လင်ခန်းမယားခန်း ပြတ်ကြသေးတာ၊ မင်းက သူများသားသမီးကို ခေါ်ပြီး ဖျက်ဆီးခဲ့တဲ့ကောင်ပဲကွ၊ ကဲ ... ပြော မင်း ထားပစ်ခဲ့တာ ဘယ်နှနှစ်ရှိပြီလဲ၊ မင်း လက်ထပ်ထားတာ ဘယ်မှာလဲ၊ အဲဒီ စာချုပ် မင်း





နိုင်ရင်တောင်မှ မရတော့ဘူး စက်၊ မင်းလက်ထပ်တာက လည်ဆွဲ တစ်ယောက်တည်းမှ မဟုတ်တာ”

“ပိုင်စေ၊ မင်း ငါ့အကြောင်းသိရဲ့သားနဲ့ ကပ်ဖဲ့မနေနဲ့၊ ငါ ဘယ်သူ့ကိုမှ မချစ်ခဲ့ဘူး။ လည်ဆွဲကလွဲပြီး ဘယ်မိန်းမနဲ့မှလဲ လက်မထပ်ခဲ့ဘူး”

“လည်ဆွဲကိုလဲ မချစ်ခဲ့ပါဘူးကွာ၊ လက်ထပ်ခဲ့တာက ဖျက်ဆီးရလွယ်အောင် အယုံသွင်းတာဖြစ်မှာပေါ့၊ မင်း မနေ့ကပဲ လက်ထပ်ခဲ့သေးတာ”

“လက်မထပ်ဖြစ်ဘူး”

“ဒါလဲ မင်းတို့အကြောင်းရှိမှာပေါ့၊ ဖိတ်စာတွေက တစ်မြို့လုံးသိလို ဝေပြီးပြီ၊ သတို့သား သတို့သမီးမပါသေးပေမယ့် အလွန် ခမ်းနားတဲ့ မင်္ဂလာပွဲကြီးကလဲ ပြည့်ပြည့်စုံစုံ ဖြစ်ပြီးခဲ့တာပဲ”

“ပိုင်စေ၊ မင်း လည်ဆွဲကို ဘယ်လိုစည်းရုံးပစ်လိုက်တာလဲ၊ ငါ မင်္ဂလာဆောင်တဲ့ကိစ္စကို မင်းပြောလို့ သိတာမို့လား”

ပိုင်စေက ဆတ်ခနဲ ခေါင်းညိတ်သည်။

“မှန်တာပေါ့၊ အဲဒါ နောက်ဆုံးလက်နက်အဖြစ် သုံးလိုက်တာသော၊ လူကြီးချင်းခင်မင်ကြပြီး လည်ဆွဲနဲ့ငါ ဆုံခဲ့ကြတာ ကြာပြီ၊ ငါ့ဘာတော့ တစ်ခုလပ်မလေးမှန်းသိပြီးဖြစ်ပေမယ့် တမ်းတမ်းစွဲ ဖြစ်သွားခဲ့တာပါ”

စက်က အံကို တင်းခနဲ ကြိတ်သည်။ ဟန်မဆောင်နိုင်တော့သည့် သဝန်တိုစိတ်ကြောင့် မျက်နှာပေါ်မှာ မထိမဲ့မြင် မဲ့ပြုံးတို့လည်း မရှိနိုင်တော့ပေ။

ပိုင်စေက စက်မျက်နှာပေါ်က ပြောင်းလဲမှုတွေကို မြင်နေရခြင်း တစ်ဖက်ကိုလှည့်ပစ်ပြီး ပင့်သက်ရှိုက်သည်။ ဟိုတုန်းကဆို



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆုံးသူငယ်ချင်းတွေပါ။ ဒီသူငယ်ချင်းမျက်နှာပေါ်မှာ ဤသို့သော ခက်ထန်လှုပ်ရှားခြင်းမျိုးလည်း ဘယ်တုန်းကမှ မမြင်ဖူးခဲ့ပေ

စက်၏ ခံတွင်းထဲမှာ ပီကေ ရှိနေမှန်းသိသည်။ ဒါပေမယ့် ဟာ ပါပါဝါးရင်း ပီကေကို လျှာပေါ်တင်ကစား၍ တစ်ဖက်သားကို ကလိ ကလိဖြစ်ကျန်စေခဲ့သော စတိုင်တွေကတော့ ပျောက်ဆုံးနေခဲ့၏ ဝါးပြီးထွေးထုတ်ပစ်လိုက်ရတာကို နှစ်သက်သည့် စက်တစ်ယောက် ထွေးထုတ်ပစ်ဖို့ မေ့နေတာလား။

သူ စိတ်တော့မကောင်းပါ။ ဒါပေမယ့် လည်ဆွဲကို ပိုင်ဆိုင်ရ သူ့ဘက်က ကြိုးစားခဲ့ရတာလည်း နည်းတာမှမဟုတ်ဘဲ။ စက် လုပ်ရပ်၊ စိတ်ဓာတ်တို့အပေါ် အကြိမ်ကြိမ်အခါခါ ဝေဖန်ခဲ့ဖူးသော သူဟာ မိန်းမတစ်ယောက်ကို ခိုးယူပေါင်းသင်းနေပြီး တစ်ယော နှင့် စေ့စပ်ခဲ့သည့် အလွန်ဆိုးဝါးသော ဖြစ်ရပ်တို့နောက်မှာ စက် သူ လမ်းခွဲလိုက်သည်။

တရားဝင်ပြတ်စဲခဲ့ကြတာမဟုတ်ပေမယ့် စက်၏ရှေ့ကနေ ထထွက်ခဲ့တာဟာ ထာဝရကျောခိုင်းခဲ့တာပဲဆိုတာကို စက်ရော ရော ခံစားနားလည်ခဲ့ပြီးဖြစ်၏။ ထိုအချိန်ကတော့ စက် ခိုးယူသိ ပိုက်ခဲ့သည့် မိန်းကလေးဟာ ရွှေလည်ဆွဲ ဆိုတာကို သူ မသိခဲ့ ပါ။ ဒါပေမယ့် စက် လွန်လွန်းပြီဟု သူ တွက်ခဲ့သည်။ ကျောင်းကတ က တောက်လျှောက် တားဆီးခဲ့ကြ၊ ဖေးမလက်တွဲခဲ့ကြပေမယ့် ဖြစ်ရပ်ကိုတော့ ခွင့်မလွှတ်ထိုက်ဘူးလို့ မြင်၏။

ထို့ကြောင့် လမ်းခွဲလိုက်သည်။ သူငယ်ချင်းတွေကတော့ စိ မကောင်းရှာပါဘဲ။ လည်ဆွဲကို တွေ့သည်။ သူ ခွဲလမ်းခဲ့သည်။ လည် က စက်၏ဇနီး၊ ကလေးလေးဟာ စက်ရဲ့သားဆိုတာ သူ သိလို တော့ ညီသုနဲ့ ဝိုင်းမိုးတို့က တားကြသည်။ သူငယ်ချင်းချင်း စည်း ရမည် တဲ့။





ဘာဖြစ်လို့ စောင့်ရမှာလဲ။ စက်နဲ့သူ လမ်းခွဲခဲ့ပြီးပြီ။ ပြီးတော့ လည်ဆွဲက မသိပေမယ့် စက်က လည်ဆွဲကို ထာဝရထားရစ်ခဲ့ပြီ ဖြစ်၏။

"ဘာဖြစ်လို့ စောင့်ရမှာလဲ ဝိုင်းမိုး၊ စည်းစောင့်ရမယ့်အဖြစ်က ဒါမျိုးမဟုတ်ဘူး။ သူ ထားရစ်ခဲ့တဲ့မိန်းကလေးမို့လို့ ငါက ပိုလိုချင်တာ၊ တစ်ချိန်က ဘယ်သူမှန်းမသိဘဲနဲ့တောင် ငါ ဒီမိန်းကလေးကို သနား ခဲ့ရတာ၊ အခု ငါချစ်နေတဲ့မိန်းကလေးက စက်ရဲ့တစ်ချိန်က အနင်းခံ ပန်းကလေးမှန်းသိတော့ ပိုသနားတယ်၊ ပိုချစ်တယ်၊ လူကြီးချင်းလဲ ရင်းနှီးနေပြီ၊ ငါ ရအောင်ယူမယ်၊ စက် သူ့ဆီကို ဘယ်တော့မှ ပြန် မလာတော့ဘူးဆိုတာ သိသွားတဲ့တစ်နေ့မှာ ငါပေးသမျှ အချစ်တွေ၊ ငါ့ရဲ့ခွင့်လွှတ်သည်းခံမှုတွေ သူ့နှလုံးသားထဲမှာ ပြည့်နှက်နေပြီပေါ့၊ အဲဒီ အချိန်မှာ သူ ငါ့ကို ပြန်ချစ်လာမှာပါ"

သူ အဲဒီလောက်ထိ ချစ်ခဲ့သည်။ စိတ်ရှည်ခဲ့သည်။ သူငယ်ချင်း အားလုံးက စက် ဘာလုပ်လုပ် နားလည်ခွင့်လွှတ်ခဲ့ကြပေမယ့် သူ့ကို တော့ ထိုအဖြစ်၏နောက်မှာ အားလုံးက ဖယ်ကျဉ်လိုက်ကြသည်။

သူဟာ သူငယ်ချင်းတွေ၏ သံယောဇဉ်တွေကိုရော၊ စည်းမ စောင့်တဲ့ကောင်ဆိုသော နာမည်ပျက်တစ်ခုကိုရော တစ်ပွေ့တစ်ပိုက် ယူထားပြီး ကျန်ခဲ့ရ၏။

ခုတော့ စက်က ပြန်လှည့်လာပါပြီ။ စက်အပေါ် လည်ဆွဲ ဘယ် သို့သဘောထားမလဲ သူ မသိပါ။ စက်ရင်ထဲမှာ ဘာရှိသလဲ သူ မသိ။ စက်နဲ့သူ ဘယ်လိုအနေအထား စစ်မျက်နှာများနှင့် တိုက်ခိုက် ရတော့မည်ကို ဘယ်သူမှ ခန့်မှန်းနိုင်မှာ မဟုတ်ပေ။

စက်နဲ့ ပိုင်စေ မျက်လုံးချင်းပြန်ဆုံတော့ စက်က သူ့ရှေ့အားထိ ရောက်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့ငါက ရှောင်လွှဲကျော်လွှားပြောနေလို့ရတဲ့ လူတွေ မဟုတ်တာ၊ ထားလိုက်တော့၊ ခုချိန်မှာ မင်းဘက်က ပြောအားရှိနေ ဒါပေမယ့် မင်းသိထားဖို့က မနေ့ကအထိ သူ့ရင်ထဲမှာ ငါ ရှိနေတယ် ဆိုတာပဲ၊ မနေ့ကအထိ သူ ငါ့အရိပ်မှာရှိနေခဲ့တာ၊ ဒီနေ့နဲ့ မနက်ဖြန်မှာ မသေချာပေမယ့် ငါ့နေရာကို မင်း ဘယ်တော့မှ မရနိုင်ပါဘူး၊ အဲ သေချာတယ်၊ မင်းရက်စက်က မရက်စက်နိုင်တော့ပေမယ့် အရွှံ့မလေ တတ်တဲ့ အကျင့်က ရှိနေသေးတယ်၊ မင်း စမ်းကြည့်လိုက်"

"ဟား ဟား ဟား"

ပိုင်စေ ရယ်သည်။ ရယ်ရင်း ရင်ထဲမှာ ပူလာလိုက်၊ အေးသွား လိုက်။ မနေ့ကအထိ လည်ဆွဲက ချစ်နေသေးတယ်ဆိုတော့ ဒီနေ့ မုန်းသွားပြီပေါ့။ သူ့ရဲ့နောက်ဆုံးကြိုးစားမှုက အရာဝင်သွားပြီပဲ။

ချစ်တတ်လွန်းရင် မုန်းသွားတတ်ကြတယ်လို့ ပြောကြသည်။ ဒါဆို လည်ဆွဲ စက်ကို မုန်းလိုက်ပြီပဲ။ မုန်းပြီးတိုင်း ချစ်လာနိုင်သလား မသေချာပါ။ ထိုမသေချာခြင်းသည် စက်ဟာ လည်ဆွဲကို ပြန်ရဖို့ ကြိုးစားတော့မှာ ဖြစ်သောကြောင့်...။

အချစ်တွေ ကိုယ့်ကိုပေးပါ လည်ဆွဲရယ်...။





အခန်း (၁၈)

ဝင်လာသူကိုကြည့်လိုက်တော့ ရှူပါမင်းရောင်ရင့်သော စပို့ရှပ် ဘောင်းဘီရှည်အနက်နှင့် ကုတ်အကျီကို တွဲဝတ်ထား၏။ အကြည့် ဆိုးလောက်အောင် တုတ်ခဲပြောင်လက်နေသော ပလက်တီနမ် ဆစ်ပျောက်ကြိုးက အကျီလည်ပင်းဝအောက်နားထိ ရှိသည်။ ပင်က လှိုင်းတွန့်ရေးရေးရှိ၏။ ခလယ်ခွဲဖြီးထားပြီး ဘေးနှစ်ဖက် လုံး အပြောင်သိမ်းလှန်ထားသည်။

နားရွက်အောက်ဆံပင်တွေ ကုပ်ပိုးထိ ခွေဝိုက်ဆင်းကျနေပုံက ရုပ်၊ အဝတ်အစားနှင့် တော်တော်ကြည့်ကောင်း၏။ ဘယ်သူမှန်း သိပေမယ့် ဦးစိုးကောင်း မျက်နှာလွှဲဖို့ မေ့သွားတာတော့ အမှန်ပဲ သည်။ ရှူပါမင်းရောင်က ရဲရင့်နေပေမယ့် အသားရောင် ပျက်မသွား အကျီအရောင်အတိုင်းပဲ ဝင်းစိုနေသည်။ အနက်ရောင်ကြောင် ဝင်းနေတာက ပေါ်လွင်သည်။

"ထိုင်ပါ၊ မောင်ရင်က ..."



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ..."

သူ ငေးကြည့်နေမိဆဲ ထိုလူရွယ်က ရှေ့မှာထိုင်ချလိုက်ပြီး တာကို ဆုံးအောင်မဖြေဘဲ မျက်လွှာချနေလျက်မှ မျက်တောင် ချက် ခတ်သည်။ ပြီးမှ ပြန်မော့လာပြီး နောက်ထပ် မျက်ဝန်းတို့ ဘေးသို့ အနည်းငယ် တိမ်းပစ်လိုက်ကာ ...

"မင်းရက်စက်ပါ"

"ဟော ..."

ဦးစိုးကောင်းကိုယ်ကြီး တုန်ခနဲ ဖြစ်သွား၏။ လက်စသတ် ဒီကောင်ပဲကိုး။ စိတ်ထဲမှာ တွေးလိုက်မိပြီး ရည်မွန်စွာ ခင်းကျင်း ပြီးသည့် မျက်နှာကို ချက်ချင်းတည်ပစ်လိုက်မိသည်။

နာမည်ကြီးသလောက် ချောလည်းချောနိုင်ပါပေ့။ မိန်းက တွေ မပြောနှဲ့။ ယောကျ်ားလေးချင်းတောင် ငေးခနဲ ငိုင်ခနဲ ဖြစ် နိုင်သည်။ အပြစ် ဘယ်မှာလဲ။ အရပ်၊ ကိုယ်လုံး၊ မျက်နှာ၊ လျှောက်ပုံကအစ ဘယ်မှာမှ အပြစ်ပြောစရာမရှိ။

ကိုယ့်ကလေးအတွက် ရင်နာစွာတွေးမိရင်း ဦးစိုးကောင်း နှာကြီး ပို၍ တင်းသွားသည်။

"ဟုတ်ပြီ၊ ဘာကိစ္စလဲ"

လေသံက သိသာစွာ ပြောင်းလဲသွား၏။ စက်က ပီကေကို ဖိကြိတ်ဝါးရင်း ပြောဖို့ကို အရှိန်ယူသည်။ တစ်သက်လုံးက မရှိ သော သိမ်ငယ်ခြင်းတွေ ကိုယ်မှာဖိစီးကာ ကိုယ့်ကိုကိုယ် ဘာ မှန်းပင် မသိတော့ပါ။ ဒါပေမယ့် သူ လှည့်ပြန်မသွားနိုင်။ ငါ မှားခဲ့ ဆိုသောအသိက သားလေးမျက်နှာကို ပြန်မြင်မိတိုင်း ဖျောက်လို့ ဝင့်လည်ပြီထင်သည်။

"ကျွန်တော် လည်ဆွဲကို ပြန်လိုချင်ပါတယ်"





စကားကို တန်ဆာဆင်ဖို့ သူ မတတ်ပါ။ ဘယ်လိုအမိပ္ပာယ်ပဲ ဖြစ် လည်ဆွဲကို သူ ပြန်လိုချင်တာပဲမို့ ဒီတိုင်းပဲပြောလိုက်တာ သည်။

ဦးစိုးကောင်းက သူ၏ စိတ်လှုပ်ရှားသွားခြင်းကို ရှေ့မှာရှိသော ယ်လီဖုန်းနှင့် စာရွက်စာတမ်းအချို့အား ဘေးသို့ တွန်းဖယ် ပြောင်း လိုက်ခြင်းဖြင့် ထွက်ပေါက်ရှာသည်။ လူကြီးမို့ လူငယ်လို ပက်ခနဲ ပြောမိဖို့တော့ သတိရ၏။

"အဲဒါ မင်းပြောသလို မလွယ်ဘူးကွယ့်၊ မင်းတို့ဖြစ်ခဲ့ကြတာ ကို မင်းတို့ချင်းက ပိုသိမှာပါ၊ ဒီရက်ပိုင်းမှာ သမီးလေးက ပြန်ပြော ပါတယ်၊ ဒါပေမယ့် မင်းကို ချစ်ကြောင်း ခင်ကြောင်းတော့ မဟုတ်ဘူး"

"အဲဒါ ကျွန်တော် ပြန်ကြိုးစားပါ့မယ် အန်ကယ်၊ ကျွန်တော့် မိန်းမ ချစ်ကို ကျွန်တော်ရအောင် ပြန်ကြိုးစားနိုင်ပါတယ်၊ လောလော သူ ကျွန်တော့်ကို ပြန်လက်ခံဖို့"

"လုံးဝမလွယ်ဘူး"

"သားက ကျွန်တော့်သားပါ"

"အဲဒါ သေချာရဲ့လား။ မင်းသားပါလို့ မင်းသိတာ ဘယ်နှစ်နာရီ သွားပြီလဲ"

စက်မျက်နှာ ညို့ခနဲ မည်းကျသွား၏။

"မိဘနဲ့သားသမီးကြားက ချည်နှောင်မှုက မင်းထင်သလို ပါးပါး မဟုတ်ဘူးကွယ့်၊ မိဘမေတ္တာဆိုတာလဲ ငါနဲ့ညားခဲ့တာမို့လို့ ဖြစ်တာပေါ့လို့ ပြောလို့မရဘူး၊ မိခင်က မွေးရသလို ဖခင်က ရတယ်၊ မိဘနှစ်ပါးဟာ သားသမီးအပေါ် ဝတ္တရားတိုယ်စီ ကျေ မင်း ကျေခဲ့ရဲ့လား"

စက် ဘာမှပြန်မဖြေနိုင်။ ဦးစိုးကောင်းက မျက်မှောင်ကြုတ်၍



www.burmeseclassic.com

www.burmeseclassic.com



ကြည့်သည်။ ထိုစဉ် လက်မှတ်ထိုးဖို့ ဖိုင်တစ်အုပ်နှင့်စာရေးလေး ဝင်လာ၏။ ဦးစိုးကောင်းက မေးဆတ်ပြလိုက်တော့ ပြန်ထွက်သွားသည်။ နောက်ထပ် အလုပ်နှင့်သက်ဆိုင်သော ဖုန်းတွေ ဝင်လာပြန်သည်။ အလုပ်ရုံးခန်းမှာမို့ မရှောင်နိုင်။

စက်ကို စကားမပြောနိုင်ဘဲ ဖုန်းတွေ ကိုင်ရ၏။ သို့သော် ဦးစိုးကောင်းမျက်လုံးတွေက နှုတ်ခမ်းကို ခပ်ဖိဖိ ကိုက်၍ ငြိမ်သက်နေသည့် စက်၏မျက်နှာပေါ်မှာပဲ ရှိနေခဲ့သည်။ နောက်ဆုံးဖုန်းပြောပြီး ချထားလိုက်ကာ ...

"မင်းမှာ ပြောစရာစကားကျန်သေးတယ်ဆိုရင် ဟိုဘက်ခန်းထဲ သွားရအောင်"

စက်က မျက်နှာမသာမယာနှင့် ထရပ်၏။ သူက ကိုယ့်ဘေးမှာ ရပ်နေသူကို ထိကိုင်ခွင့်မရသောကြောင့် မှန်ထဲမှာပေါ်နေသည့် ပုံရိပ်တူကို ဆုပ်ဖမ်းဖို့ ကြိုးစားနေသူလိုလား။ အနီးဆုံးလူဟာ အဝေးဆုံး ဖြစ်သွားခဲ့ပြီ။

ဦးစိုးကောင်းက အခန်းတစ်ခုထဲ ဝင်သည်။ ဘယ်မှာမှမရပ်ဘဲ မထိုင်ဘဲ တံခါးတစ်ခုကို ထပ်၍ ကျော်ဖြတ်ကာ အစွန်းထုတ်ထား သော ဝရန်တာဘက်ထိ ထွက်သွား၏။ ထိုနေရာမှာ နှစ်ယောက်အတူ ခပ်လှမ်းလှမ်းပုံစံနှင့် ရပ်လိုက်ကြပြီး ...

"ကဲ ... မင်းပြောမလား"

"အန်ကယ် ပြောစရာရှိရင် ပြောပါ၊ ကျွန်တော်မှားခဲ့တဲ့အတွက် ဝန်ခံပါတယ်၊ ဒါပေမယ့် ကျွန်တော်မှားခဲ့သမျှဟာ တမင်တကာ လုပ်တာမဟုတ်ဘူးဆိုတာ ကျွန်တော့်ကိုယ်ကျွန်တော်ပဲ သိတယ်"

"ဟုတ်တယ်၊ မင်းကိုယ်မင်းပဲ သိသင့်တာပေါ့၊ ဒါပေမယ့် ငါ မှားဘူးလို့ သိနေတာမျိုးကတော့ မဟုတ်သေးဘူး၊ ကြားခဲ့ဖူးသမျှ သတင်း





စကားတွေအရ မင်းက သိပ်ကို မာနကြီးခဲ့တဲ့ယောကျာ်းပဲ၊ အဲ... လူငယ်တွေလိုပြောရရင်တော့ အချစ်တွေ ပေါပေါလောလောကြီး ပိုင်ဆိုင်ခွင့် ရခဲ့တဲ့သူလေ၊ မိဘ၊ သူငယ်ချင်း၊ မင်းရဲ့ပတ်ဝန်းကျင် အားလုံးမှာ မင်းကို ပိုင်စိုးနိုင်တဲ့သူ၊ မင်းအပေါ်မှာ ကျော်လွှားခဲ့ဖူးတဲ့သူ ရှိမှမရှိခဲ့တာ၊ မင်း မာနကြီးတာ သိပ်တော့ မဆန်းဘူး၊ မရှုံးဖူးတဲ့သူက အရှုံးကို ရင်မဆိုင်ရဲဘူး၊ အခု မင်း ရှုံးတော့မယ်"

"မရှုံးပါဘူး"

သူ့မျက်နှာကို အံ့သြသွားသလို လှည့်ကြည့်ပြီး ဦးစိုးကောင်းက ပြုံးသည်။

"ထားပါတော့၊ မင်းကြိုးစားဦးမှာဆိုတော့ မရှုံးသေးဘူးဘဲ"

"ရှုံးဖို့မရှိပါဘူး အန်ကယ်၊ လူချင်းဘယ်လောက်ဝေးဝေး အချစ်က ကျွန်တော့်ဆီမှာပါ၊ မုန်းနေတယ်ဆိုတာကိုက ချစ်လို့ပဲ၊ သူ မုန်းနေသရွေ့ ကျွန်တော် ကြိုးစားမှာပဲ"

"ဒါကတော့ မင်းသဘောပဲ၊ ကျုပ်ကတော့ လုံးဝ သဘောမတူဘူးဆိုတာ ပြောထားပါရစေ၊ မင်းကို မကြိုးစားနဲ့၊ မလိုက်နဲ့လို့ မပြောဘူး၊ မပြောတာက ဖြတ်တောက်လို့မရတဲ့ ချည်နှောင်မှုတစ်ခုက ရှိနေတာကိုး၊ မြေးလေးမျက်နှာကို ငဲ့ညှာတဲ့အနေနဲ့ မင်းကြိုးစားတာကို ကြည့်နေရမှာ၊ မင်းပြောသလို သမီးက လက်ခံဖို့အတွက် ကျုပ်"

"နေပါဦး အန်ကယ်၊ အဲဒါ ကျွန်တော့်စကားမဆုံးသေးပါဘူး"

စက်က ဝရန်တာလက်ရန်းကို ကျောကပ်မှီလိုက်ပြီး ဦးစိုးကောင်းနှင့် မျက်နှာချင်းဆိုင်ဖြစ်အောင် နေသည်။

ဦးစိုးကောင်းကလည်း သူ ဘာပြောမလဲဆိုတာကို စူးစိုက်ကြည့်၍ နားထောင်သည်။

"လည်ဆွဲလက်ခံလာအောင် ကျွန်တော် ကြိုးစားနေတဲ့အချိန်



www.burmeseclassic.com

www.burmeseclassic.com



မှာ အန်ကယ်က ပြင်းပြင်းထန်ထန် တားဆီးတာတွေ မလုပ်ဖို့ပါ။ ကူညီဖို့လဲ မဟုတ်ဘူး။ ကယ်ပါ ယူပါ အော်တတ်တဲ့ ခပ်ညံ့ညံ့ ယောကျ်ားတွေထဲမှာ ကျွန်တော် မပါဘူး”

အညှံ့ခံဖို့လာပေမယ့် မာနတွေပြနေပြန်သော စက်၏ မျက်နှာကို စေ့စေ့ကြည့်ကာ ခေါင်းညိတ်ရင်း ပြုံးမိသည်။ ဦးစိုးကောင်း၏ မျက်နှာသည် နီသွားလိုက်၊ ဖျော့ကျသွားလိုက်နှင့် ဒေါသနှင့် သည်းခံခြင်းဆိုသော မျဉ်းပြိုင်နှစ်ကြောင်းပေါ်မှာ ဆင်းရဲခြင်းကြီးစွာ ဖြစ်နေလေသည်။

စက်ကလည်း ညွှံ့သက်သွားခဲ့သောစိတ်တွေ ဘယ်ဆီ ပေါက်ထွက်ကုန်သည်မသိဘဲ အချစ်ဆိုင်တက်လာခြင်းကြောင့် အသိစိတ်တို့ ဖိတ်ဖိတ်စဉ်စဉ် ဖြစ်ကုန်၏။

“အန်ကယ့်အနေနဲ့ ကျွန်တော်နဲ့ လည်ဆွဲရယ်၊ ကလေးရယ်ကို မိသားစုလေးတစ်ခုလို့မြင်ပြီး နားလည်ပေးဖို့ပါပဲ၊ မတွေ့ရဘူး၊ မပြောရဘူးလို့ တားမြစ်တာမျိုး၊ လည်ဆွဲတို့ကို ဟိုပို့ဒီပို့ ဖျောက်ဖျက်ပစ်တာမျိုး”

“မလိုဘူး မင်းရက်စက်၊ အဲဒါတွေ မလိုတော့ဘူး၊ ကျုပ်စိတ် ထဲမှာ ရှိတဲ့အတိုင်းဆိုရင် မင်းကို ခုလိုစကားလက်ခံပြောဖို့တောင်မရှိဘူး။ ကျုပ်ပြောခဲ့ပြီပဲ၊ မင်းက ကျုပ်မြေးရဲ့အဖေဖြစ်နေလို့ပါ။ နောက်တစ်ချက်က မင်း ကျုပ်သမီးကို ဘယ်တော့မှ ပြန်ရမှာ မဟုတ်တာ သေချာနေလို့”

နှစ်ယောက်သား မျက်လုံးချင်းဆုံလျက် အတန်ကြာ ငြိမ်သက်နေကြပြန်သည်။

“ပြီးတော့ မင်းရဲ့မာနတွေ ဘယ်လိုကျိုးကျသွားသလဲဆိုတာ သိချင်တယ်၊ တစ်ခုတော့ ရှိတာပေါ့ကွာ၊ ကံကောင်းအကြောင်းလှပြီး





င်းကို သမီးက လက်ခံသွားတယ်ဆိုတာမျိုးများ ရှိလာဦးမလားလို့ ည်းငယ် စိတ်ဝင်စားမိတာလဲ ပါတယ်”

“အဲဒါက မင်းရုပ်ကို မြင်လိုက်လို့လေ၊ မင်းက ခေတ့်ရုပ်မှ မဟုတ်တာ” နောက်ဆက်တွဲစကားကိုတော့ ရင်ထဲမှာပဲပြောဖြစ်ရင်း ဦးစိုးကောင်းက မပီပြင်သော မဲ့ပြုံးနှင့် ...

“မင်းပြောချင်တာ ဒါပဲလား”

“လောလောဆယ် ဒါပါပဲ”

စက် နှုတ်မဆက်ဘဲ ကျောခိုင်းလိုက်သည်။ ခဏရပ်နေပြီးမှ ဆက်လျှောက်လာခဲ့သည်။ သူ့နောက်ကျောမှာ မျက်ဝန်းတစ်စုံ ကပ်ငြိလာပြီမှန်း သိသည်။

ဦးစိုးကောင်းက မျက်မှောင်ကုပ်၍ စူးစိုက်ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

လည်ဆွဲ နာရီငုံ့ကြည့်တော့ သားက လိုက်ကြည့်သည်။ ပြန်မော့လိုက်တော့ မျက်နှာနောက်ကို လိုက်မော့ကြည့်၏။

"မေမေ ဘာစောင့်နေတာလဲဟင်"

"ဦးဦးကိုလေ၊ သားသားရဲ့ ဦးဦး တော်ကြာလာခါမှာ၊ မေမေတို့အပြင်မှာ မုန့်သွားစားကြမှာ၊ သားသား ဘာစားမလဲ စဉ်းစားထားနော်"

"မုန့်စားမယ်"

"အင်း ..."

သားက ဆိုဖာပေါ်က ဆင်းရပ်လိုက်ပြီး လည်ဆွဲမျက်နှာရှေ့မှာ သေချာရပ်ကြည့်ကာ ...

"မေမေပဲ ဦးဦး ဘယ်ခေါ်ခေါ် မလိုက်ရဘူးဆို"

"ဟင်"

"မေမေ ပြောခဲ့တာပဲ၊ ဦးဦးကို မချစ်ရဘူး၊ ဘာကျွေးကျွေး မစားရဘူး၊ ဘယ်ဝယ်ပေးပေး မယူရဘူးတဲ့၊ အခုကျတော့ ဘာဖြစ်လို့လဲ"

လည်ဆွဲ အကျပ်ရိုက်သွားသည်။ သားက သူ ဘာဖြေမလဲလို့ မော့ငေးနေဆဲ။





"အဲဒါက ဟုတ်တယ်၊ ဟို ဒါပေမယ့် ဦးဦးပိုင်က စိတ်ရင်းကောင်းပါတယ် သားရယ်၊ သားသားရဲ့ဘဘနဲ့လဲ ခင်တယ်လေ၊ မေမေက သားသားရဲ့ဘဘကိုချစ်တော့ ဘဘချစ်တဲ့လူကိုလဲ ချစ်ရတာပေါ့"

"မေမေက ဦးဦးကို ချစ်တယ်"

"အို ..."

"ဟုတ်လား မေမေ၊ ဦးဦးကို မေမေက ချစ်လားလို့"

သားက လည်ဆွဲပခုံးနှစ်ဖက်ကို လှုပ်၍ မေးနေပြီ။ အမြန်ဆုံးလက်ထပ်ဖို့ ဆုံးဖြတ်ပြီးတာ မှန်သည်။ ပြီးစလွယ်ခေါင်းညိတ်လိုက်ဖို့လည်း ပြဿနာမရှိနိုင်။

ဒါပေမယ့် လည်ဆွဲခေါင်းက တောင့်မတ်နေခဲ့၏။ အချစ်ကိုကြောက်နေပါပြီ။

ပြီးစလွယ်ပဲဖြစ်ဖြစ် တိတ်တိတ်လေးဖြစ်ဖြစ် အိပ်မက်ထဲမှာတောင် အချစ်အတွက် ခေါင်းညိတ်ဖို့က မဖြစ်နိုင်တော့ပေ။

"သားသားလေးက ဦးဦးကိုချစ်တယ်၊ မေမေက မခေါ်ရဘူးဆိုလို့ သိလား၊ အခု မေမေလဲ ချစ်တယ်ဆိုတော့ သားသားလေးလဲ ချစ်လို့ ရပြီပေါ့နော်"

"အို ... သား၊ အဲဒီလို မပြောရဘူး၊ နောက်ကို ချစ်တယ်ဆိုတာကို ဘယ်တော့မှ ထည့်မပြောနဲ့၊ ခင်တယ်လို့ပဲပြော"

"ဘာဖြစ်လို့လဲ မေမေ"

"ကိုယ့်မိဘဆွေမျိုးမဟုတ်ဘဲ ဘယ်သူ့ကိုမှ မချစ်ရဘူး"

သားက မျက်တောင်ရှည်လေးတွေ တဖျတ်ဖျတ်ခတ်ပစ်၍ စဉ်းစားသည်။

"မိဘဆိုတာ ဖေဖေရယ်၊ မေမေရယ်လားဟင်"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"သားသားလေးမှာ ဖေဖေမှမရှိတာ"

"သားသား"

လည်ဆွဲ သားငလေးကို တင်းခနဲ ဖက်၏။ ရင်ထဲမှာ နင့်သွားသည်။ ရှိထားပြီးသည့် ဒဏ်ရာက ပြည်တည်နာတစ်ခုလို တဆစ်ဆစ်ကိုက်ခဲလာခဲ့သည်။ ဒီလိုလူကို အဖေခေါ် ထိုက်သလား။

"မေမေ"

"ဟင် ... သား"

"ဟိုနေ့ကလာတဲ့ဦးဦးက သားသားလေး ဖေဖေဆို"

"အဲဒါ ..."

မဟုတ်ဘူးလို့ မပြောနိုင်ပါ။ သံယောဇဉ်လက်ကျန်ကြောင့် မဟုတ်သော်လည်း ဒါက အဖေမဟုတ်ရင် ဘယ်သူလဲလို့ မေးလာတော့မည်။ ဟုတ်တာကို ဟုတ်တယ်လို့ မပြောနိုင်ပေမယ့် မဟုတ်တာကိုလည်း ခေါင်းမညိတ်နိုင်။

"မေမေ၊ ပြောလေ"

"ဟုတ်တယ် သားသား၊ ဒါပေမယ့် အဖေဆိုပြီး သူ့ကို ချစ်ဖို့ မလိုဘူး"

"ဘာဖြစ်လို့လဲဟင်"

"ဘာဖြစ်ဖြစ် အဲဒါကို သားသား မမေးနဲ့တော့နော်၊ ဘာဘချစ်တဲ့သူကို မေမေက ချစ်သလို ဘာဘက မုန်းတယ်ဆိုရင် အဲဒီလူကို မေမေလဲ မုန်းမှာပဲ၊ အဲဒီတော့ သားသားကလဲ မေမေ့ကိုချစ်ရင် မေမေက မချစ်နဲ့လို့ ပြောတာကို နားထောင်ရမယ်"

"ဟင်"

နှုတ်ခမ်းလေးစူထော်ပြီး 'ဟင်' ကို သံရှည်ဆွဲလေးလျက် ကိုင်ထားသည့် လက်ကလေးတွေကို သားက ဆတ်ခနဲ ဖြုတ်ချပစ်သည်။





"သားသားလေးမှာ ဖေဖေမှ မရှိတာ၊ သားသားဖေဖေက ဘယ်သူလဲ၊ ဦးဦးပိုင်လား၊ ဟိုနေ့က ဦးဦးလား"

လည်ဆွဲ မျက်စိမျက်နှာပျက်ကာ သားပခုံးလေးနှစ်ဖက်ကို ပြန်ဆွဲယူလိုက်သည်။

"သားသား"

"ဟင့်အင်း၊ သားသား ဖေဖေလိုချင်တယ်"

မထင်မှတ်ဘဲ ဖွတ်တရွတ် ထဖြစ်လာသဖြင့် လည်ဆွဲ ဘာပြောရမှန်းမသိတော့။ လက်ထပ်ကြပြီးရင်လည်း ပထွေးဆိုပေမယ့် ဖေဖေလို့ပဲ ခေါ်နိုင်းရမှာမို့ ပိုင်စေ့ကိုပဲ လက်ညှိုးထိုးလိုက်ရမည်လား။ စဉ်းစားမိသော်လည်း ဘယ်လိုမှ ပြောမထွက်ပေ။ အဖေရင်းမဟုတ်ဘဲ သားလေးမှာ အဖေလို့ပဲ စုပုံချစ်ရှာတော့မည်။ သားကိုဖက်၍ သနားမိရင်း မျက်ရည်ဝေ့လာသည်။

သားလေး ဖခင်မဲ့ရတာ ငါ့ကြောင့်။ အစမကောင်းတော့ အနှောင်းမသေချာ။ သူမ မိုက်ခဲ့သဖြင့် သားလေး ဒဏ်ခံရတာဖြစ်သည်။

"မေမေ ပြောလေ၊ သားသားလေး ဖေဖေက ဘယ်သူလဲ"

"သားသားဖေဖေက ဖေဖေပဲ၊ သား ဒီဘက်ကိုလှည့်"

"ဟင် ..."

စေ့ထားသည့် ဘာဂျာတံခါးရှေ့မှာ မင်းရက်စက်။ သားက လှည့်ကြည့်ကာ ကိုယ်လုံးလေးပါ မျက်နှာနောက်ပါသွားသည်။

"သား ..."

လည်ဆွဲ သားကို ကျောခိုင်းပြီးသားဖြစ်သွားအောင် ပြန်ဆွဲသည်။ ပြီးတော့ ဖျတ်ခနဲ ပြေးသွားကာ တံခါးကို သော့ခတ်ဖို့ ကြိုးစားသည်။

"လည်ဆွဲ"



www.burmeseclassic.com

www.burmeseclassic.com



"အို ... ရှင် ကျွန်မကို မထိနဲ့"

တံခါးကို သော့ခတ်မှာစိုး၍ စက်က တံခါးကြားကနေ လက်သွင်းပြီး လည်ဆွဲလက်ကို ဖမ်းဆွဲသည်။ လည်ဆွဲက ပုတ်ခါချ၏။ ထို့နောက် တံခါးပွင့်သွားမှာစိုးသောကြောင့် သော့ကို အပြီးခတ်လိုက်သည်။

မှန်းတီးသော မျက်ဝန်းတို့ လက်လက်ဖြာလျက်၊ ရှေ့ရင်အစုံမှာ လှိုင်းထနေ၏။ သော့ကိုကိုင်၍ နောက်ဆုတ်ရပ်လိုက်ရင်း စက် ကိုင်လိုက်သည့်လက်တို့ကို တင်ပါးလေးမှာ ပွတ်တိုက်သုတ်ပစ်လိုက်သည်။

"ရှင် ဘာလာလုပ်တာလဲ၊ သွား ... ခုထွက်သွား"

"သားနဲ့ ကိုယ် စကားပြောချင်တယ်"

"မလိုဘူး၊ မပြောရဘူး၊ သားက ကျွန်မသား၊ ဒီမှာ မင်းရက်စက်ရှက်တတ်ရင် ရှင် နောက်ကို ဘယ်တော့မှမလာပါနဲ့၊ ကျွန်မ ကိုပိုင်နဲ့လက်ထပ်တော့မှာ၊ ရှင် နောက်ထပ်ကြိုးစားနေမှာစိုးလို့ကို လက်ထပ်မှာ၊ ဒါပေမယ့် အဖြူပေါ် အမည်းထင်တဲ့နေရာမှာ သားရဲ့အဖေကရှင်ပဲဖြစ်မှာပါ။ အဲဒီအခွင့်အရေးပါ ထပ်ဆုံးရှုံးချင်ရင်တော့ ကြိုးစားပေါ့"

လည်ဆွဲပြောသမျှကို နှုတ်ခမ်းမဖွင့်ဘဲ ပီကေဝါးရင်း စက်က စူးစိုက်ကြည့်နေ၏။ ထို့နောက် စက်၏မျက်ဝန်းတို့ သူမကျောနောက်သို့ ရွေ့လျားသွားတာကို သတိထားမိလိုက်သဖြင့် ...

"သားသား"

လည်ဆွဲ နောက်ကို ဖျတ်ခနဲ လှည့်ကာ အနားရောက်နေပြီ ဖြစ်သည့် သားကို ပွေ့ချီထားလိုက်၏။ သားက စက်ကို စူးစူးရဲရဲ စိုက်ကြည့်နေ၏။ စက်ကလည်း ပြန်ကြည့်လျက် ...

"သားသား၊ ဖေဖေနဲ့ စကားပြောချင်လား"

"အို ..."





လည်ဆွဲက ကလေး၏ ခေါင်းလေးကို ကျောနောက်ကို ဖိလှည့်ပစ်လိုက်ရင်း...

"ရှင် ... ရှင် ပြောလေကဲလေပါလား၊ တောက် ..."

သားကိုဖက်၍ နေရာမှ ချာခနဲ လှည့်သည်။

"မိနန်း၊ မိနန်း"

"ရှင် မမ"

ကောင်မလေးတစ်ယောက် ပြေးထွက်လာသည်။

"အဲဒီမှာထိုင်စောင့်နေ၊ ကိုပိုင်လာရင် ငါ့ကိုလာခေါ်၊ မဟုတ်ရင် ဘယ်သူ့ကိုမှ တံခါးဖွင့်မပေးနဲ့"

"ဟုတ် ..."

စက် ဘောင်းဘီထဲလက်နှိုက်ရင်း နေရာမှ တစ်လက်မမှ မရွေ့ဘဲနေ၏။ နာကျင်သော၊ ခံပြင်းသော၊ မာနတွေ ပြည့်သိပ်နေသော်လည်း နောက်လှည့်မသွားနိုင်ဘဲရှိသော စက်၏မျက်ဝန်းတို့က ဖိတ်ဖိတ်လက်နေ၏။

အံကြိတ်ထားသဖြင့် မေးကြောကြီးတွေ ထောင်နေ၏။ တံခါးအပြင်ကသူ့ကို မိနန်းက အထူးအဆန်းငေးကြည့်ကာ အားတုံ့အားနာ ရှက်နှာလေးနှင့် ထိုင်ရမလို၊ ထရမလို။

ထိုစဉ် ကျောနောက်က ကားသံကြားသဖြင့် စက်က မဲ့သည်။ သွားမှာ အရိပ်တစ်ရိပ် လာရပ်သည်။ အတန်ကြာအောင် တိတ်ဆိတ်နေပြီးမှ ...

"မင်းရှေ့မှာ လည်ဆွဲကို ငါ ခေါ်ထုတ်မသွားချင်ပါဘူး၊ မင်းပဲ"

"ခေါ်သွားခွင့်လဲ မရှိဘူး ပိုင်စေ"

စက်က ဘောင်းဘီထဲက လက်တို့ကို ဒီတိုင်းမထုတ်ဘဲ ပိုင်စေ့ဆီကို လှည့်၏။ မင်းရက်စက်၏ ရာဇဝင်တွင်ခဲ့သော အပြုံးတို့ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



စိုက်၍ကြည့်သည်။ အကြည့်တို့သည် ပိုင်စေအား ခြေဆုံးခေါင်းဆုံး လှောင်ပြုံးများဖြင့်...

"ငါ မသိလိုက်တာဘဲ မင်းဖြစ်နိုင်မယ် ပိုင်စေ၊ ငါ့ရှေ့မှာ မင်း ပြောသလောက် မလွယ်ဘူး။ လက်တွေ့သိချင်လား။ ခေါ်ထုတ်ကြည့် လိုက်ပါ"

ထိုအချိန်တွင် မိနန်းသွားခေါ်လာသဖြင့် လည်ဆွဲက အပြင် ထွက်လာပြီဖြစ်၏။ ခေါ်ထားတာက လည်ဆွဲကိုယ်တိုင်ပဲမို့ ပိုင်စေ မလာခင် အသင့်ပြင်ဆင်ပြီး စောင့်နေတာဖြစ်သည်။

ကြက်သွေးရောင်ပေါ်မှာ အနက်ရိပ်လေးတွေပါသော လည် ကိုယ်ကျပ်နှင့် မဟူရာကြိုးလုံးရှည်ကို ရင်ညွန့်အောက်ကျအောင် ထားသည်။ ဆံပင်တွေကို နောက်မှာ ခပ်မြင့်မြင့်တင်၍ နီညိုရော ဖဲပြားလေးနှင့် စည်းထား၏။

ကြည့်လိုက်ကြတာကိုက ပိုင်စေသည် မက်မောစံစားသော မျ ဝန်းတို့ဖြင့် ငေးလျက်ရှိကာ စက်က ဖျတ်ခနဲကြည့်ပြီး မျက်ဝန်းငေ ကို လွှဲပစ်သည်။ မိနန်းက ကလေးကိုချီ၍ နောက်ကပါလာပြီးမှ ရှ ပြန်ဝင်သွားသည်။

"လည်ဆွဲ၊ လည်ဆွဲ မှာလို့ တို့လာတာ"

လည်ဆွဲမျက်ဝန်းတို့က စက်ထံသို့ ရွေ့သွား၏။ စက်က ဘယ် ကိုမှ မကြည့်ဘဲ ပီကေဝါး၍ တစ်ခြံလုံးကို ကြည့်ရှုလေ့လာနေသ မျက်နှာလုပ်ထားသည်။

"လည်ဆွဲ မသွားတော့ဘူး ကိုပိုင်၊ နောက်နေ့မှပဲ"

"ဟာ။ အဲဒီလိုမလုပ်ပါနဲ့ လည်ဆွဲရယ်၊ တို့ကတော့ လည် တို့သားအမိနဲ့ လျှောက်လည်မယ်၊ လျှောက်ဝယ်မှာပဲဆိုပြီး အစီအ နဲ့ ထွက်လာတာ"





ပိုင်စေက ပျာပျာသလဲ တောင်းဆိုသည်။

"တောင်းပန်ပါတယ်၊ ဒီနေ့ မသွားတော့ဘူး"

တံခါးအပြင်မှာပဲရပ်လျက် ပိုင်စေ့မျက်နှာ မအီမလည် ဖြစ် သွားသည်။ စက် နှောင့်ယှက်မှာစိုးလို့ လည်ဆွဲ ထွက်မလာတာမှန်း သိသည်။ ဒါပေမယ့် ဘာ့ကြောင့်ဖြစ်ဖြစ် သူ ခေါ်၍မရတော့တာ သေချာသွားပြီဖြစ်၏။ လှည့်ကြည့်လိုက်တော့ စက်၏နှုတ်ခမ်းမှာ ခပ်လွှန့်လွှန့် အပြုံးနှင့် ...။

"ဝဲထူတဲ့လူကို ရှောင်ပြေးတာ လူကိုကြောက်လို့မဟုတ်ဘူး စက်၊ မင်းနားလည်ရင် ဂုဏ်ယူသင့်လား၊ မသင့်ဘူးလား၊ တွေးကြည့်ပေါ့"

"ပညာရှိစကားတွေ ပြောမနေနဲ့ ပိုင်စေ၊ ဒီနေရာမှာ မင်းနဲ့ငါပဲ၊ မနိုင်နိုင်အောင် မိန်းမလို စကားစစ်မထိုးနဲ့၊ မင်းတော်ရင် သူ ထွက်လာအောင် လုပ်စမ်းပါ၊ အဲဒီကျမှ မင်းခေါ်သွားနိုင်ရင် ဆရာခေါ်လိုက်မယ်"

"ဒီမှာ မင်းရက်စက်"

လည်ဆွဲက ပိုင်စေရပ်နေသည့်ဘက်က ရပ်၍ အထဲကနေ စက်ကို ခေါ်သည်။ စက်က စကားပြောလက်စနှင့် လှမ်းကြည့်၏။

"ရှင့်ရဲ့ညစ်ပတ်တတ်တဲ့ အကျင့်ကိုသိလို့ ကျွန်မ မထွက်တာ၊ ရှင့်အပြုံးတွေကို ရုတ်သိမ်းပြီး ခုချက်ချင်းထွက်သွား"

"ဟွန်း ..."

စက်က ခြေတစ်လှမ်းတိုး၍ လည်ဆွဲနှင့်နီးအောင် ရပ်သည်။ ထိုအခါ လည်ဆွဲနှင့် မနီးဘဲ ပိုင်စေနှင့် ပူးကပ်ရပ်လိုက်သလို ဖြစ်သွားသည်။

"ကိုယ် တကယ်ညစ်ပတ်တတ်ရင် သားတစ်ယောက်တည်း ဘယ်ကတော့မလဲ၊ ကိုယ် လိုလိုချင်ချင်ဖြစ်တဲ့ မိန်းမရော၊ ပိုလိုချင်ချင်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပေမယ့် လက်ထပ်ပေါင်းသင်းလို့ ရခဲ့လာက်တဲ့ မိန်းကလေး တွေရော၊ ကြိုက်တာ ယူလို့ရတယ်”

လည်ဆွဲမျက်နှာ ကြောက်စရာကောင်းလောက်အောင် တင်းမာ သွား၏။

“ကိုယ် ဘာကောင်ပဲဖြစ်နေနေ၊ လက်ထပ်မဲ့ဖူးတာ မင်းပဲ၊ မိန်း လဲ တစ်ယောက်ပဲ ရှိတယ်၊ သားလဲ တစ်ယောက်ပဲ ရှိတယ်၊ မင်းကို ပစ်ခဲ့တာ ဟုတ်ဟုတ် မဟုတ်ဟုတ်၊ ကိုယ် ဘယ်လောက်ရှုပ်ပွေနေ နေ၊ ဒီနေ့ထိ လက်မထပ်ခဲ့ဘူး”

“ရှင် အရှက်မရှိပြောင်လိမ်မနေနဲ့၊ သွား ... ခုထွက်သွား”

လည်ဆွဲက မျက်ဝန်းတွေ မှိတ်ချပစ်လိုက်ပြီး အော်သည်။ ဘာက လိမ်တယ်ပြောမှန်း သူ သိသည်။

“ဘာအကြောင်းတွေကိုမှ မင်းဆွဲမထည့်နဲ့၊ အခု မင်းရှေ့မှာ ရပ် နေတဲ့ မင်းရက်စက်ဟာ ဘယ်မိန်းမနဲ့မှ လက်ထပ်ထားခြင်းမရှိတဲ့ ယောကျ်ား၊ အဲဒီတော့ လွတ်လပ်နေသေးတဲ့ မင်းကိုလဲ ဘယ်သူနဲ့မှ လက်ထပ်ခွင့်မပြုနိုင်ဘူး၊ အတွေးတွေ များမနေနဲ့ လည်ဆွဲ၊ မင်းက ကိုယ့်မိန်းမ၊ သားက ကိုယ့်သား”

“မပြောနဲ့၊ မကြားချင်ဘူး၊ လူယုတ်မာ”

“လည်ဆွဲ ...၊ မင်း ...”

နှားနှစ်ဖက်ပိတ်ပစ်၍ လည်ဆွဲ ပြေးဝင်သွား၏။

“တောက် ... ကွာ”

စက် တက်ခေါက်ပြီး ဘာဂျာတံခါးကို တအားလွှဲကန်ပစ်လိုက် သည်။ လူယုတ်မာလို့ အပြောခံရတာ သူ အမုန်းဆုံး။

“ပိုင်စေ ... မင်း”

စက် ဒေါသကို ဘယ်လိုမှ ထိန်းမရ။ ပိုင်စေ့အကျီစကို ဆော





ဆွဲယူလိုက်ပြီး မျက်နှာချင်းကပ်၏။

“မင်း ... မင်းနဲ့ငါ ဒီနေ့ကစပြီး ဘာမှ မပတ်သက်တော့ဘူး”

“အစကတည်းက ငါ့ဘက်က ဒီအတိုင်းပဲ စက်၊ သွေးမထွက်တဲ့ အရာက အသက်နဲ့ ပိုနီးတယ်၊ ကြေညာဖို့ မလိုဘူး၊ မင်းသေချာရင် ပြီးတာပဲ”

“လုံးဝ သေချာတယ်၊ မင်းကို ငါ နောက်ထပ်မညှာတော့ဘူး”

ပိုင်စေသည် စက် လက်ထဲမှ ဆောင့်ခါထုတ်လိုက်သောအရှိန် နှင့် နံရံအစွန်းမှာ အင့်ခနဲ ပစ်ကျ၏။ အညှံခံပေးလိုက်တာ မဟုတ် ပါ၊ အမြဲတမ်း အလျှော့ပေး လိုက်လျှောနေခဲ့မြဲဖြစ်သည့် နောက်ဆုံး သက်ကျန် သံယောဇဉ်ကြောင့် ...။

ဒါ နောက်ဆုံးပဲ စက် ...။ သည်းခံတယ်ဆိုတာ အတိုင်းအတာ ရှိတယ် ...။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၀)

"လေးလေးကတော့ ကိုယ့်သဘောအတိုင်းပြောရရင် လုံး သဘောမတူဘူး၊ ဒါပေမယ့် ညည်းက နှစ်ရှည်လများ မျှော်လင့်ခဲ့ တဲ့သူ၊ တိုက်တွန်းစရာ စေတနာကောင်းမရှိတာမှန်ပေမယ့် ိတ်လို မာန်ပါမလုပ်ဖို့တော့ လေးလေးက သတိပေးချင်တယ်"

"ဘာကိုလဲ လေးလေး"

"ပိုင်နဲ့သမီး လက်ထပ်မယ်ဆိုတာ"

လည်ဆွဲက ခေါင်းခါ၍ နေရာမှ ထရပ်သည်။ ရပ်ပြီးမှ မွေ ပေါ်မှာ အိပ်မောကျနေသည့် သားလေးကို ပြန်ငုံ့ကြည့်သည်။ ဦး ကောင်းကလည်း ကလေးကို ကရုဏာမျက်ဝန်းများနှင့် လိုက်ငုံ့ကြ ကာ လည်ဆွဲ၏ မှန်တင်ခုံရှေ့မှာ ဝင်ထိုင်လိုက်သည်။

တူဝရီးနှစ်ယောက် တကူးတက တွေ့ဆုံစကားပြောဖို့ရာ ဒီ ပိုင်းမှာ လည်ဆွဲပဲ ဒေါသတွေထွက်၊ အခန်းအောင်းလျက်၊ အပြင် ချင်ပြီဆို ဖုန်းဆက်လိုက်၊ ပြန်ချလိုက်။ ဒီနေ့တော့ မပြောမဖြစ် မှာမို့ ဦးစိုးကောင်းက လည်ဆွဲရှိသည့်နေရာ လာရ၏။





"ကလေးက ဖေဖေဘယ်သူလဲမေးတော့ သမီး ဘယ်လိုဖြေ လိုက်သလဲ"

လည်ဆွဲ ရုတ်တရက်မဖြေနိုင်ဘဲ ငိုင်နေပြီးမှ ...

"သူ့အဖေကိုပဲ ပြောလိုက်တာပါ"

"ဒါကို ပြောတာပေါ့၊ သူ့အဖေ ဘယ်သူပါလို့ သမီး လွှဲမဖြေ နိုင်ဘူး"

"သားသားကို သနားလို့ပါ လေးလေး၊ တလွဲခင်တွယ်ပြီး တစ် သက်လုံး တစ်ဖက်သတ် ပေးဆပ်သွားရမှာစိုးလို့ပါ"

"သမီးဆန္ဒက ကလေးကိုတော့ သူ့အဖေနဲ့သူ့သား ဖြစ်စေချင် မှာပါ"

"အဲဒီလိုလဲ မဟုတ်ဘူး၊ လည်ဆွဲ သူ့အသံကိုတောင် မကြား ချင်ဘူး။ အဲဒါ အမှန်ပါပဲ၊ ဒါပေမယ့် သားရဲ့သွေးကို ဖောက်ထုတ်မပစ် ရက်တာပါ"

"အေးလေ၊ အခု မြေးလေးက သူ့အဖေ ဘယ်သူဆိုတာ သိသွား ပြီ၊ သမီးက ပိုင်နဲ့လက်ထပ်လိုက်ရင် .."

လည်ဆွဲက ဦးစိုးကောင်း ဘာဆက်ပြောမှာကို သိသည်။ ထို့ ကြောင့် စကားကို မဆုံးသေးဘဲ ဖြတ်တောက်ပစ်၏။

"ကိုပိုင့်ကို သားသားချစ်တယ် လေးလေး၊ အစကတည်းက ခင် တွယ်နေတာကို လည်ဆွဲပဲ တားဆီးခဲ့တာ၊ ကိုပိုင့်ကိုပဲ ကိုယ့်အဖေလို ချစ်ရမယ်လို့ လည်ဆွဲ စည်းရုံးနိုင်တယ်"

"ကောင်းပြီ၊ ကလေးက ကလေးဆိုတော့ သမီးပြောချင်သလို ပြောလို့ရတယ်၊ အရွယ်ရောက်လာရင် ဒီလိုစိတ် ဖြစ်နေပါ့မလား၊ ဒါမှ မဟုတ် ဒီအချိန်မှာပဲ သူ့အဖေက သားကို စည်းရုံးသွားနိုင်ရင်ရော"

"သားနဲ့သူ လုံးဝမတွေ့ရဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဦးစိုးကောင်းက မလွယ်ပါဘူး ဟု ပြောနေသကဲ့သို့ ခေါင်းကို ခပ်လေးလေး ခါယမ်း၍ ...

"သမီးပြောသလို အလွယ်တကူ ပြီးသွားမယ်လို့ လေးလေး မထင်ဘူး"

"အဲဒါက စဉ်းစားနေသမျှ ဒီလိုပဲ မရေမရာတွေ အများကြီး ထွက်နေမှာပဲ လေးလေး၊ ကိုပိုင်နဲ့ လည်ဆွဲ လက်ထပ်မယ်၊ လက်ထပ်ဖို့ပဲ လေးလေး စီစဉ်ပေးပါ၊ ကိုပိုင်နဲ့လည်ဆွဲ အားလုံး ဆွေးနွေးပြီးပြီ"

"သမီးက အသုံးချပစ်လိုက်တာပဲ၊ အမြဲတမ်းခေါင်းခါပြနေခဲ့ပြီးမှ ချက်ချင်းကြီး လက်ထပ်ဖို့လုပ်တာ သူ့အတွက် နောက်ပိုင်းမှာ ဒဏ်ရာတွေ ဖြစ်သွားနိုင်တယ်၊ ဒါဟာ အိမ်ထောင်ရေးပြိုကွဲနိုင်စရာ အကြောင်းတွေပဲ သမီး၊ ဒီလူနဲ့ တစ်ခါကျန်ခဲ့ရဖူးယ်၊ နောက်လူနဲ့ ထပ်ပြီး ပြိုကွဲရဦးမယ်ဆိုရင် မိန်းကလေးတစ်ယောက်ရဲ့ဘဝက သွားပြီပေါ့"

"အသုံးချချင်တာမဟုတ်ပေမယ့် ဒီလိုပဲဖြစ်သွားမှာမို့လို့ လည်ဆွဲ သူ့ကို ပွင့်ပွင့်လင်းလင်း ခွင့်တောင်းပြီးပါပြီ၊ ကိုပိုင်က ကျေနပ်တယ် လည်ဆွဲလဲ သူ့ကိုပဲ သစ္စာရှိရှိနဲ့ ဝတ္တရားကျေနိုင်အောင် ကြိုးစားသွားမှာပါ"

လည်ဆွဲမျက်ဝန်းမှာ မျက်ရည်တွေ ပြိုးပြက်လင်းလက်လာ၏။ စီးကျမလာအောင် မျက်တောင်ရှည်တို့ တဖျတ်ဖျတ်ခတ်ရင်း နှုတ်ခမ်းလေးကို ဖိကိုက်ထားမိသည်။

ဦးစိုးကောင်းက တူမဖြစ်သူကို မော့ကြည့်၍ မသက်မသာ ခေါင်းညိတ်သည်။ သူ့အတွက်က 'ငါ့တူမကို ဖျက်ဆီးထားရစ်ခဲ့တဲ့ အကောင်' ဆိုသော မခံရပ်နိုင်သည့်ဒေါသများနှင့် မင်းရက်စက်ကို မကျေမချမ်းဖြစ်ဖူးသည်။ နာမည်ကိုက မင်းရက်စက်ပဲ ဖြစ်ရတယ်လို့၊ တွေးသေးတနုံ့နုံ့ ဖြစ်ရလေ။ ဒီကြားထဲ ကိုယ့်တူမက သူများပြောတိုင်း တို့မယ်





ဆိုတာမျိုး။ ဘယ်သူဘာပြောပြော ခေါင်းခါ၍ သားတစ်ယောက်ကို မွေးကာ တစ်နေ့လာနိုး၊ ပေါ်လာနိုးနှင့် အမြှော်မပျက်ခဲ့လေ။ အားလုံးက သူမကို 'ရေထဲကလရိပ်ကို ဆုပ်ဖမ်းဖို့ ကြိုးစားနေတဲ့သူ' ဟု ကဲ့ရဲ့ကြတာတွေ၊ ကရုဏာဒေါသနှင့် အပြစ်တင်ကြတာတွေ၊ လည်ဆွဲ ဘာကိုမှ ဂရုမစိုက်ခဲ့။

"သူ ပြန်လာမှာ လေးလေး၊ ကိုပိုင့်ကို လည်ဆွဲ မယူနိုင်ဘူး၊ သားမှာ အဖေရှိတယ်၊ ပထွေးကို အဖေခေါ်ဖို့ မလိုပါဘူး၊ ကိုကိုက လည်ဆွဲကို သိပ်ချစ်တာ လည်ဆွဲ ယုံတယ်၊ ကိုကို လည်ဆွဲဆီလာမှာတဲ့။ အဲဒီတုန်းအခါက ဖြစ်ရတဲ့ဒေါသတွေဟာ ကိုယ့်တူမလေးကို ဘဝပျက်အောင် နင်းချေပစ်ခဲ့တဲ့သူမို့လို့ပါ၊ ခုလည်း ဒေါသတွေ ရှိနေသေးသည်။

မင်းရက်စက် သဘာဝမကျတာတွေကို သိပါ၏။ ဒါပေမယ့် လည်ဆွဲကိုသာ စိတ်ချမ်းသာစေမည်ဆိုလျှင်၊ လည်ဆွဲလေးသာ ပျော်ရွှင်သာယာသွားမည်ဆိုလျှင် လူကြီးအမြင်နှင့် ပိတ်ပင်တားဆီးဖို့တွေ၊ ခွဲထုတ်ပစ်ချင်တာတွေ၊ သူ ဘာမှလုပ်မှာမဟုတ်ဘဲ ကြည့်နေလိုက်တော့မည်။

မင်းရက်စက်ကိုလည်း လက်ခံစေချင်၍မဟုတ်။ ပိုင်စေ့ကိုလည်း လက်မထပ်စေလို၍မဟုတ်ဘဲ အလျင်စလို ဆုံးဖြတ်မှားသွားမှာစိုးလို့ သတိပေးနေရခြင်းဖြစ်သည်။ ပြီးတော့ ဒီကိစ္စမျိုးဟာ တိုးပြီးသည့်ခြေလှမ်း ပြန်ဆုတ်ပစ်လိုက်ဖို့လွယ်သလို ဘွာခတ်ပစ်လို့ရသည့် ကိစ္စမျိုးမဟုတ်။

"လေးလေး၊ ဘာပြောချင်လို့လဲဟင်၊ အဲဒီလူအကြောင်းကလွဲပြီး လည်ဆွဲကို လေးလေး အကြံပေးပါ။ ပြောပါ လေးလေး၊ လည်ဆွဲ နားထောင်မှာပါ"

ဦးစိုးကောင်း ခေါင်းညိတ်ခေါင်းခါနှင့် မအီမလည်ဖြစ်နေသည့် အဖြစ်ကို လည်ဆွဲက မရမကမေးလာသဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ပိုင်နဲ့ လက်ထပ်ဖို့ကို အလျင်စလို မဆုံးဖြတ်သင့်ဘူးလို့ လေးလေး ထင်တယ်"

"အဲဒါကလွဲရင် ကြိုက်သလိုအမိန့်ပေးပါ လေးလေးရယ်၊ မင်္ဂလာ ကိစ္စက မြန်လေ ကောင်းလေဖြစ်ရမှာပါ၊ မင်းရက်စက်ဆိုတဲ့လူ၊ သူ့ရဲ့ ယုံကြည်ချက်နဲ့ ခြေလှမ်းတွေက လည်ဆွဲ လက်ထပ်ပစ်လိုက်မှ ရပ် တန့်သွားမှာ"

လည်ဆွဲအသံက နာကြည်းမှုကြောင့် တုန်ခါနေသည်။ သူမရှေ့ မှာ ဒီကိစ္စကိုပဲ ထပ်ထပ်ပြောနေသူဟာ ဦးလေးဖြစ်သော ဦးစိုးကောင်း သာ မဟုတ်ခဲ့လျှင် ပြင်းပြင်းထန်ထန် ရှုတ်ချတုံ့ပြန်လိုက်ချင်သည်။

"အဲဒီနာမည် နောက်ထပ်လာမပြောနဲ့၊ သွား ခုထွက်သွား"

ဟု စိတ်ရှိလက်ရှိ အော်ထုတ်ပစ်လိုက်မိသည်။ ဦးလေးဖြစ်သူ ခွင့်လွှတ်နေနိုင်သည်က မနေ့ကတစ်နေ့ကအထိ ထိုယောကျ်ားကို လည်ဆွဲ တမ်းတမျှော်လင့်နေခဲ့တာကို သိ၍ဖြစ်သည်။

ဒါကို သူမ နားလည်ပါသည်။ သို့သော် အချစ်ကြီးလျှင် အမုန်း ကြီးသည်ဆိုတာလည်း လေးလေး မမေ့သင့်ဘူးထင်သည်။ သိပ်ချစ် ခဲ့ဖူးတာကိုပဲ မှတ်ထားသလား။ ခါးချိုးသီးသီး မုန်းသွားနိုင်တယ်ဆို တာကျတော့ မတွေးမိဘူးတဲ့လား။

ထိုစဉ် နှစ်ယောက်စလုံး တိတ်ဆိတ်သွားဆဲ ဖုန်းက ထမြည် လာသည်။ ဦးစိုးကောင်းကပဲ လှမ်းကိုင်လိုက်ကာ ...

"ဟဲလို"

"အန်ကယ်၊ ကျွန်တော် လည်ဆွဲနဲ့ စကားပြောပါရစေ"

ဦးစိုးကောင်း၏မျက်ဝန်းတွေ သူမထံ ရောက်လာကတည်းက လည်ဆွဲက သိသည်။ ဦးစိုးကောင်းက ဘာမှမမေးဘဲ သူ့ဘာသာ ပြန်၍...





"သူတို့သားအမိ အိပ်နေကြပြီကွယ်"

"မဟုတ်ဘူး၊ သူ ဒီအချိန်မအိပ်တတ်ပါဘူး၊ ကျွန်တော် သိတယ်၊ လည်ဆွဲက ညဆယ်နာရီမကျော်ဘဲ မအိပ်တတ်ဘူး၊ ခဏလေးခေါ် ပေးပါ"

"မောင်မင်းရက်စက်၊ မင်းရပ်တန်းက ရပ်သင့်ပြီလို့ အန်ကယ် ထင်တယ်၊ မင်းနဲ့လည်ဆွဲ ပတ်သက်ခဲ့ဖူးတယ်ဆိုတာ ကလေး တစ်ယောက် အနိုင်အမာ ရှိခဲ့ပေမယ့် ဒါဟာ အိပ်မက်သာသာပဲ ဖြစ်ခဲ့ တာပါ၊ မင်းဘက်က လုပ်ပိုင်ခွင့်၊ ကြိုးစားခွင့် ဘာမှမရှိတော့ဘူး၊ အဲဒါ ကို မင်းနားလည်ရင် အေးဆေးနေပါတော့"

"မတတ်နိုင်ဘူး အန်ကယ်၊ ကျွန်တော်က လူကောင်းပါလို့ ကိုယ့် ကိုယ်ကို မပြောပါဘူး၊ ဒါပေမယ့် ကျွန်တော် ကြိုးစားခွင့်ရှိတယ်၊ တား ဆီးလို့ ရတယ်၊ အစကတည်းက အန်ကယ့်ကို ကြားနေပေးဖို့ ကျွန်တော် ပြောခဲ့ဖူးပါတယ်"

"ကျုပ်က ကြားနေပေးလို့ ရမလား မင်းရက်စက်၊ ဒီကလေးကို ကိုယ်ဝန်နဲ့ မင်းပစ်ထားခဲ့တာ တစ်ကောင်ကြွက်ဘဝနဲ့ ကလေးသာ သာပဲ ရှိသေးတာ၊ ကျုပ်သာ ကျောထောက်နောက်ခံမရှိခဲ့ရင် ဒီ ကလေးရဲ့ဘဝကို မင်းတွေးကြည့်"

"ကျွန်တော် ပစ်ထားခဲ့သလို ဖြစ်သွားခဲ့တာပါ၊ ထားခဲ့တာ မဟုတ် ပါဘူး"

"ဘယ်လိုကွ၊ နေဦး၊ မင်းကို သုံးလိုမကုန်နိုင်တဲ့ ဘဏ်ကငွေ တွေကို စာအုပ်တစ်အုပ်နဲ့ ပုံပေးထားခဲ့တဲ့အဖြစ်ကို ရည်ရွယ်ပြောတာ လား၊ လောကမှ ငွေရှိတိုင်း ချောမောစွာ ပြီးဆုံးသွားနိုင်သလား အဟွန်း သိပြီ၊ မင်းက ဒီလိုတွက်ပြီး တစ်လောကလုံးကို ထင်တိုင်းကျဲ ပစ်ခဲ့တာကိုး၊ ဒီမှာ မင်းရက်စက်၊ ကျုပ်တို့က မင်းလောက်တော့ မချမ်း



www.burmeseclassic.com

www.burmeseclassic.com



သာဘူးထင်တယ်၊ ဒါပေမယ့် မဆင်းရဲဘူးကွ၊ မင်းထား တာတွေ ကိုင်ပြီး ကျုပ်တူမက ဝမ်းမြောက်ကျေနပ်ကျန်ခဲ့ပြီလို့ ထင်နေသလား၊ ဒါတွေ မင်းပေးမှ ကိုင်ဖူးသုံးဖူးတယ် ထင်နေသလား"

ဦးစိုးကောင်း ပြောနေရင်း ဒေါသတွေထွက်ကာ ကလေး ဆန့်ဆန့် စကားနာထိုးနေမိတော့သည်။ တစ်ဖက်က စက်၏ ကျွတ်စနဲ့ စုတ်သပ်သံပေါ်လာပြီး ...

"အဲဒါတွေ ရှင်းနေရင် ပိုရှုပ်ကုန်မှာစိုးလို့ ကျွန်တော်တောင် ဘာမှ မရှင်းဘဲ ထားခဲ့တာပါ၊ အစပြန်မဖော်ပါနဲ့တော့လို့ ကျွန်တော် တောင်းပန်ပါတယ် အန်ကယ်၊ သေချာတာက လည်ဆွဲကို ကျွန်တော် တကယ် ချစ်ခဲ့တယ် ဆိုတာပါပဲ"

"ဘယ်သူက ယုံမှာလဲ"

"သူ ယုံခဲ့ပါတယ်၊ သူနဲ့ကျွန်တော် လုံးဝမပြန်မဆုံနိုင်အောင် ဖြစ်သွားခဲ့တာက နာရီပိုင်းလေးအတွင်းမှာပဲလို့ ကျွန်တော် ထင်တယ်၊ တကယ်လို့ လည်ဆွဲကို ကျွန်တော် ဒီထက်တစ်ရက်လောက် စောပြီး ဆုံစည်းခွင့်ရခဲ့ရင် ခုလိုဖြစ်လာမှာမဟုတ်ဘူး၊ အလွန် သာယာလှပတဲ့ ဇာတ်ပေါင်းခန်းလေးနဲ့ ပြီးသွားမှာ"

"အခု မပြီးဘူးလေ၊ မရိုးသားတဲ့သူက အောင်မြင်တယ်ဆိုတာ မရှိဘူး၊ ကောင်းမှုနဲ့မကောင်းမှုဆိုတာ မကောင်းမှုက နောက်ကျန်ခဲ့တာပဲ၊ မင်း ငါ့တူမလေးကို မနှောင့်ယှက်ပါနဲ့၊ သူ စိတ်ချမ်းသာသလို နေပါစေတော့"

ဖုန်းချမလို့ ခွာလိုက်ပြီးမှ စက်၏ စကားတွေကြောင့် ...

"သူ စိတ်မချမ်းသာဘူးဆိုတာ ကျွန်တော် သိတယ်၊ ကျွန်တော်နဲ့ဝေးနေသမျှ သူ စိတ်ဆင်းရဲနေမှာပဲ၊ တနံ့နံ့ မုန်းနေတာကိုက မေ့မရအောင် ချစ်နေတာပါ၊ သူ ကျွန်တော့်ကို သိပ်ချစ်ခဲ့တာ"





ဦးစိုးကောင်း ဒေါသထောင်းထောင်းထသွားသည်။ အားရှိပါးရှိလေကို ရှူသွင်း၍ တစ်လုံးတစ်ခဲ ပြောချလိုက်ဖို့ ပြင်လိုက်စဉ် လည်ဆွဲက ဖုန်းကိုဆွဲယူပြီး ပလပ်ပါဖြုတ်ထားပစ်လိုက်၏။

"မပြောနဲ့တော့ လေးလေး၊ ဒီလောက် စကားလက်ခံပြောဖို့ မတန်ဘူး"

လည်ဆွဲ ပြောနေတာ စကားမဆုံးသေးပါ။

"ဘဘကြီး၊ ဘဘကြီး စာကြည့်ခန်းထဲက လက်ကိုင်ဖုန်းမြည်နေတယ်"

မိနန်းရောက်လာပြီး သတင်းပို့လေသည်။ ဦးစိုးကောင်း ခြေလှမ်းပြင်လိုက်သည်နှင့် လည်ဆွဲက လက်ကိုဆွဲထားလိုက်ကာ ...

"ဝင်ပိတ်ထားလိုက်စမ်း မိနန်း၊ လေးလေး သွားမကိုင်နဲ့"

စာကြည့်ခန်းထဲကို ဘယ်သူဝင်တာမှမကြိုက်သော ဦးစိုးကောင်းက ဖုန်းကိုင်ချင်လို့ မဟုတ်ပေမယ့် ခြေလှမ်းပြင်လျက် ...။

"လေးလေးက ..."

"ဟင့်အင်း၊ သူ ဆက်တာပဲနေမှာ၊ လေးလေး သွားမပြောနဲ့၊ နောက်လဲ ဘာမှလက်ခံမပြောပါနဲ့၊ တောက် ... ရွံလိုက်တာ"

လည်ဆွဲသည် မင်းရက်စက်ဆိုသော အသံကြားတိုင်း မျက်ရည်ဝေ့လျက် အံကြိတ်ထားတတ်ပြီ...။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၁)

အရက်ဆိုတာက ဘယ်လိုနေရာမှာ သုံးသလဲတော့ မသိပါ။ သူ သောက်နေတာကျတော့ ဝိုင်လို့ ခေါ်သည် တဲ့။ ဒါပေမယ့် ဘာဖြစ်လို့ မူးနေရတာလဲ။

"စက်၊ မင်းတော်တော့၊ ပြီးရင် ကားမောင်းရဦးမှာ၊ မင်းက အစ ကတည်းက ကားမောင်းကြမ်းတဲ့ကောင်၊ ကျွတ် ... ခက်တော့တာပဲ"

စက် ကိုင်သမျှ ဟိုပုလင်းဆွဲယူ၊ ဖန်ခွက်ကိုဖယ်ပစ်နှင့် ဝိုင်းမိုး ရှုံ့မဲ့နေတော့သည်။ ပြီးတော့ သူငယ်ချင်းအတွက် စိတ်မကောင်းလည်း ဖြစ်မိရင်း ဥပက္ခာမထားခဲ့နိုင်။ ညီသုကတော့ အမြည်းတွေ နည်းနည်းစီယူစားရင်း ဘာစကားမှမပြောဘဲ စက်ဖြစ်နေပုံကိုပဲ စိုက်ကြည့်နေ၏။

"အဲဒါ မင်းဝင့်လည်တာ" လို့လည်း ပြောခဲ့မိပြီ။ "ဝင့်ကြွားကုန်ရင် ပြီးချင်ပြီးသွားမှာပါ၊ ကျေကျေနပ်နပ် ခံလိုက်ပေါ့ကွာ" ဆိုတာမျိုး ပြော၍လည်း ခနဲ့ခဲ့ မဲ့ခဲ့ပြီးပြီ။ တကယ်တော့ နိုင်ကွက်နင်း၍ ပြောတာ မဟုတ်ပါ။ ပိုင်စေလုပ်သွားပုံကို မကျေမနပ်ဖြစ်ကြရပြီး သူ့အတွက် မခံချင်လွန်းလို့ ကရုဏာဒေါသနှင့် ပြောမိခြင်းသာ။





စက်က သူတို့ကို ချိန်းသည်။ မဆုံဖြစ်ကြတာလည်း ကြာပြီမို့ သူတို့ လာခဲ့ကြ၏။ ဒါတောင် ခုလိုဆုံဖြစ်ဖို့ လေးရက်လောက် ကြိုးစားကြရ၏။ သုံးယောက်လုံးက တစ်မြို့တည်းမှာ မရှိကြတော့ဘဲ အလုပ်ကိုယ်စီ တစ်နေရာစီမှာ ဖြစ်နေကြ၏။ ထိုအထဲမှာ ဝိုင်းမိုးနဲ့ ညီသုရယ် ပိုင်စေရယ်ဟာ အသွားအလာ အခေါ်အပြောနည်းသွားခဲ့ပေမယ့် အဆက်အသွယ် ပြတ်သွားခဲ့ကြတာမျိုးတော့ မဟုတ်။

ဘယ်သူ ဘာလုပ်တယ်၊ ဘယ်မှာတွေ့တယ်၊ ဘာဖြစ်နေတယ် စသဖြင့် ကြားနေ သိနေခဲ့ကြ၏။ တစ်ယောက်တည်း ပျောက်ထွက်သွားသူက စက်ပဲဖြစ်သည်။ နောက်ထပ် နာမည်ဆိုးက မိန်းကလေးတစ်ယောက်ကို ခိုးယူပေါင်းသင်းထားပြီးနောက် တစ်ယောက်နှင့် ဇွတ်စပ်၍ နိုင်ငံခြားထွက်သွားသည် ဟူ၍ ...။

"ငါ မဟုတ်ဘူး၊ အဲဒါ ဒယ်ဒီစီစဉ်ခဲ့တာပါ၊ နှင်းကို ဇွတ်စပ်ခိုင်းခဲ့တာ ငါပဲဆိုတာ မှန်တယ်၊ မင်းတို့ ငါ့အကြောင်းသိပါတယ်၊ ငါ မက်မောလွန်းလို့ မရမနေအဖြစ်မျိုးနဲ့ ပူဆာခဲ့တာမဟုတ်ဘူး၊ တကယ် ငါလက်ထပ်ခဲ့ရင် အစောကြီးကတည်းက ပြီးသွားမှာပါ၊ ငါ ... ငါ ဘာကိုမှ အလေးအနက်မထားတတ်တဲ့အကျင့် ရှိတယ်၊ လေးနက်ဖို့မလိုအောင် ငါ့အတွက် ပေါများနေတော့ အချစ်စစ်လား၊ အတုလားဆိုတာ ငါမခံစားတတ်ဘူး၊ အဲဒီလို ပေါ့ပေါ့ပါးပါးလေး ဖြတ်သန်းလာခဲ့တဲ့ အချိန်မှာ၊ အဲဒီအချိန်မှာလေ ... ဒီရင်ဘတ်ကြီးထဲမှာ သူ ဝင်ပုန်းနေခဲ့တာကွ"

သူတို့ ဒီဆိုင်ထဲမှာဆုံကြတော့ အရင်ဆုံးရောက်နေသည့် စက်က မျက်ကြောစင်းနေပြီ။ တစ်ဝက်ကျိုးနေသော ဝိုင်ပုလင်းတစ်ဖက်၊ ဖန်ခွက်တစ်ဖက်နှင့် အာလေးလျှာလေးကြီးဖြစ်လျက် ...

"လည်ဆွဲ ငါ့ကို သိပ်ရက်စက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု မပြောခဲ့ဖူးတာတွေကို မှုးမှုးနှင့် ရှိသမျှသွန်ချပစ်နေခဲ့၏။ ဖြစ်ချင်တော့ အချစ်ဆုံးသူငယ်ချင်းက ချစ်သူရန်ဘက် ဖြစ်သွားခဲ့၏။ ဟိုတုန်းကဆို လေးယောက်ထဲမှာမှ ပိုင်စေ့ကို စက်က ရင်ဖွင့်ချက် အများဆုံး။ ပိုင်စေကလည်း ဝေဖန်သည်။ ကဲ့ရဲ့ရင်းနဲ့ပဲ အခင်မပျက် ရှိခဲ့ကြတာ ..။

"မင်းတို့ လည်ဆွဲနဲ့ပိုင်စေ ဆုံကြတာ သိရက်သားနဲ့ ငါ့ကို မပြော ကြဘဲ နေနိုင်တယ်နော်"

သူတို့ရောက်တယ်ဆို စက်က ထိုင်လိုက်တာနှင့် မော့ကြည့်ပြီး အာလေးလျှာလေးကြီး တန်းပြော၏။

"ဟာ၊ ဘယ်မှာကြာသေးလို့လဲ၊ ဒီကောင်နဲ့ ငါတို့တောင်မှ အမှတ် တမဲ့ဆုံကြတာ၊ သူဖွင့်မပြောရင် သိမှာတောင်မဟုတ်ဘူး၊ သူပြောပုံက မင်း ထားရစ်ခဲ့တာမို့လို့ သူပိုပြီး သနားမိတာလိုလို၊ ရွှေလည်ဆွဲဆိုတာ ကို သူ ပြောတုန်းက မြင်ကိုမမြင်ဖူးဘူး"

"နောက်တော့ကော"

သုံးယောက်အတူတူပဲဟု တွက်ထားသည့်စက်က ခပ်ရွှံ့ရွှံ့ မေး ခဲ့သေးသည်။

"ညှိခံပွဲတစ်ခုမှာ မြင်ဖူးလိုက်တာ၊ ငါတို့ တန်းသိလိုက်တယ် သူ့ မင်းရဲ့ မသမာမှုတစ်ခုကို ခေါင်းစဉ်တပ်ပြီး အမြတ်ထုတ်တာ ရွှေ လည်ဆွဲဆိုတာ အပျိုဆယ့်ငါးယောက်လောက် အပုံလိုက် လဲပေးရင် တောင် ဘယ်ကောင်မှ လဲပစ်နိုင်မှာမဟုတ်ဘူး၊ နေပါဦး၊ မင်း ဒီကောင် မလေးကို ပိုင်ဆိုင်ခဲ့ရဲ့သားနဲ့ ဘာဖြစ်လို့ ပက်ပက်စက်စက်ကြီး ထား ပစ်ခဲ့တာလဲ"

ဤသို့သော ယုတ္တိရှိလာသည့် ညီသုတို့ စကားတွေကိုကြားမှ စက်၏ မျက်ဝန်းတွေ ရီဝေမှိုင်းကျသွားခဲ့သည်။





ထို့ကြောင့် အထက် ပါ ရင်ဖွင့်ချက်တွေကို လွတ်လွတ်လပ်လပ် ကြီး ပြောချခဲ့ခြင်း ဖြစ်သည်။

ဒီကောင် တကယ်ခံစားနေရတာ ဟု ဝိုင်းမိုးနဲ့ ညီသုတို့ ကူညီ နားလည်လိုက်ကြတော့ စက် မျိုချထားတာတွေ အတော်များနေပါပြီ။

မျက်နှာတွေ ရဲတွတ်နေသည်။ မျက်ဝန်းတွေပါ ရဲနေသည်။ တိုစိပ် စိပ်မျက်တောင်နက်တို့ ဝန်းရံခနေသော မျက်ဝန်းတို့က ဝိုင်၏ အရှိန် နှင့် ရီဝေမှေးစင်းနေပေမယ့် မင်းရက်စက်ဆိုသည့် ယောကျ်ားဟာ အရက်သမားရုပ်မျိုးနှင့် အကျည်းတန်သွားတာမျိုးမဖြစ်။

"စက်၊ မင်း အဲဒါတွေ ထားလိုက်ဦးကွာ၊ ငါတို့ စကားပြောရအောင်"

ဝိုင်းမိုးက လက်နှစ်လုံးလောက်လက်ကျန်ကို စက် နောက်ထပ် မော့လိုက်မှာစိုးသောကြောင့် ဘေးမှာ ရွှေ့ထားလိုက်သည်။ ပြီးတော့ စက် အာရုံပြောင်းသွားအောင် ကြိုးစား၏။

"ဘာလဲ၊ ဘာပြောမှာလဲ၊ မင်းတို့ပြောလည်း အပိုပဲ၊ သိကြား မင်း ဆင်းလာရင်တောင် ရွှေလည်ဆွဲက ထိုင်ရှိခိုးပြီး ဂမ်းနည်းပါတယ် လို့ ပြောချင်ပြောနေမှာ"

စက်က ပြုံးမဲ့မဲ့နှင့်ပြောပြီး ဖန်ခွက်ဆီ လက်လှမ်း၏။ ဝိုင်းမိုး အရင် ညီသုက ထိုဖန်ခွက်ကို ဆွဲယူပြီး မော့ပစ်လိုက်သည်။ စက်က လက်ကိုပြန်မရုတ်ဘဲ ညီသုကို လှည့်ကြည့်၍ ...

"မင်း မူးဖို့လိုလို့လား"

"မလိုဘူး၊ မင်း ဒီထက်မူးမှာစိုးလို့"

"မူးချင်လို့ သောက်တာပဲ"

"ဘာထူးလာမှာလဲကွ၊ ဒါသောက်တော့ မင်းဖြစ်ချင်တာတွေ ဖြစ် လာမှာလား"

"ဖြစ်တယ်၊ ဘာဖြစ်လို့ မဖြစ်ရမှာလဲ၊ မင်းတို့က ငါ့ကို စိတ်ပျက် လက်ပျက် ဒီမှာလာပြီး ပျော်ပစ်နေတယ်လို့ ထင်နေလို့လား"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားနဲ့သူ သဘောကျပြီး ဟွန့်ခနဲ မဲ့သည်။

"ပိုင်ရှင်ရှိပြီးတဲ့ပစ္စည်းကို ငါ ခိုးခဲ့တာမဟုတ်ဘူး။ ငါ ပိုင်ပြီးတဲ့ အရာကိုလဲ ဘယ်သူမှ ခိုးယူလို့မရဘူး၊ ငါ ညစ်နေတာက..."

စက်က စကားကိုရပ်ပစ်လိုက်ပြီး မျက်နှာကို လက်ဝါးနှင့် ပွတ်နေသည်။ ထို့နောက် ကုလားထိုင်မှာ ဖတ်ခနဲ မှီချလိုက်ပြီး နာရီကို မြှောက်ကြည့်၏။ အနေတော်ကြည့်နေရာမှ မျက်လုံးရှေ့မှာ သေချာ ကပ်ကြည့်ပြီး ...

"ငါ သွားမယ်"

"ဘယ်ကိုလဲ၊ မင်းက ငါတို့ကိုချိန်းပြီး ဘာမှလဲ မပြောရသေးဘဲ နဲ့ကွာ၊ ပြီးတော့ မင်းဒီလို မှုံးနေတာနဲ့ ဘယ်လိုလုပ် ကားမောင်းမှာလဲ"

"အေးလေ၊ လက်က နာရီလက်တံကိုတောင် ပြူးပြဲကြည့်နေရပြီ"

"ဘာမှမဖြစ်ဘူး၊ ငါ မင်းတို့ကို ချိန်းတာက ပိုင်စေနဲ့ မင်းတို့ ဆက် သွယ်ချက်တွေကိုပဲ သိချင်တာ၊ အဟွန်း... ငါ့မှာ သူငယ်ချင်း နှစ်ယောက်ကျန်သေးတာပဲ၊ မဆိုးဘူး"

သူ ထရပ်လိုက်တော့ ညီသုတို့နှစ်ယောက်လုံး လိုက်ထ၍...

"စက်၊ တကယ်တမ်းကျတော့ မင်း တော်တော်ဆိုးခဲ့တာ၊ လောလောဆယ်မှာ သူငယ်ချင်းချင်း စည်းမစောင့်သလို လုပ်သွားတဲ့ ပိုင်စေ မှာ အပြစ်ရှိပေမယ့် ဘေးလူတွေအမြင်မှာ ပိုင်စေက မှန်တယ်"

စက်က သူတို့ပြောတာကို ရပ်ပြီး နားထောင်နေတာမဟုတ်ပေ ဘောင်းဘီအိတ်ထဲက ကားသော့ကို နှိုက်လျက်နှင့် ကားဆီ သွားနေ တာဖြစ်သည်။ လူက ယိုင်ချင်နေလျက်နှင့် ထိန်းလျှောက်နေတာမှန်း သူတို့ကတော့ သိနေသည်။ ဒါပေမယ့် မသိတဲ့လူဆိုလျှင် စက် တမင် မိုးအားတွေ သုံး၍ သားသားနားနား စတိုင်လုပ်လျှောက်နေတာဟု ထင် စရာရှိ၏။





တံခါးကို သော့ဖွင့်ပြီး ဆွဲအဖွင့်မှာ ကျောနှင့် ကားဘော်ဒီပေါ် ကပ်ကျသွားသဖြင့် ကိုယ်ကိုထိန်းရင်း ယိုင်ခနဲ ဖြစ်သွား၏။ ချက်ချင်း ပြန်မတ်ပြီး ခပ်မဲ့မဲ့အပြုံးနှင့် ပခုံးတွန့်၏။ ပြီးတော့ မဟန်နိုင်ဘဲ ကားထဲ ပြုဆင်းသွားလေသည်။ သို့သော် ခပ်ရွှဲရွှဲဝင်ထိုင်ပစ်လိုက်သလို မှုံးနေ သည်ဟု ဘယ်လိုမှ ထင်စရာမရှိအောင် လှုပ်ရှားမှုတိုင်းက ဆွဲဆောင် နေ၏။

မင်းရက်စက်သည် တစ်ပါးသူအပေါ် ရက်စက်နိုင်ဖို့ သူ့မှာ အပြင်းစားမိုးအားတွေ ရှိနေခဲ့၏။ ဒီတစ်ကြိမ်မှာတော့ သူ ရှုံးတော့မှာ လား။ နိုင်မှာလား။ ဘယ်လိုမိုးအားတွေ တင်သုံးမလဲ။

တူညီသောအတွေးများနှင့် ညီသုက စက်၏ကားကို သေချာ တံခါးပိတ်ပေးလိုက်ပြီးမှ ...

"ဘာပဲဖြစ်ဖြစ် မရှုံးစေနဲ့"

ဟု အဆက်အစပ်မရှိ မှာလိုက်၏။ ဝိုင်းမိုးက နောက်နားကနေ တိုယ်ကို ငုံ့ကိုင်းကြည့်ကာ ...

"စက်၊ မင်းဘယ်မှာ နေတာလဲ၊ ငါတို့ဆီကို ဖုန်းဆက်ဦး"

စက်က ကားမောင်းထွက်ရင်း လက်တစ်ဖက် မြှောက်ပြသွား ၏။ သူ ခြေဦးလှည့်နေပြီဆို ပျော်တဲ့နေရာမှာ သူနေဖို့ တိုက်ရှိရမည်။ လက်ညှိုးညွှန်ရာ ရေဖြစ်တဲ့သူ ...။

ရှေ့နေလည်းဖြစ်၊ ဦးလေးဝမ်းကွဲလည်းတော်သူက သူ့နောက် မှာ ရှိနေသည်။ ဦးဆက်နေက သားကို ဂရုမစိုက်သလိုလို တည် သလိုလိုနှင့် သားဖြစ်ချင်သမျှကို မဖြစ်ရဘူးဆိုတာ ဘာမှမရှိစေရ။

ထို့ကြောင့် စက်တို့ ထင်တိုင်းကြဲနေခဲ့သည်။ ဘယ်အရပ်ကို သွားသွား နေဖို့အဆင်သင့်။ ဘဏ်ရှိသည့်မြို့တိုင်း နေရာတိုင်းမှာ ငွေထုတ်ယူလို့ရသည်။ တိုက်ခန်းတွေ၊ လုံးချင်းတိုက်တွေ၊ ငှားလိုက်



www.burmeseclassic.com

www.burmeseclassic.com



ခဏနေလိုက်၊ ပြန်လာတော့ ပိတ်ပစ်ခဲ့သည်။ တစ်ခါတစ်လေ ဘု
ဝယ်ထားသည့်တိုက် သူမမှတ်မိတာတွေ ရှိသေးသည်။ ပြန်ရောင်
မလား။ ဘယ်နေရာမှာ ထပ်ဝယ်မလဲ ဦးလေးဝမ်းကွဲက ခိုင်ခံတာဝ
ယူသည်။

ခုလည်း "ငါ့ဒယ်ဒီနဲ့ အဆင်မပြေဘူး' ဟု စက်ပြောခဲ့သဖြ
ဘယ်မှာနေမှန်း သူတို့မသိ။ ဘယ်အရပ်က ဘယ်တိုက်ခန်းမှာ နေတာ
လဲ။ လည်ဆွဲဆိုတဲ့ မိန်းမလှလေးကို ခိုးယူသွားခဲ့ပြီး ဘယ်နေရာမှ
ဝှက်ထားခဲ့တာလဲ။ ပိုင်စေက ဘယ်လိုဆွဲထုတ်သွားနိုင်တာလဲ။

သူတို့ သေချာလိပ်ပတ်မလည်သေးပါ။ ဒါပေမယ့် စက်က မှ
နေပြီ ...။





အခန်း (၂၂)

အနက်ရောင်ကားလေးရှေ့မှာ ခပ်စောင်းစောင်း ပိတ်ရပ်ပစ်လိုက်သည်။ စက် ကားပေါ်က ဆင်းတော့ ခြေထောက်တွေက မခိုင်ချင်။ တံခါးကိုဆုပ်ထားပြီ ထိန်းသည်။ လက်နောက်ပြန်ပိတ်ရင်း ကျောက ကပ်ပါသွားကာ ကားကိုမှီရပ်လိုက်သလို ဖြစ်သွား၏။

မျက်လုံးထဲမှာ ရီဝေဝေဖြစ်နေသည်။ သောက်လာခဲ့မိတာ များပြီဆိုတာ ကိုယ့်ကိုကိုယ် သိလိုက်၏။ ဒါပေမယ့် ပြန်ထွေးထုတ်ပြီး ဖလှတ်ကျင်းပစ်လို့ ရနိုင်တာမဟုတ်။

ကားနက်လေးဘေးမှာ နုံ့သာရောင်နှင့် နွဲ့နွဲ့လေးရပ်နေသော အရိပ်ကလေးက သူ့အာရုံထဲမှာ ဟိုဘက်ယိမ်း ဒီဘက်ယိမ်းနှင့် အနားရောက်လာသလိုလို၊ နောက်ပြန်ဆုတ်သွားသလိုလို။

လည်ဆွဲ ...။ နေ့စဉ် သူ လာစောင့်တာ လည်ဆွဲက မလာ။ ဒီမှုကြို့ကျောင်းမှာ အပ်ထားမှန်းသိလျက်နှင့် သူလာတိုင်းဝင်လည်းမတွေ့။ ထွက်တာလည်း သားလေးမပါ။ သေချာတာက သူစောင့်နေတာသိ၍ ကလေးကို ကျောင်းမပို့ဘဲ ထားခြင်းပင်။ သူကတော့ နေ့စဉ် မပျက်မကွက် လာတာပဲဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ တကယ်ဆုံလိုက်ရတော့ စက် မူးနေပါပြီ။ ဘာပဲဖြစ်ဖြ လည်ဆွဲနှင့် ပြန်လည်ဆုံတွေ့ခဲ့ပြီးသော နောက်ပိုင်းမှာ သူ့ဘက်က ကံကောင်းခဲ့တာမရှိပါလား။

မူးဝေနေတာကို မကျေနပ်ဘဲ ခေါင်းကို ဆတ်ခနဲ ခါထုတ် လိုက်မိသည်။ လည်ဆွဲကို တွေ့တဲ့နေ့တျမ့ သူ မူးအောင်သောက် မိသည်။ ဒါပေမယ့် ခြေလှမ်းတို့က နောက်ဆုတ်ဖို့ ပါမစ်မရသ လည်ဆွဲရှိရာသို့သာ ဦးတည်လေသည်။

လည်ဆွဲက စက်ကိုမြင်လိုက်သည်နှင့် ကားကို မှီနေရာက ချက်ချင်း မတ်တတ်ရပ်၏။ လက်သီးနှစ်ဖက်ကိုလည်း ဆုပ်သည် ပင့်သက်ရှိုက်၍ နှုတ်ခမ်းလွှာလေးကို မသိမသာ ဖိကိုက်ထား၏။

မူကြိုကျောင်းရှေ့မှာ ကိုယ်ပိုင်ကားလေးစီးလောက်ရှိသည် အားလုံးက ဒရိုင်ဘာတွေပဲ လာတာမို့ ကားထဲမှာပဲရှိနေကြ၏။ သူ ကတော့ သားလေးကို သင်းနဲ့တွေ့မှာစိုးလို့ မပို့ဘဲထားခဲ့တာပဲ ရက်ရှိပြီ။ ဒီနေ့တော့ တခြားကားနှင့်ပို့ပြီး သူမကိုယ်တိုင် လာ နေတာဖြစ်၏။

ထင်တဲ့အတိုင်းပဲ။ သူမသာ မလာခဲ့လျှင် သားလေးကို သူ က ပေါ် ဆွဲတင်သွားမလားမသိ။

"လည်ဆွဲ"

လူထက်အရင် အနံ့က နှုတ်ဆက်လာသည်။ လည်ဆွဲ နှာခေါ ရှုံ့၍ နောက်ဆုတ်ရပ်၏။

"သားလေးရယ်၊ မင်းရယ်၊ ကိုယ်နဲ့ခဏလေး လိုက်ခဲ့နော်၊ ကို တို့ စကားပြောရအောင်"

"မင်းရက်စက်၊ ရှင့်အသံကိုရော၊ ရှင့်ပါးစပ်ကအနံ့ကိုရော ကျွ ရွံတယ်၊ ခုချက်ချင်း ကျွန်မရှေ့က ထွက်သွား"





"ဆောရီး၊ အဲဒါ ဆောရီး၊ ကိုယ် မင်းကို သတိရတိုင်း ရင်ထဲမှာ ဘာဖြစ်မှန်းမသိဘူး၊ အဲဒါကြောင့် သောက်လိုက်မိတာ၊ ကိုယ် မမူး ပါဘူး၊ စကားပြောရအောင်နော်၊ ခဏလေးပါ"

"မလိုက်နိုင်ဘူး။ ရှင့်လိုလူနဲ့ တွဲရပ်နေရတာတောင် ကျွန်မ သိက္ခာ ကျနေပြီ၊ မင်းရက်စက်ရဲ့ ဘယ်နှစ်ယောက်မြောက်လဲဆိုတဲ့ မျက်လုံး တွေလေ၊ ဒီမှာ ရှင် ကျွန်မကို ဟိုတုန်းကပဲ စုံလုံးကန်းအောင် ဖြား ယောင်းနိုင်မယ်၊ အခု ကျွန်မ မျက်လုံးကောင်းသွားပြီ၊ မင်းသားမှန်း ဘီလူးမှန်း ခွဲခြားနိုင်နေပြီ၊ ရှင့်လို သားစားကျူးတဲ့ ဘီလူးနောက်ကို ထပ်လိုက်ရင် ကျွန်မကို မစင်စားနေလိုက်တော့ လို့ ပြောမှာပေါ့"

"လည်ဆွဲ၊ မင်းကို ... ကိုယ် ..."

"အို ... ရှင် ရှေ့မတိုးနဲ့"

"ကိုယ်ပြောစရာတွေ အများကြီးရှိတယ်၊ ခဏလေးလိုက်ခဲ့ပါ"

"မလိုက်ဘူး"

ထိုအချိန်မှာ ကျောင်းတံခါးဖွင့်နေပြီ ဖြစ်သည်။ ကလေးတွေကို သက်ကလေးတွေ ပိုက်စေပြီးမှ နှစ်ယောက်တွဲလေးတွေ လွှတ်ပေး နေပြီမို့ ကြိုနေကျအတိုင်း သွားကြိုမလို့ လည်ဆွဲက သူ့ကို ရှောင် ထွက်သည်။ စက်က မူးနေသည်မို့ ကျောင်းလွှတ်လိုက်တာကို သတိ မထားမိ။ လည်ဆွဲ ထွက်ပြေးသည်ဟုထင်၍ လက်ကို ဖမ်းဆွဲသည်။

"အို ... ဘာလုပ်တာလဲ"

"မင်း ထွက်မသွားနဲ့ဦး"

"တောက် ..."

ဆောင့်ရုန်းပစ်တာ မရသဖြင့် လည်ဆွဲ တက်ခေါက်လိုက်က

"လာကြပါဦး၊ ကယ်ကြပါဦးရှင်၊ ဒီမှာ အရက်သမား ကျွန်မကို ဆွဲလားရမ်းလား လုပ်နေပါတယ်၊ လာကြပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ကျယ်ကျယ်လောင်လောင် ထအော်ပစ်လိုက်၏။

"ဟော့ ... လွှတ်လိုက်စမ်း"

"ဟိတ်ကောင်"

လူရိပ်တွေ ပြေးလွှားရောက်လာကြသည်။

"မဟုတ်ဘူး"

စက် ဒါပဲ ပြောနိုင်သည်။ လည်ဆွဲကို ဆွဲထားသည့်လက်ကို ဖြတ်ရိုက်ခံလိုက်ရသဖြင့် လူက ချာခနဲ လည်ထွက်သွားသည်။ နှစ်ယောက်သုံးယောက်လောက်ကို အညှဲခံဖို့မလိုအောင် သူ့မှာ ကိုယ်ခံပညာတတ်ထားသည်။ သို့သော် မှုးဝေနေသော အာရုံထဲမှာ လည်ဆွဲကိုပဲ မြင်သည်။

"မေမေ"

အသံလေးတစ်ချက်နှင့် သူ့ဘေးနားမှာ အရိပ်လေးတစ်ရိပ်။

"သား"

လှည့်ကြည့်လိုက်ပေမယ့် ခွပ်ခနဲ မီးပွင့်သွား၏။ အသေးနာတော့ ဒေါသက ထောင်းခနဲ ဖြစ်ကာ လက်မှာဆွဲချုပ်ထားသူကို ဒူးနဲ့ တိုက်ပစ်လိုက်သည်။ ရှေ့က ဝင်ထိုးသူကို လက်ပြန်ရိုက်ချလိုက်တာ ကွက်တိ။ သူ့ဘေးမှာ ရုတ်တရက် ဖရိုဖရဲနှင့် လူရှုံသွား၏။

"ဝိုင်းချုပ်စမ်း၊ ဒီကောင့်ကို အချုပ်ထဲသွင်းရမယ်"

"ဘာကောင်လဲ"

နာသွားသည်လူတွေကော၊ လူရမ်းကားအဖြစ် အပြစ်ပေးလိုကြသူတွေကော နောက်ထပ်ဝိုင်းလာကြတော့ စက် ဘာမှမသိတော့ပေ။

"လာ ... သား လာ"

သားလေးကို ဆွေ့ခနဲပွေ့၍ ကားထဲဆွဲသွင်းလိုက်ပြီး သူမပါ ဝင်၍

"ကိုလှတိုး မောင်းလေ"





ဒရိုင်ဘာက ရန်ပွဲကို ပါးစပ်အဟောင်းသားနှင့်ကြည့်နေပြီး တံတွေးမျိုချ၏။ ထို့နောက် လည်ဆွဲကို တအံ့တသြပြန်ကြည့်သည်။ သူ ကြားဖူးခဲ့သော အဖြစ်အပျက်များထဲမှာ လည်ဆွဲဟာ ထိုယောက်ျားကို အရူးအမူး ချစ်ခဲ့သည် တဲ့။

အရူးအမူးဖြစ်လောက်အောင်လည်း ချောမွေ့နေသော မျက်နှာကို သူ ခဏခဏ မြင်ဖူးပါသည်။ ဒါကြောင့်ပဲ ချော့တဲ့သူနဲ့ စိတ်ကောက်သူ၊ တစ်နေ့နေ့တော့ ပြန်ပေါင်းထုပ်ကြလိမ့်မည်ဟုပဲ ထင်ခဲ့မိ၏။

ကိုလှတိုးက မှန်ထဲကနေ လည်ဆွဲ မျက်နှာလေး တင်းနေတာကို ထပ်ကြည့်သည်။ ထပ်၍ အံ့သြရင်း နောက်တစ်ခါ တံတွေးမျိုချမိပြန်သည်။ တော်ရုံမိန်းကလေးတွေ ဒီလိုမြင်ကွင်းကို အသည်းခိုင်ပါ့မလား။ သူ အံ့သြနေတုန်းမှာပင် ...

"ဟင် ... သား၊ သားသား ဒါဘာလဲ"

လည်ဆွဲ သားလေးကိုဖက်ထားရင်း၊ လူကြားထဲမှာ ခွေခေါက်ပြိုကျသွားသည့်သူ့အဖြစ်ကိုတွေး၍ ကျေနပ်နေတုန်း သား လက်ကလေးကို ဆုပ်ကိုင်လိုက်မိ၏။

"ပြောလေ သား၊ ဒီဟာမ်းချိန်းက ဘယ်ကဟာလဲ"

သားလေးက လက်ထဲမှာကျစ်နေအောင် ဆုပ်ထားသည့် ပလက်တီနမ်ကြိုးပျော့အပြတ်လေးကို ဖိဆုပ်ထားကာ ...

"ဟို သားသားလေးဖေဖေဆိုတဲ့၊ မေမေက ဖေဖေလို့မခေါ်ရဘူးဆိုတဲ့ ဟို ဦးဦး"

သားလေးက ကိုယ်လေးလိမ်သွားအောင် နောက်ကိုလှည့်၍ လက်ညှိုးလေးထိုးကာ ...

"အဲဒီ ဖေဖေဆိုတဲ့ ဦးဦးဆီက"

"ဘယ်လို"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုလူကြီးတစ်ယောက်ကို ရိုက်ပစ်လိုက်တော့ ဒီဥစ္စာက သားသားလေး ရင်ဘတ်ကို လာမှန်တာ"

"ကြည့်စမ်း"

လည်ဆွဲက လက်ကိုဖြန့်ယူဖို့ဆုပ်လိုက်တော့ သားလေးက လက်ကိုလိမ်၍ ရုန်းသည်။ ပြီးတော့ ပေါင်လေးနှစ်လုံးကြားမှာ လက်နှစ်ဖက်ဆုပ်၍ ထိုးထည့်လိုက်ပြီး ...

"သားသားလေး လိုချင်လို့"

"အို ... မယူရဘူး၊ ပေး၊ ဒါ သူများပစ္စည်း"

"ဟင့်အင်း၊ ဟင့်အင်း၊ သားသားလေး ယူချင်တယ်"

"မယူရဘူး၊ ဒါ ဘယ်လောက်လှလို့လဲ၊ ဒီထက်လှတာတွေ မေမေ ဝယ်ပေးမယ်၊ ပေး၊ အဲဒါ မေမေ့ကိုပေး"

အမြဲတမ်းနာခံနေခဲ့သော သားသည် ခေါင်းလေးတွင်တွင်ခါလျက် ကိုယ်လုံးလေးပါ ကုန်းကွဖုံးကွယ်ကာ ဘယ်လိုမှ တောင်းလို့မရ။

"ပေး ... ပေးဆိုပေး၊ ဒီလူယုတ်မာရဲ့ပစ္စည်းကို ..."

"အား မေမေ၊ ဟင့်အင်း၊ မပေးဘူး၊ သားသားလေး ယူမှာ"

"ကဲ ဟာ"

တစ်ဝက်ချထားသည့် မှန်တံခါးကနေ လည်ဆွဲက လွှဲပေါက်ပစ်လိုက်၏။

"မေမေ မလုပ်ပါနဲ့၊ ဟီး ဟီး"

"မငိုနဲ့၊ မေမေ အဲဒါမျိုးပြန်ဝယ်ပေးမယ်၊ အခု ဝယ်ပေးမှာ၊ ကိုလှတိုး ပလာဇာကိုမောင်း"

သားကိုဖက်၍ချော့ရင်း ကိုလှတိုးကို လည်ဆွဲက လှမ်းပြောသည်။ အလုပ်သမားမို့ အလုပ်ရှင်ကျေနပ်အောင် ကားကို ဦးလှည့်လိုက်





ရသည်။ ကိုလှတိုးမျက်ဝန်းများက ဟမ်းချိန်းကျသွားသည့်နေရာနှင့် ကလေးပါးမို့လေးတွေပေါ်က မျက်ရည်တွေကို တစ်လှည့်စီ ကြည့်လို့ မပြီးနိုင်ခဲ့။

ဒီမျက်ရည်တွေဟာ ဆင်တူရိုးမှားနဲ့ အစားထိုးပေးလို့ အငိုတိတ်မှာမဟုတ်ဘူးဆိုတာ သူကတော့ နားလည်သည်။ တန်ဖိုးကြီးတာ၊ ငယ်တာ မသိနားမလည်သေးသော ကလေး၏ရင်ထဲက ဒါကိုပဲ လိုချင်နေတာ ဘာ့ကြောင့်လဲဆိုတာလည်း ကိုလှတိုး တွေးနေမိသည်။

လည်ဆွဲကတော့ ကလေးကို တင်းတင်းဖက်လျက် တကော်ခေါက်နေလေသည်။ မျက်ရည်တို့ စိုစွတ်နေခဲ့သော မျက်ဝန်းအိမ်မှာ ဘယ်လိုပညာရှင်မှ ဘာသာပြန်ဖို့မလွယ်သော နက်ရှိုင်းသည့် ကမ္ဘာ့ဝည်းလွှာ တင်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

ထိုနေ့က ကလေးတအားငိုထားသဖြင့် ဒုန်းတို့မိုရှဲနေခဲ့၏။ သားလေးကို ညနေစောင်းမှာ ရေချိုးပေးမိတာ လည်ဆွဲ မှားသွားခဲ့သည်။ ဒါပေမယ့် ဦးစိုးကောင်းကတော့ ရေချိုးမှားလို့ လို့မပြော။

လည်ဆွဲ ပြန်ပြောတာ မစုံလင်ပေမယ့် လှတိုးက အားလုံးကို ပြောပြခဲ့တာမို့ ဖြစ်ခဲ့သမျှကို ဦးစိုးကောင်း သိပြီးဖြစ်သည်။

"အဲဒါ သမီးကြောင့်ပဲလို့ပြောရင် မဟုတ်ဘူးလို့ သမီးက ငြင်းမှာပဲ၊ ကလေးများတာ ရေချိုးမှားလို့ မဟုတ်ဘူး"

"သားလေးက ညနေရေချိုးရင် ဟိုတစ်ခါလဲ ဖျားခဲ့ဖူးတာပဲ လေးလေးရယ်၊ ဘာ့ကြောင့်မှ ကင်ပွန်းမတပ်ပါနဲ့၊ ဒီလိုမစွဲလမ်းသင့်တဲ့သတ္တဝါကိုမှ စွဲလမ်းနေပြီဆိုရင် သားလေးကိုပါ လည်ဆွဲ ခွင့်လွှတ်နိုင်မှာမဟုတ်ဘူး"

"အဲဒါ စွဲလမ်းတာမဟုတ်ဘူး၊ အမြင်မတော်တာကိုမြင်ခဲ့ပြီး





ကလေး စိတ်ထိခိုက်သွားတာ၊ ကလေးက သူ့အဖေကိုလဲ ခင်လှတယ်လို့ မဟုတ်သေးပါဘူး၊ ဒါပေမယ့် သူ့အဖေဆိုတဲ့အသိလေးတော့ ရှိနေပြီ၊ လူတွေရှေ့မှာ သွေးထွက်သံယိုဖြစ်အောင် ဝိုင်းပြီး ထိုးကြိတ်နေကြတာ၊ ဒီကလေးရင်ထဲမှာ ဘယ်လိုနေမလဲ"

လည်ဆွဲ ရင်ထဲမှာလည်း ဒိုင်းခနဲ ဆောင့်ခုန်သွား၏။ ဟုတ်ပါသည်။ ဒါကို သူမလည်းတွေးခဲ့မိသည်။ သားလေးရှေ့မှာ သူမ စိတ်လိုက်မာန်ပါ လုပ်ခဲ့မိသည်။ စက်ကို ယောကျ်ားတွေ ထိုးကြိတ် အော်ဟစ်နေကြစဉ် သားလေး သူမတို့ကားနားကို ရောက်လာသည်။ မျက်ဝန်းလေးတွေ ဝိုင်းလည်လျက် နှုတ်ခမ်းလေးအစုံ ပွင့်ဟနေအောင် ငေးမောနေတာ ထိတ်ထိတ်လန့်လန့်နှင့် ဖြစ်သည်။ ဒီ အချိန်လေးမှာ ဟမ်းချိန်းက ပြုတ်ထွက်ပြီး သားလေးဆီ တည့်တည့်ရောက်သွားခဲ့သည်။ ကံကြမ္မာက ဘယ်လိုလှည့်ကွက်တွေနဲ့ ဆက်သွယ်ပေးနေတာလဲ။

မရဘူး။ ဘယ်တော့မှ လည်ဆွဲ သူ့ကိုခွင့်မလွှတ်ဘူး။ နှစ်ပေါင်းများစွာ သားလေးကိုဖက်တွယ်ပြီး ကျခဲ့ရတဲ့ မျက်ရည်တွေ။ ကိုကိုဟာ ရက်စက်တတ်သူမှန်း သိသည်။ မိန်းကလေးတွေ အများကြီးနှင့် ထိတွေ့ပတ်သက်ခဲ့ဖူးတာလည်း သိသည်။ ဘယ်မိန်းကလေးအပေါ်မှာမှ လေးနက်မှုမရှိခဲ့ဘဲ သူမအပေါ်မှာကော သေချာချစ်ရဲ့လားဆိုတာလည်း မသေချာ။ ဒါကိုလည်း တွေးမိလေသည်။

ဘယ်သူမှ မခန့်မှန်းနိုင်အောင် ကျိုကျိုတက်ချမ်းသာသည့် တစ်ဦးတည်းသောသား။ ထိုသို့သောအရည်အချင်းများကြောင့် ကိုကို ရက်စက်နိုင်ခဲ့တာကို သူမ မမြင်သလို နေခဲ့သည်။ ကြားနေတာတွေကို မယုံသလိုနေခဲ့၏။ ယုံချင်နေသည့်စိတ်ကိုဖျောက်၍ ကိုကို ပြန်



www.burmeseclassic.com

www.burmeseclassic.com



လာပါတော့မလား ဆိုသည့် မယုံရဲစိတ်ကလေးကိုတော့ လူမသိအောင် မျိုသိပ်ဖုံးဖိထားခဲ့ရသည်။

ကိုကိုပြန်လာဖို့ ရာနှုန်းဟာ သူမဘက်မှာ တစ်ရာခိုင်နှုန်းပဲဆိုနေပါစေ။ ထိုရာနှုန်းလေးအတိုင်း ကိုကို ပြန်လာမှာပဲဟု မျှော်လင့်ခဲ့မိသည်။ ဘာဖြစ်လို့လဲဆိုလျှင် ကိုကိုက ပြောခဲ့သည်။ "မင်းကိုပဲချစ်တာ" တဲ့။ လည်ဆွဲ အကြွင်းမဲ့ယုံကြည်ခဲ့တာ ကိုကိုပြောခဲ့သော စကားသုံးခွန်းပဲဖြစ်သည်။

ပြီးတော့ သူ ရှုပ်ခဲ့ဖူးတာ၊ ရည်းစားများတာ ကိုကိုက အားလုံးပြောခဲ့သည်။ သူများတွေကတော့ ကိုကို အဲဒီလိုဝန်ခံရဲတာကိုက ကျောတာတဲ့။ လည်ဆွဲကတော့ ဒီလိုမမြင်ခဲ့ပါ။ ကိုကိုပြောတာ မှန်သည်ဟု ယုံကြည်ခဲ့သည်။

"သိပ်ချစ်တယ်" ဆိုတဲ့စကား လည်ဆွဲကိုမှ ပြောဖူးတယ်ဆိုတာလည်း ယုံတာပါပဲ။ ကိုကို ငါ့ကိုတကယ်ချစ်တာ ဟု ယုံကြည်စိတ်ကလေး တစ်ရာခိုင်နှုန်းအထိ ကျဆင်းသွားတာတောင်မှ လည်ဆွဲ ပတ်ဝန်းကျင်ကို ဂရုမစိုက်ဘွာ မျှော်နေခဲ့သည်။

ရက်စက်တတ်ပေမယ့် ကိုကိုက ငါ့တစ်ယောက်ကိုပဲ လက်ထပ်ထားခဲ့တာ၊ ငါ့ကိုချစ်လို့ပါ။ ကိုကို ပြန်လာမှာ၊ တကယ်လို့ ကိုကို ငါ့ကိုမေ့သွားပြီဆိုရင်တောင် သားလေးရှိသေးတယ်၊ ကိုကို နောက်တစ်ယောက်နဲ့လက်ထပ်သွားပြီလို့ မကြားခဲ့သမျှ ပတ်ဝန်းကျင်က ကဲ့ရဲ့ကြတာကို လည်ဆွဲ မဲ့ပြုံးနှင့် ပြန်ကြည့်ခဲ့သည်။

"နင် ရူးနေလား လည်ဆွဲ၊ ဒီလောက်ထိ ပစ်ထားခဲ့တဲ့လူက ချစ်တာလား"

ခင်မင်သူတွေက မညှာမတာ ပြောသည်။ ကရုဏာဒေါသနှင့်





ပြောတာမှန်းသိတော့ စိတ်မဆိုးမိပါ။ ဒါပေမယ့် ကိုကိုက ငါ့ကို ပစ်ခဲ့တာ မဟုတ်ဘူး။

ကြံဖန်တွေး၍ ဖြေသည်။ ကိုကို ထွက်သွားပုံက နှုတ်ဆက်လက်ပြစကားမဆို။ နောက်ထပ် ဘာသတင်းမှမကြား။ ငွေနှင်းစက် ဆိုသည့် မိန်းမနှင့် စေ့စပ်ပြီး နိုင်ငံခြားထွက်သွားသည်က နောက်ဆုံးသတင်းဖြစ်ပါလိမ့်မည်။ ဒါလည်း သားလေးအရွယ်ရောက်လာမှ သိခဲ့ရတာ ဖြစ်သည်။ စေ့စေ့စုံစုံသိရတာက ပိုင်စေနှင့် ဆုံစည်းခဲ့သည့် နောက်ပိုင်းမှာဖြစ်သည်။

"ပြန်ကိုမလာဘဲနေတာတော့ ကိုယ်မသိဘူး၊ လက်ထပ်တာတော့ ကိုယ်မကြားသေးပါဘူး"

လက်မထပ်သေးပါဘူး ဆိုသော စကားလေးတစ်ခွန်းကို လည်ဆွဲ ထပ်၍ ဆုပ်ဖမ်းထားမိခဲ့သည်။

"လည်ဆွဲကို ကိုယ်စော်ကားချင်တာတော့ မဟုတ်ဘူး၊ ဒါပေမယ့် ဒီကောင်က လက်ထပ်ထားဖို့မှ မလိုတာ၊ သူကြိုက်သလောက် ရှုပ်ပွေလို့ရနေတာပဲ"

ကိုကို လက်မထပ်သေးတာကို လည်ဆွဲ ကျေနပ်နေမှန်း ပိုင်စေသိသည်။ ထို့ကြောင့် ထိုစကားကို ပြောလာခဲ့သည်။ ဘာဖြစ်ဖြစ်လည်ဆွဲ ၏နဲ့ကိုကိုက လက်ထပ်ခဲ့ပြီးသား။ အဲဒါ ချစ်လို့ မဟုတ်ဘူးလား။

တကယ်တမ်းကျတော့ လည်ဆွဲ နှလုံးသားတွေဟာ ပတ်ဝန်းကျင်လက်ညှိုးတွေကြားမှာ ကဲ့ရဲ့မဲ့ရွဲ့မှုတွေကြားမှာ အစုန်အဆန်မျောနေခဲ့တာ ကြာပါပြီ။ ကိုကို့ကို မျှော်နေတာကလည်း၊ ကြာတော့ ပြန်လည်ပေါင်းစည်းမှုက အားနည်းလာခဲ့ပြီး ကိုကို့ထံမှ သတင်းစကား တစ်စုံတစ်ရာကိုကြားပြီး သေချာချင်တာလောက်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာခဲ့သည်။ အဲဒီ ခံစားချက်တွေ အပြည့်အသိပ်နဲ့ လည်ဆွဲ ည တိုင်း ငိုခဲ့ရတာ ဘယ်သူမှမသိ။ ကိုကိုသာ ထာဝရ ခွဲရက်ခဲ့ပြီဆိုလျှင်

ထိုအတွေးကို မတွေးရဲပါ။ ကိုကို လက်ထပ်သွားပြီဆိုရင် စိတ် ကူးလေးနဲ့တောင် သားလေးကိုဖက်၍ သူမ ရှူးချင်ခဲ့သည်။ မင်းရက် စက်နှင့်ငွေနှင်းစက်ဆိုသော အလွန်ထပ်တူကျသည့် နာမည်တွေကို မင်္ဂလာခန်းမကြီးထဲမှာ ဖတ်ရှုသိမြင်လိုက်သည့် အချိန်မှာတော့။

လည်ဆွဲ သတိလက်လွတ် ငိုချပစ်လိုက်လေသည်။ ဦးစိုး ကောင်းကတော့ လည်ဆွဲ ငိုချလိုက်တာကို သူ့စကားကြောင့် ထင် သွားပြီး သက်ပြင်းချ၏။ ပြီးတော့ လည်ဆွဲ လက်မောင်းလေးကို ဆွဲခေါ်လာကာ အခန်းအပြင်ထွက်ခဲ့သည်။

‘မြေးလေး နီးသွားမယ် သမီးရဲ့၊ တိတ်၊ တိတ်၊ သမီးက ကလေး အမေ ဖြစ်နေပြီ၊ ဒီလိုမငိုသင့်တော့ဘူး၊ သမီး ဘာဖြစ်ချင်သလဲ ပြော သမီးအတွက် မဟုတ်ရင်တောင် မြေးလေးအတွက် ဖြစ်ဖြစ်ကွယ် လေးလေးတို့ အကောင်းဆုံးဖြစ်အောင် စဉ်းစားကြတာပေါ့”

“ဟင် ...”

လည်ဆွဲ မျက်နှာခေါ့လာပြီးမှ မျက်ရည်ကို သုတ်၏။ ပြီးတော့ လက်ကျန် ရှိုက်သံသဲ့သဲ့လေးနှင့် ...

“ဘာကိုပြောတာလဲ လေးလေး၊ လည်ဆွဲ မျက်ရည်ကျတာ ပြောတာလား၊ ကလေးကြောင့် မထူးစိတ်ပိုက်တော့မယ် မျက်ရည် တွေ လေးလေး ထင်လိုက်ရင်များပြီ”

“အေး .. များတယ်ဆိုလဲ နောက်တစ်ခုရှိသေးတယ်၊ သမီး သူ့ မုန်းလို့ ဘယ်လိုမှစိတ်ကူးမရတော့ဘူးဆိုရင်တောင် နောက်နော ကလေးရှေ့မှာ ရင်ဆိုင်မိကြရင် ဒီလိုကိစ္စတွေ ထပ်မဖြစ်ပါစေနဲ့တော





သမီး ဘယ်လိုပဲစိတ်နာနာ သူ့ဘက်က ဘယ်လောက်ပဲ ဆိုးခဲ့ဆိုးခဲ့၊ ဒီကလေးရဲ့အဖေက သူပဲ၊ သားသမီးရှိနေတဲ့အတွက် သမီး သူ့ကို ပြတ်သားတယ်ဆိုပေမယ့် မလွယ်ဘူး၊ အထူးသဖြင့် ယောကျ်ားလေး က ဖွတ်ဖြစ်လာရင် သမီး ရှောင်ရခက်မှာပဲ”

“လည်ဆွဲက ဆုံးဖြတ်ပြီးတဲ့အတိုင်းလုပ်မှာ လေးလေး၊ ကိုပိုင် နဲ့ လည်ဆွဲ လက်ထပ်မယ်၊ သားလေးနေကောင်းတာနဲ့ လက်ထပ် ခွင့်ပြုပါ လေးလေး”

“ပြုလို့ မဖြစ်သေးဘူး သမီး”

“ရှင်”

ဤကဲ့သို့ ကန့်ကွက်တားဆီးခြင်းမပြုခဲ့ဖူးသဖြင့် လည်ဆွဲ အံ့ဩ သွားသည်။ ထို့နောက် မျက်ခုံးတန်းလေးနှစ်ဖက်က အလိုမကျစွာ တွန့်ကုပ်သွားလေသည်။ ဦးစိုးကောင်းက လှေကားထိပ်ကျမှ ရပ်၍ ကလေးအိပ်နေသည့် အိပ်ခန်းဆီကို ခပ်စောင်းစောင်းပြန်ငဲ့ကြည့်ကာ

“ကလေးမှာ အဖေရှိနေတယ်၊ သူ့အဖေက တာဝန်မဲ့စွာ သူ့ အတိုင်း မသိသလိုနေသွားတာဆို ပြဿနာမရှိဘူး။ ကလေးက မသိ ခဲ့ဘူးဆိုရင်လဲ ဖြစ်တယ်၊ အခု ကလေးရဲ့အဖေက ရှိနေပြီ၊ သူ့သားနဲ့ မိန်းမကို ပြန်ရဖို့ သူ ကြိုးစားနေပြီဆိုတော့ ...”

“သူ ကြိုးစားတိုင်း လိုက်လျောရမှာလား လေးလေး၊ သူ လွန်ခဲ့ တာတွေ၊ ယုတ်မာခဲ့တာတွေက ပြီးသွားမှာလား”

“နေဦး သမီး၊ လေးလေးပြောနေတာ အဲဒီလမ်းကြောင်းက မဟုတ်ဘူး”

ဦးစိုးကောင်းက လက်ကာတားဆီးပြီး လှေကားလက်တန်းကို ကိုင်လျက် တစ်ထစ်ချင်း ဖြည်းဖြည်းဆင်း၏။ လည်ဆွဲက နေးမှာ အတူလိုက်ဆင်းကာ ဦးစိုးကောင်းပြောမည့်စကားကို မျက်နှာကိုပဲ



www.burmeseclassic.com

www.burmeseclassic.com



ရှုးစိုက်ကြည့်၍ စောင့်နေသည်။ လိုက်နာဖို့ မဟုတ်ပါ။ ခေါင်းခါရေ ဖျက်ဖို့ ခံစားချက်အပြည့်နှင့် စကားလုံးတွေကို အဆင်သင့် စီစဉ်ထား ပြီး ဖြစ်၏။ ဦးစိုးကောင်းက အေးဆေးစွာ ဆက်ရှင်းပြ၏။

"သူနဲ့သမီးရဲ့ ဖြစ်ရပ်တွေကို လေးလေးက ပြောနေတာ မဟုတ် ဘူး၊ ဒါတွေကို သမီး အစပြန်ဖော်ပြီး ဥပဒေအကြောင်းနဲ့ပဲ ရှင်းရှင်း စကားအနိုင်လုပြီးတော့ ပြောပြော၊ သမီးကြိုက်သလို ရှင်းလို့ရတယ် မှားတဲ့သူ မှားတဲ့အတိုင်းပေါ်လာမှာပဲ၊ ဒါတောင်မှ သမီးက သူယုတ်မာ ပါတယ်လို့ လက်ညှိုးထိုးရင် သူက ဘယ်သူလဲ၊ မြေးလေးရဲ့ အဖေ ကဲ… အဲဒါက တစ်ပိုင်း၊ လေးလေးပြောချင်တာက အဲဒါလဲ မဟုတ် သေးဘူး"

လေကားဆုံးတော့မှ ဦးစိုးကောင်းက လှည့်ကြည့်သည်။ လည်ဆွဲ မျက်နှာလေးက ပေါက်ထွက်တော့မတတ် နီရဲနေသည်။ မဟုတ်ဘူး လို့လည်း မငြင်းနိုင်။ ဟုတ်တာကိုလည်း သူမ လက်မခံနိုင်ဘဲဖြစ် လျက် နှုတ်ခမ်းလေးစေ့ရင်း တောင့်တောင့်လေး ရှိနေ၏။

"မြေးလေးရဲ့ ခံစားချက်သပ်သပ်၊ ကလေးက ဖွံ့နွံ့ပြောတတ် တဲ့အရွယ်မဟုတ်သေးဘူး။ ဒါကို သမီး နားလည်ပေးရမယ်၊ ကလေး က သူ့အဖေနဲ့ ပိုင်နဲ့ကို ဘယ်လိုလက်ခံသလဲ၊ သမီး ထည့်မတွက် လို့ မရဘူး"

"လည်ဆွဲ စဉ်းစားမယ် လေးလေး၊ ဖြစ်အောင် လုပ်မယ် ကလေးကြောင့် သူ့ကို ဘယ်တော့မှ မစဉ်းစားဘူး။ လည်ဆွဲရဲ့ဘ ဟာ လည်ဆွဲ ခံစားနေရသလိုပဲ သူ့အပေါ်မှာ ခံစားရမယ်၊ နေ နားလည်နိုင်တဲ့အရွယ်ကျရင် သားကို ပြောပြမယ်၊ သူ့အဖေ ဘယ် လူစားလဲဆိုတာကိုသိရင် သူ့အမေဆုံးဖြတ်ခဲ့တာကို သူ ကျေနပ်မှာ"

"အင်း …"





လေးဖင့်သော သက်ပြင်းချသံကြီးနှင့် ဦးစိုးကောင်းက ကျေနပ် ပါစေ ဆိုတာမျိုး ခေါင်းညိတ်ပေးလိုက်သည်။ ထိုစဉ် …

"မေမေ၊ မေမေ သားသားလေးကို ပြန်ပေးပါ၊ သားသားလေး လိုချင်လို့ပါ၊ ပြန်ပေးပါ"

"ဟင် … သား … သားလေး"

"မြေး …"

လည်ဆွဲ လေကားရင်းကနေ ချက်ချင်း ပြန်ပြေးတက်၏။ ဦးစိုး ကောင်းက နောက်က …။

ကလေးက ဘာကိုတောင်းနေတာလဲ ….။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၄)

"သက်သာလိုက်၊ ပြန်တက်လိုက်ပဲ ကိုပိုင်"

ပိုင်စေမှာ မထိုင်ရသေးဘဲ လည်ဆွဲ ထွက်လာသည့်အတ
အပြင်ကို ပြန်ပါလာခဲ့ပြီး ...

"သုံးရက်ရှိနေပြီ လည်ဆွဲရယ်၊ ဆေးရုံတင်လိုက်မှ စိတ်ချရ
ထင်တယ်၊ ဆရာဝန်ကလဲ ဒီတိုင်းပြောနေတာပဲ၊ အဖျားတာရှည်
မကောင်းဘူး"

"ဟင့်အင်း"

ဆေးရုံမှာဆို ဟိုလူရောက်လာရင် ဘယ်လိုတားဆီးမလဲ။ ဒ
ဟာ ခလယ်လူပါ။ သားလေးကိုချစ်လို့ လိုက်နေတာလည်း မဟု
သူမကိုသာ သူများလက်ထဲ ရောက်တော့မှာမို့ အူတိုနှောင့်ယှ
တာဖြစ်သည်။ ဒီလိုလူက သားသမီးကို ခုံမင်တယ်ဆိုတာရော
စရာလား။

"လည်ဆွဲ၊ လည်ဆွဲ၊ ဘယ်ကိုလဲဟင်"

အိမ်နေရင်းဝတ်တတ်သည့် ဘောင်းဘီရှည်ပွပွ အနီရဲလေ
လည်စည်းပါသော ဆွယ်တာအဖြူလေးကို ဝတ်လျက် ဖြစ်သ
ကောက်စွပ်လာပုံရသည့် ရှပ်လက်ရှည်အပါးလေးကို ဝတ်ထား





နောက်မှာစည်းထားသည့် ဆံပင်တွေကလည်း သွားလာခါနီးမို့ ကျကျ
နန စည်းတင်ထားတာနှင့်မတူဘဲ နဖူးဆံစပ်နှင့် နားသယ်စပ်တို့မှ
ဆံပင်တွေ တစ်ချို့တစ်လေ ပြုဆင်းနေကြသည်။

နှာတံချွန်ချွန်၊ မျက်တောင်ကော့ကော့လေးများနှင့် လည်ဆွဲ
မျက်နှာလေးကို သူမနဲ့အတူ မှီအောင်လိုက်လျှောက်၍ ငုံ့ကြည့်ရင်း
ခလုတ်တိုက်မိလို့ တိုက်မိ။ ခလုတ်တိုက်ဖို့မရှိဘဲ ကိုယ့်ခြေထောက်နဲ့
ကိုယ့်အဖြစ်ကို ရှက်ဖို့လည်း အချိန်မရ။ လည်ဆွဲကလည်း သူ့ကို
ဂရုစိုက်ကြည့်နေတာ မဟုတ်ပါ။ ကားသော့ ဖြုတ်ယူပြီး အပြေး
တစ်ပိုင်း ဆင်းသွားသည်။

"လည်ဆွဲ ဘယ်သွားမှာလဲ၊ တို့ကားပေါ်တက်လေ၊ တို့ ပို့ပေး
မှာပေါ့"

"ရတယ်"

"ဒါဆိုလည်း ပေး သော့၊ တို့ မောင်းပါ့မယ်"

သော့ကို တင်းခနဲဆုပ်ထားပြီးမှ သူ့လက်ထဲ ထည့်ပေးလိုက်မိ
သည်။ ဒါ လိုအပ်သည်။ ပိုင်စေ သူမအနားမှာပဲ ရှိနေရမည်။

"ဘယ်ကိုသွားမှာလဲ"

"ခဏလေး"

သူ့ကို မမေးစေချင်မှန်းသိသောကြောင့် ပိုင်စေ ပါးစပ်ပိတ်လိုက်
သည်။ လည်ဆွဲက တစ်နေရာမှာ ကားရပ်ခိုင်းပြီး ကသောကမျော
ဆင်းသွား၏။ ကုန်းနိမ့်တစ်ခုဘက်မှာ သစ်ရွက်ခြောက်တချို့နှင့် ရေ
မရှိသည့် မြောင်းဟောင်းကြီးတစ်ခု ရှိနေသည်။

"ဘာရှာတာလဲ လည်ဆွဲ၊ မဆင်းနဲ့လေ၊ တို့ကိုပြောပါ၊ တို့ ရှာ
ပေးမယ်၊ ဒီမှာ ဘာရှိလို့လဲ"

"ဟမ်းချိန်း"

"ဟမ်းချိန်း၊ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာမှာ လမ်းနှင့်လည်းနီးတာမဟုတ်ဘဲ ဟမ်းချိန်း ဘယ်လို ရောက်လာတာလဲဟု မမေးတော့ပါ။

"ရွှေလား၊ ပလက်တီနမ်လားဟင်"

"ပလက်တီနမ်"

လည်ဆွဲက ဖြေနေရင်း မျက်လုံးလေး ပြူတ်ထွက်ကျတော့ မတတ် ယောက်ယက်ခတ်အောင် ရှာသည်။

"ဒီနားလောက်မှာလို့ ထင်လို့လား"

"အင်း ..."

ပိုင်စေကလည်း ဒူးထောက်ထိုင်၍ သေချာရှာသည်။ ခါးကိုင်း ကြည့်၍ စေ့စေ့စပ်စပ် ရှာသည်။ ဆယ့်ငါးမိနစ်လောက် ကြာသွား သည်။ ဘာဆိုဘာမှမရှိ။

လည်ဆွဲက ခြေထောက်တစ်ဖက်နှင့် အမှိုက်တွေထဲ ထိုးမွှေ လိုက်၊ ကန်ထုတ်လိုက်နှင့် တစ်ချက်မှ အငြိမ်မနေ။ ခြေဖမိုးနနပေါ် ကပ်တင်နေသည့် အမှိုက်စတွေကိုကျတော့ ရွံ့ရွံ့ရှာရှာနှင့် ထုတ်ပစ်သည်။ ခြေထောက်နှင့် ဒီတိုင်းခါချလို့မရလျှင် လက်ချောင်း လေးနှင့် အမှတ်တမဲ့ သပ်ချ၏။ ပြီးမှ လက်ဖဝါးလေးကို ပြန်ကြည့် ကာ မျက်နှာလေး ရှုံ့မဲ့နေသည်။

"ဒီနားလောက်မှာပဲဆိုရင် တို့သိပြီ၊ လည်ဆွဲ လမ်းဘေး သွားရပ်နေကွာ နော်၊ တို့ သေချာရှာပါ့မယ်၊ လက်တွေ ညစ်ပတ်ကုန် သွား ... သွား"

"ရတယ်၊ လည်ဆွဲ ဘယ်လိုမှ ရပ်နေလို့ရမှာမဟုတ်ဘူး၊ အဲဒါ တွေ့မသွားရင် သားလေး နေကောင်းမှာမဟုတ်ဘူး"

"ဘယ်လို"

ပိုင်စေက ခါးကုန်း၍ လိုက်ကြည့်နေရာမှ ဆတ်ခနဲ ဖြစ်သွား





လည်ဆွဲက ဘာကိုမှမကြည့်ဘဲ ကားလမ်းနှင့် ထိုနေရာကို တွက် လိုက်၊ ပြန်ရှာလိုက်နှင့် နားသည်မရှိ။

"လည်ဆွဲ၊ ဒီဟမ်းချိန်းက သားနဲ့ ဘယ်လိုပတ်သက်နေလို့လဲဟင်"

ဒါကို မေးမှဖြစ်မည်။ သားလေးက သူ့သားဖြစ်တော့မှာ။ ကလေး နေကောင်းလျှင် သူနဲ့လည်ဆွဲ တရားရုံးမှာ လက်မှတ်ထိုးမည်။ လူကြီး တွေကို ကန်တော့ပြီး မင်္ဂလာဆောင်မည့်ငွေကို အလှူတစ်ခုခု တွင် ထည့်ဝင်လှူဒါန်းလိုက်ဖို့လည်း တိုင်ပင်ပြီးသား။ ထို့ကြောင့် သားလေးနှင့် ပတ်သက်နေတာကို သူသိဖို့လိုသည်။

ကြည့်လိုက်တော့ လည်ဆွဲသည် ဟမ်းချိန်းမတွေ့လျှင် ကမ္ဘာ ပြိုကျလာတော့အတိုင်း ကတုန်ကယင် မျက်ရည်လေးတွေ ဝေ့နေရှာပြီ။

"လည်ဆွဲရယ်၊ အဲဒီလောက် ဘာဖြစ်လို့ အရေးကြီးနေတာလဲ၊ အဲဒီဟမ်းချိန်းက ..."

"မင်းရက်စက်ရဲ့ ဟမ်းချိန်း"

"ဘာ ..."

လည်ဆွဲက သူ ဆတ်ခနဲ ဖြစ်သွားတာကို မကြည့်။ တစ်နေရာ မှာ ငုတ်တုတ်လေးထိုင်ချ၍ ခြေထောက်နှင့်မဟုတ်တော့ဘဲ လက် တစ်ဖက်နှင့် အမှိုက်တို့ကို ဖွကြည့်ကာ ...

"အဲဒီ ဟမ်းချိန်းကို လည်ဆွဲ လွှင့်ပစ်လိုက်တာ၊ သားလေး အဲဒါ ကို လိုချင်နေတာ"

ဘယ်ကိုမှမကြည့်ဘဲ တစ်ယောက်တည်းပြောနေသလို လည်ဆွဲ က တတွတ်တွတ် ပြောနေ၏။

"သူ ခုချိန်ထိ ဖြစ်ချင်တာကို ဖြစ်ခွင့်ရနေတုန်းပဲ၊ အဲဒီပစ္စည်းက သားလေးဆီကို သူ့အတိုင်းရောက်လာတာ၊ သူ့ကိုပေးတာမဟုတ်ဘဲ သားလေးကရပြီး ဖွဲ့လမ်းနေတာ၊ လည်ဆွဲ လွှင့်ပစ်လိုက်တာကို စိတ်ဖွဲ ပြီး ဖျားတာပဲ၊ အိပ်ပျော်နေတိုင်း ကယောင်ကတမ်းနဲ့ ဒါကိုပဲ ထထ



www.burmeseclassic.com

www.burmeseclassic.com



တောင်းတယ်၊ ငိုတယ်၊ လူယုတ်မာ၊ မုန်းတယ်၊ ခုထိ လိုက်နှိပ်စက်နေတာ မုန်းတယ်"

လည်ဆွဲ ငိုသည်။ မရှိုက်ဘဲ တသွင်သွင်ကျလာသည့် မျက်ရည်တွေကို ကြမ်းတမ်းစွာ သုတ်၏။ ပိုင် စိတ်မကောင်းဖြစ်သွားမိလေသည်။ အိတ်ထဲက မွှေးပျံ့နေသည့် တစ်ရှူးလေးထုတ်ယူပြီး လည်ဆွဲနားမှာ ထိုင်ကာ ...

"မငိုပါနဲ့ လည်ဆွဲရယ်၊ မျက်ရည်တွေ သုတ်လိုက်နော်၊ ရော့"

လည်ဆွဲက မယူဘဲ လက်ခုံလေးနှင့် ပွတ်ချပစ်ဖို့ကြံတော့ လက်မှာ ညစ်ပတ်နေတာတွေ မျက်နှာလေးကို ကူးစက်ကုန်မှာ စိုးသဖြင့် ပိုင်က လက်ကလေးကို ဆုပ်ကိုင်ထားလိုက်သည်။

လည်ဆွဲ မျက်ဝန်းလေးတွေ သူ့ထံ ဝင်းခနဲ ပြေးဝင်လာသည်။

"ဆောရီး၊ လက်ကအမှိုက်တွေ လျှောက်ဖွထားတာ၊ ပေကုန်မှာစိုးလို့ပါ၊ ဒါနဲ့သုတ်"

လည်ဆွဲက တစ်ရှူးကို ယူ၍ မတ်တပ်ရပ်လိုက်၏။ ယောကျ်ားတစ်ယောက်နှင့် နီးနီးလေးနေပြီး ညှို့သက်ရီဝေစေသည့် နံ့ကပ်ခြင်းမျိုးကို သူမ မဖန်တီးချင်။ ပိုင်က သူမရှေ့မှာပဲ ကိုယ်ကို မတ်မတ်ရပ်လိုက်ပြီးမှ ...

"ဒီလိုလုပ်ပါလား လည်ဆွဲ၊ အမှိုက်ထဲမှာရှာဖို့က သုံးရက်တောင်ရှိပြီဆိုတော့ မတွေ့နိုင်တော့ပါဘူး၊ အမှိုက်ပုံကို အမြဲဖွပြီးတော့ ထမင်းစားနေရတဲ့လူတွေလဲရှိတော့ ဒီမှာ မရှာပါနဲ့တော့"

"ဒါ မတွေ့ရင် ..."

"တို့ ပုံစံတူပြန်လုပ်ပေးမယ်၊ စက်ရဲ့ဟာမ်းချိန်းကို တို့သိတယ်၊ သူ ဝတ်ထားသမျှပစ္စည်းတွေအားလုံးမှာ 'S' ဆိုတဲ့ စာလုံးလေးတွေ ရှိတယ်၊ နောက်ဆုံး သူပတ်တဲ့ ခါးပတ်၊ ဘောင်းဘီကအစ ချိန်းကြိုးလေးတွေကအစ 'S' စာလုံးတွေနဲ့ပဲ"





"ဘာဖြစ်လို့ အဲဒါတွေ လာပြောနေတာလဲ ကိုပိုင်၊ သူ ချမ်းသာလို့ ဝလက်တံဆိပ်တွေ တစ်ကိုယ်လုံးဆင်တာ ဘာဖြစ်လဲ၊ ဒီလိုလူမျိုး ဒီလိုနေမှ လည်ဆွဲတို့လို ပြောတိုင်းယုံတဲ့ မိန်းမတွေအပေါ် လှည့်စားနိုင်မှာပေါ့၊ အဲဒီ 'S' စာလုံးကို ဘာလုပ်ရမှာလဲ"

"ပြောပြတာပါ၊ တို့ အဲဒီပစ္စည်းနဲ့ ထပ်တူ"

"မလိုဘူး၊ သားက အဲဒီလောက်လဲ သေရှာမြင်လိုက်တာ မဟုတ်ဘူး၊ ခပ်ဆင်ဆင် တစ်ခုလောက် လည်ဆွဲကို ဒီနေ့ပဲ ရှာပေးနိုင်ရင် ကျေးဇူးတင်တယ်"

ပိုင်က ခေါင်းညိတ်သည်။

"စိတ်ချ၊ တို့ လာပို့ပေးမယ်၊ မမီနိုင်ရင် ဖုန်းဆက်မယ်"

"ဟင် ..."

"ခြင်းချက်လေ၊ သူက ပုံစံတူမရှိအောင်ဝတ်တာ၊ မီအောင်လဲ လုပ်နိုင်းရမယ်၊ တခြားမှာ ဆင်ဆင်တူတာရှိနိုင်ရင်လဲ ရမယ်၊ တစ်ခုခုပေါ့"

လည်ဆွဲက နှုတ်ခမ်းလေး မဲ့သည်။ သူနဲ့ပတ်သက်သမျှ ဘာပဲ ကြားကြား အထင်မကြီးနိုင်။ အားလုံးက အထင်သေးရွံရှာဖွယ်တွေ ပဲ ဖြစ်နေခဲ့သည်။

သွားလက်စနဲ့ ရှင်သွားလိုက်ပါတော့လား။ ထားခဲ့တဲ့အတိုင်း ကြိုးခွေကလေးလို အပုံလိုက်ကျန်ခဲ့ရတာတောင်မှ နောက်ထပ် ပြန်ညှည့်လာပြီး လွဲကန်ချေဖျက်ပစ်ဖို့ ကြံနေပြန်သည်။

ကျွန်မက ပြောတိုင်းယုံခဲ့မှုတာကို...။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၅)

လူတွေစုံနေကြသည့် အလယ်တွင် ဖြူဆွတ်ဆွတ်မွေ့ရာထက်မှာ သားလေးက ငုတ်တုတ်လေးထိုင်လျက် ...

"ဘဘ၊ သားသားလေး မုန့်စားချင်တယ်"

"ဟော၊ ဟား စားရမှာပေါ့၊ မြေးကို ကျွေးချင်လွန်းလို့ စဉ်းစားလိုက်ရတာ၊ ကဲ ပြောစမ်း၊ မြေး ဘာစားမလဲ"

ဦးစိုးကောင်းမှာ အလုပ်ကအပြန် မြေးဆီကို တန်းဝင်လာတာဖြစ်သည်။ ထိုင်ပင်မထိုင်ရသေးဘဲ ငုတ်တုတ်လေးရှိနေသော ချစ်သဝန်က သူ့ကိုမြင်တာနှင့် ပူဆာတော့သည်။

အားရှိအောင် သူ စားချင်တာကျွေးပါဟု ဆရာဝန်က မှာထားသည်။ ဒါပေမယ့် ဘာစားမလဲမေးတိုင်း ခေါင်းပဲခါနေတဲ့ ကလေး။ လည်ဆွဲကိုမြင်တိုင်း "မေမေက ပြန်ပေးမှာလား' ဟုမေး၍ မျက်ရည်တွေဝေ့နေတတ်တာ။

မုန့်စားမယ်ဆိုတော့ လည်ဆွဲ ဟယ်ခနဲဖြစ်အောင် ပျော်သွား





သည်။ လက်ထဲမှာ မပေးရသေးဘဲဆုပ်ကိုင်ထားသည့် ဟမ်းချိန်းလေးကို ပို၍ တင်းအောင်ဆုပ်ထားလိုက်မိပြီး ပိုင်စေ့ကို မော့ကြည့်သည်။ မနေ့ကတည်းကဟာ ဒီနေ့မှ ပစ္စည်းက ရလာသည်။ ပိုင်စေအမေတကော လာပို့ရာတာ အခုပဲ ရောက်တာပါ။

ဦးစိုးကောင်းက နောက်၊ ပိုင်စေက ရှေ့။ မထင်မှတ်ဘဲ လူစုံသွားတာက ရှေ့ဆင့်နောက်ဆင့်ပဲ ဖြစ်၏။ ချစ်သဝန်က မွေ့ရာပေါ်မှာ ဖနောင့်လေးနှစ်ဖက်နှင့် ထောက်၍ နောက်ဆုတ်ဖင်ရွှေ့ထိုင်သည်။ ပြီးတော့ ခေါင်းအုံးဘေးမှာ ချထားသည့် ဝက်ဝံရုပ်လေးကို လက်တစ်ဖက်ကလှမ်းယူ၍ ရင်ခွင်ထဲမှာ ပိုက်ထားလိုက်သည်။

"သားသားက ဒီအရုပ်လေးတွေကို ချစ်လား၊ နောက်ထပ် လှတာတွေ အများကြီး ဝယ်ပေးမယ်၊ နေကောင်းရင် သားသားနဲ့ ဦးဦး ဈေးပင်ထွက်မယ်နော်"

ပိုင်စေက ချစ်သဝန်လေးဘေးမှာ ဝင်ထိုင်ပြီး ချိုင်းအောက်ကနေ အသာလေးမယူ၍ ရင်ခွင်ထဲမှာ ဖက်ထားလိုက်၏။ နဖူးလေးမှာ သူ့ပါးနဲ့ ကပ်ကြည့်သည်။ လက်ဖဝါးလေးကို ဖြန့်ယူ၍ သူ့လည်ပင်းမှာ ထပ်၏။

"လက်ဖဝါးလေးမှာ ချွေးလေးတွေစိုလို့၊ သားသားနေကောင်းသွားပြီပဲ၊ ပြန်မဖျားအောင် ဂရုစိုက်နော်၊ ကဲ အခုဘာစားမလဲ၊ ဘဘက မောလာတာ၊ ဦးဦး သွားဝယ်ပေးမယ်၊ ဦးဦးကိုပြော"

"ပီကေ"

"ဟင် ..."

လည်ဆွဲမျက်နှာ ရဲခနဲ ဖြစ်သွားသည်။ ပြီးတော့ အေးခဲသွားသည့် ရေမျက်နှာပြင်ကဲ့သို့ ....

"အဲဒါ လူမမာစာမှ မဟုတ်တာ၊ တည့်တာကိုပြောလေ သား"



www.burmeseclassic.com

www.burmeseclassic.com



ဒေါသကိုထိန်း၍ ပြောလိုက်ရပေမယ့် လည်ဆွဲအသံလေးက အေးစက်စက်ဖြစ်နေတာ မပျောက်ပေ။ ပိုင်စေက ကလေးကို ချစ်စနိုးနှင့် ဖက်ထားလိုက်ပြီး နဖူးကို နမ်း၏။

"အင်း တည့်တဲ့ပီကော ဦးဦး ဝယ်ပေးမယ်၊ ဒီပြင် အာဟာရဖြစ်မယ့် မုန့်တစ်ခုခု ပြောဦးလေ သားသားရဲ့၊ အာဟာရဖြစ်တာကို စားမှ သားသား အားရှိမှာပေါ့၊ ဒါမှ နေမကောင်းဖြစ်ထားတဲ့ အားတွေ ပြန်ရမှာလေ"

"အို မစားရပါဘူး၊ သားသားကို ပီကော မစားရဘူးလို့ မေမေ မှာထားတာ မေ့နေပြီလား"

ချစ်သဝန်လေးက ပိုင်စေ့ရင်ခွင်ထဲမှာ စိတ်ပျက်သလိုလေး မှီချ ပစ်လိုက်၏။

"သားသားလေး ဘယ်မှာစားလို့လဲ၊ မေမေပဲ အရင်တုန်းက သားသားလေး နေမကောင်းဖြစ်တိုင်း ခံတွင်းရှင်းအောင် ပီကော စားခိုင်းခဲ့တာ"

"အို ..."

ပိုင်စေက နားလည်သောအပြုံးနှင့် မချိတရိ ခံစားရျကတ့်ကို ဖုံးကွယ်ခဲ့၏။ သားလေးကို ပီကောဝါးခိုင်းပြီး လည်ဆွဲ အလွမ်းဖြေခဲ့သည်လား။

"ဦးဦး၊ ဦးဦးက ဝယ်ပေးမယ်ဆို"

မျက်နှာလေးမော့လာပြီး သူ့မေးဖျားကို လက်ဖဝါးလေးနှင့် ကပ်လှုပ်မေး၏။ ပိုင်စေက ပေါ့ပါးသော အပြုံးနှင့် တင်းခနဲ ဖက်၏။

"ဝယ်ပေးမယ်၊ စားလို့ကောင်းတာတစ်ခုခုလဲ ဝယ်ခဲ့မယ်၊ သားသားက မုန့်ကို အရင်စားရမယ်၊ ပြီးမှ ပီကော ဝါးရမယ်၊ ဘယ့်နှယ့်လဲ"

"စားမယ်"





"အိုခေ"

ပိုင်စေက ချစ်သဝန်လေးကို တယုတယပွေ့၍ မွေ့ရာပေါ်မှာ ချသည်။ ပြီးမှ လည်ဆွဲကိုကြည့်၍ ...

"ကလေးနဲ့တည့်တာတစ်ခုခု တို့ ဝယ်လာခဲ့မယ်၊ ကလေးကို ဆိုင်တာတွေ လျှောက်ဆူမနေနဲ့နော်"

တိုးတိုးလေးကပ်ပြောကာ အပြင်ထွက်သွားသည်။ လည်ဆွဲက မ်းရှိန်းလေးကို ဆုပ်ထားလျက်နှင့် ဘောင်ဘင်ခတ်နေသော ရင်ကို န်းရခက်နေသည်။

သားလေးဟာ မင်းရက်စက်၏သားဆိုတာ စက်ကိုသိတဲ့လူတိုင်း းစရာမလိုဘဲ သိသွားနိုင်သည့် မျက်နှာလေးရှိသည်။ အလွန်တူသော ျက်နှာလေးမှာ လည်ဆွဲနဲ့တူသည်က မျက်တောင်ကော့တွေပဲ ဖြစ်၏။

"မြေးက ငါ့သမီးလိုပဲ ပိစတာရိုက်ပြီး ထုတ်ဖို့ကောင်းအောင် ျာတာကွယ့်"

ဦးစိုးကောင်းက မြေးဖြစ်သူကို ပါးစပ်ကရော၊ လက်ကရော မချ ၊ ဘယ်လောက်ချစ်သလဲဆိုလျှင် အလုပ်ချိန်ကို နေ့တစ်ဝက် ဖြုတ် မြေးနဲ့ အိမ်မှာနေ၏။

"နေ့တစ်ဝက် ငါအလုပ်မလုပ်လို့ မွဲမသွားနိုင်ပါဘူး၊ ငါ့မြေးနဲ့အတူ ရာလို့ စိတ်ချမ်းသာနေတာကမှ ငါ့အတွက် တကယ့်ချမ်းသာခြင်းကွ"

အသိမိတ်ဆွေတွေကိုလည်း ဒီလိုပဲ ပြောရဲခဲ့သူ။ မင်းရက်စက် တာကို မမြင်ဖူးသေးတော့ 'မြေးက လှချောပဲကွ' ဟု ချီပွေ့ နမ်း ်တိုင်း ပြောသည်။

မင်းရက်စက်နှင့် ဆုံဖူးပြီးကာမှ "ငါ့မြေးက အဖေတူ အမေတူ းကွ" ဟု ပြောင်းလဲ ပြောဆိုလာခဲ့သည်။ သားလေးဟာ အဲဒီ သာက် တူပါသည်။ သားလေးကို ပီကောဝါးခိုင်းပြီး ရှေ့ကကြည့်၊



www.burmeseclassic.com

www.burmeseclassic.com



ဘေးကကြည့်၊ ဘယ်လိုကြည့်ကြည့် ပီကေဝါးတာလေးကိုပဲ လည်ဆွဲ ကြည့်လို့မဝနိုင်။

"သားသားကြီးလာရင် ပီကေကို လှလှပပ ဝါးတတ်အောင် အတုခိုးရမယ် သိလား၊ သားသားဖေဖေက သိပ်ကြည့်လို့ကောင်းတာ"

ဟု ပြောခဲ့ဖူးသည်လည်း ရှိသည်။ သားလေးလည်း လည်ဆွဲ ပြောဖူးတာကို မှတ်မိမှာပါ။ ကလေးမို့ အကြောင်းပြနှင့် စကားနား မထိုးတတ်လို့ပဲ ဖြစ်မည်။ ခုတော့ ကိုယ့်စိတ်ကူးနှင့် ရှုးခဲ့သမျှ လည်ဆွဲ ဘယ်လိုပြန်ရုန်းထွက်ရမှန်း မသိတော့ပါ။

"သားသား၊ ရေပတ်တိုက်ရအောင်နော်၊ ပြီးရင် အကျီလဲမယ်"

ကိုယ့်ကိုယ်ကို အလုပ်မရှိအလုပ်ရှာ၍ ကလေးနားမှာထိုင်ကာ ရင်ခွင်ထဲက အရုပ်လေးကို ဆွဲယူလိုက်မိ၏။

"ဟာ ... ဟင့်အင်း"

ချစ်သဝန်က အရုပ်လေးကို အသည်းအသန် ပြန်ဆွဲထားပြီး ကိုယ်လေးပါ လှည့်ပစ်၏။ ထို့နောက် လည်ဆွဲနှင့်ဝေးအောင် ထပ် ဆုတ်ထိုင်လိုက်သေးသည်။

ဘာဖြစ်သွားတာလဲ။ လည်ဆွဲ နားမလည်နိုင်သလို အံ့လည်း အံ့ဩသွားသည်။ နောက်ထပ် သားဆီကိုလက်လှမ်းလိုက်စဉ် သတိ လက်လွတ်နှင့် ကိုင်ထားသည့် လက်ထဲမှ ဟမ်းချိန်းက မွေ့ရာပေါ် လွတ်ကျလေသည်။ ထွက်ခွာတော့အံ့ဆဲဆဲ ဦးစိုးကောင်းက ပြန် လှည့်၍ ငုံ့ကြည့်၏။ ချစ်သဝန်သည် ပိုက်ထားသည့်ဝက်ဝံရုပ်လေးကို ဘေးလွှဲပစ်လိုက်ပြီး ကျသွားသည့်အရာကို လိုက်ငုံ့ကြည့်ကာ ...

"ဟင် ..."

မျက်ခုံးလေးနှစ်ဖက်ပင့်၍ ပို၍နီးအောင် ငုံ့ကြည့်ပြီးမှ ကိုယ်





လေးပြန်မတ်သည်။ လည်ဆွဲက ဟမ်းချိန်းနဲ့ကလေးကို တစ်လှည့်စီ ကြည့်၍ အံ့ဩမပြေနိုင်။

ဒါကိုပဲ စိတ္တဇလို တစာစာတောင်းနေခဲ့ပြီး မြင်လိုက်တော့ အူ ယားဖားရား ကောက်ယူကြည့်မှာပဲလို့ ထင်ခဲ့မိ၏။ ကလေးမို့ ဒါကို မေ့ပြီး မတောင်းတော့တာဆိုရင်တောင် မြင်လိုက်ရင် သတိရပြီး မက် မက်မောမော ပြန်ဖြစ်ရမှာမို့လား။

လည်ဆွဲက ဟမ်းချိန်းကို သာသာလေးကောက်ယူကာ ...

"သားသား မလိုချင်တော့ဘူးလား"

ဟု သွေးတိုးစမ်း၍ မေးလိုက်မိသည်။

"ဟင့်အင်း ..."

ချစ်သဝန်က ခေါင်းလေးခါပြီး အရုပ်ကို ကျစ်နေအောင် ဖက် ၏။ ပြီးတော့ ပါးလေးနှင့်ကပ်ထားသည်။

ဒီအရုပ်လေးဟာ လွန်ခဲ့တဲ့ တစ်နှစ်ကမှ ချောက်လည်ရင်း အမှတ်တမဲ့ ဝယ်ပေးခဲ့သည့်အရုပ်လေးပါ။ အမှတ်တရဖြစ်လောက် စရာ ဘာမှမရှိ။ မက်မောရလောက်အောင် ထူးခြားလှပတာလည်း မဟုတ်။ ဘာရယ်မဟုတ်ဘဲ အရုပ်ကို လည်ဆွဲက လှမ်းယူဖို့ ကိုင် လိုက်၏။

"ဟင့်အင်း၊ ဟင့်အင်း"

ကားပေါ်မှာ ဟမ်းချိန်းလုယူတုန်းကအဖြစ်လို သားလေးက ချောက်ချားစွာ ပြန်ဆွဲထား၏။

"သားသား၊ ဒါက ဘာမို့လို့လဲ"

"သားသားလေး လိုချင်လို့"

"သားသားအရုပ်ပဲမို့လား၊ ဒီအရုပ်ကို ဘာဖြစ်လို့ ဒီလောက် ဖက်ထားတာလဲ၊ မေမေ ခဏကြည့်မယ် ပြ"

www.burmeseclassic.com



"ဟင့်အင်း"

လည်ဆွဲ မသက်တော့ပါ။

"မြေး၊ အဲဒီအရုပ် ဘဘကို ခဏပြပါဦး၊ ခဏလေးကွာ၊ ဘ
က ငါ့မြေးကို ဒီထက်လှတာတွေ ဝယ်ပေးချင်နေတာ၊ ပြပါဦး။ မြေ
ရဲ့အရုပ်က တကယ်လှရဲ့လား"

"ဟင့်အင်း၊ မပေးဘူး၊ မပေးဘူး"

မထင်မှတ်ဖွယ်ပါ။ ချစ်သဝန်သည် အရုပ်ကိုပိုက်လျက်နှင့် ခုတ
ပေါ်က လျှောဆင်းလိုက်သောကြောင့် စောင့်နှင့်ငြိကာ ကြမ်းပေါ်
လုံးထွေးကျလာသည်။

"မြေး"

"သား ... သားလေး"

"မပေးဘူး၊ မပေးဘူး၊ ဦးတိုးကြီးပေးထားတာ၊ ဦးတိုးကြီး ပြ
ကောက်ပေးထားတာ၊ မယူပါနဲ့၊ သားသားလေးလိုချင်လို့ပါ မေမေ"

"သား"

ချစ်သဝန်က အရုပ်ကို မလွှတ်တမ်းဖက်ထားလျက် ခုတ
အောက်ကို ဝင်ပုန်း၏။

"ဦးလေးနဲ့ လည်ဆွဲ"

"ဟင်"

ကလေးကို ချော့ခေါ်ဖို့ ကြမ်းပေါ်ထိုင်ချလိုက်ကြသည့် လည်
တို့ နောက်လှည့်ခေါင်းထောင်ကြည့်ကြသည်။ ကိုလှတိုးက တံခါး
ပဲ ရပ်လျက် ...

"ကလေးငိုတာကို စိတ်မကောင်းလို့ အဲဒီနေ့ကပဲ ပစ္စည်း
ကျွန်တော် ပြန်ကောက်ပြီး သိမ်းထားလိုက်တာပါ"

ဦးစိုးကောင်းက နေရာမှ ခပ်ဖြည်းဖြည်းထရပ်ပြီး ခေါင်းညိ
လိုက်၏။





"အစကတော့ မပေးဝံ့လို့ ကြည့်နေခဲ့တာပါပဲ၊ ဒါပေမယ့် ကလေး အခြေအနေက ဒီပစ္စည်းနဲ့ပတ်သက်နေမှန်းသိရပြီး စိတ်ချမ်းသာပါ စေတော့လို့ တိတ်တိတ်လေးပြန်ပေးခဲ့မိတာပါ။ ဦးလေးတို့ သိမှာစိုးလို့ အရုပ်ကို လိုးဖွင့်ပြီး အရုပ်ထဲမှာ အဲဒါကို ထည့်ပေးထားလိုက်တယ်"

"သားလေးရယ်"

လည်ဆွဲ မျက်နှာကို လက်ဝါးနဲ့အုပ်၍ ရှိုက်ငိုလေသည်။ ဦးစိုးကောင်း ရင်ထဲမှာ နင့်သွားသည်။ ဒါကြောင့် မြေးလေး ချက်ချင်းကြီး နာလန်ထလာခဲ့တာကိုး။

တကယ်တော့ ဒါဟာ သွေးက စကားပြောတာ ဖြစ်လေသည်။ ကလေးက သူ့အဖေကို ခေါ်ပြောရင်းနှီးခဲ့တာ မရှိပေမယ့် သူ့ရှေ့မှာ မဖွယ်မရာဖြစ်နေတာကို မြင်ကာ အဖေလုပ်သူ၏ ပစ္စည်းလေးကို မက်မောစွာ ဖက်တွယ်ထားလိုခြင်းသာ ...။

ဒါကို သိမှာပဲဖြစ်သော လည်ဆွဲ၏ ငိုရှိုက်သံက မစဲနိုင် ...။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၆)

လက်ထပ်ကြဖို့ ရုံးမှာ လူတွေစုံနေကြပါပြီ။ အဖေရယ်၊ ပဝေ့ ရယ်လို့ ဘာမှသေချာနားမလည်သေးသည့် အရွယ်မို့ ချစ်သဝန်လေး ကတော့ ပိုင်စေ့လက်ကိုဆွဲ၍ ပျော်ရွှင်ကျေနပ်နေခဲ့သည်။

ကလေးပီပီ သူ့ရင်ထဲမှာ မနေ့ကသောကတွေ ဒီနေ့မရှိတော့ လိုချင်တာရသွားပြီပဲ သတ်မှတ်လိုက်သည့် ထိုနေ့က လိုချင်တပ်မက်မှုတွေကို မေ့သွားပြီဖြစ်သည်။

တရားသူကြီးနှင့် ရှေ့နေတွေ စုံလင်ကြတော့ ကလေးကို ဦးစိုး ကောင်းက ခေါ်၏။

"မြေးက နောက်မှာထိုင်နော်၊ ဘဘနဲ့လေ"

"သားသားလေးက ဦးဦးနဲ့ ထိုင်မှာလေ"

"ပြီးတော့ ထိုင်ရမှာပေါ့၊ ဟိုမှာ လက်မှတ်ထိုးကြဦးမှာ မြေး လာ ..."

ချစ်သဝန် နှုတ်ခမ်းလေးစူတော့ ပိုင်စေက စိတ်မဖြောင့်နိုင်သော ပခုံးလေးကို ဖက်ထားလိုက်၏။





"ရပါတယ် အန်ကယ်၊ နေပါစေ၊ သားကို ကျွန်တော်ပဲ ချီထားလိုက်ပါ့မယ်"

နှစ်ဖက်လူကြီးတွေကတော့ နားလည်မှုတွေနဲ့ အေးချမ်းစွာ ရှိနေကြသည့် ပိုင်စေနဲ့ လည်ဆွဲတို့ကိုကြည့်ကာ ကျေနပ်သွားကြပြီဖြစ်၏။

တကယ်တော့ မရည်ရွယ်ကြဘဲ လူကြီးချင်း စနောက်မိကြရာမှ ပိုင်စေက လည်ဆွဲကို မြင်ဖူးလိုက်တော့ လက်ထပ်ဖို့ ကြိုးစားခဲ့တာ ဖြစ်သည်။ ထို့နောက် မင်းရက်စက်ရယ်၊ ပိုင်စေရယ် ထုံးဖွဲ့ခဲ့သော သူငယ်ချင်းရန်သူဖြစ်ခဲ့ရသည့်အကြောင်းများကိုတော့ လူကြီးတွေ မသိခဲ့ပေ။

ပိုင်စေကလည်း ဦးလေးဖြစ်သူကို လည်ဆွဲကိုသာ မဖြစ်မနေ လက်ထပ်ရဖို့ ရင်ဖွင့်သည်။ လည်ဆွဲကလည်း အစက ငြင်းဆန်ပြီး နောက်တော့မှ စေ့စပ်ဖို့တောင်မလိုဘဲ လက်ထပ်ဖို့ဖြစ်သွားခဲ့သည်။

ဒါတွေကို ဦးစိုးကောင်းနှင့် ကာယကံရှင်တွေသာသိခဲ့ပြီး ပိုင်စေ့ ဘက်က လူကြီးများနှင့် ဧည့်သည်တွေ ဘာမှမသိ။

"အဟမ်း"

မျက်နှာမသာမယာနှင့် ကြိတ်၍သက်ပြင်းချနေသည့် ဦးစိုး ကောင်းမှာ တရားသူကြီး၏ ချောင်းဟန့်သံကြောင့် အသိဝင်လာသည်။ လက်မှတ်ထိုးပြီးကြလျှင် ရုံးမှာပဲ အကျွေးအမွေးလေးလုပ်ကြမှာမို့ အပြင်မှာလည်း နှစ်ဖက်မိတ်ဆွေအချို့က ရှိနေကြ၏။

သြော် မြေးလေးဟာ သူ့အဖေရှိလျက်နှင့် သူ့အမေ တခြားလူနဲ့ လက်ထပ်တော့မှာပါလားဆိုတာ သိတတ်တဲ့အရွယ်ဆိုရင် ဘယ်လို နေမလဲ။

လက်မှတ်ထိုးကြတော့မှာကို သိလေ၊ ဦးစိုးကောင်း စိတ်



www.burmeseclassic.com

www.burmeseclassic.com



မကောင်းနိုင်လေ။ မင်းရက်စက်ဆိုသည့် လူ့ရှယ်ကိုပဲ ဖြစ်စေချင်တာ မျိုးတော့ မဟုတ်။ ဒါပေမယ့် သူက ကလေးရဲ့အဖေ ဖြစ်နေသည်။ 'ဘာပဲဖြစ်ဖြစ် ပိုင်လဲ မြေးကို ချစ်ရှာသားပဲ' ဟု တွက်၍ ပင့်သက် ရှိုက်မိပြန်သည်။

ပိုင်နဲ့လက်ထပ်ပေးချင်ကြောင်း အစပျိုးပြောခဲ့မိတာလည်း သူ့ မို့ ဘာမှမတတ်နိုင်တော့ပေ။ ပြီးတော့… အဲဒီတစ်ယောက် လူဆိုး ဖြစ်စေ၊ လူကောင်းဖြစ်စေ ခုလိုပြဿနာလိုက်ရှုပ်နေချိန်မှာ လက်ထပ်ဖို့ မသင့်သေးတာကို ပြော၍ လည်ဆွဲက ရမှမရဘဲ။

အားလုံးဟာ အမှန်အမှား ဘယ်ဘက်ကမှ မသာသည့် ချိန်ခွင် လျှာပေါ်မှာ လှုပ်လှုပ်ကလေး ရပ်နေကြရသလိုမျိုး။

"ကဲ … လူကြီးမိဘ စုံစုံလင်လင်နဲ့ မိတ်သင်္ဂဟတွေလဲ အားပေး ကြတယ်ဆိုတော့ အများသူငါ လက်မှတ်ထိုးပြီးသွားကြသလို မဟုတ် ဘူးပေါ့၊ မင်္ဂလာရှိတာပေါ့ကွယ်"

တရားသူကြီးက စကားစလိုက်တော့ အားလုံး ငြိမ်သက်သွား ကြသည်။

"ဒါနဲ့ လူလေးတို့က သူများတွေလို ညှော်ခံပွဲ ထပ်မလုပ်တော့ ဘူးလား"

"ဟုတ်ကဲ့၊ ကျွန်တော်တို့ ညှော်ခံပွဲအတွက် ကုန်ကျမယ့်ငွေတွေ ကို စိတ်တူကိုယ်တူ လှူဒါန်းဖို့ တိုင်ပင်ထားကြပါတယ် ခင်ဗျာ"

လူကြီးတွေက ကျေနပ်စွာ ခေါင်းညိတ်ကြ၏။

"ဟုတ်ပြီ၊ ဟုတ်ပြီ၊ ကဲ… ဒီရုံးတော်ကိုပဲ မင်္ဂလာဂေဟာ အဖြစ် သတ်မှတ်လိုက်ကြတာပေါ့၊ ကိုင်း လက်ထပ်စာချုပ်မှာ အားလုံး သဘောတူ လက်မှတ်ထိုးလိုက်ကြရအောင်"

တရားသူကြီးက ပြောပြီးသည်နှင့် လက်ထပ်စာချုပ်နှစ်စောင်





ကပိုင်စေနဲ့လည်ဆွဲရှေ့သို့ ခမ်းနားစွာ ဖြန့်ကြက်ရောက်ရှိလာခဲ့၏။ လက်မှတ်ထိုးကြဖို့ ဘောလ်ပင်ကိုယ်စီ ကိုင်လိုက်မိကြစဉ်…

"ဒီမင်္ဂလာပွဲကို ကျွန်တော် ကန့်ကွက်ပါတယ်"

"ဟင် …"

"ဟာ …"

"ရှင် … ရှင်"

လည်ဆွဲ ဝုန်းခနဲ ထရပ်လိုက်သည်။ အားလုံး လှည့်ကြည့်လိုက် ကြသည့် အကြည့်များရှေ့မှာ မင်းရက်စက် …။

"မင်းကို ကိုယ် လက်ထပ်ခွင့်မပြုဘူး လည်ဆွဲ၊ ခွင့်မပြုပါဘူးလို့ ပြောထားရက်နဲ့ မင်း ဘာဖြစ်လို့ ဖွတ်လုပ်တာလဲ"

အနက်ရောင်ခေါင်းစွပ်၊ ဆွယ်တာလက်ရှည်၊ ဘောင်းဘီရှည် အနက်နှင့် စက်က တစ်လှမ်းချင်း ဝင်လာ၏။

သူသည် ပိုင်စေ့ ရင်ခွင်ထဲက ကလေးငယ်ကို စူးစိုက် ကြည့် လျက်…။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၇)

ခြေလှမ်းတိုင်းဟာ မယုံရဲခြင်း၊ သိမ်ငယ်ခြင်း ဘာမှမပါ။ ကေသရာဇာလို ခမ်းနားရဲရင့်သည့် ခြေလှမ်းများနှင့် ပိုင်စေ့သောက ဖြတ်လျှောက်သည်။

ရှေ့မရောက်တရောက်မှာ ကလေးကို နောက်ထပ် တစ်ချက်ပြန်ငုံ့ကြည့်သည်။ စူးလုံ့နေသည့် မျက်ဝန်းလေးများနှင့် ခဏဆုံနေပြီးမှ မော့၏။

"လူကြီးမင်းအားလုံးကို လေးစားသမှုနဲ့ ကျွန်တော် လျှောက်လဲအပ်ပါတယ်။ အခု လက်ထပ်မယ့် ရွှေလည်ဆွဲက ကျွန်တော့်ခနီးပါ။ ဒီကလေးငယ်ဟာ ကျွန်တော့်သားလေးပါ။ တစ်ယောက်နဲ့ တစ်ယောက် သဘောထားချင်းကွဲလွဲပြီး မပေါင်းဖြစ်ခဲ့ကြပေမယ့် ကွာရှင်းထားကြတာမဟုတ်တဲ့အတွက် ကျွန်တော့်ဘက်က ကန့်ကွက်ပိုင်ခွင့်အရ ဒီလက်ထပ်ပွဲကို ကန့်ကွက်ပါတယ်"

"မဟုတ်ဘူး၊ ဘာမှမဆိုင်ပါဘူးရှင်၊ ဒီလူက ကျွန်မနဲ့..."

"ခဏ၊ ခဏလေးကွယ်"

တရားသူကြီးက လည်ဆွဲ အသားဆတ်ဆတ်တုန်နေတာကိုကြည့်၍ ယဉ်ယဉ်ကျေးကျေး တားဆီးလိုက်သည်။ ပြီးတော့မှ စက်ကို ပြန်ကြည့်၍...





"ဒီမှာတော့ ကာယကံရှင်တွေရော၊ နှစ်ဖက်မိဘတွေရော၊ သဘောတူညီစွာ ရှိနေကြပါတယ်၊ ဒီတော့ကာ..."

တရားသူကြီးက စကားကို ခဏတုံ့ဆိုင်းပြီးမှ...

"ကန့်ကွက်သူဖြစ်တဲ့ မောင်ရင်က တရားဝင် ပိုင်ဆိုင်ထားကြောင်း "

စက်က မတ်တပ်ရပ်လျက် စူးစူးဝါးဝါးကြည့်နေသည့် လည်ဆွဲကို ခပ် မှုံမှုံပြန်ကြည့်၍ တရားသူကြီးဘက် လှည့်ကြည့်၏။

"ဒီမှာ တိတ်တိတ်ဆိတ်ဆိတ်လေး လက်မှတ်လာထိုးကြတဲ့ မရိုးသားခြင်းကို ကျွန်တော်သိသိချင်း လိုက်လာတာပါ။ လောလောဆယ်စာချုပ်ပါမလာပါဘူးခင်ဗျာ၊ ဒီကလေးက ကျွန်တော့်သားပါ။ အဲဒါ သူငြင်းလို့မရတဲ့ ကိစ္စပါပဲ၊ ဒီနေ့လက်ထပ်ခြင်းကို ခေတ္တရွှေ့ဆိုင်းပြီး ကျွန်တော်ပြောတာ သင့်မသင့် လူကြီးမင်းများ ရုံးတော်မှာ စစ်ဆေးပေးဖို့ ကျွန်တော် လျှောက်ထားပါတယ်၊ အဲဒီအခါမှာ စာချုပ်နဲ့တကွ ကျွန်တော် တင်ပြပါ့မယ်"

"လူကြီးမင်းများရှင်၊ သူနဲ့ကျွန်မ လက်ထပ်ခဲ့တာ ဟုတ်ပါတယ်၊ ဒါပေမယ့် သူ ယုတ်မာတာ ကျွန်မ ခံခဲ့ရတာပါ"

"သမီး"

ဦးစိုးကောင်းက ဖျတ်ခနဲ ထရပ်၍ သတိပေးသလို တားဆီးလိုက်မိသည်။ ထိုအချိန်တွင် ချစ်သဝန်လေးက ပိုင်စေ့ရင်ခွင်ထဲမှ ရုန်းထွက်ကာ ဦးစိုးကောင်းဆီ ပြေးသွား၏။ ပြီးတော့ ကြောက်ကြောက်လန့်လန့်နှင့် အတင်းဖက်ထားလေသည်။

လည်ဆွဲ အသိမဲ့သွားပြီထင်ပါသည်။ သားကိုရော၊ သူမဘဝသိက္ခာကိုပါ ဘာမှမမြင်တော့ပေ။ မခံရပ်နိုင်သော မျက်ရည်တွေဖိတ်ဖိတ်လျှံလျှံနှင့် အံကြိတ်၍...

"ကျွန်မကို သူ ပစ်ထားခဲ့လို့ ဒီကလေးကို ..."



www.burmeseclassic.com

www.burmeseclassic.com



"သမီးတော်ပြီ၊ ဒီမှာ လူကြီးမင်းများခင်ဗျာ"

ဦးစိုးကောင်းက ကလေးကို ချီပွေ့လျက် ထရပ်လိုက်ကာ

"ကျွန်တော်တို့ ဒီကိစ္စကို ..."

"လေးလေး"

လည်ဆွဲကလည်း ဦးစိုးကောင်း ကြားဝင်မှာကို ဘယ်လိုမှ လက်မခံ။ ဒီလူကို အရှုံးပေးဖို့ ဖြစ်လာမှာအတွက် ဘယ်လိုမှ အလျှော့ပေးလို့ မဖြစ်။

"ဖြစ်ခဲ့သမျှကို ပြန်ကြည့်မယ်ဆိုရင် ကျွန်မကတောင် သူ့ကို တရားစွဲပြီး အပြစ်ပေးနိုင်ပါသေးတယ်၊ သူ့ဘက်က ကန့်ကွက်ခွင့် လုံးဝမရှိပါဘူး။ ကျွန်မတို့ကို လက်မှတ်ထိုးခွင့်ပြုပါ"

စက်က အပြုံးအရယ်မဲ့သည့်မျက်နှာနှင့် နားထောင်နေပြီးမှ ကိုယ်ကို မတ်မတ်ရပ်၍ ...

"တရားသူကြီးခင်ဗျာ၊ ဒီနေရာက တရားစီရင်နိုင်တဲ့နေရာ မဟုတ်ပါဘူး။ မင်္ဂလာပွဲဆိုတာ ကန့်ကွက်သူရှိရင် ဆိုင်းငံ့ထားရပါတယ်၊ ဘာပဲဖြစ်ဖြစ် ဒါ ဥပဒေပါ၊ သူနဲ့ကျွန်တော် ဘယ်သူမှန်တယ်၊ ဘယ်သူမှားတယ် ဆိုတာ အခုတစ်ထိုင်တည်းမှာ ဆုံးဖြတ်ပေးဖို့ မဖြစ်နိုင်တဲ့အတွက် ဒီနေ့လက်ထပ်ခြင်းကို အဖြစ်မှန်မပေါ်မချင်း ရွှေ့ဆိုင်းရမှာပဲ ဖြစ်ပါတယ်၊ ကျွန်တော်ဟာ သူ့ခင်ပွန်းဖြစ်ခဲ့ဖူးတာကို မငြင်းနိုင်တဲ့တစ်ချက်တည်းနဲ့ ကျွန်တော့်ရဲ့ ကန့်ကွက်မှုကို အတည်ပြုပေးဖို့ တောင်းဆိုပါတယ်"

စက်က စကားကို ခဏလေးနားလိုက်ပြီး လည်ဆွဲဘက်ကို တည့်တည့်ပြင်ရပ်၏။

"ဒီမှာ လည်ဆွဲ၊ မင်းကပြန်ပြီး ကိုယ့်ကို ကြိုးကွင်းစွပ်ဦးမယ် ဆိုရင် အိမ်မှာ တစ်လလောက်ပြန်ပြီး အချက်အလက်စုံစုံနဲ့ လျှောက်လဲချက်ရေးလိုက်ပါဦး၊ မနိုင်တဲ့သူ ရှုံးမှာပဲ၊ ကိုယ်က မစရသေးဘဲ





ဘယ်တော့မှ အရှုံးမပေးဘူး၊ အဲဒါ နားလည်လား၊ မင်းရက်စက်က ကိုယ်ကစရင် ကိုယ်တိုင်အဆုံးသတ်ရမှ ကြိုက်တာ၊ မင်းနဲ့ကိုယ် ဘယ်တော့မှ ဆုံးမှာမဟုတ်ဘူး"

စကားကို တစ်လုံးချင်း အေးစက်စက်ပြောသည်။ ဘယ်သူ့ကိုမှ မကြည့်ဘဲ နောက်ပြန်လှည့်၏။ သူသည် ဦးစိုးကောင်းရှေ့မှာ ခဏရပ်ပြီး ...

"သားသား"

ချစ်သဝန်လေး၏ ခေါင်းလေးကို လက်ဖဝါးနဲ့အုပ်ကိုင်ပြီး မျက်နှာလေးကို မော့စေသည်။

"သားသားကို ဖေဖေ ပြန်ခေါ်မယ်"

မျက်ဝန်းလေးတွေ ပြူးဝိုင်းနေသည့် ချစ်သဝန်ကို စက်က အကြာကြီး စိုက်ကြည့်၏။ ထို့နောက် သဘောသဘာလေးငုံ့ကာ လှပသော မျက်ဝန်းလေးများမှ မျက်တောင်ဖျားလေးတွေကို တယုတယ နမ်းလိုက်၏။

လည်ဆွဲ မျက်နှာကို ဆတ်ခနဲ လွှဲပစ်လိုက်မိသည်။ သားကို ဆွဲခေါ်မှာစိုး၍ ပြင်လိုက်မိသောခြေလှမ်းက နဂိုအတိုင်း တည့်တည့် ပြန်ဖြစ်၏။ အံကြိတ်ထားသည့်ကြားထဲမှ လှိုပ်ရှားယမ်းခါသွားသည့် အာရုံထဲမှာ သားကိုနမ်းလိုက်သော အနမ်းဟာ သူမ၏ မျက်တောင်ဖျားတို့ပေါ်သို့ ကျရောက်လာသည့်အတိုင်း။

သွား ...။ မျက်ဝန်းတို့ကိုမှိတ်၍ ခါထုတ်ပစ်လိုက်စဉ် မျက်ရည်စက်တို့က ပိုင်စေ၏ မျက်နှာသို့ ပြေးဝင်သွားကြသည်။

မုန်းလိုက်တာ...။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၈)

"ကျွန်တော်တို့ဆန္ဒကတော့ အားလုံးအေးချမ်းသွားမှပဲ မင်္ဂ... ကိစ္စကို စီစဉ်ရင်ကောင်းမယ်လို့ ထင်တာပဲ ဦးစိုးကောင်း၊ ဘာဖြစ်... လဲဆိုတော့ ဘယ်သူပဲမှန်နေနေ မှားနေနေ သူက ကန့်ကွက်ပြီဆို... အကြောင်းရင်းကို ပြန်ရှာရတော့မှာပဲ၊ ဒါဆိုရင် အဖြေထွက်... မှာကတော့ မှန်တယ်၊ လောလောဆယ် ပြဿနာရှင်းရဦးမှာကို ဘာ... လို့မှ ရှောင်လို့မရဘူး"

အိမ်အပြန်မှာ ကလေးကို မိနန်းနဲ့ ခဏထည့်ပေးလိုက်ပြီး သူ... အားလုံး တိုင်ပင်ခဲ့ကြသည်။ ပိုင်စေ၏ဦးလေး ဦးသစ်မင်းကပဲ စ... စ၏။ ဦးစိုးကောင်းက အစကတည်းက ဒီကိစ္စကို အလျှင်စလို မလု... သတိပေးနေခဲ့သူပါ။ ခက်တာက ပိုင်စေနဲ့လည်ဆွဲပဲ ဖြစ်၏။

"ဘာမှ မပတ်သက်တော့ဘူးဆိုတာ တစ်ချက်တည်း စစ်ကြ... ရုံနဲ့ ပြီးမှာပဲ အန်ကယ်မင်း၊ သူဖျက်လို့ ပျက်သွားရတာမျိုး ကျွန်တော်... မဖြစ်ချင်ဘူး၊ လက်ထပ်မယ်၊ ရှုပ်လာရင် ရှင်းရုံပဲ"

ပိုင်စေက ဖွင့်ဝင်ပြော၏။ လည်ဆွဲကတော့ လက်ဖဝါးနှင့်... ထပ်ဆုပ်၍ အံကြိတ်ထား၏။





"လည်ဆွဲကရော"

ပိုင်စေက သူမကို ငုံကြည့်ပြီးမေးတော့မှ မျက်နှာလေး မော့လာ၏။ ဦးသစ်မင်းနှင့် မျက်လုံးချင်းဆုံကြည့်လိုက်ပြီး ...

"လည်ဆွဲကြောင့် ကိုပိုင်နဲ့ အန်ကယ်မင်းတို့ သိက္ခာကျ၊ အရှက်ရတာကို စိတ်မကောင်းပါဘူး၊ ဒီအဖြစ်ကြောင့် ရှေ့တိုးဖို့ နောက်ဆုတ်ဖို့ ကြိုက်သလို ဆုံးဖြတ်ပါ၊ လည်ဆွဲ ကျေနပ်ပါတယ်"

"ဟာ လည်ဆွဲ၊ လည်ဆွဲရယ်၊ တို့တွေဒေဆွးနွေးနေကြတာ အဲဒါတွေ မပါဘူး"

ပိုင်စေ ပျာပျာသလဲဖြစ်သွားကာ အတွယ်ဥလျက် ထိုင်နေသည့် လည်ဆွဲလက်ဖဝါးလေးပေါ်ကို ထပ်အုပ်ကိုင်လိုက်တော့မလို ဖြစ်သွား၏။ ပြီးမှ သတိတရ လက်ကို ပြန်ရုပ်လိုက်၍ ...

"လည်ဆွဲနဲ့ စက်ရဲ့အကြောင်း အစအဆုံးကို အန်ကယ်မင်းရော၊ တို့ရော သိခဲ့ကြတာပဲဟာ လည်ဆွဲရယ်၊ လက်ထပ်ကြဖို့ကို တို့ကိုယ်တိုင် မနည်းကြိုးစားခဲ့ရတာ၊ ဘာဖြစ်လို့ ဒီလိုပြောရတာလဲ၊ သူဘယ်လိုနည်းနဲ့ပဲဖျက်ဖျက် တို့တွေ ဂရုစိုက်စရာလား"

"အင်း ... ဒါ ဟုတ်ပါတယ်၊ အန်ကယ့်စကားက သမီးပြောသလို အဓိပ္ပာယ်မဟုတ်ဘူးကွယ့်၊ မိန်းကလေးတစ်ယောက်ဟာ ပျိုတာ အိုတာနဲ့ သိက္ခာတရားကို လျှော့ပါးစေနိုင်တာမှ မဟုတ်ဘဲ၊ ဒါ မဆိုင်ပါဘူး၊ အပျိုအရွယ်လေးတွေ အနေအထိုင်မတတ်လို့၊ ဆင်းရဲတဲ့ဒဏ် မခံနိုင်လို့ အကြောင်းအမျိုးမျိုးနဲ့ သိက္ခာမဲ့စွာ ကျင်လည်သွားလာနေကြတာတွေ အများကြီးပဲ၊ အန်ကယ်မင်းတို့က မိန်းကလေးတစ်ယောက်အတွက် သိက္ခာစာရိတ္တက အရေးကြီးဆုံးလို့ သတ်မှတ်ထားတဲ့လူတွေပါ"

"သမီးကို အန်ကယ်မင်း လေးစားပါတယ်၊ အဲဒီလိုပဲတွယ်း ဖြင်



www.burmeseclassic.com

www.burmeseclassic.com



လာနိုင်ခြေရှိတာအားလုံးကို အလေးမထားလို့မရဘူး။ တရား ဥပဒေရယ်၊ လူမှုပတ်ဝန်းကျင်ရယ်၊ ပြီးတော့ ခုနပြောသလို ဆက်သွယ်ပတ်သက်မှုတွေ အားလုံးကိုလဲ ဂရုမစိုက်လို့မရဘူး၊ လူကြီးတွေကတော့ လူငယ်တွေရဲ့ ဆန္ဒကို လိုက်လျောချင်တယ်၊ လိုက်လျောခဲ့ပြီးပြီ၊ ခုလဲ တားဆီးနေတာ မဟုတ်ဘူး၊ လမ်းညွှန်တဲ့ သဘောပါ၊ လူလေးရော၊ သမီးရော၊ စဉ်းစားကြပါ၊ ကလေးမျက်နှာကလဲ ရှိသေးတယ်လေ"

"လည်ဆွဲ၊ တို့ ခဏဆွေးနွေးရအောင်"

"လူကြီးနှစ်ယောက်ရှေ့ကနေ ပိုင်စေက လည်ဆွဲကို ခေါ်ထုတ်လာခဲ့သည်။ ခြံထဲထိလည်း မဆင်းဖြစ်ဘဲ နောက်ဖေးအဆင်းလေးမှာပဲ နှစ်ယောက်မျက်နှာချင်းဆိုင် ရပ်လိုက်မိကြ၏။

"လည်ဆွဲ"

ပိုင်စေကလည်း ရပ်နေသည့်နောက်ကနံရံကို လက်တစ်ဖက်ထောက်၍ မျက်နှာငုံ့လိုက်သဖြင့် လူချင်းက နီးကပ်သွား၏။ လည်ဆွဲက ကိုယ်ကို နံရံမှာ ပို၍ကပ်အောင် ယို့လိုက်ပြီး မော့ကြည့်သည်။

"စက်ကိုမြင်လိုက်တော့ လည်ဆွဲ ရင်ထဲမှာဘယ်လို ဖြစ်သွားလဲဟင်၊ တို့က သဝန်တိုလွန်းလို့ မေးတာတော့ မဟုတ်ပါဘူး၊ ဒါပေမယ့်..."

ပိုင်စေက စကားခဏရပ်၍ သက်ပြင်းချသည်။

"သူလိုလူက မရအရဖြစ်လာရင် ဘယ်မိန်းကလေးမှ ကြာရှည်တောင့်ခံနိုင်မှာ မဟုတ်ဘူးလို့ စိုးရိမ်စိတ်ဖြစ်မိတယ်၊ အဲဒါလဲ လည်ဆွဲကို အထင်သေးတာမဟုတ်ဘူး"

သူ စိတ်ရှုပ်ထွေးစွာ သက်ပြင်းချမိပြန်သည်။

"မင်းရက်စက်ဟာ ကိုယ်တို့လိုကောင်တွေ ဘယ်လိုမှ လိုက်





မမီနိုင်တဲ့ စွမ်းအားတွေ ရှိတယ်၊ ဂရုမစိုက်တတ်တာ၊ မကြောက်တတ်တာ၊ ပြည့်လျှံမှုမောက်နေအောင် ချမ်းသာတာ၊ ပြီးတော့ သူ့ ရုပ်ရည်၊ အားလုံး သူ့ကို ဘယ်သူမှ မယှဉ်နိုင်ဘူး"

"ကိုပိုင် လိုရင်းကို လည်ဆွဲ သိချင်တယ်၊ ဘာကိုပြောချင်တာလဲဟင်၊ အထက်ပါအရည်အချင်းများကြောင့် အရှုံးပေးလိုက်ပါပြီလို့ ပြောချင်တာလား"

"မဟုတ်ဘူး"

"လည်ဆွဲ သူ့အပေါ် စိတ်ယိုင်သွားပြီလို့ ထင်နေတာလား"

"မထင်ပေမယ့် စိုးရိမ်တယ် လည်ဆွဲရယ်၊ အဲဒါ တို့ကို ခွင့်လွှတ်ပါ၊ မင်းရက်စက်နဲ့ အားလုံးမတူကြတာ အဲဒါပဲ၊ အခု သူ မိုက်ရိုင်းခဲ့တာတွေအတွက် သူ့မှာအပြစ်ရှိတယ်လို့ သူမသတ်မှတ်ဘူး၊ တားဆီးရဲတယ်၊ ချုပ်ကိုင်ဖို့ ကြိုးစားရဲတယ်၊ တို့ကျတော့ စိုးရိမ်နေရတယ်၊ သွေးကြောင်တာ မဟုတ်ပါဘူး၊ လည်ဆွဲရယ်၊ စက်ကို လည်ဆွဲ သိပ်ချစ်ခဲ့တယ်ဆိုတဲ့ အဖြစ်က ခြောက်လှန့်နေတာ"

လည်ဆွဲက နှုတ်ခမ်းလေး မသိမသာ လှုပ်ခတ်သွားလျက် သူ့ကို စိုက်ကြည့်၏။

"နောက်လဲခြောက်လှန့်နေဦးမှာပဲဆိုတာ သေချာတယ် ကိုပိုင်၊ ဘာဖြစ်လို့လဲဆိုတော့ မင်းရက်စက်ဆိုတဲ့ ယောကျ်ားကို အားလုံးက အမှတမဲ့ အထင်တကြီး ဖြစ်ခဲ့ကြတာကိုး၊ အဲဒီတော့ နောက်ဆုတ်လိုက်ပါ၊ ရှင် လည်ဆွဲကို နောင်တစ်ချိန်မှာ အဲဒီလို စိုးရိမ်စိတ်တွေနဲ့..."

"လည်ဆွဲ..."

ရှင်းပြလိုစောနင့် ပိုင်စေက လည်ဆွဲ ပခုံးလေးကို ဆုပ်ကိုင်လိုက်၏။ လည်ဆွဲက အေးအေးဆေးဆေးပဲ ဖယ်ချပစ်လိုက်သည်။ ပြီးတော့ နီးနီးလေးရပ်နေရာမှ တစ်ဖက်ကို လျှောက်ထွက်သွားပြီး...



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်မင်းပြောတာ မှန်တယ် ကိုပိုင်၊ လည်ဆွဲတို့ စဉ်းစားမှ ဖြစ်မယ်"

"ဘာရယ်"

ပိုင်စေ ချက်ချင်းအနားရောက်လာပြန်သည်။ ထို့နောက် စိုးရိမ်ကြီးသော မျက်ဝန်းတို့က "မင်း ငါစိုးရိမ်ခဲ့သလိုပဲ တွေဝေသွားပြီလား" ဟု မေးနေသလိုလို။

"ဘယ်လိုပြောလိုက်တာလဲ လည်ဆွဲ၊ လူကြီးတွေ ဘယ်လိုပဲ အကြံပေးပေး၊ ဖြစ်သင့်နေတာ ဘယ်လိုပဲရှိရှိ၊ တို့နှစ်ယောက် လက်ထပ်ဖို့ ဆုံးဖြတ်ကြရအောင်လို့ ပြောချင်လို့ ဒီနေရာကို တို့ ခေါ်ခဲ့တာ"

"လည်ဆွဲက ခိုင်မာခဲ့ပါတယ် ကိုပိုင်၊ ကိုပိုင် စဉ်းစားဖို့ လည်ဆွဲ နောက်ဆုတ်လိုက်တာပါ။ အဟွန်း ဖြစ်ချင်တော့ လည်ဆွဲ လက်ထပ်ဖို့ ဆုံးဖြတ်ရွေးချယ်လိုက်တဲ့သူ မင်းရက်စက်ကို သိပ်ချစ်ခဲ့၊ သိပ်အထင်ကြီးခဲ့၊ ခုလဲ အထင်ကြီးနေဆဲ သူနဲ့ငယ်သူငယ်ချင်း ဖြစ်နေခဲ့တယ်"

လည်ဆွဲ နှုတ်ခမ်းပေါ်က မဲ့ပြုံးမှာ အလွန်အေးစက်နာကြည်းသော ခံစားချက်တို့ ဖုံးလွှမ်းနေမှန်း သူသိသည်။ ဒါဟာ သူ စကားမှားခဲ့ခြင်းကြောင့်...

"လည်ဆွဲ ထင်တယ်လေ၊ တကယ်တော့ ရှင်တို့သူငယ်ချင်းအုပ်စုထဲမှာ သူက ရွှေမင်းသား၊ ရှင်တို့က အပေါင်းပါတွေပဲ၊ ဟိုတုန်းကတည်းက သူ့ကို အလျှော့ပေးခဲ့၊ အကြံပေးခဲ့တဲ့အဆင့်မှာပဲ ရှင်တို့ဘက်က အထင်တကြီး ကိုးကွယ်ပေါင်းသင်းခဲ့ကြတော့ မင်းရက်စက်ဆိုတဲ့ လူကို ရှင် ဘယ်တော့မှ ယှဉ်ရဲမှာမဟုတ်ဘူး"

"လည်ဆွဲ၊ တို့ အဲဒီလောက် မပျော့ညံ့ဘူး"

"အဲဒါတော့ မသိဘူး၊ ဒါပေမယ့် ရှင် ပြောလိုက်တယ်လေ၊ သူ့ကို ဘယ်လိုမှ မယှဉ်နိုင်ပါဘူးဆို"





"အဲဒါ ..."

"အဲဒါပဲလေ၊ ရှင် အထင်ကြီးနေသမျှ လည်ဆွဲကို ရှင် ပိုင်ဆိုင်ထားခဲ့ရင်လဲ သူ့ကို လည်ဆွဲ အထင်ကြီးနေဆဲပဲလို့ ရှင် ထင်နေမှာပဲ၊ ထားလိုက်ပါတော့၊ လည်ဆွဲကတော့ ကောဝင့်ပုဏ္ဏားလို နဖူးက အမာရွတ်ကိုမြင်တိုင်း နာကြည်းနေမယ့်သူပဲ၊ သားလေးကို တစ်သက်လုံး သနားကရုဏာဖြစ်နေရသမျှ သူ့ကို ဘယ်တော့မှ ခွင့်မလွှတ်ဘူး"

"လည်ဆွဲ၊ အားလုံးကို မေ့လိုက်ပါကွာ၊ အရင်က အစီအစဉ်အတိုင်း တို့ လက်ထပ်ကြမယ်၊ သားလေးရယ် တို့ရယ် လည်ဆွဲရယ် ခရီးသွားမယ်ကွာ၊ နီးပြေးကြတဲ့ အဖြစ်မျိုးရောက်လဲ မ[illegible]တ်နိုင်ဘူး၊ လက်ထပ်ပြီးဖို့က အဓိက၊ လည်ဆွဲလဲ သူ့ကို အရှုံးမပေးချင်ဘူးမို့လား၊ လက်ထပ်ပြီးရင် သူ ဘာတတ်နိုင်မှာလဲ"

လည်ဆွဲက ဖျတ်ခနဲ မော့ကြည့်၏။

"သူလဲ ဘာမှမတတ်နိုင်တော့ဘူး၊ လည်ဆွဲလဲ တတ်နိုင်တော့မှာမဟုတ်ဘူး ကိုပိုင်၊ လက်ထပ်ကြတယ်ဆိုတာ ကိုပိုင် ထင်သလောက်မလွယ်ဘူး၊ ပြီးတော့ ကျွန်မက အပျိုဖျန်းကလေး မဟုတ်ဘူး၊ သားရဲ့ မိခင် ဖြစ်နေရာလိုက်မှုတော့ ဘယ်တော့မှ စိတ်မကူးဘူး"

"အဲဒါက ...၊ တို့ကို အထင်မလွဲပါနဲ့ကွာ၊ လည်ဆွဲကို တန်ဖိုးမထားလို့ ပြောလိုက်တာ မဟုတ်ပါဘူး၊ အခြေအနေက ဒီလိုလုပ်ကြမှ လက်ထပ်ဖြစ်တော့မှာမို့ပါ"

"ဘာဖြစ်ဖြစ် ကိုယ့်ပြဿနာကို လည်ဆွဲ ရှင်းတော့မယ်၊ ရှင်လဲ သေချာစဉ်းစားပါဦး"

"လည်ဆွဲ"

လည်ဆွဲက အိမ်ပေါ်ပြန်တက်ဖို့ လှည့်၏။ ပိုင်စေ ရှောက်မိုးခဲကိုင်မိသလို ဖျတ်ဖျတ်သွားသွားကာ ရှေ့ကနေ ကာထားပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"လည်ဆွဲ၊ အဲဒီလိုတော့ မဆုံးဖြတ်လိုက်ပါနဲ့ လည်ဆွဲရယ်၊ တို့ စကားမှားသွားပါတယ်၊ အဲဒါ မင်းကို ဆုံးရှုံးရမှာ စိုးလွန်းလို့ပါ။ တို့ အဲဒီလောက် မပျော့ညံ့ဘူး။ ယုံပါ၊ ယုံပါ ကွာ ...နော်၊ သားလေးက လဲ တို့ကို ခင်တွယ်ပြီးသား၊ တို့ကလဲ သားလေးကိုချစ်တယ်၊ လည်ဆွဲ ကို မြတ်နိုးတယ်၊ အားလုံး မင်းစိတ်ကြိုက်ဖြစ်ရမှာပါ၊ လက်ထပ်ဖြ ဖို့အတွက် တို့ဘက်က ဘာလုပ်ပေးရမလဲ၊ တစ်ခုခုတော့ ပြောပါ ခေါင်းခါပြီး ထွက်မသွားပါနဲ့"

လည်ဆွဲက မျက်နှာပေါ် ဝဲကျလာသည့် ဆံပင်တွေကို ဆတ်ခနဲ ခါထုတ်ပစ်လိုက်ကာ ...

"ဆောရီး ကိုပိုင်၊ ကျွန်မ စဉ်းစားရဦးမယ်"

"လည်ဆွဲရယ်..."





အခန်း (၂၉)

ဆရာမကို သေချာမှာခဲ့ပေမယ့် စိတ်ကမချ။ မူကြိုပြောင်းထား ဖို့ဆိုတာက လွယ်ပေမယ့် ဝေးလွန်းသည်။ အဲဒီကျမှ ပိုဆိုးနိုင်၏။ ပြီး တော့ ကလေးနဲ့ သူ့ဆရာမတွေက အထာကျပြီးသား။ ဒီကျောင်းနဲ့ စည်းကမ်းနဲ့ အဆင်ပြေမှုကိုလည်း ကိုယ်က နှစ်သက်သည်။ ထို့ကြောင့် ကျောင်းမပြောင်းဖြစ်ခဲ့ပါ။

"ဆရာမ၊ ကျွန်မသားလေးကို ဘယ်သူလာခေါ်လို့မှ ထည့် မပေးလိုက်ပါနဲ့"

ပြန်မထွက်ခင် အထပ်ထပ်မှာပြီး အပြင်ရောက်လာတော့ ဘေး ဘီဝဲယာကို မသိမသာကြည့်၊ အသေအချာကြည့်၊ ဘာမှ မမြင်ရလေ၊ ပိုစိုးရိမ်လေ။ ခြေဖျားလေးထောက်၍ ဟိုဒီလှျောက်ကြည့်ပြီး ကား ပေါ်ပြန်ထိုင်တော့လည်း စိတ်က မဖြောင့်သေး။ သူမက မောင်းဟု မပြောဘဲ မမောင်းတတ်သည့်အကျင့်နှင့် ကိုလှတိုးက လည်ဆွဲ ငြိမ်နေ တာကို စောင့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုလှတိုး"

"ဟင် ဘာလဲ၊ လည့်ဆွဲ"

လည်ဆွဲက သူ့ကိုခေါ်သော်လည်း မျက်လုံးတို့က ပတ်ဝန်းကျင်က ကားတစ်ချို့နှင့် လူတွေဆီသို့သာ အာရုံရှိနေလျက် ...

"ဒီနားမှာ နည်းနည်းစိမ်းတဲ့ကားများ တွေ့မိလား"

"ဟင် အစိမ်းရောင်လား"

"မဟုတ်ပါဘူး၊ ခါတိုင်းမမြင်ဖူးတဲ့ကားပေါ့၊ လည်ဆွဲ ကျောင်းထဲဝင်သွားတုန်း မမြင်လိုက်ဘူးလား"

ထိုအခါကျမှ ကိုလှတိုးက သဘောပေါက်ကာ ...

"မမြင်ဘူး၊ မြင်နေကျ လာနေကျ ကားတွေပါပဲ၊ ဟိုဘက်က လက်ဖက်ရည်ဆိုင်မှာတော့ မသိဘူးလေ"

"ကိုလှတိုး"

"ဟင် ..."

"သူ့ကား ဖြစ်နိုင်ခြေရှိတဲ့ ကားရော မြင်မိလား"

လည်ဆွဲက အငှားကားတွေရှိသည့် လက်ဖက်ရည်ဆိုင်ဘက်သို့ စိုးရိမ်မကင်းလှမ်းကြည့်၍ မေးပြန်သည်။

"လည်ဆွဲရယ်၊ အဲဒီလောက်မေးတာကို ငါ သဘောပေါက်ပါတယ်၊ သူက ကားတွေကို အကျိုလဲသလို ထည်လဲစီးနေတဲ့လူပဲ၊ သူ့ကားလို့ ဘယ်လိုသတ်မှတ်မလဲ၊ သူ တကယ်လာချင်မှဖြင့် ကားကိုကြည့်ပြီး ခွပ်ခွဲလို့တော့မရဘူး၊ စောင့်ဖမ်းမှ ရမှာ"

လည်ဆွဲ နှုတ်ခမ်းလေးကိုက်၍ ငြိမ်သက်သွားသည်။ ပြီးမှ ဟိုဒီပြန်ကြည့်၍ ...

"တကယ်လို့ သူ လာတော့ရော၊ သားကို ခေါ်သွားလို့ မရနိုင်ပါဘူး၊ ဆရာမတွေကို သေချာပြောပြခဲ့တာပဲဟာ"





ကိုယ့်ကိုကိုယ် ဖြေသိမ့်သလိုပြောပြီး ခပ်နွမ်းနွမ်း ပြန်မှီချလိုက်တာ...

"မဖြစ်ပါဘူး၊ ဒီပြင်မြို့ကိုပြောင်းနေဖို့ပဲ စီစဉ်တော့မယ်၊ ဒီလူရှိတဲ့နေရာမှာ မနေဘူး၊ တောက် ... မုန်းလိုက်တာ"

လည်ဆွဲသည် 'မုန်းလိုက်တာ' ဟု မကြာခဏ ပြော၍ အံကြိတ်သည်။ တက်ခေါက်တတ်သည်။ မင်းရက်စက်ကို တူးတူးခါးခါး မုန်းတီးလျက် ကလေးကို ပတ်သက်မှာကိုလည်း ကျိုးလန့်စာစား ကြောက်ရွာသည်။ မင်းရက်စက်ဆိုတဲ့ လူကတော့ အမြဲတမ်း အေးအေးဆေးဆေး ပြုံးနေတတ်၏။ သူ ရောက်လာပြီဆို သူ့ဘက်က ပိုင်မြဲသား။ ကိုလှတိုး တိတ်တိတ်လေး သုံးသပ်နေရင်း လည်ဆွဲ အမိန့်ကို စောင့်နေလိုက်၏။

မကြာမီ သူတို့ကားလေး ထွက်သွားသောအခါ စက်က မဲပြုံးနှင့်ကားကို ဖြည်းဖြည်းလေး မောင်းဝင်လာသည်။ လည်ဆွဲတို့ ကားလေးရပ်ခဲ့သည့်နေရာမှာပဲ ရပ်သည်။

အနီရင့်ရောင် မှန်လုံတင်ထားသည့် ကားလေးက ပတ်ဝန်းကျင်က ကားတွေထဲမှာ ဖိတ်ဖိတ်လက်နေသည်။ စက်သည် အဖြူရောင်လည်ကပ်စပို့ရှပ်နှင့် ဘောင်းဘီရှည်အဖြူကို ဝတ်ထားသည်။ အနီရဲရဲကုတ်အကျီကို ဝတ်ထားသော်လည်း ကြောင်တောင်တောင် မနေပါ။ ပြီးတော့ မျက်မှန်အနက်ကို တပ်ထားသည်။

တစ်ကိုယ်လုံးမှာ ဆန့်ကျင်ဘက်အရောင်တွေ ရင့်နေသည့် ကြားမှ ဖြူဝင်းသောအသားရောင်က ထင်းနေသည်။ ယောကျ်ားတန်မဲ့ ရဲတွတ်နေသော နှုတ်ခမ်းလွှာတို့က တင်းတင်းစေ့နေသည်။ သူ ကားပေါ်က ဆင်းလိုက်ပြီး တံခါးကို ရီမုတ်နှင့် ပိတ်ဝစ်ခဲ့သည်။

"ဆရာမ ဝင်ခွင့်ပြုပါ"

www.burmeseclassic.com



ဆရာမနှစ်ယောက် မျက်ခဲ့ လှည့်ကြည့်သည်။ နှုတ်ခမ်းတွေ ပွင့်ဟကာ စက်ကို ခြေဆုံးခေါင်းဆုံးကြည့်ရင်း ...

"ဟို ... ရှင်က ..."

"ကျွန်တော်က ချစ်သဝန်ရဲ့ အဖေပါ"

"အယ်"

"ဟင်"

"ဘယ်သူ ..."

နောက်ထပ် အသက်ခပ်ကြီးကြီး ဆရာမကြီးနှစ်ယောက် ထပ်ရောက်လာသည်။

"ချစ်သဝန်ဆိုတော့ မင်းက သဝန့်ရဲ့အဖေ၊ ဟို ကလေးရဲ့အမေက သေချာမှာထားတာ မင်းပဲဖြစ်မယ်"

ဒီတော့မှ ဆရာမလေးတွေ ပါးစပ်တွေ ချက်ချင်းဖြန့်ပိတ်၍ ကမန်းကတန်း ခေါင်းညိတ်ကြ၏။

"ဟုတ်တယ်"

ဖြိုင်တူထောက်ခံပြီး သဝန်ထိုင်နေသည့် အတန်းထိပ်ကို သွားရောက်ကာကွယ်၍ ...

"ကလေးအမေက သေချာအပ်ပစ်ခဲ့တာမို့ ခွင့်လွှတ်ပါရှင်၊ ကလေးကို ခေါ်သွားခွင့်မပြုနိုင်ပါဘူး"

ထိုအချိန်တွင် သဝန်လေးက မျက်လုံးလေးတွေ ပြူးကျယ်လာကာ တစ်နေရာသို့ ထွက်ပြေးတော့မလိုလို ထရပ်နေပြီဖြစ်သည်။ စက်က ကလေးကို လှမ်းကြည့်ကာ ...

"သားကို မေးကြည့်ပါရစေ၊ သူ လိုက်မယ်ဆိုရင်"

"ဟင့်အင်း မလိုက်ဘူး၊ သားသားလေးကို မေမေဆူမှာ၊ မလိုက်ဘူး"

ကလေးက ခါးခါးသီးသီး ငြင်းပြီး ခုံပေါ်တက်ရပ်လိုက်သည်။ ဆရာမတစ်ယောက်က ကလေးကို လှမ်းဖက်ထားကာ ...





"ရှင် ကြားတယ်နော်၊ တကယ်တမ်း သူက လိုက်မယ်ဆိုရင်တောင် ကျွန်မတို့ကတော့ မထည့်နိုင်ပါဘူး၊ ကျောင်းဆင်းရင် သူ့အမေ ရောက်လာမှာပါ၊ အဲဒီကျမှ ရှင်တို့ဆွေးနွေးကြဖို့ တောင်းပန်ပါတယ်"

ဒီလိုပဲဖြစ်မယ်ဆိုတာ စက်က တွက်ခဲ့ပြီးသား။ သူ့ အခန်းရှေ့သို့ လှမ်းဝင်လာပြီး ကုတ်အင်္ကျီအိတ်ထဲကို နှိုက်လိုက်၏။ လက်ပြန်ထုတ်လိုက်တော့ တစ်ထောင်တန်အုပ်တွေ အစည်းလိုက် ပါလာသည်။ ဆရာမစားပွဲနားအထိ လာပြီး ကိုင်ထားသမျှကို တင်ထားလိုက်ကာ

"ဘယ်မှ ခေါ်မသွားပါဘူး၊ ဒီအခန်းထဲက ဟိုးနောက်ဘက်မှာ သားလေးနဲ့ ကျွန်တော် စကားပြောပါရစေ၊ အားလုံးရဲ့ မျက်စိရှေ့မှာပဲ နေမှာမို့ ခွင့်ပြုပေးပါ"

ဆရာမတွေ မျက်နှာမှာ စိတ်မကောင်းခြင်းတို့ သိသာစွာ ဖြစ်ပျက် ခေါင်းညိတ်ခြင်းသို့ ရောက်လေသည်။



www.burmeseclassic.com

အခန်း (၃၀)

"သား"

သူ့ကိုပဲ တစိုက်မတ်မတ်ကြည့်နေသည့် သားကိုယ်လုံးလေး
ရင်ခွင်ထဲမှာ မြုပ်နေအောင် ဖက်ထားလိုက်၏။

"သား၊ ဖေကြီးကို ကြောက်နေလားဟင်၊ သားလေးကို ဖေကြီး
က ချစ်လို့ပါ သားရယ်၊ မကြောက်နဲ့နော်"

သဝန်သည် သူ့ပါးမှာ ပါးချင်းကပ်၍ စကားတွေဆိုကာ ဟို
ထဲမှာလိုပဲ သူ့မျက်ဝန်းတွေကိုသာ နမ်းနေခဲ့သည့် စက်ကို စကား
မိပါ။ ပါးချင်းခွာသွားပြီး မျက်နှာချင်းဆိုင်ကြည့်တော့ မေမေ တ
မှာခဲ့သော ဖေဖေ့ကို ကြောက်စိတ်တို့ လျော့ပါးသလို ဖြစ်လာခဲ့သည်

"သား"

လက်ဖဝါးသေးသေးလေးကို ဖြန့်ယူပြီး စက်က သူ့လက်
နှင့် ထပ်ဆုပ်သည်။ ထိုလက်ဖဝါးတွေကိုလည်း သဝန်က သေ
ကြည့်၏။ ပန်းနုရောင်ဖျော့ဖျော့ ခပ်ပြားပြားလက်ဝါးတို့နှင့်
စောင်းတွေရဲ့ကာ နုထွတ်တင်းပြည့်သည့် လက်ဝါး။





"သား ဘာလိုချင်လဲဟင်၊ ဘာစားချင်လဲ၊ သားလေး ဘာကြိုက်တယ်ဆိုတာ ဖေကြီး သိပါရစေ၊ ဖေကြီးကို စကားပြောပါဦး သားရယ်၊ ဖေကြီးက ကြောက်စရာကောင်းနေလို့လားဟင်"

သဝန်က သေချာကြည့်ပြီး ခေါင်းလေးခါပြ၏။ စက်မျက်နှာ ချို အိပြုံးကျသွားသည်။ ဤသို့သော ကြည်နူးမှုမျိုး သူ ဘယ်တုန်းကမှ မခံစားခဲ့ဖူးပါ။ သားမျက်နှာလေးကို ထိုင်ကြည့်နေရတာ ကြည်နူးနေသည်။ ပိုပို၍ ချစ်သည်။ ပါးလေးတွေကို ဖွဖွလိမ်၍ နှာသီးဖျားလေးကို မနာအောင် ကိုက်ပစ်ချင်သည်။

"သား"

"......"

"သားမွေးနေ့ကို သိတယ်မို့လားဟင်၊ ဖေကြီးကို ပြောပါလား"

"ပေရယ် နှစ်ဆယ့်လေးရက်"

"ဟင် ဟုတ်လား၊ ဒါဆို ဖေကြီးနဲ့သား မွေးလ … ရက် တူနေတာပေါ့"

ဆရာမတွေက ကဗျာတွေ တိုင်ပေးနေရင်း သူတို့ဆီကိုပဲ လှမ်းကြည့်နေကြ၏။ စက်က အားလုံးကို မေ့နေ၏။ သဝန့်ကိုယ်လေးကို စားပွဲပေါ် ပွေ့တင်၍ ထိုင်စေကာ ခါးလေးကို ပြန်ဖက်မိ၏။ ပြီးတော့ ကုလားထိုင်မှာ ထိုင်နေရာကနေ သူ့မျက်နှာကို မော့ပေးကာ...

"သား ဖေကြီးကို နမ်းမယ်မို့လားဟင်"

သဝန်က ခေါင်းမညိတ်။ စက်က ပြုံး၍ တစိမ့်စိမ့်ကြည့်သည်။ နောက်ထပ် ပါးလေးတို့ပေးကာ...

"မေမေက ဖေဖေ့ကို ဘယ်တော့မှ မခေါ်ရဘူးတဲ့"

သားက စကားပြောဖော်ရလာပြီ။ သားရဲ့စကားတွေကို ဂရုမစိုက်ဘဲ ဝမ်းသာလှိုက်လှဲစွာ သူ ရယ်လိုက်မိသည်။ ပြီးတော့ စက်တေ ကို လျှာနဲ့လှည့်ကစားပြီး သားကို စူးစိုက်ကြည့်သည်။

www.burmeseclassic.com



"သားမေမေက ဖေဖေ့ကို စိတ်ဆိုးနေတာ၊ ဘာပြောပြောကွာ သားက ဖေကြီးကို မစိမ်းကားနဲ့နော်၊ ဖေကြီးနဲ့တွေ့ရင် စကားတွေ ပြောရမယ်၊ လိုချင်တာတွေ စားချင်တာတွေ အားလုံးပြော၊ ခုရော ဘာစားထားလဲ၊ ဘာစားမလဲ၊ ဖေကြီး ဘာဝယ်လာရမလဲ"

"ဝီကေ စားချင်တယ်"

"ဘာယ်လို"

ထပ်မေး၍ စက်က ရယ်သည်။ သားလေး ပါးကိုနမ်း၍ မမြင်ဖူးခဲ့သလို သေချာကြည့်မိပြန်သည်။ မျက်တောင်ကော့ကော့လေးတွေက လည်ဆွဲ မျက်တောင်လေးတွေ ယူတပ်ထားသလိုပါပဲ။ ပြီးတော့ မျက်နှာကျပုံ၊ နှုတ်ခမ်းထောင့်ချိုးလေးတွေ ရွှန်နေပုံကအစ သူနဲ့ တူနေပြန်သည်။ ဘာစားချင်သလဲဆိုတော့ 'ဝီကေ' တဲ့။

"သားက ဝီကေကြိုက်လား"

သဝန်က ခေါင်းလေးညိတ်ပြပြီး သူ့ပခုံးနှစ်ဖက်မှာ လက်ဖဝါးလေးတွေ လှမ်းတင်လိုက်ကာ ...

"ဖေကြီးစားတဲ့ ဝီကေ စားချင်တယ်"

"ဟာ။ သားက ချစ်ဖို့ကောင်းလိုက်တာ"

သူ သားလေးကိုယ်ကို တင်းနေ ဖက်ဝစ်လိုက်လျှင် သတိထားလိုက်မိသည်က သူလည်ပင်းကို သားက ပြန်ဖက်လိုက်ခြင်းပါ။ သားဆီမှ အသိအမှတ်ပြုခြင်းကို သူ ရရှိလိုက်ပြီ။ တကယ်ပါ။ သားလေးကို ထိတွေ့ခေါ် ပြောဖူးခြင်း မရှိသေးခင်ကတည်းက သားဆိုသောဝိတိကို ကြိတ်မှိတ်မက်မောခဲ့မိသည်။

ရင်ခွင်ထဲမှာ ပိုက်ပွေ့၍ သား၏ ပါးပြင်လေးတွေကို မွှေးကြူလိုက်မိသောအခါ အမြဲတမ်း မွှေးနေချင်သည်။ မလွှတ်တမ်း ဖက်ထားချင်သည်။ ကိုယ့်သားလေးပါလားဆိုသည့်အနေနှင့် ပိုင်ဆိုင်ချင်





လာသည်။ တစ်ဆက်တည်းမှာ သားလေးကို ပိုင်ဆိုင်နိုင်ဖို့ ဘယ်လိုအကော်အခဲတွေပဲရှိရှိ ဂရုမစိုက်ချင်သည့် ဆုံးဖြတ်ချက်တွေ ပို၍ ခိုင်မာလာသည်။

"ဖေကြီး"

"ဗျာ"

"ဝီကေ ကျွေးမယ်ဆို"

"ကျွေးမှာပေါ့၊ ဒီမှာရော၊ နောက်တစ်ခါလာရင် အများကြီး ဝယ်လာဦးမှာ"

စက်က ဘောင်းဘီအိတ်ထဲက ဝီကေနှစ်ခုယူပြီး သားလက်ဖဝါးလေးထဲ တစ်ခုထည့်သည်။ တစ်ခုကို သူကိုယ်တိုင် သေချာခွာ ထုတ်၍ ပါးစပ်လေးထဲ ထည့်ပေးလိုက်၏။

"ပြောပါဦး၊ သားက ဝီကေ ဘာဖြစ်လို့ ကြိုက်နေတာလဲ"

"မေမေ ကျွေးတာ"

"ဟင် ... ဘယ်လို"

သားက ဝီကေကို တစ်ဖက်ကဝါးရင်း မျက်တောင်တဖျတ်ဖျတ်ခတ်၍ စဉ်းစား၏။ ပြီးတော့ ဝီကေကို ပါးစောင်လေးထဲမှာ ကပ်ထားပြီး...

"အရင်တုန်းက သားသားကို ဝီကေ ခဏခဏကျွေးတယ်၊ သားသားလေး ဖေဖေလဲ ဝီကေကြိုက်တယ် တဲ့၊ ဖေဖေဝီကေဝါးရင် သိပ်ချောတာပဲ တဲ့"

ပြောနေရင်း သားမျက်လုံးလေးတွေက သူ့ပါးစပ်ဆီ ဝေ့ခနဲရောက်လာသည်။ ခဏလေး စကားရပ်သွားပြီးမှ ဆက်ပြောသည်။

"အခုကျတော့ သားသားလေးကို မစားရဘူးတဲ့၊ ဝီကေ စားတာကို သိပ်မုန်းတာပဲ တဲ့"

သားလေးရယ် ...။ သူ့ကိုယ်သူ 'သားသားလေး' ဟု ထည့်ထည့်



www.burmeseclassic.com

www.burmeseclassic.com



ပြောတတ်သည့် သားနှုတ်ခမ်းလေးနှစ်လွှာကို မချင့်မရဲ မော့နမ်း၍ ခါးလေးကို ဖက်ထားမိပြန်သည်။ ထို့နောက် စားပွဲစွန်းပေါ်ကနေ ပြန်ဆွဲချကာ ရင်ခွင်ထဲမှာပဲ ထွေးပိုက်ထားမိ၏။

"သား"

"ဗျာ"

သား၏ 'ဗျာ' ထူးသံလေးကိုလည်း မြတ်နိုးသွားမိသည်။ သူ မျက်နှာငုံ၍ သား၏ပါးကလေးမှာ ပါးတစ်ဖက်ကပ်ထားကာ..

"ဖေကြီးကို သားက မုန်းလားဟင်"

"ဟင့်အင်း"

"ချစ်လား"

"မေမေက မချစ်ရဘူးတဲ့၊ ခေါ်ရင်လဲ ရိုက်မယ် တဲ့"

သူ အစက သားပြောနေတာကို အပြုံးမပျက် နားထောင်နိုင်သည်။ သားက စကားပြန်ပြောတာကိုပဲ ဝမ်းသာလို့မဆုံး။ ခုတော့ တစ်ထိုင်တည်းမှာပဲ လောဘတွေ တက်လာခဲ့သည်။

သား မုန်းသွားမှာကို အကြီးအကျယ် တုန်လှုပ်လာခဲ့ခြင်းပါ။ ထို အခါ သူ့ကို မုန်းခိုင်းနေသူသာ အဓိကဖြစ်နေမှန်း ကြာလေလေ ပိုသိလာလေ။ သားလေး သူ့အပေါ် မေတ္တာထားနိုင်အောင် ဖွမ်းဆောင်နိုင်တာတောင်မှ လည်ဆွဲ မုန်းနေတာကို ဘယ်လိုဖြေရမှန်း မသိပါလား။

သား၏ ကိုယ်လေးက ကိုယ်သင်းနံ့လေးကို မက်မက်မောမော ရှူရှိုက်ရင်း ရှေ့တိုးဖို့ ဆုံးဖြတ်ချက်များသည် တဖြည်းဖြည်း အရောင်ရင့်လာခဲ့၍..





အခန်း (၃၁)

"သားသားလေး ကြောက်ပါပြီ၊ နောက်ကိုမခေါ်တော့ပါဘူး မေမေရဲ့၊ ဟီး ဟီး"

"ဘာ ... အခုပဲ ... နင်"

"သမီး"

လည်ဆွဲ ရှေ့တိုးသည်။ နောက်ကနေ လက်မောင်းကိုဆောင့်ဆွဲ၍ ကလေးဆီကို ဦးစိုးကောင်း ပြေးသွားသည်။ စိုးရိမ်ပူပန်ခြင်းကြောင့် လက်ထဲကအိတ်ကို ဘယ်လွှတ်ချလိုက်မိမှန်းမသိ။ ချိုင်းကြားထဲက ဖိုင်တစ်အုပ်လည်း သူ့သဘောနဲ့သူ လျှောဆင်းသွားခဲ့သလား။

"ဘယ်လိုလုပ်လိုက်တာလဲ သမီး။ ကလေးကို ညည်း အရုပ်ကလေး မှတ်နေလား"

ဆိုဖာပေါ်မှာ အရုပ်ကြိုးပြတ်လေး ပုံကျနေသည့် မြေးကို ပွေ့ယူကာ ဦးစိုးကောင်း အသားတွေရော၊ အသံတွေပါ တုန်နေသည်။ ငိုချပစ်တော့မလို နှာသီးဖျားတွေ ရဲတက်လာ၏။ တရှိုက်ရှိုက် ငိုနေသည့် မြေးလေးကို တယုတယ ဖက်ထားကာ လည်ဆွဲဘက်ကို လှည့်ရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုမလုပ်မိဖို့ သမီးကို လေးလေး ဘယ်လောက် သတိပေးခဲ့ရလဲ၊ ဘာဖြစ်လို့ သတိလက်လွတ် ရက်စက်ရတာလဲ၊ ကလေးက"

"ကလေးလဲ သိတာပဲ လေးလေး၊ ပြောထားရင် သိရမှာပေါ့၊ မှာထားတာကို မှတ်ထားရမှာပေါ့၊ ဒီလူ မကောင်းပါဘူးပြောထားရင် နားလည်ပါလား"

"ဒီလိုမပြောနဲ့လေ၊ ကလေးဆိုတာ လက်သာရာပျော်မှာပဲ၊ အခု ဘာဖြစ်လာတာလဲ၊ ကလေးက ဘာတွေလုပ်ခဲ့လို့လဲ"

"သူ ... သူက ... ဟိုလူနဲ့"

လက်ညှိုးထိုး၍ စကားပြောဖို့ ကြိုးစားရင်း လက်ညှိုးသည် ကတုန်ကယင် ပြေကျကာ လည်ဆွဲ တဟင့်ဟင့် ရှိုက်ငိုလေသည်။ ပြီးတော့ မျက်နှာကို လက်ဝါးနှစ်ဖက်နှင့်အုပ်၍ ဆိုဖာပေါ်သို့ နောက်ပြန် ထိုင်ကျသွားသည်။

အခုမှ အလုပ်မှ ပြန်ရောက်လာသည့် ဦးစိုးကောင်း ရုတ်တရက် နားမလည်နိုင်ဘဲ မြေးနှင့် လည်ဆွဲ ဘာဖြစ်ခဲ့သည်ကို ဆက်စပ် စဉ်းစားနေရ၏။ ပြီးမှ ...

"တိတ် တိတ်၊ မြေးလေး မငိုနဲ့နော်၊ ဘာဘမြေးက မြေးရဲ့ ဖေဖေနဲ့ တွေ့ခဲ့လို့လား"

"ဖေ ... ကြီးက ... လာတာ"

စကားတစ်လုံးနှင့် တစ်လုံးကြားမှာ ရှိုက်သံလေးတွေ ဆောင့်ခံနေသော်လည်း ပီပီသသတော့ ပြောသွားရှာသည်။ ဖေကြီးဟု ခေါ်လိုက်တာလေးကို ဦးစိုးကောင်း သတိထားမိတော့ လည်ဆွဲ ဖြစ်နေတာကို နားလည်သွားသလို ရှိလေသည်။

ဒါဟာ ကလေးကို ရှေ့ကနေ ခေါ်ပြသွားတဲ့လူရှိလို့ ကလေးက လိုက်ခေါ်တာပေါ့။ သူဟာသူ ရောက်လာတာဆိုလျှင် ...။





"သမီးကို ကျောင်းက ဆရာမတွေက ပြောလိုက်တာလား၊ မြေးကို ဘယ်က ပြန်ခေါ်လာတာလဲ၊ ဆရာမတွေက သေချာမှာထားတာတောင် ထည့်ပေးလိုက်သတဲ့လား"

မေးခွန်းတွေ ဆက်တိုက်ထွက်ကျလာသည်။ လည်ဆွဲ မျက်ရည်သုတ်၍ မော့လာကာ ...

"မထည့်ဘူး၊ ဆရာမတွေက ထိန်းထားနိုင်တယ်၊ သူက ဝင် တွေ့တာ လေးလေးရဲ့၊ သူ့အဖေ လာသွားတယ်၊ အထဲမှာပဲ စကား ပြောပါရစေလို့ ခွင့်တောင်းပြီး အထဲမှာပဲ ကလေးကို တွေ့သွားတာတဲ့၊ သူတို့လဲ ဘယ်လိုမှ တားလို့မကောင်းတော့လို့ ကြည့်နေလိုက်ရတာပါ တဲ့"

လည်ဆွဲက ပြောနေရင်း သားလေးမျက်နှာကိုလည်း မလွှတ်တမ်းကြည့်သည်။ သူမ ရောက်သွားတော့ သားက ပါးစပ်ထဲမှာ ပီကေနှင့် လက်ကလေးတစ်ဖက်မှာလည်း ပီကေတစ်ခု ကိုင်ထားဆဲ။ ပီကေတွေ ကိုယ်မှာနေရာအနှံ့အပြားနှင့် သားကို မြင်လိုက်ကတည်းက သူမ ရင်တွေ ပူသွားခဲ့သည်။

သားကို ပွေ့ကိုင်လိုက်တော့ နှာခေါင်းထဲဝင်လာသော ပီကေနံ့က သူမ ဘယ်လိုမှ မေ့မရခဲ့သော ခပ်သင်းသင်းမွှေးရနံ့။ ရှူးရှူးမိုက်မိုက် စွဲစွဲလမ်းလမ်း ဖြစ်ခဲ့ရသော၊ မုန်းလွန်း၍ နာကြည်းစိတ်နှင့် မေ့ချင်မိလျက် မမေ့နိုင်သေးသော ....။

"သား ... သားလေးကို ဒါတွေ"

"ညီမလေးရယ်၊ အဲဒါကို ပြောပြချင်လို့လေ"

သားလေးက သူမကို မြင်လိုက်တာနှင့် ပီကေကို တင်းခနဲ ဆုပ်ပစ်သည်။ ဝါးနေသည့် နှုတ်ခမ်းလေးတွေကို ဖိပိတ်ပစ်၏။ သားက ရေငုံနှုတ်ပိတ်၍ နောက်ဆုတ်သော်လည်း ဆရာမက အနားရောက်လာပြီး ရှင်းပြသည်။ တောင်းပန်သည်။ ထို့နောက်...



www.burmeseclassic.com

www.burmeseclassic.com



"လေးလေးပဲ စဉ်းစားကြည့်ပါဦး၊ သားကို ခဏလေးစကားပြော ခွင့်ပေးပါ ဆိုပြီး ကျောင်းရန်ပုံငွေအတွက် ငွေငါးသိန်း ချလှူသွားသတဲ့၊ ဆရာမတွေက ဒီငွေထုပ်ကိုပါ ပြတယ်၊ ဆန္ဒရှိရင် ညီမ ပြန်ယူသွားလို့ ရပါတယ် တဲ့"

ဟင် ... အံ့ဩစရာပါလား။ ဦးစိုးကောင်း မျက်နှာခပ်လွှဲလွှဲနှင့် မြေးကိုချီထားရင်း ဖြည်းညင်းစွာ ထိုင်သည်။

"ဒီလောက်လေးကို ဒီလိုငွေတွေ ချသုံးသွားတာ၊ နောက်ဆိုရင် သားကိုရဖို့ သူ ဘယ်လိုကြိုးစားလာမလဲ၊ သူ ချမ်းသာတိုင်း ပစ်ချမုံး ကြရင် ဒီကလေးခံနိုင်မလား၊ ခုပဲ ဖေကြီးလို့ ခေါ်တတ်နေပြီ"

"ဟင်း ..."

ဦးစိုးကောင်းက ဘာကိုမှန်းမသိသော သက်မရှိက်သံနှင့် ခေါင်းညိတ်၏။ ဒီလိုတွေ ဖြစ်လာမယ်ဆိုတာ သူ တွက်ထားပြီးသားပါ။ ဒါကြောင့်လည်း ကိုယ့်တူမလေးကို ထားခဲ့ရက်လေခြင်းလို့ ဒေါသအမျက်ရှိနေခဲ့တာတောင် ဖြေနိုင်အောင် ကြိုးစားထားခဲ့သည်။

ကျေနပ်လက်ခံချင်လွန်းလို့တော့ မဟုတ်ပါ။ မြေးလေး မျက်နှာလေးက ရှိသေးသည်။ ဘာပဲဖြစ်ဖြစ် ကလေးကို ဝမ်းနည်းအားငယ်သွားအောင် မဖြစ်စေဘဲ ပြဿနာကို လိမ်လိမ်မာမာ ကိုင်တွယ် ဖြေရှင်းနိုင်ဖို့ ကြိုးစားချင်သည်။ ဒါကို နားလည်အောင် ပြောပြလို့လည်း လည်ဆွဲက နားမလည်။

"လေးလေး"

"ဟင်"

လည်ဆွဲမှာ ဦးစိုးကောင်း ငေးငိုင်နေတာကိုပဲ အားမလိုအားမရ ဖြစ်နေပုံနှင့် ...

"ပြောပါဦး လေးလေးရဲ့၊ အဲဒီလူရဲ့အန္တရာယ် ကြီးနေပြီလား။





မကြီးသေးဘူးလား၊ လေးလေးက လေးလေးမြေးကို ထည့်ပေးလိုက်နိုင်ပြီလား၊ သူ့အဖေနဲ့ သူ့သားပဲလို့ သဘောထားနေတာလား၊ ဒီမှာ လေးလေးတူမက အရှက်တွေ၊ အသက်တွေနဲ့ ရင်းနှီးစွန့်စားပြီး မွေးခဲ့ရတာလေ၊ အသုံးမကျတဲ့တူမကြောင့် လူဘုံအလယ်မှာ မျက်နှာငယ်ခဲ့ရတာလဲ လေးလေး မမေ့နိုင်လောက်ဘူး ထင်ပါတယ်"

"သမီးရယ်၊ ဒါတွေ ဒီလိုဖြစ်လာဖို့ရှိတဲ့အချိန်က ဖြတ်သားဖို့ လေးလေး ပြောခဲ့ဖူးတယ်၊ အဲဒီတုန်းက ဘာပြောခဲ့လဲ မှတ်မိသေးလား"

လည်ဆွဲက မျက်တောင်တစ်ချက်မှ မခတ်ဘဲ ငေးကြည့်နေ၏။ မငိုတော့ပေမယ့် ရှိုက်သံလေး တစ်ချက်တစ်ချက် ထွက်နေဆဲရှိသည့် ကလေးပါးပြင်လေးကို ငုံ့မကြည့်ဘဲ လက်ဖဝါးနှင့် တယုတယ ပွတ်သပ်ရင်း ဦးစိုးကောင်းက ...

"ကိုယ့်ဆန္ဒရှိတဲ့အတိုင်း ဆုံးဖြတ်နိုင်တာဟာ ရဲရင့်တာပဲဆို၊ စိတ်ဆန္ဒဟာ ပထမ၊ ပတ်ဝန်းကျင်က ဒုတိယဆို"

"ဟုတ်တယ်၊ အခု လည်ဆွဲရဲ့ပထမဆန္ဒက သူနဲ့ဝေးဖို့ပါပဲ"

"သမီးက ဟိုတုန်းက လည်ဆွဲ မဟုတ်တော့ဘူးလေ၊ သမီးရဲ့ ဆန္ဒကို ဦးစားပေးလို့ မရတော့ဘူး၊ သမီးက မိခင်တစ်ယောက် ဖြစ်နေပြီ"

သားလေးမျက်နှာကို ဖျတ်ခနဲ ကြည့်လိုက်မိ၏။ ရင်ထဲမှာ နင့်သွားသည်။ သူ့ကို မုန်းသော်လည်း သူ့ရင်သွေးဆိုပြီး မုန်းလိုက်လို့ မရပါလား။

သားလေးကို ဒေါသဖြစ်ဖြစ်နှင့် ဆွဲဆောင့်ခါပစ်လိုက်သည်။ မရိုက်ခဲ့ဘူးဆိုပေမယ့် ဆိုဖာပေါ်မှာပဲဆိုသော်လည်း သားလေး မှ နယ်နယ်လေးနဲ့ ဘယ်လောက်နာရှာမလဲ။ မျက်ရည်က ထင်ကျလာခဲ့ရင်း လေးလေးပြောနေတာတွေကို လက်မခံချင်သော်လည်း မငြင်းနိုင်သည့် မချိတရိ မျိုသိပ်ခြင်းများဖြင့်...



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုတော့ လေးလေး လည်ဆွဲကို ခွင့်ပြုပါ"

"ဘာလဲ သမီး"

"သားလေးကို လည်ဆွဲ တခြားနည်းနဲ့ စည်းရုံးပါ့မယ်"

"ဒါပေါ့ သမီးရယ်၊ လေးလေး လိုချင်တာ အဲဒါပါပဲ၊ သမီးက လေးလေးက ငါ နားကြည်းသလို မနာဘူး၊ သူ့အဖေမို့လို့ ခွင့်လွှတ်ကြည်ဖြူနေတာ ဘာညာ၊ အဲဒီလိုထင်နေတာ၊ တကယ်တမ်း လေးလေးက အဲဒီလိုဖြစ်စေချင်တာပါ၊ သမီးက မြေးလေးကို နူးနူးညံ့ညံ့ သာသာယာယာ ချော့ရမှာ"

လည်ဆွဲက ဆက်ရန်ရှိသေးသည့် စကားကိုပြောမလို့ပြင်ပြီးမှ ဦးစိုးကောင်း ပြောလို့မပြီးသေးတာမို့ ပါးစပ်ပိတ်ပြီး ငြိမ်နေပေးလိုက်သည်။

"ကလေးကိုယ်တိုင် သူ့အဖေကို မမြင်ဖူးဘူး၊ အသိအမှတ် မပြုဘူးဆိုရင် ပြဿနာမရှိဘူး၊ အခုလို ဖြစ်လာပြီးတော့ သူ့အကြောင်းကို သမီး လက်လွှတ်စပယ်ပြောလို့ မဖြစ်တော့ဘူးလို့ လေးလေး ထင်တယ်၊ ကလေးက သူ့အဖေလို့ သတ်မှတ်ခဲ့ပြီးပြီ၊ မခေါ်ချင်လို့ မရ ပေမယ့် မတော်ချင်လို့မှ မရဘဲ၊ အပြောအဆို ဆင်ခြင်ပါကွယ်၊ ကလေးကို ပညာသားပါပါနဲ့ နားဝင်အောင် ရှင်းပြပါ၊ အဖက်ဖက်ကနေ အစွန်းမလွှတ်အောင် ပြောပါ"

"အဲဒါတွေနဲ့ ဝေးမှဖြစ်မယ် လေးလေး၊ လည်ဆွဲနဲ့ သားလေးကို ဒီကနေ ထွက်ခွာခွင့်ပြုပါ"

"ဟင် ... ဘာ ..."

ဦးစိုးကောင်း မျက်လုံးကြီး ပြူးသွား၏။ လည်ဆွဲကတော့ မျက်ရည်မကျတော့ဘဲ တင်းမာနေသော မျက်နှာနှင့် ...

"ဒီမှာနေသမျှ သူ့အတွက် တစ်ကွက်ချန်ပေးနေရတာမို့ လည်ဆွဲ စိတ်ဆင်းရဲလို့ သေမှာ၊ ပြောင်းသွားပါရစေ၊ သူနဲ့ဝေးမယ်ဆိုရင် ဘယ်ပဲ သွားရ သွားရ"





"မဝေးနိုင်ဘူး သမီး၊ သမီး ဘယ်ကိုသွားမလဲ၊ သူ လိုက်ချင် လိုက်လာမှာပဲ၊ သူက နဂိုကတည်းက ဖြစ်ချင်တာကို ဖြစ်အောင် လုပ်တယ်၊ ဖြစ်ခွင့်လဲ ရနေခဲ့တဲ့သူ၊ ပြီးတော့ ဘာမဆို လက်ထဲ ရောက်အောင် သူ ဖန်တီးနိုင်တယ်၊ လေးလေးတို့ထက် အများကြီး ချမ်းသာတာကို မမေ့နဲ့ သမီး"

"သူ ဘာပဲဖြစ်ဖြစ် လည်ဆွဲဟာ နောက်ထပ်တစ်ကြိမ် အလိမ်ခံရဖို့ ဒူးထောက်ကျမသွားစေရဘူး လေးလေး၊ ဒီကလေးက သူနဲ့ ဆိုင်ဘူး၊ သူလဲ သိခဲ့ ဂရုစိုက်ခဲ့တာ မရှိဘူး၊ ခုကျမှ လည်ဆွဲကို လိုချင်လို့ ကလေးနဲ့ အကြောင်းပြတာ"

"သမီးရယ်၊ ဘက်လိုက်ပြောတယ်လို့ မထင်ဘူးဆိုရင် ... ညည်း ... စဉ်းစားကြည့်ပါဦး၊ သမီး နုနုငယ်ငယ် အပျိုရိုင်းကလေးတုန်း ... တောင် စွန့်ပစ်ထားခဲ့တယ်ဆိုရင် ကလေးတစ်ယောက်အမေ၊ ... အသက်ထိစွန်းလာပြီးမှ သူ အရူးအမူးဖြစ်နေပါ့မလား၊ လက်ထပ်ပွဲ ဆိုတာလဲ မဖြစ်မြောက်ဘူး တဲ့၊ သူ ခုထိ လွတ်လပ်တဲ့သူပဲ၊ ချော တုန်းလှတုန်းအရွယ်၊ မွေချင်ရွှေ့ချင်ရင် ရသေးတာပဲမို့လား၊ သမီးရဲ့ ယောက်ျား၊ ဒီကလေးရဲ့အဖေအဖြစ် လူသိခံမယ်တဲ့လား"

"ခံတယ်၊ ခံမှာပေါ့ လေးလေးရဲ့၊ သူက လူလည်ပဲဥစ္စာ၊ သူ့စိတ်ကို လည်ဆွဲ အသိဆုံး၊ သူမှန်တယ်ထင်သမျှ အကုန်လုပ်တယ်၊ အဲဒီထဲမှာ လောင်းကြေးမျှမျှ မရှိမျှ သူ ဂရုစိုက်တာ မဟုတ်ဘူး၊ လည်ဆွဲ ကိုဝိုင်နဲ့ လက်ထပ်တော့မှာကို သိလို့ မရမက ဖျက်ဆီးဖို့ ကြိုးစားတာ၊ မင်္ဂလာပွဲကို ဖျက်ပစ်တာလဲ ဒါပဲရှိမှာပေါ့၊ သူ့ရဲ့ ပထမ လိုအင်ချက်က ကိုဝိုင်နဲ့ လည်ဆွဲ လက်မထပ်ဖြစ်ဖို့၊ ဒုတိယအချက်က လည်ဆွဲကို နောက်ထပ်ညာချင်လို့၊ သားလေးက သူ့အတွက် ငြမ်းစင်ပဲ၊ အဲဒါ ကြောင့် သူဖြစ်ချင်တာ ဘာမှဖြစ်ခွင့် မပေးနိုင်ဘူး၊ ကိုဝိုင်ကို ခွတ်



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ဖို့ကျတော့ မဖွယ်ရာဘူးတဲ့၊ သားလေးနဲ့ကျတော့ ကလေးကို ငဲ့ရမယ်၊ လည်ဆွဲဘက်က ဆုံးဖြတ်ခွင့် ဘာရှိလို့လဲ၊ အဲဒါကြောင့် သူ့အနား၊ သူ့ပတ်ဝန်းကျင်မှာ လည်ဆွဲ မနေဘူး”

“ဆုံးဖြတ်ရလိုက်တာ ကလေးရယ်”

ဦးစိုးကောင်း ညည်းသံသဲ့သဲ့နှင့် ခေါင်းငိုက်စိုက်ကျသွားခဲ့၏။ ဒီကျတော့လည်း လည်ဆွဲ မမြင်ရက်ပါ။ လေးလေး ခေါင်းငိုက်စိုက်ကျခဲ့သလို သူမလည်း မျက်နှာလွှဲခဲ့မိပါသည်။ ထိုမြင် သားလေး မွေးဖွားခဲ့ပြီးမှ ‘ကလေး’ မခေါ်ဖြစ် သလောက်ရှိခဲ့သော ဦးစိုးကောင်းနှုတ်မှ ‘ကလေး’ ဆိုသည့် ကြေကွဲသံကို မကြားရက်နိုင်။

သုံးပွင့်ဆိုင်ကြေကွဲနေသော နှလုံးသားတို့တွင် ချစ်သဝန်ဆိုသော ကလေးငယ်လေးကတော့ ဘယ်သူမှမသိနိုင်သည့် ညာလက်ကလေးဖြင့် ဘောင်းဘီတိုအိတ်ကပ်လေးတစ်ဖက်ကို တင်းကျပ်စွာဆုပ်ဆွဲထားလေသည်။ စိုကပ်ကပ်မျက်ရည်တို့ဖြင့် ပူးတွဲနေသော မျက်တောင်ရှည် လေးတွေ ဖြန့်ကပ်လျက် သူမ၏မျက်နှာကို မလုံမလဲ ကြောက်ကြောက်ရွံ့ရွံ့ စိုက်ကြည့်နေတာကိုလည်း လည်ဆွဲ မမြင်နိုင်

သားလေး ဆုပ်ကိုင်၍ ချောက်ချားနေသည့် အိတ်ကပ်လေးထဲက အရာဟာ ပီကေလေးတစ်ခုဆိုတာများ ထပ်ဆင့်သိရှိခဲ့ပါလျှင် —

❧ ❧ ❧





အခန်း (၃၂)

လမ်းပေါ်မှာ ကားသိပ်မရှိပေ။ ပြီးတော့ ထောင့်ချိုးအကွေ့မှာမို့ ဘွားခနဲ မြင်လိုက်ရသည်နှင့် ရှေ့ကအရာအားလုံးက အမှတ်ထင်ထင်ဖြစ်သွားခဲ့၏။ စက်က ရှေ့ကကားကို မရှောင်ဘဲ သူ့ကား၏ ဦးခေါင်းကိုဆွဲလှည့်ကာ ဝိတ်ခံပစ်လိုက်၏။

မျက်နှာချင်းဆိုင်လာသည့် ကားပေါ်မှာ ပိုင်စေ။ ‘ရှေ့ကကားက စက်ရဲ့ကားပဲ’ ဟု အတွေးဖြစ်သည်နှင့် ပစ်တိုက်တော့မလို ဖြစ်သွားတာ သီသီလေးပဲဖြစ်သည်။ တမင်သက်သက် ပြဿနာရှာတာ မှန်းသိလိုက်ပေမယ့် ပိုင်စေ ကိုယ့်စိတ်ကို ချုပ်တီးသည်။ သူရှောင်ညှည့်ဘက်ကို လိုက်ပိတ်ထားသဖြင့် ကားနှစ်စီးက လမ်းဘေးတစ်ဖက်မှာ ကပ်ရပ်ထားသလိုဖြစ်နေ၏။

ထို့ကြောင့် ကားတွေ ဖြတ်သွားဖြတ်လာ ရှိကြပေမယ့် ပြဿနာမရှိ။ စက်နဲ့ သူရင်မဆိုင်ချင်ပါ။ ဒါပေမယ့် တံခါးဖွင့်ဆင်းလာနေတာမြင်တော့ သူလည်း ဆင်းလိုက်ရသည်။

ဘောင်းဘီနက်ပြာရင့်နှင့် အပြာရောင်ဖျော့ဖျော့ ရှပ်အကျႌ လက်



www.burmeseclassic.com

www.burmeseclassic.com



တိုပွပွကို ဝတ်ထားသော စက်၏မျက်နှာက မြင်နေကျလိုပါပဲ။ ဖြူဝင်းနေသည့် မျက်နှာပေါ်မှာ နှုတ်ခမ်းရဲရဲတို့က ထင်းနေသည်။

သူ ဝတ်ထားတာက အနီရောင် ချည်ချောပုဆိုးကွက်စိပ်စိပ်နှင့် နုသာရောင် ဖောရိန်းရှပ်လက်တို။ မျက်နှာရှေ့မှာ ရှင်း၍ နောက်မှာ ပခုံးပေါ်သို့ ခွေထောက်ကျနေသည့် ဆံပင်ပုံက ဟိုတုန်းကလည်း ဒီလိုပဲဖြစ်သည်။

သို့သော် ခုကျမှ ပို၍ သေချာကြည့်ဖြစ်သည်။ သူကတော့ နားသယ်စပ်က ဆံပင်တွေကိုတောင် ရှင်းရှင်းတိုတိုပဲ ညှပ်ထားတာ ဖြစ်သည်။ မျက်နှာရော၊ လူပုံစံရော စက်နဲ့ဘာမှမဆိုင်။ ဘာမှမဆိုင်ခဲ့တာလည်း ခုမှမဟုတ်ဘဲ။

စက်နဲ့မှ ဘာဖြစ်လို့ သူ ပြိုင်ဘက်တွေ ဖြစ်ခဲ့မှန်းမသိ။ ဒါဟာ ရည်ရွယ်ချက်မရှိဘဲ မျဉ်းပြိုင်နှစ်ကြောင်းပေါ်မှာ အတူရပ်မိခဲ့ကြခြင်းသာ၊ လည်ဆွဲဟာ စက်နဲ့ပတ်သက်ခဲ့သည့် မိန်းကလေးမှန်း သူ အစက မသိခဲ့။ သိတဲ့အချိန်မှာလည်း နောက်ဆုတ်ဖို့ မရည်ရွယ်ခဲ့ပါ။

လည်ဆွဲဟာ စက်ကို ဘယ်လောက်ပဲ တမ်းတမ်းစွဲနေပါစေ၊ စက် ဘယ်လိုလူစားမှန်းသိတဲ့တစ်နေ့မှာတော့ မုန်းကိုမုန်းလိမ့်မည်။ နာကြည်းကျောခိုင်းသွားလိမ့်မည်။

ဒါဟာ သူဘက်က အပိုင်တွက်ခဲ့ပြီးသား၊ သေချာမှုတစ်ခု။ ဘာ့ကြောင့်လဲဆိုတော့ စက်ဟာ ဘယ်တော့မှ နောက်ပြန်လှည့်လာမယ့် သူ မဟုတ်တာကို သိနေခဲ့၍ဖြစ်သည်။

လည်ဆွဲကို အမှန်အတိုင်းသိစေမည်။ လည်ဆွဲ နားလည်လက်ခံသွားတဲ့နေ့ဟာ လည်ဆွဲကို သူ လက်ထပ်ခွင့်ရတဲ့နေ့ ဖြစ်လာမည်။ ဒါကြောင့် သူ နေ့ကိုဆုံးကြိုးစားခဲ့တာက စက်၏မင်္ဂလာဆောင်ပွဲကို လည်ဆွဲ မြင်အောင် ခေါ်ပြလိုက်ခြင်းဖြစ်သည်။





လည်ဆွဲဘက်က သူ ထင်သလိုဖြစ်ခဲ့သော်လည်း စက်က သူ ထင်ခဲ့သလို ကျောခိုင်းမသွားခဲ့ဘဲ ထိပ်တိုက်ရင်ဆိုင်ဖို့တွေ ဖြစ်လာသောအခါ..

"မင်း ဘာပြောမလို့လဲ စက်"

ခပ်လှမ်းလှမ်းတွင် ရင်ဆိုင်ရပ်မိသည်နှင့် ပိုင်စေက စမေး၏။ စက်က သူ့တစ်ကိုယ်လုံးကို ခပ်ချဉ်ချဉ်ငေ့ကြည့်ပြီး လက်ပိုက်၏။

"မင်းကို သတင်းကောင်းပေးမလို့ပါ။ ငါ ခရီးသွားစရာရှိတယ်၊ လည်ဆွဲဆီပြေးပြီး အလစ်အငိုက်မှာ စည်းရုံးဖို့ ကြိုးစားဦးမယ်ဆိုရင် သွားလို့ရပြီပေါ့"

"စက်၊ မင်း ငါ့ကို မစော်ကားနဲ့"

စက်က မဲ့၍ ရယ်တိုးရယ်၏။

"မင်းက မင်းသားတော့ မင်းသားပါပဲ၊ ဒါပေမယ့် လုပ်ပုံကိုင်ပုံက လူကြမ်းပဲ ဖြစ်နေတာကိုး"

ပိုင်စေက မျက်မှောင်ကုတ်၍ စူးစိုက်ကြည့်နေသည်။

"ငါသားကို စည်းရုံးပြီး အမေကို ကြိုးစားတယ်၊ မင်း မရခဲ့ပါဘူး၊ မှတ်တယ်မို့လား၊ ငါ့မင်္ဂလာပွဲကို လက်ညှိုးထိုးပြပြီး ယုတ်မာလိုက်တော့မှ ကြံစည်ခွင့်ရခဲ့တာ"

"ငါ ယုတ်မာတာမဟုတ်ဘူး၊ ဒါ မင်းရဲ့မင်္ဂလာပွဲပဲ၊ သူ့ကို ဖစ်ထားခဲ့တဲ့အချိန်က စပြီး ငွေနှင်းစက်ကို လက်ထပ်ဖို့ မင်းစေ့စပ်ခဲ့တာ မဟုတ်လို့လား"

"အဲဒါကြောင့် ပြောတာလေ၊ မင်းက ငါ့ရဲ့အတွင်းသိဖြစ်နေတယ်ဆိုတာ၊ အဟွန်း 'သူမယားလို သူလင်လှုံနဲ့ထိုး' ဆိုတာ တော်တော့ကို သိလွယ်မြင်လွယ်တဲ့ ကောက်ကျစ်မှုပဲ၊ လေးစားလိုက်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ပိုင်စေက သိသိသာသာ အံကြိတ်သည်။ စက်က ဂရုမစိုက်ဖွာ ရယ်၏။

"ချစ်ကြိုက်ကွဲညားဆိုတာ ဇာတ်လမ်းဟောင်းကြီးတွေပါပဲ၊ ဒါပေမယ့် ဒီနေ့ထိ ချစ်ကြတဲ့လူတိုင်း ဒီတိုင်းပဲ ရှိနေကြသေးတယ်၊ ဇာတ်လိုက်မင်းသားနဲ့ မင်းသမီး ဘာကြောင့်ပဲ ကွဲကြ၊ လွဲကြ၊ ပရိသတ်က ပြန်ပေါင်းစေချင်ကြတာပဲ၊ လူကြမ်းနဲ့ မင်းသမီး ညားသွားတဲ့ ဇာတ်လမ်း ရှိဖူးလား"

"မင်းသားက လူကြမ်းထက်ဆိုးတဲ့ အကျင့်စရိုက်တွေ ရှိနေရင်လဲ ပရိသတ်က နှုတ်ခမ်းမဲ့ကြတာပါပဲ စက်ရာ၊ မင်း သိပ်ဘဝင်မမြင့်ပါနဲ့၊ မင်း တစ်ကိုယ်လုံးမှာ အရေပြားတစ်ထောက်စာပဲ ကြည့်ပျော်ရှုပျော်ရှိတာ၊ ကျန်တာအားလုံးက စုတ်ပြတ်သတ်နေပြီ"

"ကြိုးပြတ်သွားတဲ့ ပုလဲလုံးတွေကို တစ်စစီ၊ တစ်လုံးစီ အရုပ်မျက်နှာပေါင်းစုံကို လှွင့်ထွက်ဖိတ်စင်ကုန်လဲ လည်ဆွဲ လိုက်ကောက်ပြီး ပြန်သီလိမ့်မယ်၊ မင်း ကြည့်နေလိုက်ပေါ့"

"မင်းကလဲ အဲဒီလိုဖြစ်ဖို့ ကြိုးစားနေတာမို့လား၊ အချစ်ကို လိုချင်တာမဟုတ်ဘူး၊ အနိုင်လိုချင်တာ၊ ငါ့ကိုနိုင်ချင်လို့ လည်ဆွဲကို ပြန်လိုချင်တာ"

"မင်း ပါးစပ်ပိတ်ထား"

စက် ဖျတ်ခနဲ ရှေ့ရောက်လာသည်။ ပိုင်စေ့ရင်ဘတ်ကို ဆုပ်ဆွဲလိုက်ပြီးမှ တဖြည်းဖြည်း ပြန်လွှတ်၏။ အံကြိတ်ထားသဖြင့် သူ့မေးကြောကြီးတွေ တလှုပ်လှုပ်ထောင်တက်လာသည်။

"စကားကို ဆင်ခြင်ပြော ပိုင်စေ၊ မင်းကို ပြောနေတဲ့ ငါ့အပြုတွေထဲမှာ ဟန်ဆောင်မှုတွေ အများကြီးပဲ၊ ဟန်မဆောင်တတ်ဘဲ ဟန်ဆောင်နေတာ၊ ဘာဖြစ်လို့လို့ မင်းထင်လဲ၊ ငါ့မိန်းမကို ငါချစ်လို့





မချစ်တတ်သူ ချစ်လာပြီဆိုရင် ရှုံးတတ်တာ၊ ငါ့သားနဲ့ ငါ့မိန်းမ အတွက်၊ ယောကျ်ားနှစ်ယောက်ကြားမှာ ရှင်းရ လင်းရနဲ့ လူသိရှင်ကြား ပိုဖြစ်ကုန်မှာစိုးလို့ ငါ ထိန်းနေတာ"

ပိုင်စေက အင်္ကျီကို သေချာပြုပြင်လိုက်ပြီး မထိတထိ မဲ့၏။

"ဒါကြောင့် ရုံးထဲမှာ ကျွန်တော့်မိန်းမပါဆိုပြီး လူသိရှင်ကြား သိက္ခာချလိုက်တာပေါ့၊ လေးစားစရာပဲ"

"ငါ့မိန်းမ မင်းလက်ထဲကိုရောက်ဖို့အတွက် လေးစားခံရနေရအောင် ငါက ကြောင်မှ မဟုတ်ဘဲ၊ ဒီမှာ ပိုင်စေ၊ ငါ့မိန်းမနဲ့သားကို ပိုင်ဆိုင်ခွင့် ပြန်ရဖို့ကြိုးစားချိန်မှာ လေတိုက်တာတောင် မသဒ္ဓါဘူး၊ အဲဒါကို နားလည်ရင် မင်း ဝေးဝေးနေပါ၊ သတိပေးနေရတာကို ဘဝင်တော့ မမြင့်နဲ့နော်၊ ပါသွားမှာစိုးလို့ မဟုတ်ဘူး၊ မင်းကို ငါ ဒီထက် မစော်ကားချင်လို့"

ပိုင်စေက မဲ့တဲ့တဲ့လုပ်နေဆဲ။ စက်က ပန်းနှစ်ဖက်ကို ဆောင့်တွန်းပစ်လိုက်ပြီးမှ လှည့်ထွက်သွား၏။ ကားပေါ်ကို နောက်ပြန်ထိုင်ကျသွားကာ ပိုင်စေက စက် ကားထွက်သွားတဲ့အထိ စူးစိုက် လိုက်ကြည့်နေခဲ့သည်။

ရင်ထဲမှာ တကယ်ရှိနေတာတွေက ဒီစကားတွေမဟုတ်ပါ။ စက်ကို ယှဉ်ပြိုင်ဖို့ သူ ဘယ်တုန်းကမှ စိတ်မကူးခဲ့ပေ။ လက်ထပ်ပွဲ ပျက်သွားပြီးတဲ့နောက်မှာ သူ့ဘက်မှာ ရာခိုင်နှုန်းအများကြီး နည်းပါးသွားပြီဆိုတာကို နားလည်လိုက်သည်။

အစကတည်းက လည်ဆွဲက သူ့ကိုမေတ္တာရှိလို့မဟုတ်ဘဲ မင်္ဂလာပွဲကြောင့်သာ ချက်ချင်း လက်ထပ်ဖို့ စီစဉ်ခဲ့ခြင်းဖြစ်သည်။ ထိုဥပဒေလည်း ဦးလေးဖြစ်သူက သတိပေးခဲ့သေးသည်။

"သူ့ယောကျ်ားကို သူ တော်တော်ချစ်ခဲ့တဲ့မိန်းကလေး၊ မင်း မိုက်



www.burmeseclassic.com

www.burmeseclassic.com



ရှုးရဲမဆန့်မိစေနဲ့ ပိုင်စေ၊ ကိုယ့်ကိုမချစ်တဲ့ မိန်းကလေးတစ်ယောက်ဆီက တုံ့ပြန်မှုကို ဘယ်လိုရမလဲဆိုတာ သိရတဲ့အချိန်ကျမှ မင်းနောက်ဆုတ်လို့ မရတော့ဘူး"

ဒီစကားကိုလည်း သူ ဂရုမစိုက်ခဲ့။ လည်ဆွဲ၏ အလှအပများကို သူရူးသွပ်ခဲ့သည်။ ကိုယ်ပိုင်ဆိုင်ပြီးရင် ဘာမှမလိုတော့ဘူးလို့ တွက်ခဲ့၏။ တွေးကြည့်မိတော့လည်း အဝေးကြီးပါ။ ထို့ပြင် ဦးမိုးကောင်းကိုယ်တိုင်က စက်ကို လိုလားတာမဟုတ်ပေမယ့် လည်ဆွဲ ဆုံးဖြတ်မှားမှာကို စိုးရိမ်နေခဲ့၏။

သူ နောက်ဆုတ်နေလိုက်ဖို့ ဆုံးဖြတ်ပြီးခဲ့ပြီ ဖြစ်သည်။ စက်ကိုလည်း ရင်ဖွင့်မလိုပါဲ။ ဒါပေမယ့် စက်ရင်ထဲက မေတ္တာတရား ခေါင်းပါးမှုကိုတော့ ဘယ်လိုမှ မယုံကြည်။ လည်ဆွဲကို နောက်ထပ် စွန့်ပစ်ခဲ့ဦးမှာလားဆိုသော စိုးရိမ်မှုတွေ ရှိနေခဲ့၏။ ဒါဟာ အလွန်စွဲလမ်းချစ်ခင်တတ်သော လည်ဆွဲ၏ နှလုံးသားလေးကို နှမြောမိ၍ ဖြစ်သည်။ သူမက်မောမိခဲ့ဖူးတာလည်း ထိုနှလုံးသားကိုပဲ ဖြစ်သည်။

လည်ဆွဲ စွဲလမ်းမြတ်နိုးသောယောကျ်ားဟာ သူ ဖြစ်ချင်သည်။ အလွန်ချစ်ဖွယ်ကောင်းသည့် သားလေးကိုလည်း သူ့သားလေး အဖြစ် ပိုင်ဆိုင်ချင်၏။ ဒါတွေဟာ လည်ဆွဲ၏ နိုင်မာခဲ့သော မေတ္တာထုထည်တို့ကို မထိုးဖောက်နိုင်ခဲ့ပါ။ တွေးကြည့်တော့လည်း ချစ်၍ မုန်းသည့် အဖြေက ဒါပါပဲ။

မင်း နောက်ဆုတ်လိုက်တော့ ပိုင်စေ။ သူ ဘာလုပ်ရမယ်ဆိုတာ သူ သိနေသည်။ ဒါပေမယ့် စက်ကို အရှုံးပေးလိုစိတ်တော့ မရှိ။ ကိုယ့်လို သူက ချစ်တတ်ရဲ့လား။ ရင်ဆိုင်ယှဉ်ပြိုင်၍ ချစ်ပြလိုက်ချင်သည်။ လည်ဆွဲကို မုန်းအောင် ချစ်တတ်နိုင်သူဟာ သူပဲ ဖြစ်လိမ့်မည်။

မုန်းအောင်ချစ်မယ့်သူဟာ ကိုယ်ပါပဲ လည်ဆွဲရယ် ....။





ရင်ထဲမှာ အထပ်ထပ်ညည်း၍ ခြေလှမ်းတို့ကို ဆုတ်ခဲ့ပြီးပြီ။ သို့သော် စက် ဘယ်အချိန်မေးမေး သူကတော့ မုဲပြုံးနှင့် တုံ့ပြန်မည်သာ။

အချစ်ကို အရှုံးပေးလိုက်တာ မဟုတ်ပါ။ လူချင်းမယှဉ်သာလို့ပဲဖြစ်၏။ မင်းရက်စက်ကို သူ အရှုံးပေးခဲ့သည်။ ဒါပေမယ့် ဘယ်တော့မှ ကြေညာမှာမဟုတ်။ အချစ်ကို အရှုံးမပေးနိုင်ပါ။ သို့သော် သူ အနိုင်မယူနိုင်ခဲ့ပေ။

အချစ်ကို အမှားအမှန်နှင့် အမှတ်ပေးသော ခုံရုံးတစ်ခုသာ ရှိခဲ့ပါလျှင်....။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃၃)

"မေမေ၊ သားသားလေးတို့က ဘယ်ကိုသွားမှာလဲဟင်"

"အရမ်းလှတဲ့မြို့ကိုသွားမှာ သားသားရဲ့၊ သားသားလေး ဟို ရောက်ရင် ပျော်သွားမှာ၊ တောင်မြင့်မြင့်တွေနဲ့ ရေတံခွန်ကြီးတွေနဲ့"

"ဘဘကိုလဲ ခေါ်မယ်"

ကားပေါ်ကို ပစ္စည်းတွေတင်နေရင်း တံခါးဝအပေါ်ပိုင်းမှာ ကြည့်နေသည့် ဦးစိုးကောင်းထံ လည်ဆွဲ လှမ်းကြည့်မိသည်။ ဦး ကောင်းက ခပ်ဖြည်းဖြည်းဆင်းလာကာ ချစ်သဝန့်ကိုယ်လေး တယုတယ ပွေ့ချီလိုက်၏။

"မြေးလေး"

ပါးချင်းကပ်လိုက်၊ နဖူးလေးကို နှုတ်ခမ်းနဲ့ နမ်းလိုက် ...။ အဘိုးကို ခဏာပဲဝေးမိသွားကာ လည်ဆွဲ မျက်နှာလွှဲလိုက်မိသည်

"သားရဲ့အိတ်အညိုလေး ရှိသေးတယ် ကိုလှတိုး"

ကိုလှတိုးကိုပဲ ခိုင်းပြီး ကားပေါ်တက်ထိုင်လိုက်သည်။ ဦး ကောင်းက မြေးကို အထပ်ထပ်နမ်းပြီးမှ ကားထဲ ထည့်ပေးသည်

"သမီး၊ ဟိုမှာ ကျန်းမာရေးကို ဂရုစိုက်နော်၊ ကောင်းကောင်း နေကောင်းတာမဟုတ်ဘဲနဲ့"





ဦးစိုးကောင်းမျက်နှာ နွမ်းလျှညိုမှောင်နေ၏။ ကလေးမို့ ဘာမှန်း ညာမှန်းမသိဘဲ ခရီးသွားဖို့ အားတက်သရော ဖြစ်နေသည့် မျက်နှာ လေးဆီ လှမ်းကြည့်၍ ...

"သမီး"

ငိုချင်တာကို အားတင်း၍ ငုတ်တုတ်တောင့်တောင့်လေးထိုင်နေ သည့် လည်ဆွဲ နားနားမှာ မျက်နှာငုံ့ကပ်ကာ ...

"ကလေးကို ချော့ချော့မော့မော့ ထားနော်၊ သူ့အဖေ အကြောင်း နဲ့ တစ်ခုခု ကလေးက စကားမေးရင် မငြူစူမိစေနဲ့ မရိုက်နဲ့၊ ဟိုမှာဆို သမီးကရိုက်ရင် ပြေးကပ်စရာ ဘယ်သူမှမရှိဘူး"

ဦးစိုးကောင်း ငိုသံကြီးပါလာတော့ လည်ဆွဲမျက်ဝန်းမှာ မျက် ရည်တွေ ပြည့်သိပ်ရှန်းကြွနေလေပြီ။

ဒီဦးလေးဟာ လည်ဆွဲ ငယ်ငယ်လေးကတည်းက ချေးသေး သုတ်သင်ပေးပြီး ကျွေးမွေးစောင့်ရှောက်ခဲ့တာ သားလေးထိ ဝတ္တရား မပျက်ခဲ့ရှာ။ သားအချစ် မြေးအနှစ်ဆိုသလို လည်ဆွဲကို ချစ်တဲ့ အချစ်ထက် မလျော့သော မေတ္တာများဖြင့် သားလေးကို ချစ်ခဲ့တာပဲ ဖြစ်သည်။ ဒါပေမယ် ခုချိန်မှာ နင့်နေအောင်နာသည့် နှလုံးသားထက် လည်ဆွဲ ဘာကိုမှ ဂရုမစိုက်ချင်တော့ပေ။ ဒါ ထာဝရခွဲခွာသွားတာမှ မဟုတ်တာ။ မြေးအဘိုး၏ လွမ်းဆွတ်ခြင်းများကို လည်ဆွဲ ဥပေက္ခာ ပြုထားရမှာပဲ ဖြစ်၏။

"သမီး"

လည်ဆွဲ မျက်နှာပေါ်က အပြောင်းအလဲတွေကို ဦးစိုးကောင်း က နားလည်ပါသည်။ သူ နားလည်နေတာတွေ အားလုံးလည်း လည်ဆွဲ နားလည်စေချင်သည်။

"တစ်ခါတစ်လေ ကိုယ့်ကိုကိုယ် နားမလည်ကြတာတွေ ရှိတယ်



www.burmeseclassic.com

www.burmeseclassic.com



ကလေးရဲ့ စိတ်အလိုအတိုင်း ပါးစပ်က မပါမိစေနဲ့ ဝေးချင်လို့ သွားတာတော့ သွားပါ၊ သူ့အဖေရဲ့အကြောင်း မြေးလေးကို တစ်ရှိဖို့တစ်ခွန်း မပြောလိုက်ပါနဲ့ တကယ်လို့ တစ်ချိန်ချိန်ဆိုတာမှာ သမီးနဲ့သူ"

လည်ဆွဲ ဖျတ်ခနဲ လှည့်လာ၏။ ပါးပေါ်သို့ မျက်ရည်စတို့ ကြွေဆင်းလာခြင်းနှင့်အတူ ....

"ဘယ်တော့မှ ဒီလူကို မစဉ်းစားဘူး လေးလေး။ သူကလဲ လည်ဆွဲကို သူများယူတော့မယ်ဆိုမှ အနိုင်မခံ အရှုံးမပေး ဝင်ဖျက်တာ၊ သူ ယုတ်မာတာကို သိနေကတည်းက လည်ဆွဲက ပြန်ဆက်ရအောင် အရူးမှ မဟုတ်ဘဲ"

ဦးစိုးကောင်းက ကားတံခါးကိုကိုင်လျက် သက်ပြင်းချသည်။ ကိုလှတိုးက နေရာတကျ ဝင်ထိုင်ပြီးမှ မမောင်းရဲသေးဘဲ စောင့်နေ၏။

သမီးဖြစ်ချင်သမျှအားလုံး လေးလေး လိုက်လျောခဲ့တာတွေ ဘယ်တော့အဆုံးသတ်မလဲဆိုတာ မသိဘူး၊ ဒါပေမယ့် လေးလေးကတော့ အဆုံးမဲ့လိုက်လျောနေမှာပါ၊ သမီးမွေးထားတဲ့ သမီးရဲ့ ရင်သွေးလေးအတွက် သူ ဖြစ်ချင်သမျှထဲက တစ်ခုတစ်လေဖြစ်ဖြစ် လိုက်လျောပေးနိုင် အောင်သာ သမီး ကြိုးစား"

"လေးလေး၊ လေးလေးက လည်ဆွဲကို ..."

"အဲဒါမှ လေးလေး အမိန့်မပေးဘူး။ မြေးလေး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ မဖြစ်စေချင်တာတစ်ခုပဲ"

လေးလေး ဒီအတိုင်းရပ်ကျန်ခဲ့တော့ "ဘဘရေ၊ တာ့တာ" ဟု အော်၍ ချစ်သဝန်က ကျရှင်ကို နောက်ပြန်ဖက်ရင်း လက်ကလေး ပြသည်။

"ဟင် ... ဘဘက လက်လဲ မပြဘူး"

နှုတ်ခမ်းလေးစူပြီး ဆောင့်ခနဲ ပြန်ထိုင်သည်။ လည်ဆွဲ နှစ်သိမ့်





စကားမဆိုနိုင်ဘဲ မျက်ရည်ကို ကြိတ်မှိတ်သုတ်ပစ်ရသည်။ သုတ်ဝင်ရှင်း ကျ၏။ ဒီမျက်ရည်တွေဟာ လည်ဆွဲအတွက် အမြဲတမ်း ဝတ္တရား ကျေနေတဲ့ ပင်လယ်ကမ်းစပ်က ရေလှိုင်းများလို ...။

"မေမေ"

"ဟင် ... သားသား"

"မေမေက ဘဘကို လွမ်းလို့လားဟင်"

သားလေးက သူ့မျက်နှာကို အတင်းဆွဲလှည့်ယူပြီး မေးနေ၏။ သားကိုယ်လေးကို တင်းကျပ်စွာဖက်၍ ခေါင်းညိတ်ပြမိသည်။ ရင်ထဲမှာ နစ်နေတာက လေးလေးကို နောက်ထပ် ဥပေက္ခာထားရဦးမှာမို့ ...

"ကိုလှတိုး"

"ဟင်"

"ရပြီ၊ ကိုလှတိုး နေခဲ့ပါတော့"

"ဘာရယ်"

ကိုလှတိုး မျက်လုံးမြှုးသွားသည်။ ပြီးမှ လမ်းကို ကပျာကယာ ပြန်ကြည့်၍ ဂရုစိုက်ရင်း ဒီဘက်ပြန်လှည့်၏။

"လည်ဆွဲ"

"လေးလေးကို လည်ဆွဲကညာဖားယူသွားတယ်လို့ပဲ ပြောလိုက်ပါ"

"နေဦးလေ၊ အခု လေဆိပ်ကို မောင်းပို့ရမှာမဟုတ်ဘူးလား"

လည်ဆွဲက သားလေးကို ဖက်ထားလျက်နှင့် ခေါင်းခါ၏။

"ကိုလှတိုး၊ ဆင်းနေခဲ့ပါတော့၊ လည်ဆွဲတို့သွားမယ့်နေရာကို ဘယ်သူမှမသိတော့ ဘယ်သူ့မှ စိတ်မညစ်ရတော့ဘူးလေ"

"မဟုတ်တာ လည်ဆွဲရယ်၊ နင် အဲဒီလောက်ထိ"

"ဆင်းပါတော့"

လည်ဆွဲ အားလုံးကို မျက်ခြည်ပြတ်ချင်သည်။ သူ့ကို မုန်းတီး၍



www.burmeseclassic.com

www.burmeseclassic.com



ကျောခိုင်းချင်စိတ်က ဘာကိုမှ မမြင်အောင် လွှမ်းမိုးထားခဲ့ပြီးနောက်...

"မေမေ၊ သားသားလေး ကော်ဖီသောက်မယ်နော်"

သားက သူ့ဟာသူ စာတ်ဘူးဖွင့်နေသဖြင့် ခေါင်းညိတ်လိုက်မိသည်။ နေမကောင်းသူဖြင့် ခေါင်းထဲက မကြည်။ ငိုချင်နေတာကို ထိန်းချုပ်ရင်း ပို၍ အုံခဲနေခဲ့သည်။

"သမီးရယ်၊ ဘယ်အရာမဆို အဆုံးစွန်အထိဖြစ်သွားရင် ပြန်လှည့်ရတာပဲ၊ မုန်းလွန်းရင် ချစ်တတ်တယ်၊ စကားကို လက်လွတ်စပယ်တွေ သိပ်မပြောပါနဲ့ကွယ်"

သူ့ကိုမုန်းလိုက်တာဟု တွေးမိတိုင်း လေးလေး ပြောခဲ့တာကို သတိရသည်။ ဟုတ်ပါသည်။ လည်ဆွဲ သိပ်ချစ်ခဲ့သည်ပဲ။ ဒါပေမယ့် အခု မုန်းနေသည်။ ဘယ်တော့မှ ပြန်ချစ်ဖို့မရှိတော့တာ ကိုယ့်ဟာကိုယ် သေချာနေပြီးသား။

ကော်ဖီကို ဂရုတစိုက်မွှောင်းရင်း အငေးပြေးလမ်းမကြီးပေါ် ရောက်လာတာကို သတိထားလိုက်မိ၏။ နာရီကို ငုံ့ကြည့်လိုက်မိရင်း သက်ပြင်းချမိလေသည်။





အခန်း (၃၄)

"ခက်ပါလား"

လူကြီးမို့ စကားလုံးအဖြစ် ဤမျှသာ ထွက်ခဲ့သော်လည်း ရင်ထဲမှာတော့ မီးတွေ တောက်လောင်နေသလိုပါပဲ။ နာရီကို ကြည့်လိုက်တော့ ညနေငါးနာရီ ခွဲနေပြီ။

"ဒီလောက်ထိလုပ်သွားဖို့ လိုလို့လား"

ဦးစိုးကောင်း ကုမ္ပဏီကနေ ချက်ချင်းထပြန်လာခဲ့သည်။ ကိုလှတိုးကို ထပ်ခါထပ်ပြန်မေးပေမယ့် ဒီစကားကိုပဲ မရှို့မယှင်း ကြားနေရသည်။ လည်ဆွဲ ဒီလိုထိလုပ်သွားမယ်လို့ သူ လုံးဝမထင်ခဲ့ပေ။

"မင်း အဲဒီမှာကတည်းက ငါ့ကို ဖုန်းလှမ်းဆက်လိုက်ရင် ကောင်းမှာ လှတိုး"

"ကျွန်တော်လဲ..."

"မင်းအပြစ်မဟုတ်ပါဘူး။ ဒီလိုပဲဖြစ်မှာပဲ၊ ပြန်ဆိုပြန်တော့လည်း မင်းအလုပ်ပဲပဲဟာ၊ ငါကလဲ ဟိုမှာ အစည်းအဝေးခန်းရောက်နေလို့ ဖုန်းပိတ်ထားလိုက်တော့ လွဲကုန်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ကားတစ်စီး၏ဦးခေါင်းကို လှမ်းမြင်လိုက်ရသဖြင့် နှစ်ယောက်စလုံး လှည့်ကြည့်လိုက်မိကြသည်။ ပိုင်စေက အလွန်လှသော မွေးပွခွေးရုပ်လေးကို ပိုက်လျက် ဧည့်ခန်းထဲ ဝင်လာသည်။ ပြီးတော့ မျက်လုံးတစ်ချက်ဝေ့သွားကာ…

“တိတ်ဆိတ်လို့ပါလား။ ဟိုသားအမိ အပြင်ထွက်သွားတယ်ထင်တယ်”

“အင်း၊ ထိုင်ပါဦးကွာ”

ကိုလှတိုး ထသွားတာကို တစ်ချက်ကြည့်ပြီး ပိုင်စေက ဆိုဖာမှာ ဝင်ထိုင်သည်။

“သမီးတော့ ခရီးထွက်သွားလေရဲ့ ပိုင်”

“ဗျာ …”

ပိုင်စေ အံ့ဩသွားမိ၏။ လည်ဆွဲ နေမကောင်းဖြစ်နေတာပဲ။ မနေ့ညနေကမှ နှုတ်ဆက်ခဲ့တာ …။

“အန်ကယ်၊ အန်ကယ်က မတားဘူးလား၊ ဟို ကလေးရော”

“ပါသွားတာပေါ့ကွယ်”

ဦးစိုးကောင်းက သူ သိတာကတစ်မျိုး၊ လည်ဆွဲ အပြင်ရောက်မှ ကားယူပြီး လမ်းကြောင်းပြောင်း၍ ကိုယ်ပျောက်သွားတာကို တိုတိုတုတ်တုတ်ပဲ ပြောပြ၏။

ပိုင်စေ မျက်နှာမသာမယာနှင့် ငိုင်ကျသွားလေသည်။ စားပွဲ ပေါ်မှာ ထိုင်လျက်ချထားသော ခွေးရုပ်လေးကို မျက်မှောင်ကုတ်ငေးရင်း ဘာစကားမှ မပြောနိုင်တော့ဘဲ ရှိ၏။

“တကယ်ဆို သူ ဒီလိုလုပ်သွားဖို့ မကောင်းပါဘူး”

အကြာကြီးနေမှ မပွင့်တပွင့် ပြောမိသည်။ ပြောချင်တာက ‘ကျွန်တော့်ကိုတော့ တိုင်ပင်သင့်တယ်’ ဆိုတဲ့ စကားပါ။ ဒါပေမယ့်





သူမအတွက် ကျွန်တော်ဆိုသော သူကလည်း အမိကမဟုတ်တာကို ပိုင်စေ သိနေခဲ့ပြီမို့ …

“ကလေးက သူ့ရင်ခွင်ထဲမှာ အမြဲရှိနိုင်မှာလား၊ လူစိမ်း သူစိမ်း တွေလက်ထဲမှာ မျက်နှာငယ်ငယ်နဲ့ ကျင်လည်ရတော့မှာ”

“မှန်တာပေါ့ကွယ်၊ ဒါကြောင့် ပိုင်နဲ့ အန်ကယ် တိုင်ပင်ချင်တာ၊ အန်ကယ်တို့ ဘာလုပ်ကြရင် ကောင်းမလဲ”

“လမ်းကြောင်းရှိသမျှကို အကြောင်းကြားထားလိုက်ရင်လဲ တရားခံဖမ်းနိုင်းသလို ဖြစ်ဦးမယ်၊ လူပျောက်ကြော်ငြာသလို လုပ်ရအောင်က သူ့ဘက်က ဘယ်လိုမှ ကျေနပ်မှာမဟုတ်ဘူး”

“ဒါလဲ မှန်တာပဲ၊ မင်းနဲ့အန်ကယ် လမ်းခွဲပြီး လိုက်ရှာကြရင် ကောင်းမလား။ အင်း … ဒါလဲ မဖြစ်သေးပါဘူး၊ မင်းမှာလဲ မင်းဦးလေးက ကျန်းမာရေးမကောင်းတော့ အလုပ်တွေ့မိနေတာ”

ပိုင်စေ့ကို ဆွဲထည့်လိုက်မိပြီးမှ မသင့်တော်တာကို တွေးမိသည်။ ပိုင်စေနဲ့ လည်ဆွဲတို့ကို လက်ထပ်ပေးနိုင်တယ်ဆိုရင် အကြောင်းမဟုတ်။ အစကတည်းက လည်ဆွဲကလည်း ချစ်ခဲ့တာမဟုတ်။

ခုလည်း လက်ထပ်ဖို့မဖြစ်နိုင်တာကို အားလုံး အတည်ပြုခဲ့ ပြီးဖြစ်သည်။ စကားကို ကြည့်ကောင်းအောင်ပြောလိုက်ရပေမယ့် ပိုင်စေ့ကို အကူအညီတောင်းလို့ ဘယ်နည်းနဲ့မှ မဖြစ်ပါ။

ပိုင်စေကလည်း ဦးစိုးကောင်း ပြန်လျှော့ချလိုက်တာကို သိသည်။ သူကလည်း လည်ဆွဲနဲ့ပတ်သက်တာကို ဦးဆောင်ခြယ်လှယ်ဖို့ စိတ်မကူးခဲ့ပါ။ နေထိုင်မကောင်းသည့် မိခင်နှင့် ရက်တရက် ယုယအလိုလိုက်နေကြသူတွေလက်ထဲကနေ ခုန်ဆင်းသွားရသော ကလေးငယ်ကြောင့် စိတ်ပူမိတာမှာ မှသားမပါခဲ့ပေ။ ပြီးတော့ စက်ကို သတိရလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



စက် ခရီးထွက်သွားတာလည်း သုံးရက်ရှိနေပါပြီ။ လည်ဆွဲ ထွက်သွားတာက စက်ကို ရှောင်ရှားလို၍ဆိုလျှင် စက်သွားတာကတော့ မတတ်သာလို့ပဲ နေမှာပါ။ သူ့ကိုတောင် ကြိမ်းဝါးသွားခဲ့သည်ပဲ။

ဒါဟာ နောက်ဆုံးတိုက်ဆိုင်မှုလား။ ကံကြမ္မာက ဘယ်သူ့ဘက်ကို တိမ်းစောင်းပေးလိုက်တာလဲ။

မရေရာသော ထိုခရီးအတွက် သူတို့မှာ ....။





အခန်း (၃၅)

စိတ်လိုက်မာန်ပါ လုပ်ခဲ့မိခြင်းကို နောင်တရလာသည်။ တစ်လောကလုံးကို ဘာဖြစ်နေနေ ဂရုမစိုက်ဘဲ ကျောက်ချရုပ်တန့်နေခဲ့သော ကားတစ်စီးလုံးကို ဒီတိုင်း ထိုင်ကြည့်နေရသည့်အဖြစ်က အမှောင်ထုကြောင့် ပိုဆိုးသည်။

သားလေး၏ တုန်ခါအက်ရှနေသော စကားသံလေးက နှိပ်စက်၏။

“မေမေ၊ မေမေ ဘာလို့ရပ်နေတာလဲ၊ ကားက ပြင်လို့မရတော့ဘူးလားဟင်”

“သားရယ်၊ ဟိုလေ...”

“မှောင်မှောင်ကြီး။ ဘယ်သူမှလဲ မရှိဘူး။ သားသားလေး ကြောက်တယ်၊ မေမေ ကားပေါ်တက်ပါ၊ သားသားလေး ကြောက်တယ်”

“သား”

သားက ပြောနေရင်း တံခါးမှာပြေးကပ်ရင်း ငိုပါတော့သည်။ စက်ဖုံးဖွင့်လျက်သားနှင့် ဘာမှလည်းမလုပ်တတ်ဘဲ ရပ်နေမိသော လည်ဆွဲ ကားပေါ် ကပျာကယာ တက်၍ သားလေးကို ဖက်ထားလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"သားသား မငိုနဲ့လေ၊ တိတ် တိတ်၊ အော်မငိုရဘူး သားရဲ့၊ တော်ကြာ ကားတစ်စီးလောက်လာရင် အကူအညီတောင်းလို့ ရမှာပါ"

"ဟင့်အင်း၊ ဟင့်အင်း၊ မေမေ ကားမောင်း၊ အခု သွားရအောင်ပါ၊ သားသားလေး ကြောက်တယ်"

"သား ... သားရယ်"

လည်ဆွဲ ငိုချင်စိတ်ကို ထိန်းချုပ်၍ ကားမီးတွေအားလုံး ဖွင့်ထားလိုက်မိသည်။ တတ်သမျှ မှတ်သမျှ ဘုရားစာတွေ စုံအောင် ရွတ်၏။

မသေမချင်း ရင်ကွဲအောင်အော်တတ်ကြသည့် ပုစဉ်းရင်ကွဲသံတို့က ဆူညံလာသည်။ ပတ်ဝန်းကျင်ပတ်လည်အားလုံးဟာ မီးသားမြေပြင်ရယ်လို့ ဘာမှခွဲခြားမမြင်ရလောက်အောင်ပဲ ပိန်းပိတ်မှောင်နေ၏။ မရွှာဘဲ မှုန်မှိုင်းနေသော မိုးသားများကြောင့် ကြယ်ရောင် မဖြာလက မရှိ။ ဘယ်ကိုကြည့်ကြည့် လူနေအိမ်ခြေနှင့် တူတာလဲ မမြင်။

သား၏ခေါင်းလေးကို ရင်ခွင်ထဲဆွဲကပ်ထားကာ လည်ဆွဲ မျက်လုံးတွေကို မှိတ်ထားမိ၏။ သားက ကလေးမို့ ဟန်မဆောင်နိုင်၊ သူမကတော့ လူကြီးမို့ ဟန်ဆောင်နေရသည်။ ဒါပေမယ့် ကြောက်နေတာပါပဲ။

အေးစက်နေသည့် သားလက်ဖဝါးလေးတွေကို ထွေးဆုပ်ပေးနေရင်း နွေးမလာဘဲ ပို၍ အေးလာသည်။ ချွေးစေးတို့ဖြင့် စိုကပ်စေးထန်းလာခဲ့သည်။ တအင့်အင့် ရှိုက်နေဆဲ သားလေး၏ကိုယ်က ကတုန်ကယင်ဖြစ်လာသည်။

"သား ... သားလေး"

ဒီည သားလေးနဲ့သူမ ဒီကားထဲမှာပဲ နေရတော့မှာလား။ အပြင်က အန္တရာယ်တစ်စုံတစ်ရာ မကျရောက်ခဲ့ဘူးဆိုရင်တောင် မိုးလင်းတဲ့အထိ ဒီတိုင်းထိုင်နေရမည်ဆိုလျှင်...





လည်ဆွဲ နှုတ်ခမ်းသားလေးကို ဖြတ်လုမတတ် ကိုက်ထားရင်း မျက်ရည်ကျ၏။ ရှိုက်မငိုမိအောင် ထိန်းထားရင်း သားကို ပို၍ တိုးဖက်မိသည်။

ငါ့ကြောင့်...။ လေးလေး တားတဲ့ကြားက လေးလေးစကားကို နားမထောင်ခဲ့လို့ ငါ့သားလေး ဒုက္ခရောက်တာ ...။

ရင်ထဲမှာ တဆစ်ဆစ်နာလာသည်၊ မျက်ရည်တို့က ရှိုက်သံမဲ့စွာ။

"ဟင် ..."

ဟိုးအဝေးဆီက မီးရောင်တစ်ချက် လင်းသွား၏။ ကားတစ်စီးလား။ သေချာကြည့်နေရင်း ကားဆိုတာ သေချာလာတော့ ဟန်မဆောင်လိုက်နိုင်မီ ကိုယ်က မတ်ခနဲ ဖြစ်သွား၏။

"ကား ... ကားလာပြီ သား"

"ဟင်"

သားလေး ခေါင်းထောင်ကြည့်ရင်း ကိုယ်လေး တုန်နေအောင် ရှိုက်၏။

"ဟုတ်တယ်၊ ကား၊ ကားလာနေတာ သားရဲ့၊ မကြောက်နဲ့တော့နော်"

"ကားက သားသားလေးတို့ကို ခေါ်သွားမယ်တဲ့လား။ ဘဘဆီ ပြန်ရောက်မှာလားဟင်"

ဟုတ်ပါရဲ့၊ ကားက ရန်ကုန်ကို ပြန်လာသည့်ကား။ ကားပေါ်က လူဆိုးလား၊ လူကောင်းတွေလား။ အဝေးပြေးကား တစ်စီးစီး ဟုတ်တာတော့ သေချာသည်။ ဒီလိုအချိန်မှာ မိန်းမသားတစ်ယောက်အနေဖြင့် အကူအညီတစ်ခုခုတောင်းလို့ရော အမှန်တကယ် ကူညီလာမလား။ လူရမ်းကားတွေနှင့်သာ ဆုံမိရင် လည်ဆွဲသားလေးရော၊ ဘုရား ဘုရား ...။



www.burmeseclassic.com

www.burmeseclassic.com



သားကို နောက်ထပ်တစ်ခါ ကျူးဖက်လိုက်မိသည်။ အကူအညီ တောင်းချင်သည့် ဝမ်းသာလှိုက်လှဲမှုတို့မရှိတော့ဘဲ ကိုယ့်ကိုကိုယ် ဘယ်ပြေးပုန်းရမှန်း မသိသော သားသမင်၏ ထိတ်လန့်ခြင်းဖြင့်

"မေမေ၊ မေမေ ဟိုမှာ ကားလာပြီ၊ မေမေ သွားတားနော်လ"

ကားက နီးလာပြီ။ အဝါမီးတွေ ဖွင့်ထားသဖြင့် မောင်းသူကိုပါ လှမ်းမြင်နေရ၏။ လည်ဆွဲ စေ့စေ့မကြည့်ရဲတော့ဘဲ ကယောင် ချောက်ချားနှင့် သားကိုဖက်၍ တံခါးဖွင့်ဆင်းလိုက်သည်။

ကိုယ်မတားလည်း သူတို့မြင်ကြမှာပဲ။ တားမည်။ သားလေးကို သာ အန္တရာယ်မပေးဘဲ ရှောရှောရှူရှူ၊ ကူညီမည်ဆိုလျှင် သူမဘာ ဘာပဲဖြစ်သွားပါစေ။

ကားသည် ပါဂျရိုပုံစံအမြင့်မှန်း တဖြည်းဖြည်း မြင်လာရပြီး နီးကပ်လာခဲ့လျှင် ...

"ဟာ ဖေကြီး"

"ဟင်"

အံ့သြလွန်းသဖြင့် လည်ဆွဲ စကားပြောဖို့ မေ့သွားသည်။ သား လေး သူ့လက်ထဲကကနေ လွန့်ခါဆင်းသွားတာကိုလည်း တားဆီးဖို့ သတိမရ။

"ဖေကြီး"

ကလေးက ကားရှေ့ပြေးဝင်၏။ ကားက တုံ့ခနဲ ရပ်သွားသည်။

"သား"

"ဖေကြီး"

စက် ကားပေါ်ကနေ ကမန်းကတန်းဆင်းလာပြီး သားကို ပွေ့ လိုက်သည်။ ကားနှစ်စီးလုံး မီးတွေဖွင့်ထားလျက် အနီးတစ်ဝိုက်မှာ ကားမီးရောင်ကြောင့် လင်းထိန်နေသည်။ လည်ဆွဲ တော့တော လေးရပ်နေတာကိုလည်း သူ လှမ်းကြည့်ကာ...





"လည်ဆွဲ"

သားကို ချီထားလျက်နှင့် သူ ချက်ချင်းအနားရောက်သွား၏။

"ဟင် ... စမ်းတို့"

စက်က ကားထဲကို ငုံ့ကြည့်သည်။ ပြီးတော့ စက်ဖုံးဖွင့်ထား သည့်ကို ပြန်ငုံ့ကြည့်၍ ....

"သားအမိနှစ်ယောက်တည်း ခရီးထွက်လာတာလား၊ ဟုတ် လား၊ အချိန်မတော်ကြီး ဒီမှာ၊ ဟာကွာ ... အခိပ္ပာယ်မရှိတာ"

သူ့မျက်နှာသည် အကယ်၍ သူသာရောက်မလာခဲ့လျှင် ဆိုသော ပူပန်မှုများကြောင့် တင်းမာနေရာမှ နီမြန်းမြန်းဖြစ်လာ၏။

လည်ဆွဲ နောက်ဆုတ်ရပ်သည်။ တဆတ်ဆတ် ခုန်လှိုက်လာ သော နှုတ်ခမ်းတို့ကို ဘယ်လိုမှ မဖိကိုက်နိုင်ဘဲ မျက်နှာကို ငုံ့ချပစ် လိုက်၏။ မျက်ဝန်းမှ မျက်ရည်စက်တို့ ပိုးပိုးပေါက်ပေါက် ကျကုန် တာက ကားမီးရောင်အောက်မှာ ပြိုးပျက်လက်သွား၏။

"ဖေကြီး၊ ဖေကြီး၊ သားသားလေးတို့ကို လာခေါ်တာလားဟင်၊ ဘာဘဆီ ပြန်ပို့ပေးနော်၊ သားသားလေးတို့ကို ခေါ်နော်"

သူ့မေးဖျားကို ဆွဲလှည့်၍ တတွတ်တွတ်မေးသည်။ လည်တိုင် ကို ကျုပ်နေအောင်ဖက်ထားရင်း ပါးလေးပါ ကပ်ထားရှာသည်။

သားတစ်ကိုယ်လုံး အေးစက်တုန်ယင်လို့ပါ။ လည်ဆွဲကို ကြည့် လိုက်တော့လည်း အံကြိတ်ခေါင်းငုံ့ ငိုရှိုက်နေတာ ပခုံးလေးတွေ သိမ့်သိမ့်ခါနေ၏။

စက့်ရင်ထဲမှာ ဆောက်တည်ရာမရ ပူပြင်းသွားလေသည်။ လည်ဆွဲတို့ ဘယ်လိုပဲဖြစ်လာလာ သူ မမေးရက်တော့ပါ။ သူကဲ့ ဘယ်လောက် မုန်းနေနေ ဂရုစိုက်ဖို့ သတိမရတော့။

"ကလေး သိပ်ကြောက်နေပြီ၊ လာ ကားပေါ်တက်"



www.burmeseclassic.com

www.burmeseclassic.com



လည်ဆွဲ လက်မောင်းလေးကို သူ ဆွဲတော့ လည်ဆွဲက ကားကို ပြန်ကြည့်ကာ..

"ရှင် ကားပြင်ပေးပါလား၊ ဒီမှာ"

"ပြင်မပေးနိုင်ဘူး"

စက်က ပြောပြောဆိုဆို ကားကို စက်ဖုံးပြန်ချပစ်သည်။ မီးတွေ ပိတ်၏။ ပြီးတော့ တံခါးကိုပါ သော့ပိတ်ပစ်လိုက်ပြီး ...

"ထားခဲ့လိုက်၊ ဝပ်ရှော့ကို ဖုန်းဆက်လိုက်မယ်၊ သူတို့ ညတွင်းချင်း လာဆွဲသိမ်းမယ်၊ မဆွဲလဲ ဘယ်သူယူယူကွာ၊ ဘာလုပ်မှာလဲ၊ လူထက် တာအရေးကြီးသလဲ၊ ဝါသနာပါရင် မီးပုံရှို့ပစ်ခဲ့လိုက်"

လည်ဆွဲကို ကားပေါ်တက်စေပြီး သူ ဝင်ထိုင်တော့ သားကို ရင်ခွင်ထဲမှာပဲ ဖက်ထားခဲ့သည်။ ကားပေါ်မှာ စက်တစ်ယောက်တည်းပဲမို့ လူသုံးယောက်ဖြစ်သွားသောကြောင့် ပြန်လမ်းကလေးက စောစောကလို ကြောက်မက်ဖွယ် မရှိတော့ပေ။

"ဘယ်သွားမလို့လဲ"

စက်က ကားမောင်းရင်း လှည့်မေးသည်။

"ရှင်နဲ့မဆုံနိုင်တဲ့ တစ်နေရာကိုပဲ"

လည်ဆွဲက လှည့်မကြည့်ဘဲ ခပ်တင်းတင်းဖြေ၏။ စက် မျက်ခုံးတစ်ချက် ကုတ်ကျသွား၏။ တစ်ခုခုပြောမည်ပြင်ပြီးမှ ရင်ခွင်ထဲကနေ မော့ကြည့်နေသည့် သားမျက်နှာလေးကိုမြင်တော့ ပါးစပ်ပြန်ပိတ်မိ၏။ ကားကို အရှိန်ပြန်ချ၍ ရပ်လိုက်ကာ ...

"သားသား၊ ဗိုက်ဆာလား၊ နောက်ခန်းထဲမှာ စားစရာတွေ ပါတယ်လေ"

"ဟင့်အင်း"

သားလေးခမျာ ဘယ်လောက်ကြောက်နေခဲ့သည် မသိ။ သူ့ကိုပဲ





မလွှတ်တမ်းဖက်ထားကာ လည်ဆွဲကိုလည်း လှည့်မကြည့်တော့ပေ။ ဘုသကျွေးကျွေး ဘာမေးမေး ခေါင်းလေးခါလျက် ကားဆက်မောင်းတော့ သူ့ရင်ခွင်ထဲမှာပဲ အိပ်ပျော်သွားရှာသည်။

ကားကို ပြန်ရပ်၍ ကလေး သက်တောင့်သက်သာအိပ်ဖို့ နောက်ခန်းထဲမှာ လည်ဆွဲကိုပဲ ပြင်ဆင်ခိုင်းရသည်။ ဆိုဖာတွေ ကုရှင်တွေ သိမ်းကာ ကောစောထုခင်းလိုက်တော့ နွေးထွေးသော အိပ်ရာလေး တစ်ခု ဖြစ်သွား၏။

"ကလေးကို တိုဘက်ကပ်သိပ်လေ၊ မင်းမအိပ်ဘူးလား"

"မအိပ်ဘူး"

လည်ဆွဲက မျက်နှာလုံးဝမမော့ဘဲ သူ့အပေါ်မှာတော့ ဖြတ်သားရှာပဲ တုံ့ပြန်လေသည်။ ပန်းရင့်ရောင်ဆွယ်တာ လက်ရှည်လေးနှင့် ဆံပင်တွေကို နောက်မှာ စုစည်းထားသည်။ လည်ဆွဲ၏ ဘေးတစောင်းမျက်နှာလေးကို ကားမီးရောင်အောက်မှာ သူ စိုက်ကြည့်မိ၏။ နားသယ်စပ်ဆံစကလေးများက မေးဖျားလောက်အထိ မည်းရိုဖ်ရိုပ်လေး တန်းကျနေသေးသည်။

စက်က ကားတံခါးဖွင့်ဆင်းပြီး လည်ဆွဲထိုင်နေသည့် ဘေးက နောက်ခန်းတံခါးကို ဆွဲဖွင့်လိုက်သည်။

"အို ... ရှင်"

"ကလေးနိုးသွားမယ်၊ တိတ်တိတ်နေ"

လည်ဆွဲ နေရာရွှေ့ထိုင်မည်ပြင်လိုက်တုန်း စက်က ပခုံးလေးကို ဆွဲဖက်ထားလိုက်၏။

"မင်းရက်စက်၊ ရှင် ... ရှင် အဲဒီလို အခွင့်အရေး မယူပါနဲ့၊ ကျွန်မက သားလေးကို သနားလို့ ရှင့်နောက်ကို လိုက်ခဲ့တာ၊ ရှင့်ကို မျှော်မ သိမ်မှန်းနေတာ သိရက်နဲ့ ရှင် မရှက်ဘူးလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မျှော်ဘူး ကိုယ်က ရှက်ကြောဖြတ်ထားတာလေ၊ အားလုံးနဲ့တော့ မဆိုင်ဘူး မင်းနဲ့ပတ်သက်ရင် ရှက်ရမှန်းမသိတာ"

လည်ဆွဲက လက်ကို ဆောင့်ရုန်း၏။ စက်က လက်နှစ်ဖက်လုံးကို ချုပ်ထားပြီး ရင်ခွင်ထဲမှာ ဖိကပ်နေအောင် ဖွတ်ဖက်ပစ်လိုက်သည်။ ဖွတ်အတင်း သူက ဖိချုပ်နေပေမယ့် လည်ဆွဲ ပါးစပ်ကလည်း သိပ်မညှာယ်ရဲ။ တွန်းထိုးရင်း လှုပ်ခတ်သွားမှာလည်းစိုးကာ သားလေးနိုးသွားမှာကြောင့် သူ့လက်က မလွတ်နိုင်။

ဟိုတုန်းက စွဲလမ်းတပ်မက်ခဲ့ဖူးသည့် သူ့ကိုယ်က ရေမွှေးနံ့ကိုရော၊ ပီကေနံ့တွေအားလုံးက သူမကို ရိုက်ပုတ်ကျီစယ်နေကြသည်။ သူက ဘာမှမပြောင်းလဲခဲ့ပါ။ ကိုယ့်မှာသာ သားလေးတပိုက်ပိုက်နှင့် သူ့ကို မျှော်ရင်း ဘဝဆုံးခဲ့ရသည်။

ပတ်ဝန်းကျင်ပြောသော စကားတွေကို ပစ်ပယ်ထား၍ အရူးဖြစ်ခဲ့ရသည်။ မုန်းသည်။ ထိုယောကျ်ားကို သူမ သေသည်အထိ မုန်းသွားဖို့သာ ...။

"မင်းကို မမုန်းနဲ့လို့ မပြောပါဘူး၊ ဒါပေမယ့် ပြောတာကိုတော့ နားထောင်ပေးမှပေါ့၊ မင်းမုန်းနေတာ မုန်းသင့်သလောက်ပဲ မုန်း၊ တရားလွန်နေတာက ကိုယ်ရှင်းပြတာကို နားမထောင်လို့ပဲ"

"မထောင်ဘူး၊ လိုလဲ မလိုဘူး၊ ရှင့်မှာ မိန်းမတွေ ပေါပါတယ်၊ ရှင်က သူဌေး၊ လူချောလူလှပဲ၊ ကျွန်မက ကလေးတစ်ယောက်အမေပါ။ ရှင် ခြွေချပစ်ခဲ့တဲ့ အကြွေပန်းပါ၊ ထပ်ပြီး ဖနောင့်နဲ့ပေါက်ပြီး ဖိချေဖို့ မကြိုးစားပါနဲ့"

"ဖနောင့်နဲ့ပေါက်စရာလား၊ မင်းကလွဲပြီး ဘယ်မိန်းမကို ကိုယ် လက်ထပ်ဖူးခဲ့လဲ၊ မင်းကို ခိုးပြေးခဲ့သလို ဘယ်မိန်းကလေးကို ပိုင်ဆိုင်ချင်စိတ်နဲ့ ကိုယ် ခိုးယူလက်ထပ်ခဲ့ဖူးသလဲ"





"ကျွန်မလောက် ဘယ်သူမှ မအကြွလို့ ဖြစ်မှာပေါ့၊ ရှင် အလွယ်တကူ ညာလို့ရတဲ့ မိန်းမကပဲ ရှင်လှည့်တိုင်း ရမှာပေါ့"

"လည်ဆွဲ၊ တော်ပြီ၊ ငါ ဘာကောင်ကွလို့ လက်မထောင် ကြွားနေရမယ့်ကိစ္စလဲ မဟုတ်ဘူး၊ သူများတွေကို ထိခိုက်ပြီး ကြွားနေတာလဲ ဂုဏ်ယူစရာမဟုတ်ဘူး၊ ဒါပေမယ့် ကိုယ့်အတွက် လိုချင်တာဆို ဘာဖြစ်ဖြစ် မရက်ခဲ့ဘူးဆိုတာ မင်းသိပါတယ်"

ဝိန်းဖိတ်မှောင်နေသည့် ပတ်ဝန်းကျင်ကို ငေးကြည့်ကာ လည်ဆွဲ မျက်နှာလွှဲ၍ ငြိမ်သက်နေခဲ့၏။ စက်က စကားသံကို တိုးသဲ့သဲ့လေး လျှော့ချကာ လည်ဆွဲ ပါးလေးနားမှာကပ်၍ ...

"ဘာကိုမှ လိုချင်စိတ်မရှိလို့ ဘယ်သူ့ကိုမှ ကိုယ် လက်မထပ်ခဲ့ဘူး၊ အဲဒါတွေ ရှင်းပြချင်လို့ မင်းကို ကိုယ်တွေ့ခွင့်တောင်းခဲ့တာ၊ မင်း လက်မခံဘူး၊ ဖုန်းဆက်တော့ လုံးဝမကိုင်ဘူး၊ တကယ်ဆို မင်း ကိုယ့် ကားဘေးမှာ ကိုယ့်ကို စောင့်မျှော်နေတဲ့အကြောင်း၊ မွေးဖွားခါနီး ကိုယ်ဝန်ဆောင်တစ်ယောက်ကို ပြောပြနေတာ ကိုယ်ကြားတယ်၊ စိတ်မပါဘဲ ဖြစ်သွားခဲ့တဲ့ မင်္ဂလာပွဲကို ထွက်လာတာပဲ၊ မင်းအသံကြားပြီး မင်းကိုတွေ့လိုက်တာနဲ့ ကိုယ်တွေဝေနေတာတွေ ဘာ့ကြောင့်ဆိုတာ ကိုယ် နားလည်သွားတယ်၊ အဲဒီနေရာမှာပဲ ကိုယ် ချက်ချင်း ဆင်းနေခဲ့တာပါ"

လည်ဆွဲ နားထောင်နေတာတော့ မဟုတ်ပါ။ ဒါပေမယ့် ရုန်းရင်းဆန်ခတ်တွေ မလုပ်ချင်၍ မျက်နှာလွှဲ ငြိမ်သက်နေခဲ့တာ ဖြစ်သည်။

စက်က လည်ဆွဲ ပါးလေးကို ဖျတ်ခနဲ နမ်းပစ်လိုက်၏။ လှည့်ပစ်လိုက်ပေမယ့် နောက်ကျသွားသည်။ နောက်ထပ် လည်တိုင်ဖွေးနုနုလေးဆီမှာ နွေးခနဲ ဖြစ်သွားသည်။

"ရှင် ... ဟင့်အင်း"



www.burmeseclassic.com

www.burmeseclassic.com



လည်ဆွဲ အတင်းရုန်းထွက်မိသည်။ သူက မရမက ဆွဲချုပ်၍ ဂျစ်ကန်ကန် အနိုင်လိုချင်သည့်အနမ်းများဖြင့် ဝုန်းဒိုင်းကြဲပစ်၏။ တစ်ဖက်မှာ သားလေးအိပ်နေသဖြင့် လည်ဆွဲ သူ့အနိုင်ကျင့်သမျှ ခံနေရသည်။ ဟိုတစ်ခါ တစ်ဘဝဆီမှ ဒူးထောက်ညွှတ်ကျခဲ့ဖူးသော ရင်ခွင်ထဲမှာ လည်ဆွဲ မှုန်းတီးနေခြင်းများဟာ နင့်နေသောကြေကွဲ ခြင်းမှုများနှင့် လုံးထွေးပြိုလဲခဲ့ရင်း ...။

"မင်းကို ကိုယ်ညာစရာလား လည်ဆွဲရယ်၊ နှစ်ကာလတွေ မင်းယုံယုံကြည်ကြည် စောင့်စားနေခဲ့ပြီးမှ ဒီတစ်ချက်တည်းနဲ့ ဘာဖြစ်လို့ ခါးခါးသီးသီး ဖြစ်သွားခဲ့တာလဲ၊ ကိုယ် တကယ်ချစ်တတ်နေမှ မင်းကိုမှ စွန့်လွှတ်လိုက်ရရင် ရူးသွားတော့မလောက် ခံစားနေရကာမှ ဘာဖြစ်လို့ တမုန်းတည်းမုန်းပြနေတာလဲ"

"မုန်းမယ်၊ မုန်းမှာပဲ၊ ရှင့်ကို သေတဲ့အထိမုန်းနေမှာ၊ ခုလဲ မလွဲသာလို့ ရှင့်ကားပေါ် တက်လိုက်ခဲ့တာ၊ ဒါပေမယ့် ရှင် ပိုင်တယ်ထင်ရင် စော်ကားလိုက်စမ်းပါ၊ ကျွန်မသားအတွက် ကျွန်မ ..."

"လည်ဆွဲ၊ မင်း ...၊ မင်းပါးစပ်ကို ခဏပိတ်ပြီး ပြောတာကို နားထောင်"

"ပြောပြထားတာ၊ ရှင့်ကို ဘယ်တော့မှ ..."

"တော်တော့"

သူ့ ဒေါသသံနှင့် ခပ်ကြိတ်ကြိတ်အော်သည်။ ဒေါသမကင်းသည့် အနမ်းတို့က လည်ဆွဲ၏ မျက်ရည်စက်တို့ကို လက်တို့ခေါ် ငင်သွားသကဲ့သို့ ...။

"ရှင် ... ရှင်ဟာ သိစ်ရက်စက်တဲ့လူ"

"သောရီး"

သူ လည်ဆွဲကို ကလေးလေးပွေ့သလို ပွေ့ထားပြီး ချော့၏။





"ရက်စက်တာ မဟုတ်ပါဘူး၊ ချစ်တဲ့စိတ်နဲ့ ဒေါသပါသွားတာပါ။ ကိုယ်ပြောတာကို နည်းနည်းလေး နားထောင်ပါ လည်ဆွဲရယ်၊ မင်းဆီကို ကိုယ်ပြန်လာခဲ့ချိန်မှာ မင်းရဲ့အနားမှာ ပိုင်စေရှိနေတာလဲ ကိုယ်မသိခဲ့ဘူး၊ ကိုယ်လဲ လက်မထပ်ဖြစ်သေးဘူး။ မင်းကလွဲပြီး ကိုယ့်ရင်ထဲမှာ ဘာမှမရှိဘူး။ အဲဒါက မသိစိတ်ထဲမှာ၊ အဲဒီစိတ်နဲ့ ကိုယ် ဘယ်မိန်းမနဲ့မှ လက်မထပ်ဖြစ်ခဲ့တာ သိလား၊ လက်ထပ်ခါနီး အချိန်လေးမှာ ကိုယ်ပိုင်ဆိုင်ရမယ့် မိန်းမတစ်ယောက်လုံးကို ထားပစ်ခဲ့ပြီး သားနဲ့ မင်းဆီ ပြတ်ပြတ်သားသား ထွက်လာခဲ့တဲ့ ကိုယ့်ကို မင်း ခွင့်မလွှတ်နိုင်ဘူးလား၊ မင်းရက်စက်ဟာ ဘာကောင်လဲဆိုတာ သိလျက်နဲ့ မင်းသိပ်ချစ်ခဲ့တာပဲ၊ လူတွေ ဘာပြောပြော မင်း ခံနိုင်ရည် ရှိခဲ့တယ်မို့လား၊ လက်မထပ်ဖြစ်ခဲ့တဲ့ မင်္ဂလာဧည့်ခံပွဲလေးကို မြင်တာနဲ့ပဲ မင်း တစ်ဖက်သတ်မုန်းပစ်လိုက်တာ၊ သားလေးကိုလဲ မငဲ့ဘူး"

လည်ဆွဲ ခေါင်းတွင်တွင်ခါ၍ မျက်ရည်ကျနေဆဲ ...။

"လည်ဆွဲရယ်၊ မင်းနဲ့ကျမှ မင်းရက်စက်ဆိုတဲ့ ကိုယ့်ရာဇဝင်ပျက်ခဲ့တာပါ။ ကိုယ်ဝင့်လည်နေပါပြီ၊ ကိုယ့်ကို မင်း ခွင့်လွှတ်ပေးပါ။ နောက်ထပ်တစ်ကြိမ် ကိုယ့်ကို လက်ထပ်ခွင့်ပေးပါ။ မင်း ဘာဖြစ်ချင်သလဲ၊ မင်းလိုချင်တဲ့ပုံစံ ကိုယ် အားလုံး ဖြစ်စေပါ့မယ်၊ နောင်တစ်သက်လုံး မင်းနဲ့သားလေးကို ဘယ်တော့မှ စိတ်မဆင်းရဲစေရဘူးနော်၊ မော့ပါကွာ၊ ကိုယ့်ကို ကြည့်စမ်းပါ"

လည်ဆွဲ မေးဖျားလေးကို သူ အတင်းမော့ယူသည်။ မျက်ရည်စိုလူးနေသည့် မျက်တောင်ရှည်ကြီးတွေကို လက်မနှင့် အသာလေးတို့သုတ်ပေးသည်။ ပြီးတော့ မျက်တောင်တွေကိုပဲ နမ်း၏။ မျက်နှာလေးနှစ်ဖက်လုံးကို နမ်းပြီးမှ မျက်နှာချင်းခွာ၍ သေချာစိုက်ကြည့်သည်။

"လည်ဆွဲ"



www.burmeseclassic.com

www.burmeseclassic.com



လည်ဆွဲက မထူးပါ။ တလှပ်လှပ်မငြိမ်သက်နေသော မျက်တောင်များတို့က မျက်ဝန်းတို့ကို ဖွတ်အတင်းဖိမိတ်ထားမှန်း သိသာ၏။ ထိုပြင် ဖိကပ်စေ့ပိတ်ထားသော နှုတ်ခမ်းသားလေးတွေက အံကြိတ်ထားသလိုလို၊ မကျေနပ်သလိုလို။

"လည်ဆွဲ၊ ကိုယ့်ကို ကြည့်စမ်းပါ"

"မကြည့်ဘူး။ ရှင့်ကိုကြည့်မိရင် ကျွန်မ ကျရှုံးသွားမှာပါ၊ ကျွန်မဟာ ဘယ်တုန်းကမှ ရှင့်ကို မလွန်ဆန်နိုင်ခဲ့တဲ့ မိန်းမ၊ ရှင့်ကြိုးဆွဲရာမှာက၊ ရှင် ထားသလိုနေ၊ ပြောတိုင်း ယုံ"

"တော်ပြီကွာ၊ အဲဒါ ဟိုတုန်းက မင်းရက်စက်ဆိုတဲ့ကောင်ပဲ၊ ကိုယ် အဲဒီအတိုင်းပဲ တကယ်ဖြစ်ခဲ့တာ မှန်ပါတယ်၊ အဲဒီအတွက် တစ်သက်စာ ကိုယ် ပေးဆပ်သွားမှာပါ။ မှားတာကို သိပါပြီဆိုတဲ့ လူကို ပြင်ဆင်ခွင့်မပေးတော့ဘူးလား။ ကိုယ့်တစ်သက်လုံးမှာ တောင်းပန်ခယခဲ့ဖူးတာ မင်းပဲ လည်ဆွဲ၊ မင်းကိုပဲ ချစ်ခဲ့ဖူးတယ်ဆိုတာ ကိုယ့်ဘက်က လုံးဝ သေချာပြီးသားပါ။ ကိုယ့်အကြောင်း မင်းသိပါတယ်၊ ဘာဖြစ်လို့ မယုံတာလဲ ဟင်၊ လည်ဆွဲ"

သူ လည်ဆွဲ မျက်ဝန်းလေးတွေ ဖွင့်လာအောင် စောင့်ကြည့်နေမိ၏။ အကြာကြီး စကားမပြောတော့ဘဲနေမှ မျက်တောင်များတို့ လှုပ်ခတ်ရင်း ဖြည်းဖြည်းလေး ပွင့်လာသည်။ မျက်ဝန်းချင်း တည့်တည့်ဆုံမိလျှင်…

"မင်းကို ကိုယ် သိပ်ချစ်တယ်၊ ထားစရာမရှိအောင်ကို ချစ်တာ၊ သိလား။ ဘယ်သူကြည့်တာမှ မကြိုက်ခဲ့တာ ဟိုတုန်းကတည်းကပါ။ မင်း မှတ်မိသေးလားဟင်၊ မင်း ကျောင်းဆက်တက်မယ်ပြောတော့ ကိုယ် ဒေါသထွက်ခဲ့တာလေ"

"ဒါပေမယ့် ရှင် လည်ဆွဲကို ပစ်ထားခဲ့တာပါပဲ"





လည်ဆွဲ စကားသံလေး၊ ဒေါသမပါတော့ဘဲ အားနည်းလျော့ကျနေ၏။ မျက်ဝန်းလေးတွေမှာ လှုပ်လီလှုပ်လဲ့ မျက်ရည်တို့ဖြင့် သနားစဖွယ်လေး ဖြစ်နေခဲ့သည်။ ပြီးတော့ ပို၍ လှနေပါ၏။ မျက်ရည်တွေ ပြည့်ဝိုင်းနေတာကို သူမမြင်ချင်၊ ထို့ကြောင့် မျက်လွှာတွေ ပိတ်ကျသွားအောင် ငုံ့နမ်းလိုက်၏။

ထိုအခါ မျက်ဝန်းတွေ မှိတ်အချမှာ မျက်ရည်တွေ ဒလိမ့်ခေါက်ကွေး ပြိုဆင်းသွားကြလေသည်။ ပြီးတော့မှ ပါးပြင်မို့မို့ကို သူ့ပါးနှင့် ပွတ်တိုက်၍ မျက်ရည်တွေကို ခြောက်သွေ့စေလိုက်သည်။

"တိတ်တော့"

ဆံစလေးတွေကိုသိမ်း၍ တယုတယပွေ့ယူလိုက်တော့ လည်ဆွဲ ရုန်းဖယ်ခြင်းမပြု။

"မင်းပျော်ရွှင်အောင် ကိုယ့်အချစ်တွေကို လက်တွေ့ပြသွားမှာပါ၊ သားလေးနဲ့မင်းအတွက် ကိုယ့်ဘဝကို ဖြစ်စေမယ်၊ မင်းဆန္ဒနဲ့ ကိုယ့်ရဲ့ကိုယ် ဖြစ်ရအောင် ကိုယ်ကြိုးစားပါ့မယ်၊ ယုံတော့နော်၊ မမုန်းတော့ဘူးမို့လားဟင်"

လည်ဆွဲ မဖြေပါ။

"ချစ်တယ် လည်ဆွဲရယ်၊ မင်းကို ဆုံးရှုံးရတော့မယ်ဆိုရင် တစ်လောကလုံးကို ကိုယ်ရန်ဖြစ်ရဲနေတယ်၊ ဘာဖြစ်ဖြစ် ဂရုမစိုက်ချင်ဘူး ခုလဲ ဒီည အချိန်မရှိတော့ဘူးဆိုပြီး ဟိုတယ်မှာအိပ်ဖို့ အားလုံး စီစဉ်ပြီးနေပြီ၊ နားတော့မယ်ဆိုမှ သားလေးက 'ဖေကြီး' လို့ လှမ်းခေါ်လိုက်သလိုလို နားထဲမှာ ကြားလိုက်တယ်၊ ဘယ်လိုမှကို နေမပြီးတော့ဘူးကွာ၊ ကိုယ်ထင်တာက ကလေးနဲ့ ကိုယ်တွေ့တာကို မင်းသိပြီး ကလေးကို ဆူပူရိုက်နှက်သလား၊ ကလေးများ ဖျားနေလို့လား စိတ်က ဟိုရောက်ဒီရောက်နဲ့ ကားပေါ်ကို ချက်ချင်းတက်ပြီး မောင်းထွက်လာတာပဲ"

www.burmeseclassic.com



ထိုစကားမှာတော့ လည်ဆွဲ စိတ်ဝင်စားသွားမိသည်။ သူ ညာ မပြောဘူးဆိုတာလည်း ယုံကြည်မိ၏။ မိဘနှင့်သားသမီးကြားက မမြင်နိုင်သော ဆက်သွယ်သည့်နှောင်ကြိုးဆိုတာ ဒါပဲလား။

စက်ကို လည်ဆွဲ သေသေချာချာ မော့ငေးနေမိရင်း မျက်ရည်က နောက်ဆပ်ဝေ့တက်လာပြန်သည်။ ဂျာကင်အနက်၊ ရှပ်အင်္ကျီအနီ ရဲရဲနှင့် ချောမွေ့သန့်စင်နေသည့် မျက်နှာဟာ ဟိုတုန်းက သူမ မြတ်နိုး ယုံကြည်ခဲ့ဖူးသော မင်းရက်စက်ပါပဲ။ ချောနေတာလည်း လျော့မသွား၊ ပီကေကို ခပ်ကြိတ်ကြိတ်ဖိဝါးရင်း မဲ့ပြုံးပြုံးတတ်သည့် နှုတ်ခမ်းတို့ ကလည်း စိုရဲနေဆဲ။

ချစ်ခဲ့တုန်းကလည်း ရဲရဲပိုင်းလေးသာ ခိုဝင်ခဲ့ဖူးသော ရင်ခွင် ကို တမ်းတမ်းတတနှင့် မေ့မရခဲ့ပေ။ မုန်းခဲ့ပြီဆိုတော့လည်း သူ့ မျက်နှာကို လည်ဆွဲ စေ့စေ့မကြည့်ခဲ့တော့ပါ။ ဒါဟာ ဒုတိယမြောက် နောက်ဆုံး...။

သူ့ရင်ခွင်မှာ ဒုတိယအကြိမ် ထာဝရပြန်လည်ခိုနားရတော့မည် ဆိုလျှင် အလွမ်းများ အဆုံးသတ်ပါစေ၊ အမုန်းတွေကို မေ့လိုက်နိုင် ပါစေ ...။

"ကိုယ့်ကို မုန်းသေးလားဟင်"

"မသိဘူး"

"လည်ဆွဲရယ်"

"ဒါပေမယ့် ..."

"ချစ်လိုက်ပါကွာ၊ ဟိုတုန်းကလို ဖြူဖြူစင်စင်လေး ကိုယ့်ရင်ခွင် ထဲမှာ မြန်နေပါ၊ ကိုယ်က ဒီနေ့အချစ်တွေနဲ့ မင်းရက်စက်ဆိုတဲ့ နာမည် ကိုပါ မင်းအတွက် စွန့်လွှတ်ပစ်မယ်"

"ဘယ်လို"



"အစက နေ့ရက်ဆက်လေ၊ မင်းရက်စက်ဆိုတာ ကိုယ့်သဘော ကျ ပြောင်းခဲ့တာ၊ ခုလဲ ကိုယ့်သဘောနဲ့ ပြန်ပြောင်းမယ်၊ မင်းအတွက် 'နေ့ရက်ဆက်' ပေါ့"

လည်ဆွဲ နှုတ်ခမ်းလေး မပွင့်တပွင့် ပြုံးလာသည်။ စက် အတိုင်း အဆမရှိ ပျော်သွားသည်။ သူ့အတွက် ထိုမျှ ဝမ်းသာကြည်နူးဖွယ် ကောင်းသော ခံစားမှုမျိုး ဘယ်တုန်းကမှ မခံစားခဲ့ဖူးပေ။

လည်ဆွဲကို တင်းခနဲဖက်ကာ နမ်းမည်ကြံပြီးမှ နှုတ်ခမ်းကလေး မှာ ပြုံးနေသည့်အပြုံးလေး ပျောက်သွားမှာစိုး၍ မနမ်းရက်။

"ယုံသွားပြီလားဟင်"

"ယုံနိုင်းရင် ယုံဦးမှာပါ"

"လည်ဆွဲရယ်"

ဆံနွယ်ရှည်တို့ကို သိမ်းပွေ့ယူကာ အမြတ်တနိုးနမ်းမိ၏။

"ဟိုတုန်းကထက်မလျော့တဲ့အချစ်တွေ ပြန်လိုချင်တယ်၊ ပြန်ရ ဖို့ ကိုယ်ကြိုးစားမှာပါ၊ လည်ဆွဲ ကိုယ့်ကို ယုံကြည်ပေးပါ၊ ကိုယ့်မှာ အပြစ်ရှိခဲ့တာ မှန်တယ်၊ ဒါပေမယ့် လည်ဆွဲရယ်၊ လေညှင်းမှာ မာယာ ရှိချင်ရှိမယ်၊ ပန်းကိုတော့ မခွဲခြားတတ်ပါဘူး၊ မင်းအတွက် ကိုယ်က လေညှင်းပါ၊ တခြားမှာ မုန်တိုင်းလို ကြမ်းတမ်းခဲ့တာ ရှိချင်ရှိမယ်၊ အဲဒါ မင်းအတွက် မဟုတ်ဘူးဆိုတာ ယုံ"

ယုံနိုင်းပြန်ပြီ ကိုကို ...။

လည်ဆွဲ မျက်ဝန်းလေးတွေမှာ စကားပြောလာသည်။ စက်က ငုံမိုးကြည့်နေ၏။ သူ့နှုတ်ခမ်းတွေကို လည်ဆွဲကြည့်တော့ သူ့ မျက်နှာ တဖြည်းဖြည်း ငုံ့ကျလာသည်။ လည်ဆွဲ မျက်နှာလေး နောက်သို့ ရှိ သွားကာ ...

"ပီကေ ဝါးထားလားဟင်"

www.burmeseclassic.com

www.burmeseclassic.com



"အင်း ..."

"တွေးထုတ်လိုက်ဦးမှပေါ့"

သူက ငေးခနဲ ဖြစ်သွားပြီးမှ ပြုံး၏။ ပြီးတော့ လျှာပေါ်တင်ယူပြီး တွေးထုတ်ပစ်လိုက်၏။

"နောက် ဘယ်တော့မှ မစားတော့ဘူး"

ဟု တိုးတိုးလေး ပြော၍ တမ်းတမြတ်နိုးသော အနမ်းများဖြင့်...။

အချစ်ဖြင့် ထာဝရ ...
အချစ်ကြောင့် ကြွေ ...
အချစ်ကြောင့် နေကြရသည် ... ။

လည်ဆွဲ ကိုကိုရင်ခွင်ထဲမှာ အချစ်ဖြင့် ငြိမ်းချမ်းလိုခြင်းကြောင့် ...

ပရိသတ်အတွက် ထာဝရ

လင်ရောင်ကျူးရင့်



BURMESE CLASSIC

www.burmeseclassic.com